စာပေဗိမာန်စာမူဆုရ

# မနောမြေက လာချိဒ် တိုင်းရင်းသား

မြတ်ဝေတိုး

(ပညာရေးတက္ကသိုလ်)



၂၀၁၂ ခုနှစ်၊ စာပေဗိမာန်စာမူဆု၊
မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေ၊ ပထမဆု

# မနောမြေက လာချိဒ်တိုင်းရင်းသား

## မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)

တည်းဖြတ်သူ - ဒေါ်ခင်ဝါဆွေ (ဝါဝါ-အင်းစိန်)
စာတည်း (တာဝန်ခံ)

မျက်နှာဖုံးပန်းချီ - H.Lwin

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏ အမှာစာ | |
| | ဦးစခုန်တိန့်ယိန်း၏ မိတ်ဆက်စာ | |
| ၁။ | လာချိဒ်မျိုးနွယ်၏ သမိုင်းကြောင်း | ၁ |
| ၂။ | ကမ္ဘာမြေကြီးနှင့် လူသားအစအဆို | ၅ |
| ၃။ | မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာကြပုံ | ၁၁ |
| ၄။ | ရုပ်လက္ခဏာနှင့် ပုံပန်းသွင်ပြင် | ၁၇ |
| ၅။ | လာချိဒ်တိုင်းရင်းသားများ၏ ဝတ်စားဆင်ယင် ထုံးဖွဲ့မှု | ၂၀ |
| ၆။ | ဘာသာစကား | ၃၁ |
| ၇။ | မြန်မာစကားနှင့်ဆင်တူသော လာချိဒ်စကားများ | ၃၅ |
| ၈။ | စာပေ | ၃၆ |
| ၉။ | လူမှုရေးဖွဲ့စည်းပုံ | ၃၉ |
| ၁၀။ | မိသားစုဖွဲ့စည်းပုံ | ၄၁ |
| ၁၁။ | ဆွေမျိုးတော်စပ်ပုံ | ၄၆ |
| ၁၂။ | အမည်မှည့်ခေါ်ပုံ | ၄၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၃။ | လာချိဒ်မျိုးနွယ်စုများ ဆင်းသက်လာပုံနှင့် အဆင့်အဆင့်ပြန့်ပွားလာပုံ | ၅၁ |
| ၁၄။ | အုပ်ချုပ်ရေးစနစ်ပုံစံ | ၆၁ |
| ၁၅။ | ကျေးရွာဖွဲ့စည်းပုံနှင့် ရွာအမည်ခေါ်ဝေါ်ပုံ | ၆၂ |
| ၁၆။ | စားသောက်ပုံ | ၆၆ |
| ၁၇။ | ယုံကြည်ကိုးကွယ်မှု | ၇၀ |
| ၁၈။ | အတိတ်နိမိတ်ကောက်ခြင်း | ၈၀ |
| ၁၉။ | ဆောင်ဓလေ့နှင့် ရှောင်ဓလေ့ | ၈၂ |
| ၂၀။ | စကားပုံနှင့် ရိုးရာပုံပြင်များ | ၈၄ |
| ၂၁။ | ရိုးရာအတီးအမှုတ်တူရိယာများ | ၈၉ |
| ၂၂။ | လာချိဒ်တိုင်းရင်းသားများ၏ ရိုးရာအကများ | ၉၁ |
| ၂၃။ | အမျိုးလူမျိုးလှည့်ပုံ | ၁၁၃ |
| ၂၄။ | လက်ထပ်ထိမ်းမြားခြင်း | ၁၁၇ |
| | (က) စေ့စပ်ကြောင်းလမ်းခြင်း | ၁၁၈ |
| | (ခ) ဖုတ်ဝက်နှင့် လျှောက်ဝက် | ၁၁၉ |
| | (ဂ) လက်ထပ်မင်္ဂလာပွဲ | ၁၂၂ |
| | (ဃ) ကျိုးစော့ပွဲ | ၁၂၇ |
| ၂၅။ | ကိုယ်ဝန်ဆောင်ခြင်းနှင့် မီးဖွားခြင်း | ၁၂၉ |
| ၂၆။ | ကင်ပွန်းတပ်အမည်ပေးခြင်း | ၁၃၁ |
| ၂၇။ | ကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်းနှင့် ပညာပေးခြင်း | ၁၃၃ |
| ၂၈။ | လင်မယားကွာရှင်းခြင်း | ၁၃၆ |
| ၂၉။ | စီးပွားရေးလုပ်ငန်းများ | ၁၃၈ |
| | (က) စိုက်ပျိုးရေး | ၁၃၈ |
| | (ခ) မွေးမြူရေး | ၁၄၃ |
| | (ဂ) အမဲလိုက်ခြင်း | ၁၄၄ |
| | (ဃ) အိမ်တွင်းမှုလုပ်ငန်းများ | ၁၄၈ |
| | (င) အခြားစီးပွားရေးများ | ၁၅၁ |
| | (ဆ) ကုန်သန်းရောင်းဝယ်ရေး | ၁၅၂ |
| ၃၀။ | ရိုးရာအိမ်ဆောက်လုပ်ပုံ | ၁၅၄ |
| ၃၁။ | အိမ်သစ်တက်ပွဲအခမ်းအနား | ၁၅၈ |
| ၃၂။ | အရိုက်အရာဆက်ခံပုံနှင့် အမွေဆက်ခံပုံ | ၁၆၄ |
| ၃၃။ | ရိုးရာထုံးတမ်းဥပဒေနှင့် တရားစီရင်ရေး | ၁၆၆ |
| ၃၄။ | အသုဘအခမ်းအနား | ၁၇၀ |
| ၃၅။ | မနောတိုင် | ၁၇၅ |
| ၃၆။ | ဇွမ့်ဂေါ်အကခေါ် မနောအကကို ခေတ် (၄) ခေတ် ကျင်းပလာပုံ | ၁၈၀ |
| ၃၇။ | အစိမ်းရောင်စီးပွားရေးနှင့် စိုက်ပျိုးရေးအသိပညာ | ၁၈၃ |
| ၃၈။ | ပြောင်းပြန်စီးသောမြစ် | ၁၈၅ |
| ၃၉။ | ဇော့ချန်းဆိုတာ | ၁၈၈ |
| ၄၀။ | လာချိဒ်တို့၏ ထူးခြားသည့်ဒေသများ | ၁၉၀ |
| ၄၁။ | အသက်ရာကျော်လာချိဒ်အဘိုးအို၏ လက်ထပ်မင်္ဂလာပွဲ | ၂၀၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၂။ | ငြိမ်းချမ်းရေးစကား ငြိမ်းချမ်းရေးသမား | ၂၀၄ |
| ၄၃။ | ရိုးရာပွဲတော်များ | ၂၀၈ |
| | (က)ကောက်သစ်စားပွဲ | ၂၀၈ |
| | (ခ)လမင်းသမီးခေါ်ပွဲ | ၂၁၀ |
| | (ဂ)တောင်ယာပွဲတော် | ၂၁၂ |
| | (ဃ)သခွားပွဲတော် | ၂၁၃ |
| | (င) နှစ်သစ်ကူးပွဲ | ၂၁၅ |
| | (ဆ) သက်ပွားပွဲ | ၂၁၉ |
| ၄၄။ | ထူးချွန်ထင်ရှားသည့်လာချိဒ်တိုင်းရင်းသားများ | ၂၂၁ |
| ၄၅။ | နယ်ချဲ့တော်လှန်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပါဝင်ကြခြင်း | ၂၂၉ |
| ၄၆။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဆိုရှယ်လစ်ရေးတို့တွင် ပါဝင်ဆောင်ရွက်ခြင်း | ၂၃၅ |
| | ကိုးကားသောစာအုပ်များ | ၂၃၉ |
| | တွေ့ဆုံမေးမြန်းသူများ | ၂၄၂ |

## စာရေးသူ၏ အမှာစာ

စာရေးသူသည် ကချင်ပြည်နယ်တွင် နိုင်ငံ့ဝန်ထမ်းဘဝဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်မှာ (၅) နှစ်ခန့် ကြာခဲ့သည်။ ထိုစဉ်၌ ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ကချင်မျိုးနွယ်စုဝင်များနှင့် ရင်းနှီးမှု၊ ခင်မင်မှုများရရှိခဲ့သည်။

ကချင်မျိုးနွယ်စုဝင်များနှင့် ရင်းနှီးခင်မင်မှုများ ရရှိလာသည်နှင့် သူတို့၏ ရိုးရာယဉ်ကျေးမှုပွဲလမ်းသဘင်များ၊ အခမ်းအနားများ၊ နိုင်ငံတော်အခမ်းအနားများ၊ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် အခမ်းအနားများတွင်လည်း ကချင်တိုင်းရင်းသားတို့နှင့်အတူ ပါဝင်ခဲ့ရဖူးခြင်းများလည်း ရှိပါသည်။

ဤသို့ နှစ်ကာလရှည်ကြာစွာ အတူနေထိုင်ခြင်း၊ လုပ်ငန်းကိစ္စရပ်များတွင် အတူပါဝင်ဆောင်ရွက်ခြင်းတို့မှအစပြု၍ သူတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ ရိုးရာအကများ၊ ရိုးရာတေးသီချင်းများ၊ ဓလေ့စရိုက်များကို သိခဲ့ မြင်ခဲ့ရသည်။ ကချင်တိုင်းရင်းသားမျိုးနွယ်စုဝင်များနှင့် ပြောဆိုဆက်ဆံရခြင်း များပြားလာသောအခါ သူတို့၏ စကားသံဝဲအောအော အသံများနှင့် ပြောဆိုဆက်ဆံခြင်း၊ ဓလေ့ရိုးရာများ၊ စရိုက်သဘာဝများ၊ လူမှုဘဝပုံစံများကို စာရေးသူ အနီးကပ်လေ့လာသိရှိခဲ့ရပါသည်။

ထို့ကြောင့်လည်း သူတို့ဘဝ၊ သူတို့အကြောင်း၊ သူတို့ယဉ်ကျေးမှု ဓလေ့ထုံးစံများကို မှတ်တမ်းအဖြစ် တင်ကျန်ခဲ့စေရန် ရည်ရွယ်

၍ ကချင်မျိုးနွယ်စုဝင်တိုင်းရင်းသားတို့၏အကြောင်းကို သုတေသနပြု ရေးဖွဲ့ခဲ့ပါသည်။

'လီဆူတိုင်းရင်းသားတို့ ဘဝဓလေ့' 'ဂျိန်ဖော့သွေးချင်းတို့၏ ဘဝအလှ'၊ 'မြန်ပြည်မြောက်ဖျားက ရဝမ်သွေးချင်းများ'၊ 'လော်ဝေါ် ရိုးရာယဉ်ကျေးမှုဓလေ့များ'၊ 'ကချင်ရိုးရာအကပဒေသာ'၊ 'ကချင်တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ' စသည့်စာအုပ်များကို ရေးသားခဲ့ပါသည်။ ယခုတစ်ဖန် ကချင်တိုင်းရင်းသားမျိုးနွယ်စုဝင်ဖြစ်သည့် လာချိဒ်တိုင်းရင်းသားတို့၏ ဘဝအကြောင်း၊ သမိုင်းအကြောင်းခြင်းရာများ၊ ရိုးရာဓလေ့များ၊ ယဉ်ကျေးမှုများကိုလည်း စာတစ်အုပ်အဖြစ် ရေးသားခဲ့ပါသည်။

ထိုသို့ရေးသားရာတွင် ကချင်ပြည်နယ်၌ စာရေးသူတာဝန်ထမ်းဆောင်စဉ် လွန်ခဲ့သောနှစ်များစွာက လက်လှမ်းတစ်မှီရယူစုဆောင်းထားချက်များနှင့် တစ်နှစ်တစ်ကြိမ် ကချင်ပြည်နယ်သို့ သွားရောက်ကာ လေ့လာသုတေသနပြု၍လည်း လိုအပ်သည့် အကြောင်းအရာများကို ထပ်မံဖြည့်ဆည်းရေးသားခဲ့ပါသည်။

ယခုအခါ လာချိဒ်တိုင်းရင်းသားများအကြောင်းကို ရေးစဉ်၌ လာချိဒ်တိုင်းရင်းသားခေါင်းဆောင်ကြီး ဦးစခုန်တိန့်ယိန်း (ကချင်အထူးဒေသ (၁) ခေါင်းဆောင်ကြီး) သည်လည်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် နေပြည်တော်၌ ရောက်ရှိနေစဉ် စာရေးသူက ဦးစခုန်တိန့်ယိန်းထံ ဆက်သွယ်ခဲ့ရာ ဦးစခုန်တိန့်ယိန်းက စာရေးသူအား ကားဖြင့် သူ့အိမ်သို့ လာရောက်ခေါ်ပါသည်။ သူ့အိမ်၌ ဧည့်ဝတ်ပြုဧည့်ခံ၍ တွေ့ဆုံခဲ့ရပါသည်။ သူ့ထံမှ စာရေးသူသိလိုသည်များကိုလည်း မေးမြန်းရယူခဲ့ပါသည်။

သို့ဖြစ်၍ စာရေးသူယခုရေးသားသော 'မနော‌မြေက လာချိဒ်တိုင်းရင်းသား' စာအုပ်သည် လာချိဒ်တိုင်းရင်းသားများအတွက်ဖြစ်စေ၊ စာပေလေ့လာသူ သုတေသနပြုသူများအတွက်ဖြစ်စေ၊ မြန်မာစာပေလောက၌ဖြစ်စေ တစ်စုံတစ်ခုသော အတိုင်းအတာအထိ အထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)

ရက်စွဲ။ ။ ၁၈. ၁. ၂၀၁၃

သို့

ဦးမြတ်ဝေတိုး
ကျောင်းအုပ်ကြီး
အ.ထ.က (၃) ရွှေပြည်သာမြို့နယ်၊
၀၉၂၅၀၇၉၆၃၃၁

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ၊ (၂၆)။

## ကျေးဇူးတင်ရှိပါကြောင်းမိတ်ဆက်စာ

စာရေးဆရာ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်) က လာချိဒ်တိုင်းရင်းသားလူမျိုးတို့နှင့် စပ်လျဉ်းသည့် စာအုပ်ရေးသားထုတ်ဝေရန် ရှိနေပါကြောင်း အမှာစာရေးပေးရန် ပြောပါသည်။

ကျွန်တော်တို့ လာချိဒ်တိုင်းရင်းသားလူမျိုးသည် မဖွံ့ဖြိုးမတိုးတက်နိုင်ပဲ ခေတ်နောက်ကျကျန်နေသည့် လူမျိုးဖြစ်နေပါသဖြင့် ကျွန်တော်တို့ လူမျိုးအကြောင်း စာအုပ်ရေးသားထုတ်ဝေမည်ဆိုသည်ကို အထူးပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။ စာရေးဆရာ ဦးမြတ်ဝေတိုးကို အထူးပဲ ကျေးဇူးတင်ပါသည်။

ကျွန်တော်တို့ လာချိဒ်လူမျိုးသည် ပညာမတတ်ကြသေးပါဘူး၊ လူမှုဘဝဖွံ့ဖြိုးမတိုးတက်သေးပါဘူး၊ စားဝတ်နေထိုင်ရသည့် ဘဝအလွန် နောက်ကျပြီး ဆင်းရဲနွမ်းပါးသည့်အဆင့်မှနေ ရုန်းထနိုင်ခြင်းမရှိသေးပါဘူး။

ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအရင်းအမြစ်အနေအထားနှင့် အခွင့်အလမ်းကောင်းမရရှိသေးပါဘူး၊ ကျွန်တော်တို့ လူမျိုးအတွက် တည်ငြိမ်အေးချမ်းသည့် ဘဝပတ်ဝန်းကျင်ကို မျှော်လင့်တောင့်တနေကြရပါသည်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများ ဘက်စုံတည်ဆောက်ထူထောင်နိုင်သည့် အခွင့်အလမ်းကောင်း အမြန်ဆုံးရရှိနိုင်ရန် ဆုမွန်ကောင်းတောင်းနေရပါသည်။ ကျွန်တော်တို့ကဲ့သို့ ဆင်းရဲဒုက္ခရောက်နေရသည့် လူမျိုးပြည်သူတွေကို ဘေးဆိုးကပ်ဆိုးများနှင့် အန္တရာယ်အမျိုးမျိုးမှ ကာကွယ်စောင့်ရှောက်ပေးနိုင်သည့် အစိုးရ၊ ဒီမိုကရေစီစနစ်၊ လူ့အခွင့်အရေးရရှိမှုတွေ အမြန်ဆုံး လွမ်းခြုံမှုရရှိလိုပါသည်။

လာချိဒ်လူမျိုးအကြောင်း သိသူကလည်း နည်းပါသည်။ စာအုပ်ရေးသားထုတ်ဝေထားခြင်းလည်း နည်းပါသည်။ ယခုကဲ့သို့ ဆရာကြီး ဦးမြတ်ဝေတိုးက လာချိဒ်လူမျိုးအကြောင်းအရာပါသည့် စာအုပ်ရေးသားထုတ်ဝေခြင်းဖြင့် လာချိဒ်တိုင်းရင်းသားလူမျိုးတို့အပေါ် မေတ္တာစေတနာပွားများပြီး ခင်မင်ရင်းနှီးချစ်ကြည်လိုမှုများ ဖြစ်ပွားစေမည်ဟူ၍လည်း ကျေနပ်ဂုဏ်ယူမိပါသည်။ လာချိဒ်လူမျိုးကိုလည်း နိုးကြားသိမြင်လာစေပါလိမ့်မည်။

ဆရာကြီး ဦးမြတ်ဝေတိုးအပေါ်မှာလည်း လာချိဒ်လူမျိုးတို့က ချစ်ခြင်းမေတ္တာပွားများလျက် ချီးကျူးဂုဏ်ပြုကြမည် ဖြစ်ပါသည်။

လေးစားမှုဖြင့်

ဦးစခုန်တိန့်ယိန်း
လာချိဒ်လမျိုးစာပေနှင့်ယဉ်ကျေးမှုအဖွဲ့နာယက၊
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊

# လာဟူ(လာချိဒ်)

## လာချိဒ်မျိုးနွယ်၏ သမိုင်းကြောင်း

လာချိဒ်မျိုးနွယ်သမိုင်းကြောင်းကို နတ်ဟောဆရာများ၏ နှုတ်တိုက်ပြောဆိုချက်အရ ယခုတိုင် လက်ခံယုံကြည်ကြဆဲ ဖြစ်သည်။ လာချိဒ်တိုင်းရင်းသားတို့တွင် စာပေအရေးအသားပေါ်ပေါက်လာသည်မှာ မကြာသေးပေ။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးမှ စာပေအရေးအသား ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထို့ကြောင့် ရှေးယခင် စာပေမပေါ်ပေါက်မီက နှုတ်တိုက်ပြောဆိုခြင်းဖြင့်သာ ယဉ်ကျေးမှုကို လက်ဆင့်ကမ်းလာခဲ့ကြသည်။

လာချိဒ်တိုင်းရင်းသားတို့ကို လရှီဟူ၍သာ လူသိများကြသည်။ ၁၉၇၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့ ရန်ကုန်မြို့၌ ကျင်းပသော ပြည်ထောင်စုနေ့အခမ်းအနားတွင် ကချင်ပြည်နယ်ဒေသပါတီရေးရာမှူး ဦးဂျိဘော့မ်ဇုန်းနှင့် ကျောင်းဆရာကြီး ဦးမဒိန်ဇုန်းခေါယိန်းတို့မှ မိမိတို့၏ မျိုးနွယ်ကို ယနေ့မှစတင်၍ လာချိဒ်ဟုခေါ်စေလိုကြောင်း တင်ပြခဲ့သည်။ ထိုအချိန်မှစ၍ နိုင်ငံတော်အစိုးရက လာချိဒ်ဟု ခေါ်တွင်အသိအမှတ်ပြုလာခဲ့သည်။ လာချိဒ်ဟူသော လက်ရှိအမည်ကို လာချိဒ်လူမျိုးများ မေခမြစ်အထက်ပိုင်း "ချုံဒါမ်ဘယ်လန်" ဒေသတွင် နေထိုင်ချိန် ဘီစီ လေးရာစုခန့်မှ စတင်သုံးစွဲခဲ့ပါသည်။ "လာချိဒ်" ၏ အဓိပ္ပာယ်မှာ အလွန်အေးသော မြောက်အရပ် ရေခဲတောင်နှင်းတောတွင် လာချိဒ်မျိုးနွယ်စု၏ ဘိုးဘေးဘီဘင်ဖြစ်သူ အဘိုးအိုသည် ချမ်းအေးသော အရပ်

ဒေသဖြစ်သော်လည်း သူများတကာထက် မိမိကိုယ်ကို မကြာခဏ ဆေးကြောသန့်စင်သဖြင့် ထိုသူကို အလှအပအတွက် ဆေးကြောသူ၊ သန့်ရှင်းသူ လာချိဒ်ဟု ခေါ်ဝေါ်လာကြသည်။ သို့ဖြစ်၍ လာ၏ အဓိပ္ပာယ်မှာ သမားဖြစ်ပြီး ချိဒ်၏အဓိပ္ပာယ်မှာ ဆေးကြောသန့်စင်သည်ဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် လာချိဒ်အဓိပ္ပာယ်မှာ အေးချမ်းသော မြောက်ဘက်ဒေသတွင် နေထိုင်သူ၊ အများထက် သန့်ရှင်းသူဟု အဓိပ္ပာယ်ရပါသည်။ ယခင်က မိမိကိုယ်ကို မိမိတို့ ဆန်ဇော်ဗျူဟု ခေါ်တွင်ခဲ့သည်။ လာချိဒ်တိုင်းရင်းသားကို ဂျိန်ဖော့ တို့က လရှီဟူ၍လည်းကောင်း၊ လော်ဝေါ်တို့က လချစ်ဟူ၍လည်း ကောင်း၊ ဗိုင်ဝါးတို့က လာချီးဟူ၍လည်းကောင်း၊ တရုတ်တို့က ချာရှန်းဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။ အမှန်စင်စစ်မှာ လာချိဒ်သာလျှင် ဖြစ်သည်။

လာချိဒ်မျိုးနွယ်စုတွင် ဘိုးဘွားအမည်ဆက်စနစ်ရှိပါသည်။

ဥပမာ - ခေါ်ဘော့မ်
- ဘော့မ့်ယိန်း
- ယိန်းခေါ်
- ခေါ်ချန်း
- ချန်းဆောင်
- ဆောင်ယိန်း စသည်ဖြင့် ရှိကြသည်။

လာချိဒ်တိုင်းရင်းသားတို့သည် မိမိတို့၏ မျိုးနွယ်သမိုင်းကို အလွန်တန်ဖိုးထားကြပါသည်။ မိမိတို့၏ မျိုးနွယ်အလိုက် ဘိုး၊ ဘွား၊ ဘီ၊ ဘင်များ ဆင်းသက်လာပုံကို သေချာစွာ မှတ်ထားကြပါသည်။ သို့ဖြစ်၍ လာချိဒ်တိုင်းရင်းသားတို့သည် တစ်ယောက်နှင့်တစ်ယောက်



မိတ်ဖွဲ့ကြရာတွင် မျိုးနွယ်သမိုင်းကို ရှေးဦးစွာ မေးကြသည်။ မျိုးနွယ်စုများကို သိပြီးမှ မည်သို့တော်စပ်ကြောင်းကို ထုတ်ဖော်ပြောတတ်ကြသည်။ တစ်နွယ်တည်းမှ ဖြစ်ပါက အဆင့်ကို ရေတွက်ကြည့်ပြီး အစ်ကို၊ အစ်မ၊ ဘကြီး၊ ဦးလေးစသဖြင့် အဆင့်အဆက်ကိုကြည့်ပြီး ခေါ်ဆိုကြလေသည်။ လာချိဒ်များသည် ကမ္ဘာမြေ ရေလွှမ်းမိုးပြီးမှ လွတ်မြောက်လာသော လူသားမှ ယခု မိမိတို့ လက်ထက်အထိ မျိုးဆက်အစဉ်သမိုင်းကို မဆို မရွတ်တတ်မိလျှင် မိမိမျက်နှာငယ်စရာဖြစ်ရသည်ဟု ခံယူကြသည်။

ထို့ကြောင့် မိမိမျိုးနွယ်စဉ်ဆက်သမိုင်းကို အသေအချာ ကျက်မှတ်ထားရသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် လာချိဒ်တို့၏ စဉ်ဆက်သမိုင်းမှ ခိုင်လုံသော အချက်များရှိကြောင်း တွေ့ရှိရသည်။ ချမ်းသာသောသူများသည် များသောအားဖြင့် နှစ်နှစ်၊ သုံးနှစ်လျှင် တစ်ကြိမ် အလှူပွဲသဘောဖြင့် "ဇောမ့်ဂေါ်ခေါ်" မနောပွဲများကို ကျင်းပပြီး ဂျဇိန်ဒမ်ဆများကို မိမိတို့ အိမ်ထောင်စုသမိုင်း အစဉ်အလိုက် ဟောပြောစေလျက်ရှိကြသည်။ သားစဉ်မြေးဆက်သမိုင်းကို ကျက်မှတ်ခြင်းဖြင့် မည်သည့်အရပ်တွင် နေထိုင်သော အိမ်ထောင်သားချင်းနှင့်ပင် ဖြစ်သော်လည်း တွေ့ဆုံ၍ မေးမြန်းပြောဆိုကြသောအခါ မည်သို့တော်စပ်သည်ကို ချက်ချင်းထုတ်ဖော် မိတ်ဆက်နိုင်လျက် ရှိကြသည်။ ထို့ကြောင့် လာချိဒ်တိုင်းရင်းသားတို့သည် မိမိတို့၏ မျိုးနွယ်သမိုင်းကို အလွန်အလေးထားကြကြောင်း သိရှိရသည်။



**လာချိဒ်အမျိုးသားနှင့် အမျိုးသမီး**

## ကမ္ဘာမြေကြီးနှင့် လူသားအစအဆို


ကမ္ဘာမြေကြီးကို အနန္တတန်ခိုးရှင်တစ်ပါးဖြစ်သော "ဂျူဆော်" က ဖန်ဆင်းခဲ့သည်ဟု ယုံကြည်ကြသည်။ ဂျူဆော်သည် ကမ္ဘာမြေကြီးဖြစ်ပေါ်တည်ရှိမှု၊ လူသားတို့ပေါက်ဖွားဖြစ်ထွန်းမှု၊ ကမ္ဘာပေါ်ရှိ အရာခပ်သိမ်းဝတ္ထုများကို မဖန်ဆင်းခင် ကာလကြီးကို လာချိဒ်တို့ အခေါ်အဝေါ်အရ "ခါယန်ချွတ်" ဟုခေါ်သည်။ ထို့နောက် ကမ္ဘာကြီး ကိုးလုံးကို ဖန်ဆင်းခဲ့သည်။ ထိုအချိန်တွင် ကမ္ဘာကြီးမှာ အလင်းမရှိသေးသဖြင့် ထိုကာလကို "ချွတ်ဒေါမ်" ဟုခေါ်သည်။ အမှောင်ထုကို လင်းစေရန်အတွက် အလင်းထု "ဘောဒေါမ်" ကို ဖန်ဆင်းခဲ့သည်။ ဤသို့ဖြင့် ဖန်ဆင်းရှင်သည် (ချွတ်ဒေါမ်) အမှောင်ထုကာလနှင့် (ဘောဒေါမ်) အလင်းထုကာလကို ဖန်ဆင်းခဲ့သည်။ ထို့နောက် နေကိုးစင်းထွက်သော ကာလကို နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည်ဟု ဆိုသည်။ ဂျူဆော်သည် အရှေ့၊ အနောက်၊ တောင်၊ မြောက်သတ်မှတ်နိုင်ရန် အပ်ချည်လုံးကဲ့သို့ အလုံးတစ်ခုကို လှိမ့်လိုက်သည်။ အပ်ချည်လုံးလိမ့်သွားရာဘက်ကို ဂမ်းဂျိုးဟု သတ်မှတ်၍ ဂမ်းဂျိုး၏ ဆန့်ကျင်ဘက်ကို ဂမ်းဒေါ မြောက်အရပ်ဟု သတ်မှတ်ခဲ့သည်။ ကမ္ဘာကိုးလုံးကို အလင်းပေးလိုက်သောအခါ အလင်းရရှိသောဘက်သည် နေထွက်ရာအရှေ့ဘက် နေ့အရပ်ဖြစ်ပြီး အလင်းမရသော ကမ္ဘာအခြမ်းဘက်ကို

နေဝင်ရာ အနောက်ဘက်အရပ် အမှောင်ဟူ၍ ဖြစ်ပေါ်စေခဲ့သည်ဟု ယူဆခဲ့ကြသည်။ ချွတ်ဒေါမ်၊ ဘောဒေါမ်မှာ အမှောင်နှင့် အလင်းဟု အဓိပ္ပာယ်ရပါသည်။ ချွတ်ဒေါမ်၊ ဘောဒေါမ်ဖြစ်ပေါ်စေသော ရည်ရွယ်ချက်မှာ သက်ရှိသတ္တဝါနှင့်တကွ ကမ္ဘာပေါ်တွင် ပေါက်ရောက်လျက်ရှိသည့် အပင်များအားလုံးကို ဖန်ဆင်းတည်ရှိနေထိုင်စေရန် ဖြစ်သည်။ ချွတ်ဒေါမ်၊ ဘောဒေါမ်ဖြစ်ပေါ်စေသည်နှင့်အမျှ ကမ္ဘာ့ရာသီဥတုသည် အပူ၊ အအေး မျှတလာသည်။ ချွတ်ဒေါမ်၊ ဘောဒေါမ်သည် ယခုခေတ်နှင့် နှိုင်းဆလျှင် နှစ်ပေါင်းများစွာနှင့် ညီသည်ဟု ဆိုသည်။

လာချိဒ်တိုင်းရင်းသားတို့၏ ရိုးရာအယူအဆအရ မျက်မှောက်ခေတ် လူသားများသည် ဖန်ဆင်းရှင်မှ ဂျူဇော် ဆူဇော်တည်းဟူသော လူယောကျ်ားနှင့် လူမိန်းမကို ဖန်ဆင်းခဲ့သည်ဟု ဆိုသည်။ ဂျူဇော် ဆူဇော်ကို လူသားဟု အဓိပ္ပာယ်ရပါသည်။ ထိုရှေးဦးလူသားတို့ ခေတ်ကာလတွင် စကြဝဠာတစ်ခုလုံးအတွင်းရှိ သတ္တဝါများနှင့် စကားအဆက်အသွယ်ရပြီး တစ်ခြားဂြိုဟ်သို့ ကူးလူးဆက်ဆံမှုရှိခဲ့သည်ဟု ဆိုသည်။

ဂျူဆော်သည် ကမ္ဘာမြေကြီး၏ မျက်နှာပြင်အနေအထားတောင်၊ မြစ်၊ ချိုင့်ဝှမ်းဟူ၍ ပြုပြင်လေရာ ဖန်ဆင်းရှင်၏ လုပ်ငန်းများကို အနှောင့်အယှက်ပေးသော လာဟုန်းလာဘန့် ညီနောင်တစ်စုပေါ်ပေါက်လာခဲ့သည်။ ထိုညီနောင်တို့သည် မြစ်ထဲမှ ငါးများကို ကုန်းပေါ်သို့လည်းကောင်း၊ သဘာဝကို ဆန့်ကျင်ပြီး ဖန်ဆင်းရှင်၏ ကောင်းကျိုးလုပ်ငန်းကို ဆိုးကျိုးဖြစ်ရန်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ဖန်ဆင်းရှင်သည် လာဟုန်း လာဘန့်တို့ကို နှိမ်နင်းခဲ့သည်။ ထိုသို့နှိမ်နင်းရာတွင် လာချိဒ်ဘာသာစကားဖြင့် ဂျန်ဇိန်ခေါ် သစ်ပင်ကြီးတစ်ပင်ကို လာဟုန်းလာဘန့် ညီနောင်များအား ပခုံးခံစေပြီး ခုတ်လှဲလိုက်သည်။ သို့သော် အဖျက်သမားညီနောင်တစ်စုသည် သေကျေပျက်စီးခြင်းမရှိဘဲ လွတ်မြောက်သွားကြသည်။ သို့သော် လာဟုန်းညီနောင်တို့သည် ခုတ်လှဲထားသောဂျန်ဇိန်ပေါ်တွင် ပေါက်လာသည့် မှိုကို ဆွတ်ယူစားသောက်ကြရာ အဆိပ်မိ၍ သေဆုံးကြကုန်သည်။ မှိုစားပြီးလာဟုန်းလာဘန့်ညီနောင်တစ်စုမှ တစ်ယောက်ကျန်ခဲ့သည်ကို လိုက်လံဖမ်းဆီးပြီး ထိုလူကို သတ်၊ အခြောက်လှန်းအမှုန့်ကြိတ်ပြီး စကောဖြင့် တောင်ဘက်၊ မြောက်ဘက်သို့ လွင့်လိုက်ရာ ယနေ့အထိ လူအများကို ဒုက္ခပေးနေသော ခြင်၊ မြွေ၊ မှက်၊ ဖြုတ်၊ မျှော့၊ ကင်းမီး စသောအကောင်များဖြစ်သွားကြသည်ဟု ဆိုသည်။ ထို့ကြောင့် လာချိဒ်တိုင်းရင်းသားတို့သည် ဂျန်ဇိန်သစ်ပင်တွင်ပေါက်သော မှိုကို မစားဘဲ အထူးရှောင်ကြသည်။

နှစ်ကာလကြာမြင့်လာသောအခါ ကမ္ဘာ့ရာသီဥတုသည် တစ်နေ့တစ်ခြား ပြောင်းလဲလာသည်။ ထိုအခါ သက်ရှိသတ္တဝါများနှင့် အရာဝတ္ထုအားလုံး ပျက်စီးကုန်ကြသည်။ လာချိဒ်မျိုးနွယ်သမိုင်းတွင် ဘေးဒုက္ခကြီးနှစ်ခုကို ရင်ဆိုင်ခဲ့ကြသည်။ ဂျူဇော်ဆူဇော်တို့မှ ဖွား၍ များပြားလာသော လူသားများခေတ်ကို “ဆွမ်တုံဆွမ်ဆန်” ခေတ်ဟု မှည့်ခေါ်ခဲ့သည်။ ၎င်းဆွမ်တုံဆွမ်ဆန်ခေတ်လူသားများသည် ကမ္ဘာမီးလောင်ပြီး သေဆုံးသွားကြသည်။ ၎င်းမီးဘေးသည် သုံးနှစ်မျှ မီးမငြိမ်းတမ်းလောင်ကျွမ်းခဲ့သည်။ ဤအချက်ကို အစွဲပြုပြီး လာချိဒ်တိုင်းရင်းသားတို့ ဒုက္ခအမျိုးမျိုးခံစားရသောအခါ “ဆွမ်ဇန့်မော်မီ” ဟု ပြောဆိုကြသည်။




ထို့နောက် "လာဗျူလာမြန်" ခေတ်ကာလလူသားများ ပြန်လည်ပေါက်ဖွားများပြားလာသည်။ လာဗျူလာမြန်ခေတ်သားများသည် ယခုချီဖွေမြို့၏ အရှေ့မြောက်ဘက် (၃) မိုင်လောက်ဝေးသော နေရာတွင် တည်ရှိသည်။ "လာဗျူ ခရုန်" ခေါ် လာဗျူလိုဏ်ဂူကြီးတွင် နေထိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် အကြီးဆုံးဟုယူဆရသော လာဗျူကျောက်လိုဏ်ဂူသည် အကျယ် (၃၀) ပေကျယ်ပြီး



အမြင့် (၂၀) ပေကျော်သည်။ အလျားမိုင် မည်မျှရှိသည်ကို မသိသော်လည်း တစ်မိုင်လောက်အထိ လူများဝင်ထွက်သွားလာကြောင်း သိရှိရပါသည်။

အဆိုပါ "လာဗျူ" လိုဏ်ဂူကြီးတွင် လာဗျူခေတ်သားများ သုံးစွဲလာခဲ့သော ကျောက်ဆုံကြီးများ၊ ကျောက်ဒယ်အိုးကြီးများ၊ ဖိုခနောက်များ၊ ကျပ်ခိုးစင်များ၊ လူသားကျောက်ဖြစ်ရုပ်ကြွင်းများ ဝင်ထွက်သွားလာခဲ့သော လမ်းသွယ်လမ်းကြောင်းများစသော လူသားများ၏ အသုံးအဆောင် ကျောက်သားကျောက်ရုပ်များကို တွေ့ရှိရသည်။

တစ်ဖန် လာဗျူလာမြန်ခေတ်သားများသည်လည်း ကမ္ဘာ ရေလွှမ်းမိုးပြီး ပျက်စီးသွားရပြန်သည်။ ဤဆွမ်တုံဆွမ်ဆန်ခေတ်နှင့် လာဗျူလာမြန်ခေတ်သည် ထောင်သောင်းမက ကြာမြင့်ခဲ့သည်ဟု ဆိုသည်။ ကမ္ဘာကို ရေလွှမ်းမိုးသောကာလသည် သုံးလထက် မနည်း ကြာမြင့်ခဲ့သည်။ ထို့ကြောင့် လာချိဒ်မျိုးနွယ်များသည် စိတ်ညစ်စရာနှင့် တွေ့ကြုံသည့်အခါ "ဆမ်း လော့တစ်ဂျစ်အကန်း" သုံးလအထိ ရေလွှမ်းမိုးခြင်း မလျော့ချေဟုဆိုသည်။

ကမ္ဘာရေလွှမ်းမိုးရာမှ လွတ်မြောက်ကျန်ရစ်ခဲ့သော "ဆန်မှုန့်ဆန်နမ်" မောင်နှမ၊ (နောင်တွင် ဇနီးမောင်နှံ) တောင်ပေါ်မှ တောင်အောက်သို့ သစ္စာဆို၍ စကောလှိမ့်ချခြင်း၊ တောင်ပေါ်မှ တောင်အောက်သို့ ကျောက်တုံးလှိမ့်ချခြင်း၊ မောင်နှင့်နှမ တစ်နေရာစီ မီးဖို၍ မီးခိုးများပေါင်းစေခြင်းကို ကြည့်ခြင်းဖြင့် ဘုရားသခင်သည် မျိုးဆက်ပြန့်ပွားရေးအတွက် မောင်နှမနှစ်ယောက် အိမ်ထောင်ပြုခြင်းကို ခွင့်ပြုသည်ဟု ယူဆကြသည်။ သို့သော် မောင်နှမ

ဖြစ်နေ၍ မဝံ့မရဲဖြစ်နေကြသည်။ ထိုအခါ မောင်မှ ဝါးတောကို ခုတ်ပြီး ညီမနားတွင် နှီးဖျာဟန်ဆောင်နေသည်။ နှီးဖျာရင်း နှီးဖျားဖြင့် ညီမ၏ နို့အုံကို ထိုးမိဟန်ဆောင်လိုက်ရာ ညီမဖြစ်သူက ပြုံးလေသည်။ ထိုအချိန်မှစ၍ မောင်နှမ နှစ်ယောက် အိမ်ထောင်ပြုလိုက်ကြလေသည်။ ထိုမောင်နှမ နှစ်ယောက်မှနေ၍ လူဦးရေ မွေးဖွားများပြားလာကြသည်ဟု ယူဆကြသည်။

လာချိဒ်တိုင်းရင်းသားများ၏ ယူဆချက်အရ မျက်မှောက်ခေတ် ကမ္ဘာသူ၊ ကမ္ဘာသားများနှင့် ကမ္ဘာပေါ်ရှိ အရာဝတ္ထုများ အားလုံးသည် "တစ်ဂျစ်ရှိ" ရေလွှမ်းမိုးပြီး ဝါးဖောင်နှင့်လွတ်မြောက်လာသော ဇနီးမောင်နှံတို့မှ ဖြစ်ပေါ်လာရသည်ဟု ယုံကြည်ကြသည်။

## မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာကြပုံ

လာချိဒ်တိုင်းရင်းသားများ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာပုံနှင့် ပတ်သက်၍ လေ့လာရာတွင် "တစ်ဂျစ်ရှိ" ခေါ် ရေလွှမ်းမိုးရာမှ လွတ်မြောက်ကျန်ရစ်ခဲ့သော လူသားဆန်မှုနှင့် ဆန်နမ်မောင်နှမတို့သည် "ငလုံဘောမ့်" ခေါ် တောင်လုံးကြီးတွင် တင်ကျန်ရစ်ခဲ့သည်ဟု ဆိုခဲ့ကြသည်။ ၎င်းတောင်ကြီးသည် ကမ္ဘာပေါ်တွင် အကြီးဆုံးအမြင့်ဆုံးဟု လာချိဒ်များ ယူဆကြသည်။ လာချိဒ်တိုင်းရင်းသားတို့သည် ငလုံဘောမ့်တွင် ကာလကြာရှည်စွာ နေထိုင်ပြီးနောက် တောင်ဘက်သို့ တဖြည်းဖြည်း ရွှေ့လျားဆင်းလာခဲ့ရာ အာရှတိုက် အရှေ့တောင်ပိုင်းသို့ ရောက်ရှိလာသည်ဟု ယူဆကြသည်။ တောတောင်များကို ကျော်ဖြတ်ရာ၌ လွယ်ကူစေရန် မြစ်ကြောင်းတစ်လျှောက် ရောက်ရှိလာရာ ယခုနေထိုင်သည့် မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းသို့ ရောက်အောင် မွန်ဂိုးလီးယား တိဘက်ကုန်းပြင်မြင့်မှတစ်ဆင့် မေခမြစ်၊ မေလိခမြစ်၊ မဲခေါင် မြစ်ကြောင်းများတစ်လျှောက် ဆင်းသက်လာသည်ဟု ယူဆကြသည်။

လာချိဒ်တိုင်းရင်းသားများ၏ ယူဆချက်အရ အသားဖြူလူမျိုးများသည် ငလုံဘောမ့်မှ အနောက်ဘက်သို့ ထွက်ခွာသွားသည်။ အသားမဲလူမျိုးများကမူ အာရှတိုက်အနောက်ဘက်သို့

ထွက်ခွာသွားသည်။ အသားဝါလူမျိုးများသည် အာရှတိုက် အရှေ့တောင်ဘက်သို့ ဆင်းသက်ခဲ့သည်ဟု ယူဆကြသည်။

မွန်ဂိုမျိုးနွယ်မှ ဆင်းသက်လာသော ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးတို့သည် မြန်မာအုပ်စု၊ တိဘက်-မြန်မာအုပ်စုနှင့်ထိုင်း-တရုတ်အုပ်စုဟူ၍ အုပ်စုကြီး သုံးစုခွဲကာ ဝင်ရောက်နေထိုင်ခဲ့ကြသည်။ ၎င်းတို့မှာ-

(၁) ချင်း-ကချင်အုပ်စု

(၂) မြန်မာနှင့် ရှေးမြန်မာအနွယ်အုပ်စု

(၃) လိုလိုမူဆိုးအုပ်စုဟူ၍ ဖြစ်သည်။

ထိုသို့ ဝင်ရောက်လာကြရာတွင် လာချိဒ်တို့သည် အလယ်အုပ်စုဖြစ်သော မြန်မာနှင့် ရှေးမြန်မာအနွယ်အုပ်စုနှင့်အတူ မေခမြစ်ဝှမ်းအတိုင်း ဆင်းလာပြီးနောက် မြန်မာနိုင်ငံ တောင်ဘက်သို့ ဆက်၍ ဆင်းသက်သွားသော်လည်း အချို့လူတို့မှာ အထက်ပိုင်းယခု (ကချင်ပြည်နယ်) တွင် ကျန်ရစ်ခဲ့ကြသည်။ ၎င်းတို့မှာ လာချိဒ်၊ ရဝမ်၊ လော်ဝေါ်နှင့် ဇိုင်ဝါးတို့ ဖြစ်ကြပါသည်။ ရိုးရာသမိုင်းကြောင်း အထောက်အထားအရ လာချိဒ်မျိုးနွယ်စုသည် ရဝမ်၊ လော်ဝေါ်၊ ဇိုင်ဝါး၊ လီဆူ၊ ဂျိန်ဖော့မျိုးနွယ်စုတို့နှင့် ဆက်နွယ်မှုရှိသည်။

ထို့အပြင် လာချိဒ်တိုင်းရင်းသားတို့၏ စကားမှာ မြန်မာစကားနှင့် အတော်အတန် ဆင်တူသည်ကို တွေ့ရှိရသည်။

လာချိဒ်တို့သည် ငလုံဘောမ့်တွင် ကြာမြင့်စွာ နေထိုင်ခဲ့ပြီးနောက် တစ်တောင်ပြီးတစ်တောင် ဆင်းလာခဲ့ရာ ပထမဦးစွာ ဂွယ်ဒိန့် ဂွယ်လော်ဂျန်ရွာကြီးကို တည်ဆောက်နေထိုင်ခဲ့ကြသည်။



ထိုအချိန်တွင် လာချိဒ်တိုင်းရင်းသားတို့သည် သစ်၊ ဝါးတို့ကို ကောင်းမွန်စွာ အသုံးချတတ်ပြီးဖြစ်ကြောင်း မြေပြင်ပေါ်တွင် ဆောက်လုပ်နေသော အိမ်မှတစ်ဆင့် ကြမ်းခင်း အိမ်မြင့်များကို ဆောက်လုပ်နေထိုင်တတ်ပြီးဖြစ်ကြောင်း၊ လူမှုရေးလုပ်ငန်းများ၊ ပွဲလမ်းသဘင်များကို လုပ်ကိုင်ကျင်းပတတ်ပြီး ဖြစ်သည်။

အထူးထင်ရှားစွာ ပြုလုပ်ကျင်းပတတ်သော ပွဲလမ်းသဘင်များမှာ အိမ်သစ်တက်မင်္ဂလာကျင်းပရာတွင်ကသော ဂျိဂေါ်အက၊ ဇောမ့်ဂေါ်ခေါ်မနောအကနှင့် လူသေဆုံးသောအခါ ကသော ဂဘန့်ဂေါ်အကတို့ကို ကလာကြသည်။ ဝတ်စားဆင်ယင်ရာတွင်လည်း မိမိတို့စိုက်ပျိုးထားသော ဝါများမှ ရရှိသည့် ချည်မျှင်ဖြင့် ရက်လုပ်ဝတ်ဆင်လာကြကြောင်း လေ့လာသိရှိရသည်။

၎င်းအချိန်သည် ခရစ်တော်မပေါ်မီက ဖြစ်သည်ဟု ယူဆရသည်။ ၎င်းနောက် လူဦးရေများပြားလာသဖြင့် အစာရေစာ ရှာဖွေစားသောက်ရန် မြေနေရာအခက်အခဲနှင့် တောပြုန်းတီးမှုတို့ကြောင့် ရာသီဥတုမညီမညွတ်ဖြစ်လာသည်။

ထို့ကြောင့် မိသားစုအချင်းချင်း စည်းရုံးပြီး မြေယာသစ်ရှာဖွေခဲ့ကြသည်။ ဂွယ်ဒိန့်ဂွယ်လော့မောက်၏ တောင်ဘက်တွင် "ဇန်လူးဝေါ်ရှိန်ဇရုန့်" ရွာကြီးကို ပြန်လည်တည်ထောင်ခဲ့ကြသည်။ "ဇန်လူးဝေါ်ရှိန်ဇရုန့်" ဟု ခေါ်ရခြင်းမှာ မြို့၏ တည်နေပုံ အနေအထားနှင့် စည်ပင်သာယာခြင်းကို သရုပ်ဖော်၍ ခေါ်ဆိုခြင်းဖြစ်သည်ဟု သိရှိရသည်။ အဓိပ္ပာယ်မှာ သေးသွယ်ရှည်လျား၍ စည်ပင်သာယာသော မြို့ဟုအဓိပ္ပာယ်ရပါသည်။ ထိုမြို့၏ သရုပ်ဖော်ချီးကျူးထားသော သီချင်းကို ယခုထိတိုင် နတ်ပဟောဆရာများက

(ဒမ်ဆ) များက ရွတ်ဆိုလျက်ပင် ရှိကြသည်။

ဇန်လူးဝေါ ရှိန်ဇရုန့်ပျက်ပြီးနောက်တွင် မြေသြဇာအလွန်ကောင်းမွန်ပြီး ညီညာပြန့်ပြူးသည့် ပြည်ကြီးတစ်ပြည်ကို ရှာဖွေတွေ့ရှိကြသည်ဟု ဆိုသည်။ ထိုပြည်ကြီးကို လာချိဒ်ဘာသာဖြင့် "လိုခူးမုတ်" ဟု ခေါ်သည်။

လိုခူးမုတ်သည် မြေသြဇာ ကောင်းမွန်သောကြောင့် လာချိဒ်များနှစ်ပေါင်း (၇၀၀) ခန့် နေထိုင်ခဲ့ကြသည်။ ဤဒေသတွင် နေထိုင်သောအချိန်၌ လူဦးရေအထွန်းကားဆုံးဖြစ်၍ ယဉ်ကျေးမှုလည်း မြင့်မားတိုးတက်လာပြီး လယ်ယာလုပ်ငန်းများကို စနစ်တကျလုပ်ကိုင်လာကြသည်။ စပါးနှင့် ပြောင်းဖူးများကို အဓိကထား စိုက်ပျိုးကြပြီး ကျွဲ၊ နွားများကိုလည်း ခိုင်းစားတတ်လာသည်။ နောက်ပိုင်းတွင် တိမ်ကောစပြုလာပြီး လိုခူးမုတ်မှ ထွက်ခွာခဲ့ကြသည်။

လိုခူးမုတ်မှ တောင်ဘက်သို့ မြေယာသစ်များ ရှာဖွေရန် ထွက်လာကြသောအခါ မြန်မာနိုင်ငံမြောက်ပိုင်းသို့ စတင်ရောက်ရှိလာကြသည်။ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသောအချိန်တွင် "ချူးဒါမ်ငယော်" ဒေသ၌ သွေးတူသားတူမိသားစုများ ပြန်လည်စည်းရုံးပြီး ထိုရွာကြီးကို တည်ထောင်နေထိုင်ခဲ့ကြသည်ဟု သက်ကြီးဝါကြီးများက ပြောဆိုလျက်ရှိကြသည်။ ချူးဒါမ်ငယော်ဒေသသည် ယခု ကချင်ပြည်နယ် မြစ်ကြီးနား အရှေ့မြောက် ချီဖွေမြို့နယ်နှင့် ဆော့လော်မြို့နယ် မြောက်ဘက် ထော့လန်ရွာတွင် တည်ရှိသည်။ ဤဒေသတွင် နေထိုင်ပြီး နောက်ပိုင်း မဒီန်၊ ဂလောက်၊ ဇန်းဘောက်၊ ဇခုံး၊ လနမ်၊ လဝွေ၊ ဂျွန်ချော့စသော မိမိ မိသားစုအမည်များကို



ခေါ်ဆိုလာကြောင်း တွေ့ရှိရသည်။ မိသားစုအနွယ်အသီးသီး အလိုက် ကျေးရွာများ တည်ထောင်နေထိုင်လာကြသည်။

မိသားစုသဘောဆန္ဒအလျောက် အများကြည်ညိုလေးစားမှုရှိသော ပုဂ္ဂိုလ်ဦးဆောင်မှုပြုစေသည်ဟု ဆိုသည်။ ကျေးရွာတည်ဆောက်ထားသော မိသားစုနယ်မြေတွင် နောက်ထပ်မိသားစုတစ်နွယ်အား တစ်ဆင့်နေထိုင်ခွင့်ပြုသည့် အချိန်တွင် နယ်မြေကို တန်ဖိုးပေးဝယ်ရသော စနစ်ပေါ်ပေါက်လာသောအချိန်ဖြစ်သည်။ ဤသို့ဖြင့် နောက်ပိုင်းတွင် လာချိဒ်များ မိသားစုထဲ၌ မြေရောင်းမြေဝယ်စနစ် စတင်ပေါ်ပေါက်လာသည်။

ခရစ်နှစ် (၁၅) ရာစု အစပိုင်းတွင် ချူးဒါမ်ငယော်ဒေသမှ တစ်ဆင့် လာချိဒ်တိုင်းရင်းသားများ မြစ်ကြောင်းများတစ်လျှောက် ဆင်းလာပြီး မြန်မာနိုင်ငံမြောက်ပိုင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ မေခကို လာချိဒ်ဘာသာဖြင့် "လုံဗျစ်" ဟုခေါ်ပြီး သံလွင်မြစ်ကို "မိန်ဂျူ" ဟုခေါ်သည်။ မေခမြစ်ကို "ဗရှုရှပ်လော့" ခေါ် ကြိမ်ကြိုးတံတားဖြင့် မြစ်ကို ဖြတ်သန်းလာကြသည်။

လာချိဒ်မျိုးနွယ်စုတို့ အတည်တကျနေထိုင်ခဲ့သောဒေသသည် အရှေ့ဘက် တရုတ်ပြည်နယ်စပ်နှင့် အနောက်ဘက် မေခခေါ် အင်မိုင်ခ ခေါ် လုံဗျစ် အရှေ့ဘက်ကမ်းတစ်လျှောက်၊ မြောက်ဘက် ဆော့လော်မြို့နယ်၊ ထော့လန်ရွာနှင့် တောင်ဘက်ဝိုင်းမော်မြို့နယ် ဆဒုံးအထိ အတည်တကျနေထိုင်ခဲ့ကြသည်။ လာချိဒ်မျိုးနွယ်စု၏ အများဆုံးနေထိုင်သောဒေသမှာ ချီဖွေမြို့နယ် ချန်းမောခုန်းဒေသရှိ မယုတ်ချန်လန်ရွာ၊ ဂျန်းမိုးမောလုဂ်ကွမ်ဇိန့်ရွာတို့ ဖြစ်သည်။

ယခုနေထိုင်ရာ ဒေသများသို့ ကချင်ပြည်နယ် အရှေ့ဘက်မှ ခရစ်နှစ် (၁၁) ရာစုတွင် အစုအဖွဲ့ပုံစံဖြင့် အခြေစိုက်နေထိုင်မှု

ပြုလာပြီး ၎င်းမှတစ်ဆင့် မြန်မာပြည်အနှံ့အပြားတွင် ခရစ်နှစ် (၁၄၀၀) ခန့်၌ ပျံ့နှံ့သွားးသည်ဟု ယူဆရသည်။

ယခုအခါတွင် လားချိဒ်တိုင်းရင်းသားတို့သည် ချီဖွေမြို့နယ်၊ ဆော့လော်မြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ ဆဒုံးဒေသ၊ မြစ်ကြီးနားမြို့နယ်တို့တွင် များပြားစွာ နေထိုင်ကြသည်ကို တွေ့ရှိရပါသည်။ ရှမ်းပြည်နယ်တွင် မူဆယ်၊ ကွတ်ခိုင်၊ လားရှိုး၊ သီပေါ၊ မိုးမိတ်၊ ကျိုင်းတုံဒေသများတွင်လည်းကောင်း၊ မြစ်ကြောင်းများတစ်လျှောက်တွင်လည်းကောင်း၊ တရုတ်ပြည်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ မလေးရှားနှင့် အာသံပြည်တို့၌လည်းကောင်း ပျံ့နှံ့နေထိုင်ကြသည်။

## ရုပ်လက္ခဏာ ပုံပန်းသွင်ပြင်

လားချိဒ်တိုင်းရင်းသားတို့သည် မွန်ဂိုလွိုက်မျိုးနွယ်တွင် ပါဝင်ပြီး မြန်မာအုပ်စုများ ဖြစ်ကြသည်။ မျက်နှာသွယ်သော ပုံသဏ္ဌာန်ရှိပြီး မျက်လုံးပေါက်ကျဉ်းသည်။ မျက်ရစ်မပါသည့် ဦးရေက များသည်။ နှုတ်ခမ်းပါးသည်။ ထူထဲသော နှုတ်ခမ်းရှိသူက နည်းသည်။ မျက်လုံးမျက်ခုံးနှင့် ဆံပင်များ နက်ကြသည်။ ဆံပင်ဖြောင့်သည်။ ဆံပင်အကောက်ရှိသူ နည်းပါးသည်။ ပါးရိုးပြေပြစ်မှုရှိပြီး မေးရိုးမကျဉ်းမကား အနေအထားတွင် ရှိသည်။

အရပ်အမောင်းတွင် အမျိုးသားသည် ပျမ်းမျှအားဖြင့် (၅ ပေ ၅လက်မ) ခန့်ရှိသည်။ အမျိုးသမီးများသည် (၅ ပေ) ခန့်ရှိသည်။ များသောအားဖြင့် အသားဖြူကြပြီး ထွားကျိုင်းသန်မာသူများသည်။

လားချိဒ်တိုင်းရင်းသားတို့သည် လုံ့လဝီရိယရှိပြီး နံနက်မိုးသောက်သည်နှင့် လုပ်ငန်းခွင်အသီးသီးသို့ သွားကြသည်။ လောဘစိတ်မရှိဘဲ ရှိသောဥစ္စာပစ္စည်းနှင့် ရောင့်ရဲတင်းတိမ်ဖြောင့်မတ်ပြီး ပွင့်လင်းဖော်ရွေကြသည်။ မိသားစု၊ ဆွေမျိုးများနှင့် စုစုစည်းစည်း နေထိုင်ကြသည်။ စည်းလုံးညီညွတ်မှုရှိပြီး ကျရောက်သော ဘေးအန္တရာယ်များကို စုပေါင်းကာကွယ်ကြသည်။ လားချိဒ်တိုင်းရင်းသားတို့၏ ရပ်ရွာအတွင်း ဧည့်သည်အဖြစ် ခရီးသွားလာ

သူများသည် လမ်းစရိတ် ရိက္ခာပါရှိရန် မလိုသည့်အပြင် အိပ်ရာ၊ စောင်များ သယ်ယူရန် မလိုပေ။ ဧည့်သည်များအား ဝတ္တရား ကျေပွန်စွာ နေရာထိုင်ခင်းပေးခြင်း၊ အစားအစာ တည်ခင်းခြင်းဖြင့် မိမိတို့ တတ်စွမ်းသမျှ ဧည့်ဝတ်ပြုကြသည်။ စကားပြောဆိုရာတွင် လည်း စိတ်ရောကိုယ်ပါ အားတက်သရော ပြောဆိုတတ်ကြသည်။

ဧည့်သည်ရောက်လျှင် မိသားစုအမျိုးအမည်များကို မေးမြန်း စုံစမ်းပြီး မည်သို့တော်စပ်မှုကို မိတ်ဖွဲ့ကြသည်။ မိတ်ဖွဲ့ပြီးသောအခါ မိမိတို့ဆင်းသက်ပေါက်ဖွားရာ အစဉ်အဆက်ရွတ်ဆိုပြီး ရင်းနှီး ကျွမ်းဝင်စွာ နေထိုင်ဆက်ဆံကြသည်။ ဤအချက်ကို ကြည့်ခြင်း ဖြင့် လာချိဒ်တိုင်းရင်းသားများသည် ဘေးမဲ့လုံခြုံစွာ မေတ္တာ တရား နှင့် စည်းလုံးညီညွတ်စွာ နေထိုင်လိုသော ဆန္ဒအပြည့်အဝရှိကြောင်း သိရသည်။

လာချိဒ်တိုင်းရင်းသားတို့သည် မိမိတို့၏ မျိုးနွယ်သမိုင်းကို အလွန်တန်ဖိုးထားသည်။ မရှင်းလင်းသည့် အချက်များကို မေးလျှင် လည်း စိတ်ရှည်လက်ရှည် ရှင်းပြကြသည်။ လာချိဒ်တိုင်းရင်းသား များ ရဲစွမ်းသတ္တိရှိကြောင်းကို ဗြိတိသျှခေတ်နိုင်ငံရေး၊ စစ်ရေးတို့၌ စွမ်းစွမ်းတမံ ထမ်းရွက်ခြင်းကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်သည်။ ဗြိတိသျှအစိုးရမှ ချီးမြှင့်သော ဂုဏ်ထူးဘွဲ့ထူးများကို ချီးမြှင့်ခြင်း အခွန်ကောက်စားနယ်မြေသတ်မှတ်ပေးခြင်းများ ရှိခဲ့သည်။ သူရ သုံးထပ်ကွမ်း ဗိုလ်ကြီးဆောင်ချန်း၊ ဗိုလ်ကြီးဘော့မ်ချန်း၊ ဗိုလ်ကြီး ဘော့မ်ကျန်း၊ ဗိုလ်ကြီး ဖရဲ ယိန်းကျန်းတို့သည် ဖက်ဆစ်ဂျပန်များ ကို လာချိဒ်ဒေသမှ ရှမ်းပြည်နယ်တောင်ပိုင်းအထိ စွမ်းစွမ်းတမံ တိုက်ခိုက်ခဲ့ကြသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်



အောင်ဆန်း၏ ပြည်ထောင်စုလွတ်လပ်ရေး ကြိုးပမ်းရာတွင် လာချိဒ် မျိုးနွယ်စုမှ မျိုးချစ်ခေါင်းဆောင်များဖြစ်သော ဝဏ္ဏကျော်ထင် ဒူဝါမတောင်ခေါင်းဆောင်ဆရာကြီး ဆောင်ချန်းရှန်းတို့သည် ပင်လုံစာချုပ်ဖြစ်မြောက်ရေးတွင် ပါဝင်ခဲ့ကြသည်။ ဤအချက်များကို ကြည့်ခြင်းအားဖြင့် လာချိဒ်တိုင်းရင်းသားတို့သည် သူရသတ္တိနှင့် ပြည့်စုံသူများဖြစ်ကြောင်း သိရှိရသည်။



**မေခမြစ်တစ်နေရာ၌ စာရေးသူနှင့်အဖွဲ့ အမှတ်တရ**

## လာချိဒ်တိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု

လာချိဒ်တိုင်းရင်းသားများသည် မြန်မာနှင့် ရှေးမြန်မာ အုပ်စုတွင်ပါဝင်သော လူမျိုးတစ်မျိုးဖြစ်သည်။ ရှေးစာပေမှတ်တမ်း များတွင် လရှီဟူ၍ အမည်ခေါ်တွင်သော လူမျိုးနွယ်စုတစ်စုဖြစ် သည်။ ၎င်းတို့သည် ကချင်ပြည်နယ်တွင် ချီဖွေ၊ ဆော့လော်၊ ဝိုင်းမော်၊ မြစ်ကြီးနားမြို့နယ်များအတွင်း၌ အနေများပြီး ရှမ်းပြည်နယ် ကျိုင်းတုံ၊ တာချီလိတ်၊ လားရှိုးမြို့နယ် ဒေသများတွင် လည်း ပျံ့နှံ့နေထိုင်ကြသည်။

### အမျိုးသားဝတ်စုံ

လာချိဒ်အမျိုးသားများ၏ "အွပ်ထက်" ခေါ် ခေါင်းပေါင်းမှာ အနက်ရောင်ဖြစ်ပြီး အလျား လေးလံ၊ အနံ လေးလက်မခန့်ရှိသည်။ အနံတစ်ပေကို သုံးခေါက်ခေါက်ထားသည်။ ယခုအခါ အလျား တစ်လံမျှသာရှိပြီး ခေါင်းပေါင်းကို လက်ယာရစ်ပေါင်းကာ ဝဲဘက်စွန်း တွင် ခေါင်းပေါင်းစကို ချကြသည်။ "ဘန်ဘိုး" ခေါ် ရောင်စုံ ပန်းဖွားများ တပ်ဆင်ချုပ်လုပ်ထားသည်။ ရှေးအခါက လာချိဒ် တိုင်းရင်းသားများသည် တောတောင်ထဲတွင် တိုက်ခိုက်ရေး၌ လည်းကောင်း၊ သစ်ဝါးခုတ်ရာတွင်လည်းကောင်း ဓားကိုရွယ်၍





ခုတ်သည့်အခါ ခေါင်းပေါင်းစ မလွတ်မည်စိုး၍ ဝဲဘက်တွင် ချထား ခြင်းဖြစ်သည်ဟု ဆိုသည်။

အမျိုးသားများသည် ရှေးအခါက နားကို ဝဲဘက်တစ်ဖက် တည်းသာ နားပေါက်ဖောက်၍ "နိုကျောမ်း" ခေါ် ငွေကွင်းများ ဆွဲကြသည်။ နားပေါက်တွင် "ဝပ်ရှက်" ခေါ် သန္တာပုတီးကိုကြေးနှင့် လျှိုကွပ်ပြီး တစ်ကွင်းတည်း ဝတ်ဆင်သည်။ ယခုခေတ် "လာချိဒ်" အမျိုးသားများသည် နားပေါက်များဖောက်သော အလေ့မရှိကြ တော့ပေ။



လာချိဒ်အမျိုးသား

ဝတ်စုံ

အမျိုးသားများ၏ ဝတ်ဆင်မှုတွင် "လော့နော့" ခေါ် အနက်ရောင်ဘောင်းဘီရှည်ကို ဝတ်ဆင်ကြသည်။ ၎င်းမှာ ခြေဆစ်ထိရှည်သော ဘောင်းဘီမျိုးဖြစ်သည်။ ဘောင်းဘီကို ဝတ်ဆင်ပြီးလျှင် "ဖျစ်ချူ" ခေါ် ချည်ခါးပတ်ကို ပတ်၍ ခါးပတ်စကို ဝဲဘက်တွင် ချထားသည်။ ခါးပတ်မှာ အဖြူရောင်ချည်ကြိုးကို လိမ်ကျစ်ခြင်းမပြုဘဲ မြန်မာအမျိုးသမီးများ ဖွတ်မြီးဆံပင်ကဲ့သို့ ထိုးကျစ်ထားသော ကြိုးမျိုးဖြစ်သည်။ ခါးပတ်ကြိုး၏ ဝဲဘက်တွင် ပန်းဖွားနှစ်ခုပါရှိပါသည်။ ထိုသို့ ဘောင်းဘီကို ဝတ်ဆင်ပြီးနောက်မှသာ အင်္ကျီကို ဝတ်ဆင်ကြသည်။

လာချိဒ်အမျိုးသားများ၏ "ဗျိရှိမ်" ခေါ် အင်္ကျီမှာ ခြေသလုံးထိ ဖုံးမိအောင်ရှည်သော ကိုယ်ရုံအင်္ကျီရှည်ကြီးဖြစ်သည်။ လက်ရှည်အင်္ကျီလည်း ဖြစ်သည်။ အင်္ကျီတစ်ထည်လုံးမှာ အဖြူရောင်အောက်ခံဖြစ်သည်။ မြန်မာဘုရင်များ ထီးနန်းစိုးစံစဉ်က ဝန်ကြီးများ ဝတ်ဆင်ခဲ့သော အင်္ကျီပုံစံမျိုးဖြစ်သည်။ ရှေးအခါက "ဂျိပ်မိုး" ခေါ် ဂုန်လျှော်ချည်များဖြင့် ရက်လုပ်ကြခြင်းဖြစ်သည်။

ရှေးယခင်က လက်ရှည်အင်္ကျီ၏ လက်ကောက်ဝတ်အနားစပ်တွင် ငါးလက်မရှိသော နက်ပြာရောင်ပိတ်ချည်ပေါ်တွင် ပန်းထိုးထားပြီး တွဲကပ်ချုပ်လုပ်ထားသည်။ ယခုခေတ်တွင် ၎င်းလက်အနားစပ်၌ အနီရောင်လိုင်းစင်းများ၊ လှိုင်းတွန့်ပုံများကိုသာ ပန်းထိုးဝတ်ဆင်ကြကြောင်း တွေ့ရှိရသည်။ ၎င်းအနားလိုင်းစင်းများသည် အကျယ် ခြောက်လက်မရှိပြီး အထပ်နှစ်ထပ်ပါရှိသည်။

"လမ့်ဂေါ့" ခေါ် အင်္ကျီကော်လာမှာ ကတုံးဖြစ်ပြီး ရောင်စုံအစက်အပြောက်များ၊ ပန်းအလှများဖြင့် ပုံဖော်ရက်လုပ်ထားသည်။



အင်္ကျီရင်ဘတ်လွှာ၏ တစ်ဖက်လျှင် ခြောက်လက်မရှိသော အထက်အောက်နှစ်ထပ် အင်္ကျီမျိုးဖြစ်သည်။ အင်္ကျီ၏ ဝဲယာလွှာပြားနှစ်ဖက်စလုံး၌ အဖြူ၊ အဝါ၊ အနီ၊ အစိမ်း၊ အပြာရောင်စုံ ပန်းပွင့်များဖော်ထားသည်။ လှိုင်းတွန့်များမှာ လှေကားထစ်များသဖွယ်ဖြစ်ပြီး လာချိဒ်တိုင်းရင်းသားသည် ၎င်းတို့ဘဝကို တစ်ဆင့်စီတစ်ဆင့်စီ တက်လှမ်းသွားလိုသော အဓိပ္ပာယ်ဟုဆိုသည်။ ဖော်ပြပါ "ဇွန်းလန်" ခေါ် လှေကားထစ်များသဖွယ် လှိုင်းတွန့်များကို ကွေ့ကောက်စွာ ရက်လုပ်ထားသည်မှာ ကျီးငှက်များ ခုန်ဆွ ခုန်ဆွသွားသည့် ပုံသဏ္ဌာန်မျိုးတစ်ဆက်တည်း တက်လှမ်းသွားလိုသော သဘောဆောင်သည်။ အင်္ကျီ၏ရှေ့အလျား နှစ်ဖက်လုံး အောက်ဆုံး၌ အနီရောင် သို့မဟုတ် အနက်ရောင်ဖြင့် ပန်းထိုးထားသော ကန့်လန့်စင်းလိုင်းအရစ်များ ပုံဖော်၍ ထားသည်ကို တွေ့ရှိရသည်။

ထိုသို့ အင်္ကျီနှင့် ဘောင်းဘီများကို ဝတ်ဆင်ပြီးနောက် ရိုးရာလွယ်အိတ်နှင့် ဓားကို လွယ်လေ့ရှိသည်။ ရိုးရာလွယ်အိတ်မှာ အဖြူရောင် လေးလိုင်း၊ အနီ၊ အဝါရောစပ်ထားသော လိုင်းတစ်လိုင်းရှိသည်။ "အေးပြီ" ခေါ် လွယ်ကြိုး၏ ကြိုးနှစ်ဖက်နားတွင် အပြာရောင်လိုင်းတစ်လိုင်းနှင့် အလယ်တွင် အနီနှင့်အဝါရောင် ရောစပ်ထားသော လိုင်းတစ်လိုင်းစီပါရှိသည်။ လွယ်အိတ်အပေါ်နားအလယ်တွင် အနီ၊ အဝါ၊ အပြာ၊ အဖြူရောင်များနှင့် ပန်းပြောက်များ ဖော်၍ ရက်လုပ်ထားသည်။ အောက်ဘက်ပိုင်းတွင် ရောင်စုံပန်းဖွားများဖော်ထားသည်။ လွယ်အိတ်အမြီးစွန်းနှစ်ဖက် စလုံးတွင် ကြိုးစများကို သုံးခုစီ သို့မဟုတ် လေးခုစီ စု၍ ချည်ပြီး ပန်းဖွားများ၊ ပန်းပွင့်များ တပ်ဆင်ထားသည်။ လွယ်အိတ်နှင့်အတူ ရိုးရာဓားကို

လည်း ယာဘက်ပခုံးတွင် လွယ်ကြသည်။ "ရှမ်း" ခေါ် ရိုးရာဓားကို "ရှစ်ဖုန်း" ခေါ် ဓားအိမ်တွင် ထိုးစိုက်လျက် ကြိမ်ဖြင့် ရက်လုပ်ထားသော လွယ်ကြိုးဖြင့် လွယ်သိုင်းထားသည်။ ဖော်ပြပါ ဓားလွယ်ကြိုးမှာ "ဂျဲ" ခေါ် ကြိမ်ပင်များကို စိပ်ဖြာနန်းဆွဲ အချောကိုင်ပြီး စနစ်တကျ ဓားအိမ်တွင် သိုင်းချည်ထားပေသည်။ အရှည် ခုနှစ်လံမျှရှိသော ကြိမ်ပင်များဖြင့် ဓားလွယ်ကြိုးပြုလုပ်ခြင်း ဖြစ်သည်။ ထို့နောက် "လော့ဇွီ" ခေါ် ကျားစွယ်ကို ဓားလွယ်ကြိုး၌ တပ်ဆင်ထားသည်။ ဓားရိုးကို "ဆန်ဇွီ" ခေါ် ဆင်စွယ်ဖြင့် နောက်ပိတ်ပြုလုပ်ထားသည်။ ဓားရိုးလက်ကိုင်နှင့် "ရှမ်ပိုင်" ခေါ် ဓားခွေးကို "ငွီ" ခေါ် ငွေစစ်ငွေသားများဖြင့် ပြုလုပ်ထားသည်။ ဆင်စွယ်နှင့် ဓားခွေးကြားတွင် ကြိမ်ကြိုးမျှင်များကို ကွပ်ချုပ်ရက်လုပ်ကာ အနီရောင် သို့မဟုတ် အနက်ရောင်ဆေးသုတ်ထားသည်။ ဓားမှာ အလျားတစ်ထောင့်ထွာခန့်ရှိပြီး အရင်းရှူး အဖျားကျယ်သောပုံစံ ဖြစ်သည်။ ရိုးရာဓားကိုလွယ်သည့် အဓိပ္ပာယ်မှာ ရန်သူကို ခုခံ ကာကွယ်ရန်နှင့် ဥယျာဉ်လယ်ယာလုပ်ငန်းများတွင် ခုတ်ထွင် ရှင်းလင်းရာ၌ အသုံးပြုရန်ဖြစ်သည်။

လာချိဒ်အမျိုးသားများသည် ရှေးယခင်က ရိုးရာဝတ်စားဆင်ယင်မှုတွင် ဖိနပ်ဟူ၍ သီးသန့်မရှိပေ။ တောတောင်ထဲ သွားလာလုပ်ကိုင်စားသောက်နေကြသူများဖြစ်၍ ဖိနပ်စီးလေ့မရှိကြပေ။ အချို့မှာ ဝါးကို အရှည်လိုက် မီးမြိုက်၍ ဝါးကြိုးမျှင်ခွာယူပြီး မိမိခြေနှင့်တိုင်းကာ ကျစ်လိမ်ရက်လုပ်ထားသော ဝါးဖိနပ်ကို ဝတ်ဆင်ကြသည်။ သို့သော် အလွန်ခက်ခဲစွာ လုပ်ဆောင်ရသဖြင့် ဝတ်ဆင်သူ နည်းသည်။ ယခုခေတ်တွင် အမျိုးသားများသည် ခေတ်ပေါ်



နောက်ပိတ် ဖိနပ်၊ ခြေညှပ်ဖိနပ်၊ တရုတ်ပြည်မှလာသော ဘွတ်ဖိနပ်များကို ဝတ်ဆင်အသုံးပြုလာကြသည်ကို တွေ့ရသည်။

## အမျိုးသမီးဝတ်စုံ

ရှေးအခါက လာချိဒ်အမျိုးသမီးများ၏ ခေါင်းပေါင်းမှာ အနက်ရောင်ဖြစ်ပြီး နှစ်လံမျှ ရှည်လျားသည်။ ယခုခေတ်တွင် ပုံစံချထားသော ခေါင်းစွပ်ပုံစံအနက်ရောင် ခေါင်းပေါင်းကို ပေါင်းကြသည်။ ခေါင်းပေါင်းကို ရောင်စုံပန်းပွင့်များဖော်ပြီး ရက်လုပ်ထားသည်။ ၎င်းအပြင် သစ်ခွပန်းပင်၏ ရွှေဝါရောင် ပင်စည်လျှော်မျှင်တို့ဖြင့်လည်း ကွပ်ထားသည်။ သို့သော် သစ်ခွပန်းပင်၏ ရွှေရောင်သစ်ခွလျှော်ချည်မှာ အလွယ်တကူမရရှိတော့သဖြင့် ယခင်ခေါင်းပေါင်းအနက်ရောင်အောက်ခံတွင် အနားတစ်ဖက်၌ အနီ၊ အပြာ၊ အစိမ်းရောင်များတွင် လိုင်းစင်းများ ဖော်၍ ရက်လုပ်ထားပြီး သစ်ခွပန်းပွင့်များကို လှပသေသပ်စွာ ပုံဖော်ထားကြောင်း အဆန်းတကြယ် တွေ့ရသည်။ ထို့ပြင် ရောင်စုံပန်းဖွား (၅၀) ခန့်ကိုလည်း စနစ်တကျ တွဲသီချုပ်လုပ်ထားသည်။ ယခုခေတ်တွင် ပုံဖော်ရက်လုပ်ထားသော ခေါင်းပေါင်းများကိုသာ အသုံးပြုသူများလာကြသည်ကို တွေ့ရှိရသည်။ ထူးခြားသည်မှာ အမျိုးသမီးများ၏ ခေါင်းပေါင်းစအစွန်းငယ်မှာ အမျိုးသားများကဲ့သို့ ဝဲဘက်တွင် မချဘဲ ယာဘက်တွင် ချခြင်းဖြစ်သည်။ အမျိုးသမီးများသည် အမျိုးသားများကို ရိုသေလေးစားမှု၊ ဂါရဝပြုမှု၊ ခင်မင်မှုဖြစ်ကြောင်း ဖော်ညွှန်းသော အဓိပ္ပာယ်ဟုဆိုပါသည်။





လာချိဒ်အမျိုးသမီးများသည် ရှေးအခါက မျက်နှာကို လိမ်းကျံခြယ်သမှုမရှိကြပေ။ သို့သော် ယခုခေတ်တွင် ခေတ်ရေစီးကြောင်းကို လိုက်၍ အမျိုးသမီးများသည် မျက်နှာကို အလှအပ လိမ်းကျံခြယ်သမှုရှိလာကြသည်။

ရှေးအခါက နားဖောက်ပြီး ရာသီအလိုက်ပွင့်သော ပန်းများကို နားပေါက်တွင် ထိုးစိုက်ပန်ဆင်ကြသည်။ "နကိုင်" ခေါ် နားတောင်း၊ ငါးမူးလုံးခန့်နှင့် အရှည်နှစ်လက်မခွဲခန့်ရှိသော "နားမြဲ" ခေါ် ငွေတောင့်များ၊ ငွေဆွဲကြိုးများကို ပန်ဆင်ကြသည်။ ထူးခြားသည်မှာ အလျား ကိုးလက်မခန့်ရှိသော ငွေနားတောင်းအလုံးကို နားနှစ်ဖက်စလုံးတွင် ငွေကြိုးမျှင်များဖြင့် ထိုးစိုက်တွဲကွပ်ချည်ကာ အလှအပအဖြစ် ပန်ဆင်ကြသည်။ ယခုခေတ်တွင် ရွှေ၊ ငွေ၊ ကျောက်၊ သံစသည့် ရတနာပစ္စည်းများဖြင့် ပန်ဆင်ကြသည်ကို တွေ့ရသည်။

လည်တွင် "ဝုပ်ရှက်" ခေါ် သန္တာပုတီး၊ အဝါ၊ အနီ၊ အဖြူရောင်သုံးမျိုးဆွဲ၍ ဆင်မြန်းကြသည်။ အချို့မှာ ပုတီးကုံးရေ များပြားစွာ ဆွဲကြပြီး အချို့မှာ ပုတီးသုံးလေးကုံးသာ ဆွဲကြသည်။

"ဗျီလင်း" ခေါ် အင်္ကျီတိုနှင့် "ဗျီရှိုင်" ခေါ် အင်္ကျီရှည်နှစ်မျိုးစလုံးကို ဝတ်ဆင်ကြသည်။ ၎င်းအင်္ကျီများမှာ အနက်ရောင်အောက်ခံအင်္ကျီဖြစ်ပြီး လက်မောင်းတွင် လေးလက်မခန့်ရှိသော အနီရောင်ကတ္တီပါချည်ဖြင့် ပတ်ပတ်လည် ကွပ်ချုပ်ထားသည်။ လက်ကောက်ဝတ်တွင်လည်း နှစ်လက်မခန့်ရှိ အနီရောင်ကတ္တီပါချည်ဖြင့် အနားကွပ်၍ ထားသည်။

ကျောဘက်တွင် အနီရောင်နှင့် လိမ္မော်ရောင်လိုင်းစင်းဖော်၍ သစ်ခွပန်းပင်မျှင်များဖြင့် ပန်းထိုးသီချုပ်ထားကြသည်။ "ဘော့ဆိုး"

ခေါ် ကြေစေ့များကို အင်္ကျီအောက်နားတွင် အစီအစဉ်တကျ အစိပ်အကျဲတူညီစွာ နေရာချ၍ ကြယ်ပွင့်ပုံဖော်ကာ တွဲသီချုပ်လုပ်ထားသည်။ အောက်ပိုင်းတွင် "လုပ်ဇော်" ခေါ် ကြယ်သီးများဖြင့် တပ်ဆင်ထားသည်။ အင်္ကျီကုပ်ပိုးတွင်လည်း အနီရောင်၊ ရွှေရောင်သစ်ခွမျှင်များဖြင့် ခြောက်လက်မခန့်ရှိသော လိုင်းစင်းများ ပုံဖော်ရက်လုပ်ထားသည်။

ယခင်က အင်္ကျီမှာ အရှည်ဖြစ်၍ တစ်ဆက်တည်းဝတ်ဆင်ကြသည်။ သို့သော် ယခုခေတ်တွင် အင်္ကျီနှင့်လုံချည်မှာ သီးသန့်ဖြစ်သည်။ အင်္ကျီရှေ့ဘက်၌ "ငွီခု" ခေါ် ငွေမောင်း၊ "ငွီဇော်" ခေါ် ငွေဆွဲပြား၊ "ငွီဗျော" ခေါ် ငွေတောင့်များ များပြားစွာ တပ်ဆင်ချုပ်လုပ်ထားသည်။ ခါးပိုင်းတွင် အနီရောင် ကတ္တီပါချည်၊ သစ်ခွချည်များဖြင့် ပတ်ပတ်လည် ပုံဖော်တွဲသီချုပ်လုပ်ထားသည်။

"ထိမ်း" ခေါ် ငွေလက်ကောက်များကိုမူ တစ်ဘက်လျှင် နှစ်ကွင်းမှ သုံးကွင်း ဝတ်ဆင်လေ့ရှိကြသည်။ လာချိဒ်အမျိုးသမီးများ၏ လုံချည်မှာ ရှေးယခင်က အတွန့်များစွာပါသော ချည် ဖြင့် ရက်လုပ်ထားသည့် "ဗျိဇိန့်" ခေါ် ဂါဝန်ပုံစံ ဖြစ်သည်။ ယခုခေတ်တွင် ရိုးရာအရ တီထွင်ထားသော လာချိဒ်ထဘီကိုသာ ဝတ်ဆင်ကြသည်။ လုံချည်၏ အခြေခံအရောင်မှာ အနက်ရောင်ဖြစ်ပြီး အောက်ဘက်အနားစပ်တွင် အနီရောင် ဒေါင်လိုက်လိုင်းစင်းများ ပါရှိသည်။ အထက်အောက်နှစ်ပိုင်းကို လှိုင်းတွန့်ကန့်လန့်စင်းများဖြင့် ပုံဖော်ရက်ထားသည့် ထဘီဖြစ်သည်။

ထဘီအပေါ်ပိုင်းတွင် အနီ၊ အစိမ်း၊ အဝါ၊ အပြာ ခြောက်လိုင်းခန့်ပါသော ထဘီဖြစ်သည်။ "မေ့ရှမ်" ဟုခေါ်သော ထဘီမျိုးကိုလည်း ဝတ်ဆင်ကြသည်။ ဝတ်ဆင်ပြီးပါက ချည်ဖြင့် အလျားခြောက်တောင်ခန့်ရှည်သော အပြာရောင် ချည်ခါးပတ်ကိုပတ်၍ ဝဲဘက်တွင် အစွန်းစ နှစ်စချထားသည်။ ၎င်းချည်ခါးပတ်ကို "ဗျစ်ချိုး" ဟု ခေါ်သည်။

လာချိဒ်အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုတွင် "ပျပ်စိပ်" ခေါ် လွယ်ခြင်းငယ်ကိုလည်း လွယ်ပိုးထားလေ့ရှိသည်။ ၎င်းလွယ်ခြင်းငယ်မှာ ရှေးယခင်က တောင်ပေါ်တွင် ပေါက်သည့် "မျောင်" ခေါ် ဝါးတစ်မျိုးဖြင့် နှီးဖြာရက်လုပ်ထားပြီး "ဂင့်ချယ်" ခေါ် ကြိမ်တစ်မျိုးဖြင့် အချောသပ်ပြီး ရက်လုပ်ထားကြသည်။



လာချိဒ်အမျိုးသမီး

ဝတ်စုံ

အလွန်သေးငယ်သော နှီးပင်မျှင်များဖြစ်၍ "ဖြူဆူ" ခေါ် ဖြူစူးဖြင့်သာ ဝါးနှီးမျှင်ကို ကောက်ယူ၍ ရက်လုပ်ရသည်ဟု ဆိုကြသည်။ ရောင်စုံပန်းဖွားများကို လွယ်ခြင်း၏ နှုတ်ခမ်းတွင် ပတ်ပတ်လည်တွဲ၍ ရက်လုပ်ထားသည်။ ရွှေရောင် သစ်ခွပန်း ပင်စည်မှ ရသော လျှော်မျှင်ဖြင့် ထိုးထားသော ပိတ်စပြားပေါ်တွင် ပန်းဖွားများကို တွဲချည်သီချုပ်ထားပြီး လွယ်ခြင်း၏ ရှေ့ပိုင်းနှုတ်ခမ်းတွင် တွဲထားခြင်းဖြစ်သည်။ လွယ်ကြိုးမှာ သေးမျှင်သော ကြိမ်ပင်ကလေးများဖြင့် ထိုးလိမ်ထားသော ကြိမ်လွယ်ကြိုးဖြစ်သည်။ ပစ္စည်းများ လွယ်လင့်တကူထည့်ရာတွင် အသုံးပြုနိုင်ရန်နှင့် အလှအပတန်ဆာဆင်ရန် ရည်ရွယ်၍ လွယ်ခြင်းငယ်ကို လွယ်ကြခြင်းဖြစ်သည်။ ရှေးယခင်က "ကွမ်းထုပ်"၊ "ကွမ်းအစ်"၊ "မီးခြစ်" စသည်များကို ထည့်သိုရန် လွယ်ပိုးခြင်းဖြစ်သည်။

ရှေးယခင်က လာချိဒ်အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ပင် တောတောင်ထဲတွင်သာ နေရခြင်းများ၍ ဖိနပ်စီးသော အလေ့နည်းပါးကြသည်။ စီးပါကလည်း ဝါးဖိနပ်ကိုသာ ဝတ်ဆင်အသုံးပြုကြသည်။ ယခုခေတ်တွင် လာချိဒ်အမျိုးသမီးများ၏ ဖိနပ်မှာ ခေတ်ပေါ်ဖိနပ်အမျိုးမျိုးကို ဝတ်ဆင်အသုံးပြုကြောင်း တွေ့ရှိရသည်။

## ဘာသာစကား

ဆရာကြီးဦးဖေမောင်တင်၏ ဘာသာလောကကျမ်း၌ ဤသို့ ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် သြစထရစ်မျိုးရိုးနှင့် တိဗက်တရုတ်မျိုးရိုးဟူ၍ ဘာသာစကားမျိုးရိုးကြီးနှစ်ခု ရှိသည်။

သြစထရစ်မျိုးရိုးတွင်

၁။ မော်ကင်(ဝါ) ဆလုန် (တောင်ဘက်အစွန်းရှိကျွန်းများ)

၂။ မွန် (တောင်ပိုင်း)

၃။ ပလောင်၊ ရိအန်၊ လဝ၊ တဲလှိုင်၊ အဲန်၊ ခမုတ်၊ ဒနော (ရှမ်းပြည်နယ်)၊ အနောက်မြောက်၊ တောင်၊ အရှေ့မြောက်) တိဗက်တရုတ်မျိုးရိုးတွင်-

၁။ မန်

၂။ ကရင်

၃။ ရှမ်းတရုတ် (ဝါ) ယိုးဒယားတရုတ်

၄။ တိဗက်မြန်မာ၏အာသံမြန်မာအနွယ်ဟူ၍ ဖော်ပြထားသည်။

အဆိုပါဖော်ပြချက်အရ တိဗက်မြန်မာ၏
အာသံမြန်မာအနွယ်တွင်-
နဂါအစု (နာဂကိုခေါ်သည်)

ကုကိချင်းအစု- (သာဒိုး၊ ကံဟောင်၊ စုက္ကတဲ၊ စုဂျင်၊ လဲ၊ လူရှေ့(ဝါ)ဝွဲလငို)

သက်အစု- (လွို၊ တမန်၊ မလင်၊ အင်ကျယ်၊ ကဏာန်း၊ ကန္တူး)

မြန်မာအစု- (မရူ(ဝါ) လော်ဝေါ်၊ လရှီ (ဝါ) လချိုကွော၊ အတ်စိ(ဝါ)တဇီ (ဝါ) တဆဲ (ဝါ) မိုင်သာ (ဝါ) အချန်၊ ဖွန်၊ ဒုနု၊ အင်းသား၊ ထားဝယ်၊ ရခိုင်၊ တောင်ရိုး (ဝါ) တိုဂု)

လိုလိုအစု- (လိစု၊ လိဆော၊ လိစို၊ နွန်း၊ ရဝမ်၊ လဟုန်း၊ လဟုဆိ၊ အခ (ဝါ) အီကော၊ အခိုးပျင်) ဟု ပါရှိပါသည်။ သို့ဖော်ပြထားချက်အရ လရှီ (ဝါ) လချိုကွောဟု ဖော်ပြထားသည့် လာချိဒ်တိုင်းရင်းသားတို့သည် မြန်မာအစုတွင် ပါဝင်ကြောင်း တွေ့ရှိရပေသည်။

လာချိဒ်တို့သည် ရှေးဦးမြန်မာစကားပြောသူများ အစုအဖွဲ့ဝင်ဖြစ်သည်။ တို့အတူ လော်ဝေါ်၊ ဇိုင်ဝါး၊ မိုင်းသာ၊ တောင်ရိုး၊ ဓနု၊ အင်းသား၊ ယော၊ ထားဝယ်၊ ရခိုင် စသည်တို့သည်လည်း အသံကွဲ မြန်မာစကားပြောသူများဖြစ်ကြသည်။ သို့ဖြစ်ရာ အများသုံးမြန်မာစကားဟူ၍ အပိုင်း သုံးပိုင်း တွေ့ရှိရသည်။

လာချိဒ်စကားပြောဆိုသူများနှင့် ရောနှောနေထိုင်နေကြသည့် လော်ဝေါ်စကားပြောဆိုသူ ဘိုးဘွားများမှ ဆင်းသက်လာကြသူများသည်လည်းကောင်း၊ လော်ဝေါ်စကားအုပ်စုဝင် ကျေးရွာဒေသများတွင် နေထိုင်ကြသော လာချိဒ်စကားပြောဆိုကြသည့် ဘိုးဘွားများမှ ဆင်းသက်သူများသည်လည်းကောင်း မိမိတို့ ရိုးရာစကားကို စွန့်လွှတ်ကာ ရောနှောနေထိုင်ရာဒေသတွင် အများသုံးစွဲသည့်စကားကို လက်ခံကျင့်သုံးမှုရှိကြောင်း တွေ့ရှိရသည်။



မေခ၊ မလိခ မြစ်ဝှမ်းတစ်လျှောက်တွင်လည်းကောင်း ဆော့လော်၊ ချီဖွေ၊ ပိုင်းမော်မြို့နယ်များ၏ တောင်တန်းဒေသနေသူများသည် လာချိဒ်စကားကိုလည်းကောင်း၊ လော်ဝေါ်စကားကိုလည်းကောင်း ပြောဆိုကြသူများ များလေသည်။ ဗန်းမော်၊ မြစ်ကြီးနားမြို့နယ်အတွင်း ကျေးရွာဒေသများတွင်လည်း လာချိဒ်စကားပြောဆိုသူများ ရှိပေသည်။

လာချိဒ်စကားသည် လော်ဝေါ်စကားမှ ဆင်းသက်လာသည်ဟုလည်း ဆိုကြသည်။ လာချိဒ်စကားသည် မြန်မာစကားနှင့်လည်း နီးစပ်မှုရှိသည်ကိုတွေ့ရသည်။ ဝေါဟာရတူညီပုံ၊ ဥပမာဆောင်ပုံ၊ စကားစပ်ဟပ်ပုံများသည်လည်း မြန်မာစကားနှင့် ခပ်ဆင်ဆင်တူညီသည်ကို တွေ့ရသည်။

ထို့အတူ တောင်ပေါ်စကားနှင့်လည်း အသုံးအနှုန်းတူညီမှုရှိသည်ကို လေ့လာတွေ့ရှိပေသည်။ ကချင်တောင်တန်းဒေသနေသော လာချိဒ်တိုင်းရင်းသားများသည် ဒေသအလိုက် ကွဲပြားမှု အနည်းငယ်ရှိသည်ကို တွေ့ရပြန်သည်။ ဤသို့ဖြစ်ရခြင်းမှာ လာချိဒ်စကားသုံးနှုန်းသူအချို့က ငေါ်ချမ်းစကားသုံးနှုန်းကြလေသည်။ သို့သော် လာချိဒ်စကားနှင့် ငေါ်ချမ်းစကားမှာ အသံအနေ အသံထား အနည်းငယ် ကွဲပြားသည်မှ လွဲ၍ တစ်ဦး၏စကားကို တစ်ဦးက နားလည် သဘောပေါက်မှု ရှိကြလေသည်။

အထက်တွင်ဖော်ပြထားသည့်အတိုင်း လာချိဒ်စကားသည် လော်ဝေါ်စကားနှင့် တစ်မျိုးတစ်စားတည်း ဆင်းသက်လာခဲ့သည် ဖြစ်၍ အချို့သော စကားလုံးများ၊ အသုံးအနှုန်းများသည် လော်ဝေါ်စကားနှင့် ခပ်ဆင်ဆင်ပင်ဖြစ်သည်။ ထူးခြားသည်မှာ လော်ဝေါ်နှင့်

လာချိဒ်တို့သည် ရှေးဦးမြန်မာအုပ်စုဝင် တိုင်းရင်းသားများဖြစ်ကြသည့်အလျောက် မြန်မာစကားနှင့်လည်း တူညီမှုရှိသည့်သဘောကို တွေ့ရပြန်လေသည်။

သို့ဖြစ်ရာ မြန်မာစကား၊ လော်ဝေါ်စကားများနှင့် အသုံးအနှုန်း တူညီမှုသဘောရှိသော လာချိဒ်စကားကို အောက်ပါအတိုင်း အချို့အသုံးများ၌ လေ့လာတွေ့ရှိနိုင်ပါသည်။

| မြန်မာစကား | လော်ဝေါ်စကား | လာချိဒ်စကား |
|---|---|---|
| မီး | မီ | မီ |
| လက် | လော့ | လော့ |
| ခြေ | ခ်ီ | ခ်ီ |
| မျက်စိ | မျော့ဂျစ် | မျော့ဂျစ် |
| နှာခေါင်း | နော် | နော် |
| လ | လော | လော |
| လာပါ | လော်အော့ | လော်အော့ |
| ကိုယ် | ကောင် | ကုံ |
| ဆပ်ပြာ | ဆားပြာ | ဆားပြာ |
| ဝေး | ဝါ | ဝေ |

ထို့ကြောင့် လာချိဒ်တိုင်းရင်းသားတို့သည် မြန်မာတို့နှင့်လည်းကောင်း၊ လော်ဝေါ်နှင့်လည်းကောင်း၊ ရှေးဦး မြန်မာအုပ်စုဝင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ သွေးတူသားတူ ဘိုးဘွားတူ အနွယ်တူများမှ ဆင်းသက်လာကြသည်ဟု လက်ခံရမည်သာ ဖြစ်ပါသည်။

### မြန်မာစကားနှင့်ဆင်တူသော လာချိဒ်စကားများ

| မြန်မာစကား | လာချိဒ်စကား |
|---|---|
| လာ | လော် |
| ဝါး | ဝေါ် |
| ခွက် | ခု |
| ခွေး | ခွီ |
| လက်ဝါး | လော့ဝေါ် |
| အနက် | အနောက် |
| အဘ | အဘား |
| အဖြူ | အဖြူ |
| ဆံ | ဆမ် |
| ရှက် | ရှစ် |
| မြန်မြန်လာ | မြန်မြန်လို့ |
| တစ်ဆယ် | တဆယ် |
| တစ်ယောက် | တာရုပ် |

အထက်ဖော်ပြပါ စကားအသုံးအနှုန်းများကိုကြည့်လျှင် လာချိဒ်တိုင်းရင်းသားတို့၏ ဘာသာစကားတစ်ချို့မှာ မြန်မာစကားနှင့် ခပ်ဆင်ဆင်တူညီနေသည်ကို တွေ့ရှိရသည့်အတွက် မြန်မာနှင့် လာချိဒ်တို့သည် ရှေးဦးမြန်မာအုပ်စုမှ ဆင်းသက်လာခဲ့သော ဆွေမျိုးသားချင်းများဖြစ်ကြောင်း လေ့လာသိရှိရသည်။

## စာပေ

ယနေ့အသုံးပြုနေသော လာချိဒ်စာပေသည် လာချိဒ်တိုင်းရင်းသားများ ကိုယ်တိုင် တီထွင်ဖော်ထုတ်ခဲ့သော စာပေဖြစ်ပါသည်။ နတ်ပူဇော်မှုမှ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းလာသောအခါ ကျမ်းစာကို မိမိတို့ကိုယ်ပိုင်စာပေဖြင့် ပြောဆိုမှုကို လိုလားပြီး ကိုယ်တိုင်ရေးသားချင်လာကြသည်။ ၁၉၅၈ ခုနှစ်မှစ၍ လာချိဒ်စာပေ တီထွင်ရန် ကြိုးပမ်းလာခဲ့ကြသည်။ လာချိဒ်တိုင်းရင်းသားတို့သည် မိမိတို့စာပေ ဖြစ်ပေါ်တီထွင်ရေးအတွက် ရဝမ်တိုင်းရင်းသားတို့ကို သာသနာပြုနေသော မော့စ် (mo's) ထံမှ စာပေကို ပထမဆုံး ရယူခဲ့ကြသည်။ သို့သော် သဘောမကျချေ။ ၎င်းနောက် ဘုန်းတော်ကြီးဆရာတော် ဦးလုကာလဟုန် ဟောင်းလွမ်း တီထွင်သော စာပေကို နှစ်မြိုက်သဘောကျ၍ အသုံး ပြုရန် စီစဉ်ခဲ့သည်။ သို့သော် လာချိဒ် အကြီးအကဲဖြစ်သူ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဝင် ဆရာကြီး ဦးဂျီဘော့မ်ဇုန်းမှ မြန်မာအက္ခရာဖြင့် တီထွင်သုံးစွဲကြည့်ရန် အကြံပေးလာသဖြင့် လာချိဒ်တိုင်းရင်းသားတို့ စာပေဖြစ်ပေါ်လာရေးအတွက် (၁၀) နှစ်တိုင်တိုင် ကြိုးစားတီထွင်လာခဲ့ကြသည်။ သို့သော် မြန်မာအက္ခရာနှင့် ရေးသားသုံးစွဲကြည့်ရာ လာချိဒ်အသံ ရှင်းလင်းပီသစွာ ရေးသားနိုင်ခြင်း မရှိသဖြင့် ဆရာတော် ဦးလုကာလဟုန်ဟောင်းလွမ်း တီထွင်ခဲ့သော စာပေကို ပြန်လည် ယူဆောင်ခဲ့သည်။ ၎င်းနောက်





ဆရာကြီး ဦးခေါချန်းနှင့် ဆရာကြီး မဒိန့်ဘောမ်ယိန်းအမှုူးပြုပြီး ပြန်လည်စိစစ်ကာ အသုံးပြုလာကြ သည်။ ၁၉၇၅ ခုနှစ်တွင် လာချိဒ်စာပေဟူ၍ အတိအကျ ပေါ်ပေါက်လာပြီး ၁၉၇၇ ခုနှစ်၊ မေလ (၁၄) ရက်နေ့တွင် စာပေ အပ်နှင်းပွဲကို မြစ်ကြီးနားမြို့ ဇီးလွန်ရပ်ကွက်တွင် ကျင်းပခဲ့သည်။ စာပေနှီးနှောဖလှယ်ပွဲကို ၁၉၈၅ ခုနှစ်တွင် ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာ၌ ကျင်းပခဲ့သည်။

လာချိဒ်စာပေသည် ရောမအက္ခရာကို အခြေပြုထားသည်။ လာချိဒ်အက္ခရာတွင် ဗျည်း (၂၀) လုံးရှိသည်။ ယင်းတို့မှာ B, C, D, F, G, H, J, K, L, M, N, P, Q, R, S, T, V, W, X, Y, Z တို့ဖြစ်သည်။ သရမှာ A, E, I, O, U ဟူ၍ (၅) လုံးရှိပြီး သရပေါင်းမှာ AE, AI, AU, EI, DE, OE, OI, OO, OU, UA, UE, UI ဟူ၍ (၁၂) လုံး ရှိသည်။ ဗျည်းပေါင်းမှာ JH, KH, LH, MH, NH, PH, RH, SH, TH, VH, YH, ZH, MYH, NYH, NGH, (.....+H) နှင့် BY, GY, MY, NY, KHY, PHY, (.....+Y) နှင့် NG ဟူ၍ ရှိကြသည်။ အသတ်မှာ -B, -D, -G, -M, -N, -NG ဟူ၍ ရှိပါသည်။

**ယခုအခါ လာချိဒ်စာပေသင်ကြားပြန့်ပွားရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းဆောင်ရွက်နေပါသည်။**

| | | | |
|---|---|---|---|
| ၁။ | ဆရာ လာနာမ်ခေါတိန့် | တာဝန်ခံ | ဝိုင်းမော် |
| ၂။ | ဆရာ လဘောင်ဆောင်နူး | အဖွဲ့ဝင် | ပညာရေး |
| | | | ကောလိပ် |
| | | | မြစ်ကြီးနား |

| | | | |
|---|---|---|---|
| ၃။ | ဆရာ ဝုချွမ်ဆောင်ထန့် | အဖွဲ့ဝင် | ပညာရေး ကောလိပ် မြစ်ကြီးနား |
| ၄။ | ဆရာ ဖရဲဘောမ်ယိန်း | အဖွဲ့ဝင် | ဂျပန် |
| ၅။ | ဆရာ ဘီလပ်ယော်ကျန်း | အဖွဲ့ဝင် | ရွှေစက် |
| ၆။ | ဆရာမ လနာမ်ဇုန်းဝမ် | အဖွဲ့ဝင် | မဒိန် |
| ၇။ | ဆရာမ ဇရှီခေါ်ဝင်း | အဖွဲ့ဝင် | ရန်ကုန် |

## လူမှုရေးဖွဲ့စည်းပုံ

"လူမှုရေးဖွဲ့စည်းပုံ" ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို လူမှုရေးရာပညာအဘိဓာန်၌ လူအဖွဲ့စည်းတစ်ခုတွင် အသက်၊ လိင်၊ ဆွေမျိုးတော်စပ်ခြင်း၊ အလုပ်အကိုင်၊ နေထိုင်ရာ အရပ်၊ ပိုင်ဆိုင်သည့် ပစ္စည်းအခွင့်အရေး၊ အခွင့်အာဏာနှင့် အဆင့်အတန်းတို့အပေါ် မူတည်၍ ဖွဲ့စည်းထားသော အဖွဲ့အစည်းငယ်များရှိသည်။ လူမှုရေးဖွဲ့စည်းပုံသည် ထိုအဖွဲ့အစည်းငယ်များ စုပေါင်းဖွဲ့စည်းထားခြင်းပင်ဖြစ်သည်ဟု ဖော်ပြထားသည်။ လူ့အဖွဲ့အစည်းဆိုသည်မှာ လူအများ စုဝေးပြီးလျှင် စနစ်တကျ၊ စည်းကမ်းတကျ နေထိုင်ကြသည့် အဖွဲ့အစည်းဖြစ်သည်။ လူ့အဖွဲ့အစည်းက ကျင့်သုံးနေသော ဓလေ့ထုံးစံ၊ ရိုးရာယဉ်ကျေးမှု စရိုက်လက္ခဏာများကို လက်ဆင့်ကမ်း အမွေပေးခြင်းဖြင့် လူ့အဖွဲ့အစည်းကို တည်တံ့ခိုင်မြဲစေသည်။

လာချိဒ်တိုင်းရင်းသား အဖွဲ့အစည်းသည် မြန်မာ့လူ့အဖွဲ့အစည်းကြီးတွင် ပါဝင်သော လူ့အဖွဲ့အစည်းငယ်တစ်ခု ဖြစ်သည်။ ယင်းအဖွဲ့အစည်းတွင် လူပုဂ္ဂိုလ် ယောက်ျား၊ မိန်းမ အရွယ်အမျိုးမျိုး ပါဝင်သည်။ မွေးဖွားခြင်း၊ အရွယ်ရောက်ခြင်း၊ အိမ်ထောင်ပြုခြင်း၊ အမွေဆက်ခံခြင်း၊ သေဆုံးခြင်းစသည့် အကြောင်းအရာများ ရှိကြောင်း တွေ့ရှိရသည်။ လူ့အဖွဲ့အစည်းတစ်ခုကို လေ့လာသော

အခါတွင် အခြေခံဖြစ်သည့် မိသားစုအဖွဲ့အစည်းကို ဦးစွာလေ့လာရမည်ဖြစ်သည်။

မိသားစုဝင်များ၏ ပြုမူနေထိုင်မှုများကို အခြေခံထား၍ လေ့လာပြီးမှသာ လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးကို လေ့လာနိုင်မည်ဖြစ်သည်။

## မိသားစုဖွဲ့စည်းပုံ

မိသားစုသည် လူ့အဖွဲ့အစည်း၏ အခြေခံလူမှုရေးတစ်ခုဖြစ်သည်။ မိသားစုဆိုသည်မှာ ခင်ပွန်း၊ ဇနီးနှင့် ၎င်းတို့မှ မွေးဖွားသော သားသမီးအရင်းများ (သို့) မွေးစားသားသမီးများ ပါဝင်သော လူမှုရေးအဖွဲ့စုငယ်တစ်ခု ဖြစ်သည်။ အမိအဖနှစ်ဦးနှင့် ၎င်းတို့မှ ပေါက်ဖွားလာသော သားသမီးများကို မြန်မာတို့က မိသားစု ဟုခေါ်ဆိုသော်လည်း လာချိဒ်တိုင်းရင်းသားတို့သည် ဖခင်ဖြစ်သူကို ဦးစားပေးသောကြောင့် ဖသားစုဟု ခေါ်ဆိုကြသည်။

မိသားစုတစ်ခုလုံးတွင် ဖခင်ကသာ ဩဇာအရှိဆုံးဖြစ်သည်။ အိမ်ထောင်တစ်ခုလုံး၏ တာဝန်ဝတ္တရားများကိုလည်း အများဆုံးယူရသူ၊ စီးပွားရေးကိုလည်း ဦးဆောင်ရသူ၊ ရပ်ရွာကိစ္စများတွင်လည်း ပါဝင်ရသူဖြစ်သည်။ ဖခင်သည် တောင်ယာစိုက်ပျိုးခြင်း၊ ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်း၊ လယ်ယာလုပ်ခြင်းစသည့် လုပ်ငန်းများကို ဦးစီးလုပ်ကိုင်သကဲ့သို့ မိခင်အနေနှင့်လည်း ထမင်း၊ ဟင်းချက်ပြုတ်ခြင်း၊ ဟင်းသီးဟင်းရွက်ရှာဖွေခြင်း၊ အိမ်မှုကိစ္စလုပ်ကိုင်ခြင်း၊ ကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်းစသည့် လုပ်ငန်းများကို လုပ်ကိုင်ရသည်။ အားလပ်သည့်အခါတွင် ရက်ကန်း ရက်လုပ်ကြသည်။

ကမ္ဘာပေါ်ရှိ မိသားစုများကို မနုဿဗေဒပညာရှင်များ လေ့လာသောအခါ-

(၁) အခြေခံမိသားစု (သို့) ရိုးရိုးမိသားစု
(၂) အိမ်ထောင်တွဲ မိသားစု
(၃) တိုးချဲ့မိသားစု
(၄) ထပ်တိုးမိသားစုဟူ၍ လေ့လာတွေ့ရှိရသည်။

လာချိဒ်တိုင်းရင်းသားတို့၏ မိသားစုများကို လေ့လာသောအခါ အခြေခံမိသားစုနှင့် အိမ်ထောင်တွဲမိသားစုများကိုသာ အများဆုံးတွေ့ရသည်။ လာချိဒ်တိုင်းရင်းသားတို့၏ အခြေခံမိသားစုတွင် ဖခင်၊ မိခင်နှင့် သားသမီးများ ပါဝင်နေထိုင်ကြသည်။ ထိုအခြေခံမိသားစုသည် လူ့အဖွဲ့အစည်းကြီးကို တည်ဆောက်ပေးရုံမျှမက လူ့အဖွဲ့အစည်းကို အကျိုးပြုသည့် လုပ်ငန်းများကိုလည်း လုပ်ဆောင်ပေးသည်။ အိမ်ထောင်တွဲ မိသားစုတွင်လည်း ဖခင် ဦးစီးသော အိမ်ထောင်တွဲမိသားစုများကို တွေ့ရသည်။ သားသမီးများအနက် သားများသည် အရွယ်ရောက်၍ အိမ်ထောင်ပြုသည့်တိုင်အောင် မိဘများနှင့် စုပေါင်းလုပ်ကိုင်စားသောက်နေထိုင်လေ့ရှိသည်ကို တွေ့ရသည်။ သမီးမိန်းကလေးများမှာမူ အိမ်ထောင်ကျသည်နှင့် တစ်ပြိုင်နက် ခင်ပွန်းသည်နောက်သို့ လိုက်သွားရသော ထုံးစံရှိသည်။ သားများမှာ မိမိတို့ ဇနီးလောင်းများကို မိဘအိမ်သို့ ခေါ်ဆောင်လာကာ လက်ထပ်ပြီး မိဘတို့၏ မိသားစုနှင့်စု၍ နေထိုင်ကြသည်ကို တွေ့ရသည်။ နောက်ပိုင်းတွင် သားများမှာ မိဘနှင့်ခွဲပြီး အိမ်ထောင်သစ်ကို တည်ထောင်လိုက်ခြင်းကြောင့် သားအငယ်ဆုံး မိသားစုနှင့် မိဘနှစ်ပါးသာ ကျန်ရစ်သည်ကို လေ့လာတွေ့ရှိရသည်။



ဦးစီးဦးဆောင်ပြုသူ ဖခင်သည် ဘာသာရေးပူဇော်ပွဲများကို ဦးဆောင်ကျင်းပရသကဲ့သို့ စီးပွားရေးကိုလည်း ဦးဆောင် ရှာဖွေရသည်။ မိသားစုတို့သည် စီးပွားရေးကို စုပေါင်းလုပ်ကိုင်ကြပြီး တစ်အိုးတည်းစားကြသည်။ စီးပွားရေးမှာလည်း တစ်စီးပွားတည်းဖြစ်သောကြောင့် အိမ်ယာ၊ မြေယာများကိုလည်း စုပေါင်းပိုင်ဆိုင်ကြသည်။ မိသားစုအားလုံးသည် အခြေခံ မိသားစုမှ ဖခင်၏ အုပ်ချုပ်မှုအောက်တွင် နေထိုင်ကြသည်။ အိမ်ထောင်တွဲမိသားစုတွင် ဖခင်သေဆုံးလျှင် သားအကြီးဆုံးက ဖခင်နေရာကို ယူ၍ စီးပွားရေးကို ဆက်လက်ဦးစီးရသည်။ သားကြီးများ အိုးခွဲထွက်သွားလျှင် အိမ်ရှိသားဖြစ်သူက ဦးဆောင်ရသည်။ သားများ အိမ်ထောင်ခွဲသောအခါ မိဘများက ကျွဲ၊ နွား၊ လယ်၊ မြေစသည်ဖြင့် တတ်နိုင်သလောက် အမွေခွဲပေးခြင်းမျိုးရှိပေသည်။

ရှေးယခင်က လာချိဒ်တိုင်းရင်းသားတို့တွင် မယားအများယူစနစ်ကို တွေ့ရှိရသည်။ လာချိဒ်အမျိုးသားတစ်ယောက်သည် မိမိဇနီး၌ ကလေးမထွန်းကားလျှင်လည်းကောင်း၊ မိမိ၏ ညီ (သို့) အစ်ကိုသေဆုံး၍ ကျန်ရစ်သော မုဆိုးမကို လက်ထပ်ယူနိုင်ခြင်းကြောင့်လည်းကောင်း၊ သားယောကျ်ား မမွေးလျှင်သော် လည်းကောင်း မိန်းမ အများယူပိုင်ခွင့်ရှိသည်။ ထို့ကြောင့် ဖခင် ဦးစီးသော ထပ်တိုးမိသားစုကို တွေ့နိုင်ပေသည်။ မယားအကြီးဆုံးက မယားများထဲတွင် ဩဇာအရှိဆုံးဖြစ်ပြီး တစ်အိမ်တည်းမှာပင် စုဝေးနေကြသည်။ မယားကြီးက အိမ်မှုကိစ္စအားလုံးကို စီမံခန့်ခွဲ ပေးရပြီး အကြီးဖြစ်သူ အသက်အရွယ်ကြီးရင့်၍ မလုပ်နိုင်လျှင် အငယ်ဖြစ်သူက အကြီးနေရာဝင်၍ လုပ်ကိုင်ရသည်။ လာချိဒ်တိုင်းရင်းသားမိသားစုတွင်း

သို့ ဖခင်ဘက်မှ ညီအစ်ကို ဆွေမျိုးများ အချိန်မရွေး လာရောက်နေထိုင်ခြင်းမရှိသည်ကို တွေ့ရသည်။

သမီးမိန်းကလေးများမှာမူ အိမ်ထောင်ကျသွားသည်နှင့် တစ်ပြိုင်နက် ခင်ပွန်းသည်နောက်သို့ လိုက်သွားရသဖြင့် မိသားစု အဖွဲ့ဝင်အဖြစ်မှ ရပ်စဲသွားသည်။ သားကြီးများမှ အိမ်ထောင်ကျ၍ မိဘနှင့်ခွဲနေကာ အိမ်ထောင်သစ်တွင် အိမ်ထောင်ဦးစီးဖြစ်လာသော်လည်း မူလအိမ်ထောင်စု အဖွဲ့ဝင်အဖြစ်မှ ရပ်စဲသွားခြင်း မရှိပေ။ ဖသားစုအဆင့်မှ မျိုးနွယ်စုအဆင့်သို့ ရောက်ရှိလာသောအခါ မိမိတို့မျိုးနွယ်စုအချင်းချင်း ဆွေမျိုးစပ်ကြသည်။ လာချိဒ်တို့တွင် မဒိန်၊ ဂေါ်လောက်၊ လနမ်၊ လငွေ၊ လတုံ၊ ဂွန်ချော့၊ ဘွမ်မြန်၊ လနမ်၊ ဇခုံ၊ ငေါ်ချမ်းစသည်ဖြင့် အမည်နာမများရှိပါသည်။ မိမိတို့၏ မျိုးနွယ်များကြားရောက်လျှင် မည်သည့်အနွယ်မှ ဆင်းသက်လာသည်ကို မေးမြန်းပါက မိမိ၏ မျိုးနွယ်အဆက်ကို ရွတ်ဆိုပြရသည်။ ရှေးခေတ်က တောင်ပေါ်ဒေသ ကျေးရွာတွင် စုပေါင်းနေထိုင်ကြသူများသည် အမျိုးတူ၊ အနွယ်တူ၊ သွေးတူ၊ သားတူများဖြစ်ကြသည်။

အနွယ်တူ ဖသားစုများသည် တစ်ရွာနှင့်တစ်ရွာမည်မျှပင် ဝေးကွာနေသော်လည်း အနွယ်တူမှန်လျှင် တစ်သွေးတစ်သားတည်း အိမ်ထောင်စုတစ်စုတည်းဖြစ်သည်ဟု ယုံကြည်ကြသည်။ အနေဝေးသော်လည်း တွေ့ဆုံ၍ ဆွေမျိုးစပ်သောအခါ သွေးရင်းသားရင်းကဲ့သို့ သဘောထားကြသည်။

လာချိဒ်တိုင်းရင်းသားတို့တွင် ကလေးမွေးစားသည့် ဓလေ့ကို တွေ့ရှိရသည်။ မိန်းကလေးရော၊ ယောက်ျားလေးပါ မွေးစားလေ့



ရှိသည်။ အများအားဖြင့် ယောကျ်ားလေးများကို ပို၍ မွေးစားကြသည်။ မွေးစားသားသမီးများကို သားသမီးအရင်းနှင့်မခြား ဆက်ဆံကျွေးမွေး၍ အမွေလည်း ခွဲဝေပေးလေ့ရှိသည်။ မွေးစားသည်ဟုဆိုရာ၌ သူစိမ်းကို မွေးစားခြင်း မဟုတ်ဘဲ မိမိအမျိုးအဆွေထဲမှ ညီအစ်ကိုမောင်နှမများ၏ သားသမီးများကိုသာ မွေးစားလေ့ရှိကြသည်။ အကယ်၍ သူစိမ်းကို မွေးစားပါက မိမိ၏တူ၊ တူမများက တရားစွဲဆိုခွင့်ရှိသည်ဟု သိရှိရသည်။

## ဆွေမျိုးတော်စပ်ပုံ

ရှေးယခင်က ဆွေမျိုးတော်စပ်ခြင်းဟူသော ဝေါဟာရ ပေါ်ပေါက်လာခြင်းမရှိသေးပေ။ နောက်ပိုင်းတွင် အသိဉာဏ် ဖွံ့ဖြိုး၍ ယဉ်ကျေးမှု တိုးတက်ထွန်းကားလာခြင်းတို့ကြောင့် လက်ထပ်ထိမ်းမြားမှုများ ရှိလာကြသည်။ ထို့ကြောင့် ဆွေမျိုး တော်စပ်မှုများဖြစ်ပေါ်လာရသည်။ မိသားစုတစ်စုဖြစ်ပေါ်လာ သည်နှင့် ထိုမိသားစုသည် အခြားသော မိသားစုများနှင့် ဆွေမျိုး တော်စပ်မှုများရှိလာရသည်။ ဆွေမျိုးတော်စပ်မှုသည် လူ့အဖွဲ့ အစည်းတွင် အလွန်အရေးပါလှသည်။ အဘယ်ကြောင့်ဆိုသော် ဆွေမျိုးတော်စပ်ပုံများအရ သွေးနီးလွန်းသူများ လက်ထပ်ခြင်းကို ဟန့်တားနိုင်သောကြောင့် ဖြစ်သည်။

လာချိဒ်တိုင်းရင်းသားတို့တွင် ဆွေမျိုးတော်စပ်နိုင်သော အနွယ် သုံးမျိုးရှိသည်။ ၎င်းတို့မှာ

(၁) ညီအစ်ကိုမျိုး

(၂) ယောက္ခမမျိုး

(၃) သမက်မျိုး တို့ဖြစ်ကြသည်။

ညီအစ်ကိုမျိုးကို လာချိဒ်စကားဖြင့် မာန့်နှုန်းဟု ခေါ်သည်။ ညီအစ်ကိုမျိုးဆိုသည်မှာ အဖ၊ အဘိုး၊ အဘေးစသော ပုဂ္ဂိုလ်များ အနက် ၎င်းတို့ပုဂ္ဂိုလ်တစ်ဦးတည်းမှ ပေါက်ဖွားလာကြသော ယောကျ်ား၊ မိန်းမအားလုံးကို ညီအစ်ကိုမျိုးဟု ခေါ်ပါသည်။ ဖခင်၏





ဆွေမျိုးနွယ်ဘက်ကိုသာ တော်စပ်သော ဖသားစုမျိုးနွယ်ဖြစ်သည်။ ညီအစ်ကိုမျိုး၌ မိခင်ဘက်သို့ သွေးသားတော်စပ်ခြင်းကို မတွေ့ ရပေ။

ယောက္ခမမျိုးကို လာချိဒ်စကားဖြင့် ရုတ်ဖုဟုခေါ်သည်။ လာချိဒ်ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ မိခင်ဘက်မှ အမျိုးများ၊ အဘွားဘက်မှ အမျိုးများ၊ အဘိုး၏ မိခင်ဘက်မှ အမျိုးများအားလုံး ကို ယောက္ခမမျိုးဟုခေါ်သည်။ ဖခင်ဘက်မှ ဆွေမျိုးအုပ်စုများက မိခင်ဘက်မှ ဆွေမျိုးအုပ်စုများကို ယောက္ခမမျိုးဟု ခေါ်သည်။

သမက်မျိုးကို လာချိဒ်စကားဖြင့် ဇမော့ဟုခေါ်သည်။ မိမိအနွယ်ထဲမှ အမျိုးသမီးများနှင့် လက်ထပ်သောယောကျ်ား၏ အမျိုးအနွယ်ကို သမက်မျိုးဟုခေါ်သည်။ မိမိနှမနှင့် လက်ထပ်သူ အမျိုးများ၊ ဖခင်၏ နှမ၊ အစ်မများနှင့် လက်ထပ်သူအမျိုးများကို သမက်မျိုးဟု ခေါ်သည်။

ညီအစ်ကိုမျိုး၊ ယောက္ခမမျိုးနှင့် သမက်မျိုးတို့တွင် တစ်မျိုး နှင့်တစ်မျိုး ဆက်ဆံရာ၌ လိုက်နာရမည့် စည်းမျဉ်းများ ရှိသည်။ ယောက္ခမမျိုးထဲမှ မိန်းကလေးနှင့် သမက်မျိုးထဲမှ ယောကျ်ားလေး လက်ထပ်ယူ၍ ရသည်။ ယောက္ခမမျိုးထဲမှ ယောကျ်ားလေးနှင့် သမက်မျိုးထဲမှ မိန်းကလေးကို လက်ထပ်ယူ၍ မရပေ။ အဖေ ညီအစ်ကိုမွေး ဝမ်းကွဲမောင်နှမများအနေဖြင့် လက်ထပ်ယူ၍ မရခြင်းဖြစ်သည်။ ယူပါက ရိုးရာဓလေ့ထုံးစံကို ဖောက်ဖျက်သဖြင့် လျော်ကြေးပေးရသည်။ ထို့ကြောင့် လာချိဒ် တိုင်းရင်းသားတို့သည် ထိုစည်းမျဉ်းများကို ဘိုးဘွားအစဉ်အဆက်မှ ယနေ့တိုင် လိုက်နာ ကျင့်သုံးလျက်ရှိကြသည်။

## အမည်မှည့်ခေါ်ပုံ

လာချိုဒ်တိုင်းရင်းသားများ၏ အမည်မှည့်ခေါ်ပုံတွင် ဘိုးဘွား အစဉ်အဆက်မှ နှုတ်တိုက်ကျက်မှတ်ခဲ့သော မှတ်သားမှုနည်းစဉ် အရ စိတ်ဝင်စားဖွယ် လေ့လာသိရှိရသည်။

ဥပမာအားဖြင့် ဖခင်မှ မွေးသော သားစဉ်ဆက်ကို ရေတွက် မှတ်သားရာ၌ အလွန်ထူးခြားအံ့ဩဖွယ်၊ လေ့လာဖွယ်၊ စိတ်ဝင်စား ဖွယ်ဖြစ်ကြောင်း တွေ့ရှိရသည်။

၁။ ဗျူချိုးမော်
၂။ မော်မုတ်လွှမ်
၃။ မုတ်လွှမ်ဂွမ်
၄။ ဂွမ်အာပေါ
၅။ ပေါရှိုးကျော
၆။ ရှိုးကျောဇန်
၇။ ဇန်ဇော်ဗျူ
၈။ ဗျူဇော်တေး
၉။ တေးမုတ်ရော်
၁၀။ မုတ်ရော်ဖျော်
၁၁။ ဖျော်ရန်လိမ့်
၁၂။ လိမ့်ဝမ်ဂျေး





၁၃။ ဂျေးကန့်ရော
၁၄။ ကန့်ရောစွယ်
၁၅။ စွယ်ကျိုးချေး
၁၆။ ကျိုးချေးရော့
၁၇။ ရော့အော်ဒိန့်
၁၈။ ဒိန့်လော်ဝေါ
၁၉။ လော်ဝေါချန်း
၂၀။ ချန်းလော်ဘောမ်
၂၁။ ဘောမ်နူး
၂၂။ နူးကျန်း
၂၃။ ကျန်းဘောက်
၂၄။ ဘောက်ဟော့
၂၅။ ဟော့ဘုန်း
၂၆။ ဘုန်းရို
၂၇။ ရိုးဘောမ်
၂၈။ ဘောမ်ချန်း
၂၉။ ချန်းမန့်
၃၀။ မန့်ယော်
၃၁။ ယော်ကျန်း
၃၂။ ကျန်းဘောမ်
၃၃။ ဘောမ်ချန်း
၃၄။ ချန်းနူး
၃၅။ နူးဘောမ်

၃၆။ ဘောမ်ဖုံး

၃၇။ ဖုံးယိန်း

၃၈။ ယိန်းချန်း

စသည်ဖြင့် တွေ့ရှိရသည်။ ၎င်းအမည်မှည့်ခေါ်ပုံစနစ်မှာ ရှေးဘိုးဘွားများလက်ထက်မှ ယနေ့ထက်တိုင် လက်ခံကျင့်သုံးနေသော စနစ်ဖြစ်သည်။ ဖခင်၏ နောက်ဆုံးစာလုံးကို သား၏ နာမည်အစတွင် ထား၍ မှည့်ခေါ်ခြင်းမျိုးဖြစ်သည်။ အရပ်ထဲ၌ဖြစ်စေ၊ လူချင်းတွေ့ဆုံသည့်အခါဖြစ်စေ နာမည်ကို မေးလိုက်ရုံ၊ သိလိုက်ရုံဖြင့် မည်သူမည်ဝါ၏သား၊ မည်သည့် မျိုးနွယ်၏ သားဖြစ်ကြောင်း အလွယ်တကူလေ့လာသိရှိနိုင်သော အမည်မှည့်ခေါ်ပုံနည်းမျိုးဖြစ်သည်။

## လာချိဒ်မျိုးနွယ်စုများ ဆင်းသက်လာပုံနှင့် အဆင့်ဆင့်ပြန့်ပွားလာပုံ

လာချိဒ်မျိုးနွယ်စုများသည် အမှတ်စဉ် (၂၇) ဖျူဇော်တေး အမှတ်စဉ် (၂၈) တေးမို့၊ အမှတ်စဉ် (၂၉) မို့ယောင့်၊ အမှတ်စဉ် (၃၀) ရှိ ယောက်မို့၏သားများမှ အိမ်ထောင်စုများ ဆင်းသက်လာရာက ယနေ့တိုင် အဆင့်ဆင့် ပြန့်ပွားလာခဲ့ကြသည်ဟု လေ့လာသိရှိရသည်။ ထို့ပြင် အမှတ်စဉ် (၃၁) ၏ မို့ဟွဒ် ဂလောင် အိမ်ထောင်စု၊ အမှတ်စဉ် (၅၄) ကျန်မို့ စခုန်အိမ်ထောင်စုဟူ၍ အဆင့်ဆင့် ပြန့်ပွားလာခဲ့သည်။

ယောက်မှုမှ (၁) ယောက်မို့နီ - လတုံအိမ်ထောင်စု

(၂) ယောက်မို့ငေါ် - လနာမ်အိမ်ထောင်စု

(၃) ယောက်မို့တွမ် - လဂွေအိမ်ထောင်စု

(၄) ယောက်မို့တုန် - ဘွမ်မြန်လာနာမ်အိမ်ထောင်စု

(၅) ယောက်မို့ဖျောင့် - မဒိန်အိမ်ထောင်စု

ဟူ၍ အသီးသီးဆင်းသက်လာခဲ့ကြသည်ဟု ဆိုသည်။

ယောက်မို့မှ ဆင်းသက်ခဲ့ကြသူများအနက် အမှတ်စဉ် (၁) ယောက်မို့နီမှ ဆင်းသက်သော မျိုးနွယ်စုများသည် လတုံအိမ်ထောင်စုအဖြစ် အစဉ်ဆင်းသက်လာခဲ့ကြောင်း တွေ့ရှိရသည်။

## (၁) လတုံမျိုးနွယ်စု

(၁) လစန်
(၂) စန်ဇော်
(၃) ဇော်ဗျူ
(၄) ဗျူချန်း
(၅) ချန်းမောင့်
(၆) မောင့်မှုတ်
(၇) မှုတ်လွမ့်
(၈) လွမ့်မောက်
(၉) မောက်အာ
(၁၀) အာဂွမ်
(၁၁) ဂွမ်လွမ်
(၁၂) လွမ်ဘိုး
(၁၃) ဘိုးကျုံး
(၁၄) ကျုံးကျိတ်
(၁၅) ကျိတ်ယော့
(၁၆) ယော့အောင်
(၁၇) အောင်ရှိုး
(၁၈) ရှိုးဂျိုး
(၁၉) ဂျိုးယုဒ်
(၂၀) ယုဒ်ထု
(၂၁) ထုမောင်
(၂၂) မောင့်စို
(၂၃) ဇိုစန်
(၂၄) စန်ဇော်
(၂၅) ဇော်ဗျူ
(၂၆) ဗျူဇော်
(၂၇) ဗျူဇော်တေး
(၂၈) တေးမှို
(၂၉) မှိုယောက်
(၃၀) မှိုယောက်
(၃၁) မှိုနီ
(၃၂) နီလှုန်
(၃၃) လှုန်ထုန်း
(၃၄) ထုန်းဂွို
(၃၅) ဂွိုဖုတ်
(၃၆) ဖုတ်ယို
(၃၇) ယိုဆို
(၃၈) ဆိုအောက
(၃၉) အောက်ဇောင်
(၄၀) ဇောင်အာ
(၄၁) အာဆစ်
(၄၂) ဆစ်ဒိန့်



(၄၃) ဒိန့်မြစ်
(၄၄) မြစ်တုန်
(၄၅) တုန်တူး
(၄၆) တူးရာ
(၄၇) ရာရှိုး
(၄၈) ရှိုးဂျိန်း
(၄၉) ဂျိန်းချော
(၅၀) ချောရှိုး
(၅၁) ရှိုးမြစ်
(၅၂) မြစ်လွမ့်
(၅၃) လွမ့်လောမ့်
(၅၄) လောမ့်လွမ့်
(၅၅) လွမ့်ဒိန်း
(၅၆) ဒိန်းချန်း
(၅၇) ချန်းဆောင်
(၅၈) ဆောင်ယိန်း
(၅၉) ယိန်းဘောမ့်
(၆၀) ဘောမ့်နုး
(၆၁) နုးယိန်း
(၆၂) ယိန်းဆောင်
(၆၃) ဆောင်ယိန်း
(၆၄) ယိန်းဆောင်
(၆၅) ဆောင်ယိန်း
(၆၆) ယိန်းခေါ
(၆၇) ခေါဆောင်
(၆၈) ဆောင်ယိန်း
(၆၉) ယိန်းတိန့်

အထက်ဖော်ပြပါ ယောက်မှိုနီမှ ဆင်းသက်လာခဲ့သော အိမ်ထောင်စု မျိုးနွယ်စုများ၌ လတုံမျိုးနွယ်စုသည် အမှတ်စဉ် (၆၇) ဖြစ်သည်။ ဦးဂွန်ချောခေါဆောင်သည် ယခင်မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင် လမ်းစဉ်ပါတီဗဟိုကော်မတီ ဖြစ်ခဲ့သည်။ ကချင်ပြည်နယ်ဒေသ ပါတီကော်မတီဝင်ဖြစ်ခဲ့သည်။ လာချိဒ်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

## (၂) လနမ်မျိုးနွယ်စု

(၁) လာဆာန့်
(၂) ဆာဇို
(၃) ဇိုဗျို့
(၄) ဗျို့ချုံး

(၅) ချိုးမောက် (၆) မောက်မှုတ်
(၇) မှုတ်လွှမ့် (၈) လွှမ့်မောက်
(၉) မောက်အာ (၁၀) အာဂွမ်
(၁၁) ဂွမ်လွှမ့် (၁၂) လွှမ်ဖိုး
(၁၃) ဖိုးကျိုး (၁၄) ကျိုးကြိတ်
(၁၅) ကြိတ်ယော့ (၁၆) ယော့အောင့်
(၁၇) အောင့်ရှိုး (၁၈) ရှိုးဂျိုး
(၁၉) ဂျိုးယုဒ် (၂၀) ယုဒ်ထု
(၂၁) ထုမောက် (၂၂) မောက်ဇို
(၂၃) ဇိုဆာန် (၂၄) ဆာန်ဇော်
(၂၅) ဇော်ဖျို့ (၂၆) ဖျို့ဇို
(၂၇) ဇိုတီး (၂၈) တီးမှု
(၂၉) မှုယောက် (၃၀) ယောက်မှို
(၃၁) မှိုငေ့ါ (၃၂) ငေ့ါချွမ်
(၃၃) ချွမ်လွှတ် (၃၄) လွှတ်ဂျိန်း
(၃၅) ဂျိန်းရှိုး (၃၆) ရှိုးလေ
(၃၇) လေငေ့ါ (၃၈) ငေ့ါဘောင်း
(၃၉) ဘောင်းမျို (၄၀) မျိုလွှမ်း
(၄၁) လွှမ်းကျန်း (၄၂) ကျန်းချန်း
(၄၃) ချန်းယို့ (၄၄) ယို့ချန်း
(၄၅) ချန်းဘမ်း (၄၆) ဘမ်းလုတ်
(၄၇) လုတ်တိန့် (၄၈) တိန့်ဆောင်
(၄၉) ဆောင်ယိန်း (၅၀) ယိန်းကျန်း



(၅၁) ကျန်းယော် (၅၂) ယော်ကျန်း
(၅၃) ကျန်းခေါ (၅၄) ခေါချန်း
(၅၅) ခေါတိန့် (၅၆) တိန့်ယော်

အမှတ်စဉ် (၃၁) မှိုငေ့ါသည် လနာမ်မျိုးနွယ်စုဖြစ်ပြီး အမှတ်စဉ် (၅၅) ခေါတိန့်သည် လာချိဒ်စာပေယဉ်ကျေးမှု ဗဟို ကော်မတီ လာချိဒ်စာပေသင်ကြားရေးဆရာအဖြစ် တာဝန် ထမ်းဆောင်လျက်ရှိသည်။

## (၃) လငွေမျိုးနွယ်စု

(၃၁) မှိုဟွဒ် (၄၄) ချန်းယို့
(၃၂) ဟွဒ်လုန်လွှမ် (၄၅) ယို့မှိုင့်
(၃၃) လုန်လွှမ်ကိ (၄၆) မှိုင်ယော်
(၃၄) ကိမျောဒ် (၄၇) ယော်ဘိန်း
(၃၅) မျောဒ်ဆို (၄၈) ဘိန်းယိန်း
(၃၆) ဆိုဘောက် (၄၉) ယိန်းကျန်း
(၃၇) ဘောက်ဖောင်း (၅၀) ကျန်းယိန်း
(၃၈) ဖောင်းဂျိ (၅၁) ယိန်းယော
(၃၉) ဂျိရှိုး (၅၂) ယော်ကျန်း
(၄၀) ရှိုးလုတ် (၅၃) ကျန်းယိန်း
(၄၁) လုတ်ဇိန် (၅၄) ယိန်းဘောမ့်
(၄၂) ဇိန်ကိ (၅၅) ဘောမ့်ယိန်း
(၄၃) ကိချန်း (၅၆) ယိန်းခေါ

အမှတ်စဉ် (၃၁) မှိုဟွဒ်သည် လငွေမျိုးနွယ်စု၏ အစဖြစ်ပြီး အမှတ်စဉ် (၅၄) ယိန်းဘောမ်သည် ယခုလက်ရှိ လာချိဒ်စာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီနာယကအဖြစ် တာဝန်ယူလျက်ရှိသည်။

## (၄) ဘွမ်မြန်လာနမ် မျိုးနွယ်စု

| | |
|---|---|
| (၃၁) ယောက်မှိုတုန် | (၄၄) ဒိန့်ယော် |
| (၃၂) တုန်ဖျုတ် | (၄၅) ယော်မြန် |
| (၃၃) ဖျုတ်ဖျစ် | (၄၆) မြန်ဝမ် |
| (၃၄) ဖျစ်အော | (၄၇) ဝမ်ယို့ |
| (၃၅) အောဇော် | (၄၈) ယို့ယိန်း |
| (၃၆) ဇော်ဆို | (၄၉) ယိန်းတိန့် |
| (၃၇) ဆိုမြန့် | (၅၀) တိန့်ချန်း |
| (၃၈) မြန့်ဂျိန်း | (၅၁) ချန်းထန့် |
| (၃၉) ဂျိန်းဝမ် | (၅၂) ထန့်ခေါ |
| (၄၀) ဝမ်ယော် | (၅၃) ခေါဆောင် |
| (၄၁) ယော်လုတ် | (၅၄) ဆောင်ခေါ |
| (၄၂) လုတ်ဆန် | (၅၅) ခေါတိန့် |
| (၄၃) ဆန်ဒိန့် | (၅၆) တိန့်ခေါ |
| | (၅၇) ခေါရှိန့် |

စသည်ဖြင့် အိမ်ထောင်စုများ ဆင်းသက်လာခဲ့သည်မှာ အမှတ်စဉ် (၅၇) ခေါ်ရှိန့်အိမ်ထောင်စုသည် ယခုအခါ မြစ်ကြီးနားမြို့နယ်၊ ဇီးလွန်ရပ်ကွက်တွင် နေထိုင်လျက်ရှိသည်။



## (၅) မဒိန်မျိုးနွယ်စု

| | |
|---|---|
| (၃၁) ယောက်မှုဖျောက် | (၅၁) ဖိန်ရို |
| (၃၂) ဖျောင့်ဖျို | (၅၂) ရိုနူး |
| (၃၃) ဖျိုယန် | (၅၃) နူးကျန်း |
| (၃၄) ယန်လွမ် | (၅၄) ကျန်းဘောက် |
| (၃၅) လွမ်လစ် | (၅၅) ဘောက်ဖု |
| (၃၆) လစ်ဒိန့် | (၅၆) ဖုဘုန်း |
| (၃၇) ဒန့်ချိဒ် | (၅၇) ဘုန်းယို |
| (၃၈) ချိဒ်ကန့် | (၅၈) ယိုယွို့ |
| (၃၉) ကန့်ယောက် | (၅၉) ယွို့လုတ် |
| (၄၀) ယောက်တန့် | (၆၀) လုတ်တိန့် |
| (၄၁) တန့်ဂျို့ | (၆၁) တိန့်ခေါ |
| (၄၂) ဂျို့ချူး | (၆၂) ခေါချန်း |
| (၄၃) ချူးချိဒ် | (၆၃) ချန်းယိန်း |
| (၄၄) ချိန်ဒ်ယော့ | (၆၄) ယိန်းတိန့် |
| (၄၅) ယော့အောင် | (၆၅) တိန့်ခေါ |
| (၄၆) အောင်ဒိန့် | (၆၆) ခေါဇုန်း |
| (၄၇) ဒိန့်ဝူ | (၆၇) ဇုန်းခေါ |
| (၄၈) ဝူဂျမ်း | (၆၈) ခေါယိန်း |
| (၄၉) ဂျမ်းဘောမ့် | (၆၉) ခေါဆောင် |
| (၅၀) ဘောမ့်ဖိန် | (၇၀) ဆောင်ယိန်း |

အမှတ်စဉ် (၄၈) ဝူကျမ်းသည် တရုတ်နှင့် သံတမန်ဆက်ဆံခဲ့သူဖြစ်သည်။ အမှတ် (၆၅) တိန့်ခေါသည် ညီဖြစ်သူကို မြန်မာဘုရင်မင်းတုန်းမင်းနှင့် မိတ်ဖွဲ့ခဲ့သူဖြစ်သည်။

အမှတ်စဉ် (၆၈) ခေါယိန်းမှာ ဆရာကြီးမဒိန်ခေါယိန်းဖြစ်ပြီး အငြိမ်းစား ကျောင်းအုပ်ဆရာကြီး တစ်ဦးဖြစ်ကာ လာချိဒ်သမိုင်းကို လေ့လာပြုစုသူဖြစ်သည်။

## (၆) ဂလောင်းမျိုးနွယ်စု

| | |
|---|---|
| (၃၁) မှိုဖျောင့် | (၅၀) ဘောမ့်ဖိန် |
| (၃၂) ဖျောင့်ဗျို | (၅၁) ဖိန်ရို့ |
| (၃၃) ဗျိုယန် | (၅၂) ရို့နူး |
| (၃၄) ယန်လွမ် | (၅၃) နူးယုန်း |
| (၃၅) လွမ်လစ် | (၅၄) ယုန်းတိန့် |
| (၃၆) လစ်ဒိန့် | (၅၅) တိန့်လုတ် |
| (၃၇) ဒိန့်ချစ် | (၅၆) လုတ်ဘောမ် |
| (၃၈) ချစ်ကန့် | (၅၇) ဘောမ့်ယိန်း |
| (၃၉) ကန့်ယောက် | (၅၈) ယိန်းဒိန့် |
| (၄၀) ယောက်ကန့် | (၅၉) ဒိန့်ကိ |
| (၄၁) ကန့်ဂျို | (၆၀) ကိလန်း |
| (၄၂) ဂျိုချုံး | (၆၁) လန်းခေါ |
| (၄၃) ချုံးချိဒ် | (၆၂) ခေါကိ |
| (၄၄) ချိဒ်ယော့ | (၆၃) ကိလန်း |
| (၄၅) ယော့အောင် | (၆၄) လန်းချန်း |



| | |
|---|---|
| (၄၆) အောင်ဒိန့် | (၆၅) ချန်းလန်း |
| (၄၇) ဒိန့်ဝူ | (၆၆) လန်းယော် |
| (၄၈) ဝူဂျမ်း | (၆၇) ယော်ဘောမ် |
| (၄၉) ဂျမ်းဘောမ် | (၆၈) ဘောမ်ယိန်း |

အမှတ်စဉ် (၅၃) နူးယုန်းသည် ဂလောင်မျိုးနွယ်စုဖြစ်ပြီး အမှတ်စဉ် (၆၇) ဆရာကြီးယော်ဘောမ်သည် လာချိဒ်စာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီနာယကဖြစ်ပြီး (၆၈) ဘောမ်ယိန်းသည် ကချင်အထူးဒေသ (၁) ၌ တာဝန်ထမ်းဆောင်နေသည်။

## (၇) စခုန်မျိုးနွယ်စု

လာချိဒ်မျိုးနွယ်ခွဲများ ဆင်းသက်လာပုံအမှတ်စဉ် (၅၃) မဒိန်းနျုံးကျမ်း၏သား အမှတ်စဉ် (၅၄) ကျန်းမှိုမှစ၍ စခုန်ဟူသော နာမည်ကို စတင်သုံးစွဲခဲ့သည်။

| | |
|---|---|
| (၃၁) မှုဖျောက် | (၅၁) ဖိန့်ရို့ |
| (၃၂) ဖျောက်ဗျို | (၅၂) ရို့နျုံး |
| (၃၃) ဗျိုယန် | (၅၃) နျုံးကျန်း |
| (၃၄) ယန်လွမ် | (၅၄) ကျန်းမှို |
| (၃၅) လွမ်လစ် | (၅၅) မှိုထုပ် |
| (၃၆) လစ်ဒိန့် | (၅၆) ထုပ်ဘောမ့် |
| (၃၇) ဒိန့်ချိဒ် | (၅၇) ဘောမ့်ဇိန် |
| (၃၈) ချိဒ်ကန့် | (၅၈) ဇိန်ဘန်း |
| (၃၉) ကန့်ယောက် | (၅၉) ဘန်းချမ်း |
| (၄၀) ယောက်တန့် | (၆၀) ချမ်းလန်း |

(၅၁) တန့်ဂျို့
(၅၂) ဂျို့ချုံး
(၅၃) ချုံးချိဒ်
(၅၄) ချိန်ဒ်ယော့
(၅၅) ယော့အောင်
(၅၆) အောင်ဒိန့်
(၅၇) ဒိန့်ဝူ
(၅၈) ဝူဂျန်း
(၅၉) ဂျန်းဘောမ့်
(၅၀) ဘောမ့်ဖိန့်
(၆၁) လန်းတိန့်
(၆၂) တိန့်ယွမ်း
(၆၃) ယွမ်းယိန်း
(၆၄) ယိန်းဆောင်
(၆၅) ဆောင်ခေါ်
(၆၆) ခေါ်ချန်း
(၆၇) ချန်းတိန့်
(၆၈) တိန့်ယိန်း
(၆၉) ယိန်းခေါ်
(၇၀) ခေါ်ဘောမ့်

အမှတ်စဉ် (၆၈) တိန့်ယိန်းသည် စခုန်မျိုးနွယ်စုအစဖြစ်၍ စခုန်တိန့်ယိန်းအမည်ဖြင့် လက်ရှိလာချိဒ်စာပေယဉ်ကျေးမှု ဗဟိုကော်မတီတွင် နာယကတာဝန်ကို ထမ်းဆောင်လျက်ရှိပြီး ကချင်အထူးဒေသ (၁) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူ လာချိဒ်တိုင်းရင်းသားခေါင်းဆောင်တစ်ဦး ဖြစ်သည်။

## အုပ်ချုပ်ရေးစနစ်ပုံစံ

အုပ်ချုပ်ရန် ဇောက် စော်ဘွားလုပ်မည့်သူသည် သားထွေးဖြစ်သည်။ သို့သော် သားထွေးမဖြစ်ဘဲ တစ်ခြားလူကို ဆက်ရွေးရမည်ဆိုလျှင် စော်ဘွား၏သားများ ငါးယောက်စုပြီး နတ်ခန်းမှာ စုထိုင်နေရကြသည်။ ထိုအချိန်တွင် နတ်ဟောဆရာ ပရောဖက်က ဤကြက်ပျံထိသော နားသော သားသည် စော်ဘွားဖြစ်စေဟု သစ္စာဆိုပြီး ကြက်ကို လွှတ်လိုက်ရာ ကြက်သည် ပျံဝဲပြီး တစ်ဦးဦးကို ထိခြင်း၊ ခေါင်းပေါ် နင်းခြင်း၊ နားခြင်းခံရသူသည် စော်ဘွားအဖြစ် ခံယူပြီး စော်ဘွားဆက်လုပ်၍ အုပ်ချုပ်ရပါသည်။ ၎င်းစော်ဘွားအား အထောက်အကူပြုသောအဖွဲ့မှာ-

(၁) ဒလိဂ်
(၂) ခုန်မှန့်
(၃) ဝေါ်ဂျီ
(၄) ဇော်ရှစ်
(၅) ဇော်နွန်း
(၆) လူပျိုခေါင်း
(၇) အပျိုခေါင်း

ဤသို့ လာချိဒ်လူမျိုးနွယ်တို့သည် တစ်ဦးတည်းသဘော အုပ်ချုပ်ဆုံးဖြတ်ခြင်းမျိုးမဟုတ်ဘဲ စော်ဘွားလက်အောက်တွင် နယ်စား ရွာစားများနှင့် တိုင်ပင်ကာ ဆုံးဖြတ်အုပ်ချုပ်သော ဓလေ့ရှိကြသည်။

## ကျေးရွာဖွဲ့စည်းပုံနှင့် ရွာအမည်ခေါ်ဝေါ်ပုံ

လာချိဒ်မျိုးနွယ်စုသည် လူဦးရေတိုးပွားလာမှုပေါ်တွင် အခြေခံ၍လည်းကောင်း၊ ရေကြည်ရာ မြက်နုရာ ရှာဖွေရန်အတွက် လည်းကောင်း ကျေးရွာများကို တည်ထောင်ကြသည်။ ဤသို့ ကျေးရွာများ တည်ထောင်ရာတွင် မျိုးနွယ်စုမှ သတ်မှတ်ထားသော ဓလေ့ထုံးစံနှင့်အညီ ဆောင်ရွက်ကြလေသည်။

လာချိဒ်တိုင်းရင်းသားတို့သည် အများအားဖြင့် တစ်ဆက်တည်း သွယ်တန်းနေသော တောင်ကုန်း၊ တောင်ကြောရှည်များ ပေါ်တွင် ကျေးရွာများကို တည်ဆောက်လေ့ရှိကြသည်။ ကျေးရွာ တည်ဆောက်ရန် လိုအပ်သောအချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) လုပ်ကိုင်စားသောက်ရန် မြေနေရာရှိရမည်။

(ခ) ရေအလွယ်တကူရရှိသော နေရာဖြစ်ရမည်။

(ဂ) သွားလာမှု လွယ်ကူသော နေရာဖြစ်ရမည်။

နတ်ဟောဆရာများက ဖက်ထုံးပေဒင်အရလည်းကောင်း၊ ရွာတည်မည့်မြေကို ယူ၍ ခေါင်းအုံးထဲထည့်အိပ်ပြီး အိပ်မက်နိမိတ် ယူ၍လည်းကောင်း၊ ချင်းတက်စိုက်ပြီး သစ္စာအဓိဋ္ဌာန်ပြု၍လည်းကောင်း၊ ချင်လန်းချော့ပေဒင်ခေါ် ဆန်လုံးစီပေဒင်ဖြင့်လည်းကောင်း မြေနေရာကို ရွေးချယ်ကြသည်။





ဒူဝါမျိုးနွယ်တို့က ဦးဆောင်ပြီး ရွာတည်ကြသည်။ ရွာစတည်ထောင်သောအခါ မျိုးနွယ်စု၏အမည်ကို မှည့်ခေါ်ကြသည်။ ရွာတည်ရန်အတွက် ကောင်းမွန်သောနေရာကို တွေ့လျှင် ရွာထဲရှိ မျိုးနွယ်စုတစ်စုစီ၏ မိသားစုတစ်ခုစီကို စုစည်းပြီး သွားရောက်စေလွှတ်ကာ ရွာတည်စေသည်။ ထိုသို့သွားသောအခါတွင် တစ်ရွာနှင့် တစ်ရွာ အဆက်အသွယ်၊ မျိုးဆက်မပြတ်စေရေးအတွက် ရွာတည်ရန် ဦးဆောင်မည့် ဒူဝါမျိုးကို လှံပေးရသည်။ ခုတ်ထွင်ရှင်းလင်းရန် ဓားပေးရသည်။ လူစုရန်အတွက် မောင်းပေးရသည်။ မြေနတ်ကို ပူဇော်ထားသော နတ်စာကို ဖုံးရန်အတွက် မောင်းတစ်လုံးအပိုပေး ရသည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက်အရပ်မျက်နှာများ အတွက် အရက် လေးခွက်ကို ချည်ရန် ပုတီးတစ်ကုံးပေးရသည်။ တိုင်းပြည်၊ ရပ်ရွာကာကွယ်ရန်အတွက် တူမီးသေနတ်တစ်လက်ပေး ရသည်။ ပိုးပုဆိုးတစ်ထည်ပေးရသည်။

လာချိဒ်တိုင်းရင်းသားများသည် ရွာအမည်ကို စတင်တည်ထောင်သူတို့၏ အမျိုးအနွယ်အပေါ် အခြေခံ၍လည်းကောင်း၊ ပတ်ဝန်းကျင်အနေအထားကို ကြည့်၍လည်းကောင်း ရွာအမည်ကို မှည့်ခေါ်ကြသည်။ ဥပမာ- ဦးမဒိန်ခေါက်တည်ထောင်ခဲ့သော ရွာကို မဒိန်ရွာဟု ခေါ်သည်။ နေစထွက်သောအခါ ပတ်ဝန်းကျင် အနေအထားကို ကြည့်ပြီး တောင်ကုန်းမြင့်တွင် ရှိသောရွာကို 'ဘိလပ်' ရွာဟု ခေါ်သည်။

နွားကျောင်းကုန်းနားနီးလျှင် နို့ဖွန်ဘော်ရွာဟူ၍လည်း ကောင်း၊ ရေအိုင်ရှည်နားနီးလျှင် ထွန်းရှိန်ရွာဟူ၍လည်းကောင်း ခေါ်ကြသည်။

ခရစ်နှစ် (၁၅) ရာစု အစပိုင်းတွင် ချုံဒမ်ငယော်ဒေသမှ တစ်ဆင့် မိမိတို့ အိမ်ထောင်စုအလိုက် နီးရာ မိသားစုအသီးသီး စည်းရုံးပြီး မိသားစုရွာများတည် ထောင်လာသည်ကို တွေ့ရှိရသည်။

ဦးဂေါ်လောက်တိန့်လုတ်ဘောမ့်က ထောဂေါ့ရွာကို ဦးစီး တည်ထောင်ခဲ့သည်။ ဦးဂွန်ချော့လတုံဦးဆောင်သော မိသားစုများ ကလည်း ဖီမော်၊ ထန်းဒုံကျေးရွာများကို တည်ထောင်ခဲ့ကြသည်။ ဦးမဒိန်ဇောက်မောရှိက မောက်ရောဂေါ့ရွာ၊ ဂေါ့ယွမ်ရွာများကို တည်ထောင်ခဲ့သည်။ ရှီးကျန်၊ မန်ရှန့်၊ ဆောင်လန်းလုတ်ဆင်၊ ဖရေးတို့၏ အဘိုးဖြစ်သူ ဖော်ယော်ဆိုသူက မိန့်လန်ခေါက်ရှီးကျန် ရွာကို တည်ထောင်ခဲ့သည်။ ချန်းယော်ဆိုသူက လဂွေရွာကို တည်ထောင်ခဲ့သည်။

ယင်းကဲ့သို့ ကိုယ်ပိုင်ကျေးရွာများဖွဲ့စည်းတည်ထောင်လာ ကြသောအခါ တစ်ရွာနှင့်တစ်ရွာ စည်းလုံးညီညွတ်မှု ရရှိရန် ခက်ခဲ မှုများရှိလာကြသည်။ အဘယ်ကြောင့်ဆိုသော် မိသားစုကိုယ်ပိုင်ရွာ များကို ဦးစီးခေါင်းဆောင်နေရသော ပုဂ္ဂိုလ်များသည် မိမိတို့အပေါ် ၌ တစ်ခြားသောသူများလာ၍ အုပ်စိုးမည်ကို မလိုလားကြချေ။ ထို့ကြောင့် လာချိဒ်တိုင်းရင်းသားအားလုံးကို ဦးဆောင်မှုပြုနိုင်မည့် သူကို ရှာနေစဉ် မဒိန်နှင့် ဂေါလောက်တို့၏ အဘိုးဝေါလန်း၏ အစ်ကိုဖြစ်သူ မိသားစုခေါင်းဆောင် ဝေါကျန်းဆိုသူကို လာချိဒ် မျိုးနွယ်စုအားလုံးမှ သဘောတူတင်မြှောက်သဖြင့် ယနေ့ထိ ၎င်းအနွယ် ဝင်များကို ဇောက်စော်ဘွားအမျိုးဟု အသိအမှတ်ပြုကြသည်။ အခြားသော မိသားစုကိုယ်ပိုင်ရွာများ တည်ထောင်မည်ဆိုလျှင် လည်း ၎င်းအနွယ်ဝင်တစ်ယောက်အား ခေါ်ယူ၍ ဦးဆောင်မှုပြု စေသည်။ သို့သော် ကျေးရွာထူထောင်ရာ၌ ဦးဆောင်မည့်သူသည် မိမိတစ်ဦးတည်း သဘောအလျောက် အုပ်ချုပ်ခြင်း မဟုတ်ဘဲ ရပ်ရွာထဲ၌ သြဇာရှိသောသူ လူကြီးများနှင့် တိုင်ပင်ဆွေးနွေးပြီးမှ သာ အုပ်ချုပ်ခြင်းမျိုးဖြစ်ပေသည်။

## စားသောက်ပုံ

လာချိဒ်တိုင်းရင်းသားတို့၏ အဓိက အစားအစာမှာ ထမင်းနှင့် ဟင်းဖြစ်သည်။ ယခင်က လာချိဒ်တို့သည် မနက်စာ၊ နေ့လယ်စာ၊ ညစာဟူ၍ တစ်ရက်လျှင် ထမင်းသုံးနပ်စားကြသည်။ မနက်စာကို မိုးမလင်းမီ စောစောထမင်း၊ ဟင်း ထချက်ပြီး မနက်အစောကြီး စားသည်။ စားသောက်ပြီးနောက် လုပ်ငန်းခွင်သို့ အသီးသီး သွားကြသည်။ မွန်းတည့်ချိန်တွင် အနားယူပြီး နေ့လယ်စာကို စားကြသည်။ ပြီးလျှင် နေဝင်သည်အထိ လုပ်ငန်းဆက်လက် လုပ်ကိုင်ပြီး ညစာကို ညပိုင်းမှ ချက်ပြုတ်စားသောက်ကြသည်။ ယခုအခါ များသောအားဖြင့် မနက်စာ၊ ညနေစာဟူ၍ နှစ်နပ်သာ စားကြသည်။

လာချိဒ်တိုင်းရင်းသားတို့ စားသောက်ကြသော အဓိကဆန်မှာ တောင်ယာဆန်ဖြစ်သည်။ ဟင်းလျာအဖြစ် တောင်ယာတွင် စိုက်ပျိုးသော ပိန်းဥ၊ မျောက်ဥ၊ ပီလောပီနံဥ၊ ရွှေဖရုံ၊ ကျောက်ဖရုံ၊ သခွား၊ ကြက်ဆဲသီး၊ မုံညင်း၊ ဘူးသီး၊ ပြောင်းဖူးစသည့်တို့ကို အမဲလိုက်၍ရသော သားငါးတို့နှင့် ချက်ပြုတ်စားသောက်ကြသည်။ အသားခြောက်၊ ငါးခြောက်တို့ကို ပိန်းဥ၊ ငရုတ်သီး၊ ကျောက်ဂျင်း၊ ဇပန်စသည်တို့နှင့်လည်း ရောထောင်း၍လည်းကောင်း၊ ချက်၍လည်းကောင်း စားကြသည်။ ထမင်းဟင်းလျာများကို ချက်ပြုတ်ပြီး ဝိုင်းဖွဲ့၍ စားသောက်ကြသည်။ အခြားအရပ်မှ ရောက်ရှိလာ





မည့် ဧည့်သည်များအတွက် ချက်ပြုတ်စားသောက်ရန် ဆန်ကို အိုးထဲတွင်ထည့်၊ ဟင်းလျာများကို ကျပ်ခိုးစင်ပေါ်တွင် တင်ထားပေးသည်။ အိမ်ရှင်များမရှိခိုက်တွင် ဧည့်သည်ရောက်လျှင် ၎င်းဧည့်သည်များကိုယ်တိုင် ချက်ပြုတ်စားသောက်သွားသည့် ဓလေ့မျိုးလည်း တွေ့ရှိရသည်။ အိမ်ရှင်သည် တောင်ယာမှဖြစ်စေ၊ တောထဲမှဖြစ်စေ ပြန်ရောက်လျှင် ကျပ်ခိုးစင်ပေါ်မှ အသားများ လျော့နေပါက မိမိတို့အမျိုးအနွယ်ထဲမှ ဧည့်သည်လာသွားကြောင်း သိရှိရသည်။ လာချိဒ်တိုင်းရင်းသားတို့သည် မြွေခွေးနှင့် ဖွတ်ကို မစားကြပေ၊ ၎င်းအသားများသည် ယုတ်ညံ့သည်ဟု ယူဆကြသည်။ ထမင်းစားသောက်ရာတွင် ရှေးယခင်မှ ယခုအချိန်အထိ လက်ဖြင့်သာ စားသောက်ကြသည်။ လာချိဒ်တို့သည် ကောက်ညှင်းဆန်ဖြင့် ပြုလုပ်ထားသော ခေါင်ရည်၊ အရက်၊ ကစော်တို့ကို ဆေးဝါးအဖြစ်၊ ဧည့်ဝတ်ပြုရန်အဖြစ် သောက်သုံးကြသည်။ ခေါင်ရည်ချက်ရာတွင် လိုအပ်သော ပစ္စည်းများမှာ

(၁) ကောက်ညှင်းဆန်၊ ပြောင်းဆန်၊ ဆန်ကြမ်း၊ ဆပ်၊ လူး
(၂) ပေါင်းအိုး၊ ပေါင်းချောင်
(၃) သပွတ်အူ
(၄) တဆေး
(၅) ဖျာ
(၆) စဥ့်အိုး
(၇) ခြင်းတောင်း
(၈) ငှက်ပျောရွက်၊ ဖက်ရွက်
(၉) ယောက်မတို့ ဖြစ်သည်။

များသောအားဖြင့် ခေါင်ရည်ချက်ရာတွင် ကောက်ညှင်းဆန်နှင့် ဆန်ကြမ်းကို အသုံးပြုကြသည်။ ပထမဦးစွာ ဆန်ကို ရေစိမ်ပြီး ဆေးရသည်။ ပြီးလျှင် ပေါင်းအိုးတွင်ထည့်၍ ပေါင်းချောင်တွင် သပွတ်အူကိုခံပြီး ဆေးထားသော ဆန်ကိုထည့်ကာ ပေါင်းရသည်။ ပေါင်းပြီးသောအခါ မီးဖိုပေါ်မှချပြီး ဖျာပေါ်တွင် အအေးခံထားရသည်။ အေးလာသောအခါ တဆေးအမှုန့်နှင့် သမအောင်ရောနယ်ရသည်။ ၎င်းနောက်စဉ့်အိုးကို သေသေချာချာဖုံးအုပ်ပြီး တစ်ပတ်ကြာသောအခါတွင် ခေါင်ရည်ရလာသည်။ မုန့်ပဲ သွားရည်စာအဖြစ် လာဆော့ခေါ် ပင်းဘောပင်ကိုလည်းကောင်း ချန်းဇန်ပင်၊ မန်ကြီးပင်တို့ကိုလည်းကောင်း မုန့်လုပ်စားသည်။ လာဆော့မှာ အပင်လုံးပတ်ကြီးပြီး ပုသည်။ ချန်းဇန်မှာ အပင်သေးပြီးမြင့် သည်။ မန့်ကီးမှာ မြေစိုက်ပင်ဖြစ်ပြီး အားလုံးမှာ ပင်းဘောပင်မျိုး သာဖြစ်သည်။ လာဆော့ကို ပြုလုပ်ပုံမှာ တိုင်လေးတိုင်ထောင်ပြီး စင်မြင့်တစ်ခု ဆောက်ရသည်။ ၎င်းစင်မြင့်တွင် ရေတလျှောက်သဏ္ဌာန်ပြုလုပ်ထားသော ထွင်းထားသည့် သစ်လုံးကို တစ်ဆက်တည်း တပ်ဆင်ထားသည်။ ထွင်းထားသော သစ်လုံးတွင် အဝတ်စပါးပါးလွှာပြီး စင်မြင့်ပေါ်တွင် လုပ်ထားသော လေးထောင့်သဏ္ဌာန်ခွက်ထဲသို့ ထည့်ရသည်။ ပြီးလျှင် ခြေထောက်ကို သန့်ရှင်း စင်ကြယ်အောင် ဆေးထားသော လူကြီးနှစ်ဦးသုံးဦးတို့က သံပြိုင် အော်ဟစ်ကာ နင်းကြသည်။ ထိုအခါ အရည်များထွက်လာပြီး စီးဆင်းသွားသည်။ အနည်များကို အဝတ်ပါးစဖြင့် ကျန်ထားစေပြီး အရည်များမှာ အောက်ဆုံး ခံထားသောခွက်ထဲသို့ ကျသွားသည်။ အဝတ်ပါးစတွင် ကျန်နေသော အနည်များကိုယူပြီး သာကူအဖြစ် သောက်သုံးကြသည်။ ချန်းဇန့်နှင့်မန့်ကီးကိုလည်း အခွံပါးပါးနွှာပြီး နေပူလှန်းရသည်။ ခြောက်လာသောအခါ အမှုန့်ကြိတ်ပြီး အဝတ်အိတ်ထဲထည့်ရသည်။ ၎င်းအဝတ်အိတ်ကို စဉ့်အိုးထဲထည့်ကာ ခါရသည်။ ခါ၍ရလာသော အမှုန့်ကို နံပြားလုပ်စားကြသည်။ သာကူကဲ့သို့လည်း ကျိုသောက်ကြသည်။



အစားအစာ စားသောက်ရာတွင် ယခင်ကနှင့် သိပ်ကွာခြားမှုမရှိသော်လည်း လူနေမှုအဆင့်အတန်းမှာ ရှေးယခင်ကထက်များစွာတိုးတက်မြင့်မားလာသည်ကို လေ့လာတွေ့ရှိရသည်။ နံနက်နှင့်နေ့လယ်များတွင်လည်း မုန့်ပဲသွားရည်စာများကို အလျဉ်းသင့်သလို စားသောက်ကြသည်။

ထမင်းစားသောအခါ ဟင်းထောင်းမပါလျှင် ထမင်းစားမမြိန်ပေ။ ဟင်းထောင်းများမှာ ခရမ်းချဉ်သီးထောင်း၊ ပန်းဥငရုတ်သီးထောင်း၊ အမဲသားနှင့် ဟင်းရွက်ထောင်း၊ ဇပန်းထောင်းတစ်ခုခုပါမှသာ ထမင်းစားမြိန်ကြသည်။ ဟင်းထောင်းများမှာ လာချိဒ်တိုင်းရင်းသားတို့၏ မပါမဖြစ် ရိုးရာ ဟင်းတစ်ခွက် ဖြစ်လေတော့သည်။

## ယုံကြည်ကိုးကွယ်မှု

ရှေးအခါက လာချိဒ်တိုင်းရင်းသားများသည် ခရစ်ယာန် ဘာသာကို ယုံကြည်ကိုးကွယ်သူများ မဟုတ်ကြပေ။ လာချိဒ် တိုင်းရင်းသားတို့၏ ဘာသာရေးမှာ နတ်ပူဇော်ခြင်းဖြင့် စတင်ခဲ့ သည်။ နတ်များက မိမိတို့အား ကောင်းကျိုး၊ ဆိုးကျိုး ပေးနိုင် သည်ဟု ယုံကြည်သောကြောင့် နတ်များကို ပူဇော်ခြင်းဖြစ်သည်။

လာချိဒ်တိုင်းရင်းသားတို့သည် ရှေးယခင်ကာလက လူနှင့် နတ်တို့ ရောနှောနေထိုင်ခဲ့ကြသည် ဆိုသည့်အချက်ကို လက်ခံခဲ့ ကြသည်။ လူတို့သည် ဟိမဝန္တာတောင်မှ အောက်ဘက်သို့ဆင်းလာ သောအခါ ဦးချိုပေါက်နေသော နတ်တစ်ပါး ပါလာသည်။ ထိုနတ်ကို မလိုက်ပါစေလိုသဖြင့် နည်းအမျိုးမျိုးဖြင့် ချန်ခဲ့သော် လည်း မရပေ။ လူတို့ရှေ့ဆက်သွားရမည့်လမ်းတွင်လည်း တံတိုင်း ကြီးကာရံထားသဖြင့် ရှေ့ဆက်သွား၍မရနိုင်ဘဲ ရှိကြသည်ဟု ဆိုသည်။ ထို့ကြောင့် ဦးချိုပေါက်နေသော နတ်ကြီးအား ဤတံတိုင်း ကို ဖြိုခွင်းပေးလျှင် ၎င်းနတ်ကြီးအား ပူဇော်ပသမည်ဟု လူတို့က ကတိပေးခဲ့ကြသည်။ ထိုအခါ နတ်ကြီးက ၎င်း၏ ဦးချိုဖြင့် တအား ဝှေ့လိုက်ရာ တံတိုင်းကြီး ပျက်စီးသွားသည်။ ထိုအချိန်မှစ၍ နတ်ကို ပူဇော်ပသခြင်း စခဲ့ပါသည်ဟု လေ့လာသိရှိရသည်။ အထက်ပါ အကြောင်းအရာများမှာ လာချိဒ်တိုင်းရင်းသား ရှေးလူကြီးများ၏ နှုတ်ဖြင့် လက်ဆင့်ကမ်းပြော ဆိုချက်များအရ သိရှိရခြင်းဖြစ်သည်။





လာချိဒ်တိုင်းရင်းသားတို့ ပူဇော်ပသောနတ်များမှာ အလွန် များပြားလှပါသည်။

**ကောင်းကျိုးပေးသော နတ်များမှာ-**

(၁) အိမ်စောင့်မိုးနတ်
(၂) ဇောမ်မိုင်နတ်
(၃) ဆင်းလိုက်နတ်
(၄) ချန်ဝှေ့နတ်
(၅) မြေနတ်
(၆) ဘိတ်ကျိန်နတ်
(၇) ခစိုင်နတ်
(၈) ကျခို့နတ်
(၉) အဖုတ်နတ်
(၁၀) ဘိုးဘွားနတ် တို့ဖြစ်ကြသည်။

**ဆိုးကျိုးပေးသော နတ်များမှာ-**

(၁) မိုးကြိုးနတ်
(၂) မိုးပုတ်နတ်
(၃) ငှေမိုင်နတ်
(၄) စီနတ်
(၅) ဂျွင်နတ်
(၆) ရယ်ထုနတ်
(၇) ရန်ဗျူနတ်
(၈) မှရှုန်နတ် တို့ဖြစ်သည်။

နတ်ကောင်းနတ်မြတ်များကို ပွင့်လင်းရာသီဖြစ်သော ဆောင်းရာသီနှင့် နွေရာသီတို့၌ ပူဇော်ပသပြီး ကောင်းကျိုးမပေးသော နတ်များကို အချိန်အခါမရွေး ဖျားခြင်း၊ နာခြင်းဖြစ်သည့် အခါတိုင်းတွင် ဘေးအန္တရာယ်မှ လွတ်မြောက်စေရန် ပူဇော်ပသကြသည်။ နတ်ပူဇော်ပသမှုလုပ်ငန်းသည် အလွန်အရေးကြီးသည်။

နတ်ပူဇော်သောခေတ်က လာချိဒ်တိုင်းရင်းသားတို့၏ ဘာသာရေးနှင့် ပတ်သက်၍ လုပ်ဆောင်ပေးသူများကို တွေ့ရသည်။ ၎င်းတို့မှာ ဒမ်ဆ၊ လာပေ၊ ခန်ဂျုံး၊ ဂျီဖိမ့်တို့ဖြစ်ကြသည်။ ဒမ်ဆသည် အားလုံးထဲတွင် အဆင့်အမြင့်ဆုံး ဖြစ်သည်။ ဒမ်ဆဆိုသည်မှာ နတ်ဟောဆရာဖြစ်သည်။ နတ်ဟောဆရာဒမ်ဆသည် နတ်အကြောင်း၊ မျိုးနွယ်စုအကြောင်းကို ဟောပြောနိုင်သည်။ နတ်ဆရာတွင် အဆင့် လေးဆင့်ရှိသည်။ ၎င်းတို့မှာ

(၁) သူရဲတစ္ဆေ၊ မကောင်းဆိုးဝါးများကို မောင်းထုတ်နိုင်သောအဆင့်၊

(၂) ကျွဲ၊ နွား၊ ကြက်၊ ဝက်တို့ကို သတ်၍ နတ်ပူဇော်ပေးရသောအဆင့်၊

(၃) သေသူ၏ ဝိညာဉ်ကို ထိန်းချုပ်နိုင်၊ အမိန့်ပေးနိုင်ပြီး သေသူ၏ဆန္ဒကို လမ်းကြောင်းပေးနိုင်သောအဆင့်၊

(၄) နတ်ရာဇဝင်၊ လူသားရာဇဝင်၊ ကမ္ဘာအစအဆုံး ရာဇဝင်တို့ကို ပြောနိုင်ခြင်း၊ နတ်မင်းများကို တိုက်ရိုက်ပြောဆိုနိုင်ခြင်း၊ နတ်နှင့်လူသားအကြား ဖြစ်ပေါ်မှုအားလုံးကို ဖန်တီးပေးနိုင်သောအဆင့်တို့ ဖြစ်သည်။

ဒမ်ဆသည် 'ခဖျက်ရွက်' ဖြင့် လုပ်ထားသော အစားအစာ



များကို မစားရပေ။ စားလျှင် တန်ခိုး၊ အာဏာများ ယုတ်လျော့တတ်သည်ဟု ဆိုသည်။ ဒမ်ဆအလုပ်ကို မျိုးရိုးအလိုက် အမွေဆက်ခံခွင့်ရှိသည်ကို တွေ့ရသည်။

လာပေဆိုသည်မှာ မကောင်းဆိုးဝါးများ ဝင်စားခိုင်းသည့် လူကိုခေါ်ခြင်း ဖြစ်သည်။ လာပေကို နတ်ဆရာကပင် ရွေးချယ်ရသည်။ လာပေသည် သစ္စာရှိသူဖြစ်ရပြီး ချင်းကို မစားရပေ။ လာပေ၌ မကောင်းဆိုးဝါးများ ဝင်လာသောအခါ မိမိ၏ အမြင်အာရုံတွင် ထင်ဟပ်လာသော အတိတ်နိမိတ်၊ အမြင်များ၊ အနာဂတ်ကို ကြိုမြင်သော၊ ဖြစ်နိုင်သော အရာများကို ရွတ်ဆိုပေးသည်။ လာပေသည် ရေနွေးပွက်ပွက်ဆူသော အိုးထဲတွင် ရေချိုးသန့်စင်ရသည်။ ပြီးနောက် ခမ်ဂျုံ့ပြုလုပ်ထားသော ဓားနှစ်လက်စီယှက်ကာ လှေကားသဏ္ဌာန်စင်မြင့်ပြုလုပ်ပြီး ထက်သောဓားသွားများပေါ်တွင် ငှက်ပျောရွက်များ ခင်းထားသည်ကို ပြေး၍ တက်ခြင်း၊ ပြေး၍ ဆင်းခြင်းလုပ်နိုင်သည်။ လာပေသည် သစ္စာရှိသူဖြစ်သောကြောင့် ရေနွေးပူသော်လည်း အပူလောင်ခြင်းမရှိ၊ ထက်သော ဓားသွားပေါ်တွင် ပြေးတက်ပြေးဆင်းလုပ်သော်လည်း ခြေဖဝါးကို ဓားမပြတ်မရှပေ။

ခန်ဂျုံးသည် နတ်ပူဇော်မည့် သားကောင်ကို သတ်ဖြတ်၍ အသားများကို ခေါင်းဘက်၊ အမြီးဘက် မမှားရအောင် ပြင်ဆင်ပေးရသူဖြစ်သည်။ လာပေသည် မကောင်းသော ဝိညာဉ်ဝင်နေသော အချိန်၌ ခန်ဂျုံးမှ အဘယ်ကြောင့် ဖျားနေရကြောင်း၊ ပစ္စည်းဥစ္စာခိုးသူ မည်သူဖြစ်ကြောင်း စသည်ဖြင့် မေးခွန်းများ မေးရသည်။ လာပေ၏ အဖြေကိုလည်း မှတ်သားပေးရသည်။

"ဂျီဖိမ့်" ဆိုသည်မှာ ကပွဲများကို ဦးဆောင်၍ ကရသူဖြစ်သည်။ လာချိဒ်တိုင်းရင်းသားတို့ပြုလုပ်သော ရိုးရာပွဲများတွင် လူ၏

လုပ်ဆောင်ကျင့်သုံးမှု မှန်သမျှကို ဖွဲ့နွဲ့သီချင်းဆိုခြင်း၊ ကခုန်ခြင်းကို ဦးဆောင်ရသူဖြစ်သည်။ ပွဲပြုလုပ်သော အိမ်ရှင်၏ မျိုးနွယ်ဆက် အကြောင်း၊ စိတ်နေသဘောထားအကြောင်း၊ တောတောင်ရေမြေနှင့် ကမ္ဘာ၏ဖြစ်ပျက်ခြင်းအကြောင်းတို့ကို ပြောဆို၍ သီချင်းသီဆိုပေးရသောသူဖြစ်သည်။

ဒမ်ဆ၊ လာပေ၊ ခန်ဂျုံး၊ ဂျီဇိမ့်တို့သည် ဘာသာရေးနှင့်ပတ်သက်ပြီး အချိန်ပိုင်းလုပ်ဆောင်သူများဖြစ်ကြသည်။ ရှေးယခင်က လာချိဒ်တိုင်းရင်းသားတို့သည် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စစ်ရေးတို့တွင် အောင်မြင်စေရန်၊ ကောင်းမွန်စေရန်အတွက် နတ်များကို ပူဇော်ပသကြသည်။ ရွာအဝင်၊ ရွာအထွက်တွင် နတ်စင်ကို ကျောက်ဂူပုံစံပြုလုပ်ပြီး ထိုကျောက်ဂူထဲတွင် အရက်လေးခွက်ကို ကြိုးဖြင့် စည်း၍ ချည်ထည့်ထားပြီး ကျောက်ပြားဖြင့်ပြန်ဖုံးထားသည်။ အထက်ပါအကြောင်းအရာသည် လုံ့ရှမ်းနတ်ခေါ် ရွာနတ်ကို ပူဇော်ပသခြင်း ဖြစ်သည်။ ရွာနတ်ကို ပူဇော်ရာတွင် စုပေါင်း၍ ပူဇော်ကြသည်။

စစ်တိုက်ထွက်ရာတွင် "ဘိတ်ကျိန်နတ်" ကို ပူဇော်ပသကြသည်။ ကြက်ဖအနီရောင်ကိုလည်ဖြတ်၍ သွေးကို ဝါးကျည်တောက်ထဲတွင် ထည့်ကာ နတ်ဆရာက ယင်းသွေးကို မြေပေါ်သို့လောင်းချပြီး ခေါ်သွားလျှင် ရန်သူတပ်ကို အလွယ်တကူ ဖမ်းဆီးရမိသည်။ ထို့အပြင် အမဲလိုက်ရာတွင်လည်း နတ်ကို ပူဇော်ပသပြီး လိုက်လျှင် တောကောင်များစွာ ရသည်ဟုဆိုသည်။



## နတ်ဦးဆောင်း

လာချိဒ်တိုင်းရင်းသားများသည် ရှေးယခင်က နတ်ကိုးကွယ်သူများဖြစ်၍ နတ်ပူဇော်သည့်အခါ နတ်ဆရာများက နတ်ရိုးရာဝတ်စုံကို ဝတ်ဆင်ပြီး နတ်ဦးဆောင်းကို ဆောင်းကြရသည်။



**မနောဦးဆောင်း**

နတ်ဆရာများဝတ်သည့် အခမ်းအနားဝတ်စုံမှာ သီးသန့်ရှိသည်။ ဦးထုပ်မှာ ကြိမ်ဖြင့် ရက်လုပ်ထားပြီး ဦးထုပ်၏အပေါ်တွင် အောက်ချင်းငှက်၏ ဦးခေါင်းကို တပ်ဆင်ထားသည်။ ၎င်းနောက် ဒေါင်းတောင်များကို စိုက်ထိုးကာ အလှဆင်ထားသည်။ အောက်ချင်းငှက်သည် သစ္စာရှိသည်။ ရဲရင့်သည်ဟု ယူဆ၍ ဦးထုပ်တွင် အမြတ်တနိုး တပ်ဆင်ထားခြင်း ဖြစ်သည်။ ဝတ်ရုံမှာ တရုတ်ပြည်မှလာသော ပိုးဖဲများကို ချုပ်ထားခြင်းဖြစ်သည်။ အင်္ကျီသည် ဒူးဆစ်အောက်အထိ ရှည်လျားပြီး လက်ရှည်အင်္ကျီ ဖြစ်သည်။ အင်္ကျီမှာ နဂါးရုပ်များ၊ ပန်းများပါသည့်အဆင်ဖြစ်သည်။

## နတ်ပူဇော်ပုံ

တောင်ယာများကို စတင်ခုတ်ထွင်ရာ၌ ဘိုးဘွားနတ်နှင့် တောတောင်စောင့်နတ်များကို စုပေါင်းပူဇော်ပသပြီးမှ လုပ်ကိုင်ဆောင်ရွက်ရလေသည်။ တိုးတက်ကြီးပွားရေးအတွက်လည်း နတ်ကို ပူဇော်ပသကာ ဗေဒင်မေးခြင်းဖြင့် စုပေါင်းလုပ်ကိုင်ဆောင်ရွက်ကြရသည်။ ထို့ပြင် တောင်ယာခုတ်ချိန်၊ ကောက်သစ်စားချိန်များ၌လည်း နတ်များကို ပူဇော်ပသခြင်းများ ရှိသည်။

သန့်ရှင်းသောစိတ်ထားကြောင့် ဖြောင့်မတ်မှုဖြစ်ပေါ်ရန် ရေနတ်ကို ပူဇော်ကြသည်။ ရေနတ်သည် စိုက်ပျိုးရေးဆောင်ရွက်ရာ၌ အဓိကကျသော နတ်ဟု ယုံကြည်ကြသည်။ တောင်ယာစပါး စိုက်ပျိုးသည့်အခါတွင်လည်း နတ်ဆရာကို ဖိတ်၍ ပူဇော်ပသပြီးမှ စိုက်ပျိုးကြသည်။

ကောက်ပဲသီးနှံများ ကြီးထွားလာချိန်၌ လိုက်နာရမည့် စည်းကမ်း အယူအဆများရှိသည်။ တောင်ယာသို့ သွားခါနီး၌ နတ်ဟောဆရာမှ ပူဇော်ပြီး အိမ်ရှင်မမှ စိုက်ပျိုးမည့် မျိုးကောင်းကို ရွေးရာ ဖက်ထုံးဗေဒင်ဖြင့် စိုက်ပျိုးမည့်သူကို စတင်စိုက်စေသည်။ ၎င်းနောက် တောင်ယာမှ အပြန်တွင် ခေါင်ရည်တစ်ခွက်စီ သောက်ပြီး စကားမပြောရန်နှင့် မိမိနေအိမ်ရောက်လျှင် ခေါင်ရည်ထပ်မံသောက်၍ စကားပြောနိုင်သည်ဟု ဆိုသည်။ အဘယ်ကြောင့်ဆိုသော် စပါးများ အလေအလွင့်မရှိစေရေး၊ သီးနှံများ မပျိုးရေးတို့အတွက်ဟု ဆိုသည်။ ပေါ်ဦးပေါ်ဖျား သီးနှံများဖြင့် နတ်ကို ပူဇော်လေ့ရှိသည်။ သီးနှံများ ရိတ်သိမ်းပြီးသည့်အခါ နှစ်ပတ်လည် ချိန်၌ ပြန်လည်ရိတ်သိမ်းမည်ဟု သီးနှံကို ကိုင်၍ တိုင်တည်ပြီး ချီးမွမ်းစကားပြောလေ့ရှိသည်။





**နတ်ဟောဆရာတစ်ဦးပုံ**

တောင်ယာအနီးရှိ စပါးပင်များကို ချန်လှပ်ထားကာ အိမ်ရှင်မမှ တစ်နှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများတွင် ကောက်ပဲသီးနှံများ မိမိထံ ဝင်လာစေရန် ချီးမွမ်းပြီး ရိတ်သိမ်းကာ ကောက်ပုံတွင် ထားရသည်။ တောင်ယာမှအပြန် အိမ်သို့ရောက်ချိန်၌ အိမ်ရှင်မမှ စပါးကို စပါးကျီတွင် ထည့်ရန် နတ်ဟောဆရာမှ ဖက်ထုံးဗေဒင်ဖြင့် နတ်ဟောပြီး ကောက်ပဲသီးနှံမျိုးစုံကို စုဆောင်းသည်။

ရရှိပြီးသည့် သီးနှံများအနက် တစ်ဝက်ကို ထူးခြားသော ပူဇော်ပွဲအခမ်းအနားကျင်းပသည်။ နောင်နှစ်စိုက်ပျိုးချိန် သို့မဟုတ် ရိတ်သိမ်းချိန်အထိ သီးသန့်မျိုးအဖြစ် သိမ်းဆည်းထားသည်။ ထိုသို့ သိမ်းဆည်းထားသည့်အတွက် ပူဇော်ပသပြီးမှသာ ပြန်လည်စိုက်ပျိုးရေးဆောင်ရွက်သည်။ တောင်ယာတလင်းတွင် တစ်စုံတစ်ဦးကို ကောက်လှိုင်းများဖြင့် ပတ်ကာ မြေပေါ်တွင် လှိမ့်ခြင်းမျိုး ပြုလုပ်လေ့ရှိသည်။ နတ်ဟောပြီး တလင်းပြင်ထောင့်မှ လေ့ကားထောင်ကာ အိမ်ရှင်မမှ တလင်းပြင်အတွင်း စပါးလှေ့ပြီး နေရာသတ်မှတ်

ခြင်းဖြင့် ကောက်ပဲသီးနှံ ပိုမိုထွက်ရှိလာနိုင်ကြောင်း အသိအမှတ်ပြုသည်။

စပါးကို ဆုံတွင် ထောင်းကာ အခွံချွတ်၍ ဆန်ခါဖြင့် လှည့်ယူသည်။ ၎င်းနောက် ကောက်သစ်စားပွဲကျင်းပနိုင်ရေးအတွက် နတ်များကို ပူဇော်ပသမှုပြုရသည်။ ဦးဦးဖျားဖျား သီးနှံများကို နတ်များအား ပူဇော်ပြီး အိမ်ရှင်အကြီးအကဲ၊ လူမျိုးစုအကြီးအကဲ၊ အသက်အရွယ်ကြီးသူများမှ စားသောက်စေပြီး ကောင်းချီးမင်္ဂလာစကားပြောခြင်းဖြင့် နောင်အခါတွင် သာယာမှုရှိနိုင်မည်ဟု ယုံကြည်ကြသည်။ နတ်ပူဇော်ပသရာ၌ ဆိုင်ဘုတ်ခေါ် ဇောမ့်ဘုတ်၊ မနောပွဲတွင် သုံးသော ဇောမ့်ဘုတ်ချမ်ဒါန် မနောတိုင် အလျားလိုက်ချိတ်သော ဆိုင်းဘုတ်တို့ပါဝင်သည်။

## ခရစ်ယာန်ဘာသာဝင်ရောက်ကိုးကွယ်မှု

လာချိဒ်တိုင်းရင်းသားတို့သည် ရှေးယခင်က နတ်ကိုကိုးကွယ်ခဲ့ကြသည်။ ခရစ်ယာန်ဘာသာဝင် ဆွမ်လွတ် နောင်လတ်သည် အင်္ဂလိပ်အစိုးရခန့် ဘာသာရေးကျောင်းဆရာအဖြစ် ထောဂေါ့ရွာသို့ ၁၉၂၂ ခုနှစ်တွင် ရောက်ရှိလာခဲ့ပါသည်။ ၎င်းနောက် ဆွမ်လွတ်နောင်လတ်သည် ဆရာဂိုက်စံကို ၁၉၂၄ ခုနှစ်တွင် ထော့ဂေါ့ရွာသို့ ခေါ်ဆောင်လာခဲ့သည်။

ထိုအတူ ဂမ်ခွန့်ကျေးရွာသို့ ဆရာသာထူးဆိုသူ ရောက်ရှိလာခဲ့သည်။ ထိုသာသနာပြုများ၏ ကြိုးပမ်းချက်များကြောင့် လာချိဒ်တိုင်းရင်းသားတို့သည် ခရစ်ယာန်ဘာသာဝင်များ ဖြစ်လာခဲ့ကြသည်။



၁၉၂၂ တွင် ပထမဦးစွာ ဂမ်ခွန့်ကျေးရွာနေ ဦးဂမ်ခွန်ထိန့်လုတ်ယိန်း မိသားစုမှ ခရစ်ယာန်ဘာသာတွင်းသို့ ဝင်ရောက်လာခဲ့သည်။ ၎င်းနောက် ၁၉၂၃ တွင် တမူးခုန်းဒေသ တလွန်ရွာနေ ဦးမဒိန်ယိန်းဘောမ့်မိသားစုမှ ဝင်ရောက်လာခဲ့သည်။ ၁၉၃၄ တွင် မျှော်ဂျောင် ကျေးရွာရှိ ဦးလေးဒေါ့ချန်းခေါ မိသားစုမှ အသီးသီး ဝင်ရောက်လာခဲ့ရာ နောက်ပိုင်းတွင် မိသားစုလိုက်၊ အုပ်စုလိုက်၊ ဆွေမျိုးလိုက် ခရစ်ယာန်ဘာသာတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ဤသို့ဖြင့် နတ်ကိုးကွယ်ရာမှ ခရစ်ယာန်ဘာသာသို့ တစ်စ တစ်စကူးပြောင်းဝင်ရောက်ခဲ့ရာ နောင်တွင် ခရစ်ယာန်ဘာသာဝင်များ များပြားလာခဲ့သည်။

## အတိတ်နိမိတ် ကောက်ယူခြင်း

လာချိဒ်တိုင်းရင်းသားတို့သည် သူတို့၏ ရိုးရာထုံးစံဓလေ့ ထုံးတမ်းစဉ်လာအရ အတိတ်နိမိတ်ကောက်ယူလေ့ရှိကြသည်။ လဝင်သည်ဟု အိပ်မက်သော် အမေသေတတ်သည်ဟူ၍လည်းကောင်း၊ နေဝင်သည်ဟု အိပ်မက်သော် အဖေသေတတ်သည်ဟူ၍လည်းကောင်း အတိတ်နိမိတ်ကောက်ယူကြသည်။

လေမတိုက်ဘဲ သစ်ကိုင်းကျိုးကျလျှင်၊ သစ်ကိုင်းဖျား ကိုယ့်အိမ်ဘက်လှည့်လျှင် ကံမကောင်း၊ ကံနိမ့်ပြီး တစ်ခုခုဖြစ်မည်။ သစ်ကိုင်းဖျားတစ်ခြားဘက်လှည့်လျှင် မိတ်ဆွေ ကံနိမ့်သည်။ ဧည့်ခန်း ခြေရင်း၊ မီးဖိုကြွက်ဖောက်လျှင် သမက်တစ်ခုခုဖြစ်မည်။ ခေါင်းရင်း မီးဖိုကြွက်ဖောက်လျှင် အိမ်သားတစ်ခုခုဖြစ်မည်။ ခေါင်းရင်း မီးဖိုနှင့်ကြား ကြွက်ဖောက်လျှင် ညီအစ်ကိုဝမ်းကွဲမျိုးနွယ်စုထဲမှ တစ်ယောက်ယောက် ကံနိမ့်မည်။ ကလေး နှစ်နှစ် သုံးနှစ်အရွယ် အိမ်ထဲမီးဖိုဘေး၌ တုတ်ချောင်းဖြင့် အိမ်ဆောက်နေလျှင် အသုဘ ပေါ်မည်။ ကလေးတုတ်ချောင်းကို အဝတ်ပတ်၍ ထမ်းပြီး လမ်းလျှောက်လျှင် လူသေတတ်သည်။ အကျႌကို ကြွက်ကိုက်လျှင် မကောင်းပေ။

သစ်ခေါင်းပျားတစ်ကောင်တည်း အိမ်မှာ လာဝဲနေလျှင် အနီးကပ်ဆုံး ဧည့်သည်ရောက်လာမည် (သို့) အဝေးမှ သတင်း ကြားရမည်။ စာကလေးများအိမ်တွင် အမြဲကျက်စားလျှင်





စားသောက်စရာမရှား သီးနှံဖွံ့ဖြိုးမည်ဟု ယုံကြည်ကြသည်။ ရွာအတွင်း၌ ဂျီဖြတ်လျှင် မီးလောင်တတ်သည် (သို့) ရန်သူဝင် တတ်သည်ဟု ယုံကြည်ကြသည်။ ရွာအတွင်း၌ အိမ်တစ်အိမ်ဘက်သို့ လှည့်၍ ခွေးဟောင်နေလျှင် မကောင်း၊ ခွေးမျက်နှာမူဟောင် နေသောအိမ်သည် တစ်ခုခုဖြစ်တတ်သည်။ အိမ်တွင်း ဖြတ်ပြီး ငှက်ပျံသွားလျှင် အိမ်သားများဘေးအန္တရာယ် ကျရောက်တတ်သည် ဟု ယုံကြည်ကြသည်။ နတ်စိမ်းလာရောက် ဒုက္ခပေးမည်ဟု ယုံကြည် ကြသည်။ ဇီးကွက် 'ကူးကူး' ဟုအော်လျှင် ကောင်းသည်။ 'ကျဲ့ကျဲ့' ဟုအော်လျှင် မကောင်းပေ။ အမဲလိုက်ရာတွင် လာချိဒ်အခေါ် 'ကုန်းကိတ်' ငှက်ဆိုသည့် ငှက်မြီးရှည်အော်သံကြားလျှင် ဆက်မသွား တော့ပေ။ တောကြောင်ကိုယ့်ဘက်လှည့်ကြည့်လျှင် အလောင်း ပေါ်တတ်သည်။ ခရီးသွားရာ လမ်းခရီး၌ ဂျီဟောက်သံကြားလျှင် ပြန်လှည့်လာရသည်။ ခရီးသွားစဉ် မြွေသည် တောင်ပေါ်မှ တောင်အောက်သို့ ကန့်လန့်ဖြတ်လျှောက်ဆင်းလာသည်ကို မြင်လျှင် မကောင်းပေ။ ပြန်လှည့်လာရသည်။ ငှက်ဖမ်းမိသည်ဟု အိပ်မက် မက်လျှင် ငွေကြေးဆုလာဘ်ရတတ်သည်။ ပန်းပန်သည်ဟု အိပ်မက် မက်ပါက သမီးရည်းစားညားရန် နီးတတ်သည်။ မှားတတ်သည်၊ သတိထားရသည်ဟု ယုံကြည်ကြသည်။

## ဆောင်စလေ့ နှင့် ရှောင်စလေ့

လာချိဒ်တို့သည် ကျားစွယ်၊ တောဝက်စွယ်၊ မိုးကြိုးသွားစသည်တို့ကို ဆောင်ထားလေ့ရှိကြသည်။ ၎င်းတို့ကို ဆောင်ထားပါက အန္တရာယ်ကင်းရှင်းသည်။ အဖျားအနာကင်းသည်။ စီးပွားလာဘ်လာဘ ကောင်းသည်ဟု ယူဆကြသည်။ သမင်ကောင်များ၏ ဦးချိုများ အိမ်တွင်ရှိနေပါက မီးကင်းသည်ဟု ယုံကြည်၍ ဆောင်ထားကြသည်။ လာချိဒ်တိုင်းရင်းသားတို့သည် စုံဂဏန်းကို ကြိုက်နှစ်သက်၍ ဆောင်ထားကြသည်။

လာချိဒ်တိုင်းရင်းသားတို့သည် အိမ်သစ်တက်ပြီး ခုနစ်ရက်အတွင်း ဧည့်သည်မလာရပေ။ လာပါက အိမ်သစ်တက်ပွဲ လက်ဆောင်ပေးရသည်။ လာချိဒ်တိုင်းရင်းသားတို့၏ ရိုးရာအိမ်များတွင် အိမ်ရှေ့ဝင်ပေါက်နှင့် နောက်ဖေး ထွက်ပေါက်နှစ်ခု အပေါက်ကြီးများဖြစ်သည်။ ဧည့်သည်သည် အိမ်ရှေ့မှသာ ဝင်ရသည်။ အိမ်ရှေ့ပေါက်မှ ဝင်ပြီး နောက်ဖေးပေါက်သို့ တန်းတန်းမတ်မတ်သွားပါက မကြိုက်ပေ။ လျော်ကြေးပေးရသည်။

နတ်ပူဇော်သောခေတ်တွင် ကလေးမွေးသည့်အချိန်၌ ဧည့်သည်လက်မခံပေ။ အမဲလိုက်ရာ၌ တောဝက်စွယ်ပိတ်ရရှိခဲ့လျှင် ထိုနေ့ရက်အချိန်တို့ကို သေချာစွာမှတ်သားထားရမည်။ နောက်တစ်ကြိမ် အမဲလိုက်လျှင် ထိုနေ့၊ အချိန်ကို ရှောင်ကြဉ်ကြရသည်။ မားဖြင့် မီးဖို





မှထင်းစများကို မထိုးရပေ။ ဝါးများကို လပြည့်ရက်တွင် မခုတ်ရပေ။ မျိုးသုဉ်းတတ်သည်ဟု အယူရှိသည်။ သချိုင်းမှ သစ်၊ ဝါးစသည်တို့ကို အိမ်သို့ယူဆောင် အသုံးမပြုရပေ။ စပါးထောင်း ကျည်ပွေ့ကို မကျော်လွှားရ။ ကျော်လွှားပါက မိန်းကလေးများ မီးဖွားရာတွင် အခက်အခဲရှိသည်။ ဆန်ကော ဆန်ခါများ အိမ်ရှေ့တံခါးဝတွင် မထားရ။ အိမ်စောင့်နတ် မကြိုက်၍ မိုးရွာတတ်သည်။ မုဆိုးသည် ဇနီးကိုယ်ဝန်ဆောင်ချိန်၌ အမဲ လိုက်ခြင်းမှ ရှောင်ကြဉ်ရသည်။ မုဆိုးအမဲလိုက်သွားစဉ်၌ ၎င်း၏ အိပ်ရာကို သန့်ရှင်းစွာ ပြုလုပ်ထားရမည်။ အမဲလိုက်ရာ၌ ကိုယ်ဝန်ဆောင် မိန်းမ၏ ခင်ပွန်းများ မပါရှိစေရန် ရှောင်ကြဉ်ရသည်။ ခရီးရှည်သွားသောအခါ လမ်း၌ မြွေတွေ့လျှင် ဆက်မသွားရပေ။ ထို့ကြောင့် လာချိဒ်တိုင်းရင်းသားတို့သည် ဆောင်စလေ့နှင့် ရှောင်စလေ့များကို အထူးမှတ်သားကြသည်။

## စကားပုံနှင့် ရိုးရာပုံပြင်များ

### စကားပုံများ

လားချိဒ်တိုင်းရင်းသားတို့တွင် စကားပုံများ ရှိသည်။ ထင်ရှားသည့် စကားပုံများမှာ အောက်ပါတို့ဖြစ်သည်။

၁။ သူကောင်း သူများကို မကဲ့ရဲ့၊ ခွေးကောင်း လူကိုမဟောင်။
၂။ လူကြီးလူကောင်းသားသမီးများကို ဆုံးမဖို့မလို၊ ရှုံးဆူးကိုလည်း ချွန်ဖို့မလို။
၃။ ကိုယ့်အလုပ်ဆိုင်းထားရင် ကိုယ်ပဲ လုပ်ရတယ်၊ အစားချန်ထားရင် သူများလာစားတယ်။
၄။ တောင်ထပ်မိုးအုံ့ မိုးရွာတယ်၊ မိဘစိတ်ဆိုးရင် သားသမီးဒုက္ခရောက်တယ်။
၅။ ကောက်ပင်မကောင်းရင် မြေကြီးကို ပြောတယ်၊ သားသမီးမကောင်းရင် မိဘကိုပြောတယ်။

### ပုံပြင်များ

လားချိဒ်တိုင်းရင်းသားတို့တွင် ပုံပြင်ပေါင်းများစွာရှိသည်။ ပုံပြင်များမှာ (က) စပါးနှံသေးငယ်ရခြင်း၊ (ခ) လူသားများ သေမျိုးဖြစ်ရခြင်း၊ (ဂ) မာန်ဗျော့နှင့် မာန်လိုပုံပြင်၊ (ဃ) စိုက်ပျိုးရေးပုံပြင်တို့ဖြစ်သည်။





### (က) စပါးနှံသေးငယ်ရခြင်း

စပါးနှံသေးငယ်ရခြင်းအကြောင်းမှာ ရှေးယခင်က သစ်ပင်၊ ပန်းပင်၊ သီးနှံပင်များကို စိုက်ပျိုးကာစအချိန်တွင် ၎င်းတို့ကို ကန့်သတ်တိုင်းထွာသော အဖွဲ့ရှိလေသည်။ တစ်နေ့တွင် ထိုအဖွဲ့သည် စပါးနှံကို လားမြီးလောက်ကြီးအောင် သွားတိုင်းမည်ဟု ပြောကြပြီး 'ဇဂျုံ' (Zaung" gyung) ပုတ်သင်ညိုအိမ်နားက ဖြတ်သွားမိကြသည်။ 'ဇဂျုံ' က ဘယ်သွားမလဲလို့မေးရာ စပါးနှံသွားတိုင်းမည်ဟု ပြောသဖြင့် ဇဂျုံက လိုက်မည်။ ကျွန်တော်အမြီးနှင့် တိုင်းမည်ဟု ပြောပြီးတိုင်းတာနှင့် စပါးနှံများ သေးငယ်သွားရသည်ဟု ဆိုကြသည်။ ထို့ကြောင့် လားချိဒ်တိုင်းရင်းသားတို့သည် ပုတ်သင်ညိုကို တွေ့တိုင်း သတ်ဖြတ်ကြသည်ဟူသော ပုံပြင်ရှိသည်။

### (ခ) လူသားများ သေမျိုးဖြစ်ရခြင်း

ရှေးယခင်က လူသားများမှာ မသေမျိုးဖြစ်သည်။ 'မုန်ဇော်တုန်ဂျုံး" (Moug:Zoo:Tung:gyung") က ၎င်းတို့ထံတွင် ကျင်းပသော ဂဘန်ဂေါ အကခေါ် အသုဘအကကို ရှေးဦးလူသားတို့အားခေါ်ယူ၍ ကစေသည်။ ထိုအကသည် ညက်ညောပြီး ကရဖန်များသောကြောင့် လူ့ပြည်တွင် ကချင်လာသည်။ သို့သော် လူသားများသည် သေမျိုးမဟုတ်သဖြင့် အသုဘပွဲ ကရန်ကြံစည်ကြသည်။ တစ်နေ့ သေနေသော 'လန်ဆော့' (Lhang:so') ခေါ် ရှဥ့်ငပေါကို တွေ့သဖြင့် အလောင်းပြုလုပ်ပြီး အဝတ်ဖုံးထားပြီးနောက် ပွဲကရန်စီစဉ်ကြသည်။ မုန်ဇော်တုန်ဂျုံး၏ သားများကို လာကဖို့ ဖိတ်ခေါ်လေသည်။ မုန်ဇော်တုန်ဂျုံး၏ သားများက လူသားများသည်

သေသည့် အမျိုးမဟုတ်ဘဲနဲ့ အဘယ်ကြောင့်နည်းဟု သိချင်သဖြင့် ဆင်းလာကြသည်။ ထို့အပြင် သူတို့၏ ခြေမတွင် ပျားဖယောင်းကို ကပ်ထားသည်။ ကနေရင်း ဖုံးအုပ်ထားသော အစကို နင်းလိုက်သည်။ ၎င်းနောက် ခြေလှမ်းလှမ်းပြီး ဆက်ကသောအခါ ဖုံးထားသော အဝတ်လန်သွားသည်။ ထိုအခါ တိရစ္ဆာန်ကို တွေ့ရသည့်အတွက် စိတ်ဆိုးပြီး "မင်းတို့လူသားတွေဟာ သေတဲ့ အမျိုးမဟုတ်။ သို့သော် သေချင်နေကြတဲ့အတွက် သေသောအမျိုးဖြစ်စေ" ဟု ပြောဆိုကာ ပြန်သွားကြသည်။ ထိုအချိန်မှစ၍ လူသားများ သေဆုံးရခြင်းဖြစ်သည်ဟု ဆိုသည်။

## (ဂ) မာန်ဗျော့နှင့် မာန်လိုပုံပြင်

ကျောက်ခေတ်လူသား မာန်ဗျော့နှင့် ကျားမာန်လိုတို့ တွေ့ဆုံမိတ်ဖွဲ့ကြရာ မာန်ဗျော့က အိမ်ဆောက်ရာတွင် အမိုးမပြီးဘဲ ကျန်နေခဲ့သည်။ မာန်လို၏အိမ်က အရင်ပြီးစီးနေသည်။

လသာသောတစ်ညတွင် မာန်ဗျော့အိမ်သို့ မာန်လိုက အလည်ရောက်လာလေသည်။ ထိုအခါ မာန်ဗျော့က ကျွန်ုပ်အိမ်သည် ပျော်ရွှင်ဖွယ်ကောင်းပြီး သာယာချမ်းမြေ့စွာဖြင့် ကောင်းကင်ရှိ ကြယ်များ၊ လများကို မြင်နိုင်ကြောင်း ပြောဆိုလေသည်။ ထိုအခါ ကျားမာန်လိုက သူ့အိမ်နှင့် လဲလှယ်ရန်ပြောသည်။ မာန်ဗျော့က လည်း သဘောတူသဖြင့် အိမ်ကိုလဲလှယ်ကြသည်။

မိုးရာသီရောက်သောအခါ မာန်ဗျော့သည် လေသာဆောင်၌ ထိုင်နေစဉ် ကျားမာန်လိုက ကျွန်ုပ်၏အိမ် အမိုးမိုးရန်လိုကြောင်း အကူအညီတောင်းလေရာ မာန်ဗျော့ကလည်း 'ကောင်းပြီ' ဟုဆို



ကာ နောက်နေ့မနက်၌ သက်ငယ်တောသို့သွားပြီး သက်ငယ်ထုပ်အတွင်း၌ ဝင်၍ ပုန်းအောင်းနေလေသည်။ မာန်လိုကမူ ထိုအကြောင်းကို မသိပေ။

မာန်လိုသည် ထိုသက်ငယ်ထုပ်များကိုထမ်းပြီး အိမ်သို့ပြန်လာလေသည်။ အပြန်လမ်းခုလပ်တွင် မာန်ဗျော့က သက်ငယ်ထုပ်ကို မီးရှို့ပြီး လမ်းဘေးသစ်ပင်မှ တွဲကျနေသော သစ်ကိုင်းပေါ်သို့ ခုန်ကူးသွားလေသည်။

မာန်လိုက ထိုအကြောင်းကိုမသိဘဲ ဆက်၍ သယ်သွားသောကြောင့် သက်ငယ်ထုပ်မှာ မီးဆက်လောင်နေပြီး လမ်း၌ နွားနှင့်တွေ့ကြလေသည်။ နွားက 'သက်ငယ်ထုပ်မီးလောင်နေပြီ တောင်ပေါ်သို့ တက်ပြေး' ဟု မာန်လိုကို ပြောသဖြင့် မာန်လိုလည်း တောင်ပေါ်သို့ တက်သွားရာ ပိုလောင်လာသဖြင့် ကြောက်လန့်တကြား ဖြစ်လာလေသည်။ ထို့နောက် ကျွဲနှင့်တွေ့ပြန်ရာ ကျွဲကရေအိုင်အတွင်း ဆင်းခိုင်းသဖြင့် မီးငြိမ်းသွားလေသည်။

ထို့ကြောင့် ကျားသည် လူနှင့် အခြားတိရစ္ဆာန်များကို မုန်း၍ ခေါင်းကိုကိုက်သော်လည်း ကျွဲများကိုမူ ကိုက်လျှင် နောက်ခြေကိုသာကိုက်သည်ဟု အဆိုရှိလေသည်။ ကျား၏ ကိုယ်ခန္ဓာ၌ အပြောက်အစင်းများရှိခြင်းမှာ မီးလောင်ရာမှ ရရှိသော ဒဏ်ရာများဖြစ်သည်ဟု ရှေးပုံပြင်ရှိခဲ့သည်။

## (ဃ) စိုက်ပျိုးရေးပုံပြင်

ရှေးအခါ အဘွားအိုတစ်ဦးရှိခဲ့ရာ နေ့စဉ်နေ့တိုင်း စပါးစိုက်သွားသော်လည်း စပါးများမှာ ရိတ်သိမ်းပြီးခြင်းမရှိဘဲ များလာလေ

များလာလေသာဖြစ်ရာ အဘွားအိုက ကျန်ရှိသော ကောက်စပါးပင် များကို မီးရှို့ပစ်လေသည်။ ထိုအခါ ရိတ်သိမ်းပြီးသော ကောက်စပါး ပင်များကိုပါ လောင်ကျွမ်းကုန်လေသည်။

ထိုကောက်ပင်များ လောင်ကျွမ်းလျှင် ကောက်ပင်များသည် ကောင်းကင်ယံသို့ တစ်လိမ့်လိမ့် တက်သွားသည်ဟု ဆိုသည်။ ထိုသို့ ကောက်ပင်များ ကောင်းကင်သို့ တစ်လိမ့်လိမ့်တက်သွားခဲ့ သည်ကို ခွေးတစ်ကောင်က အော်ဟစ်ညီးညူရာမှ လောင်ကျွမ်းသော ကောက်ပင်များ မီးငြိမ်းကာ ပြာကျလာပြီး စုပုံလျက် ဖြစ်သွား လေသည်။

ထိုအခါ အဘွားအိုလည်း နောင်တရပြီး ဦးစွာသော စပါး ကို ထောင်း၍ ဟင်းလျာများနှင့် ကောင်းမွန်စွာ ချက်ပြုတ်ပြီး ခွေးကို ကျွေးလေသည်။ ထို့ကြောင့် ကောက်ပင်များသည် တိရစ္ဆာန်များ ကယ်တင်ခဲ့သော ကောက်ပင်များဖြစ်ကြောင်း၊ ကောက်သစ်စားပွဲ ပြုလုပ်လျှင် ခွေး၊ ကြက်၊ ဝက်စသော တိရစ္ဆာန်များကို ချန်လှပ် ထားခြင်းမပြုဘဲ ဝဝလင်လင်ကျွေးမွေးရသည်ဟု အယူအဆရှိခဲ့ သည်။

## ရိုးရာအတီးအမှုတ်တူရိယာများ

လာချိဒ်တိုင်းရင်းသားတို့၏ အနုပညာတွင် ရိုးရာအတီးအမှုတ် တူရိယာများမှာ အောက်ပါတို့ဖြစ်သည်။

၁။ ဇင့် ခေါ် ဗုံရှည်ကြီး
၂။ မန်း ခေါ် မောင်း
၃။ ကျပ်ချိန့် ခေါ် လင်းကွင်း
၄။ ကျပ်ချိန့်ဂီ ခေါ် လင်းကွင်းကြီး
၅။ ရှိုထိမ် ခေါ် ကြိုးနှစ်ပင်ပါ တယော
၆။ ဘိုက်ထိမ် ခေါ် ကြိုးသုံးပင်ပါ မယ်ဒလင်
၇။ ဂျန်ဘုံး ခေါ် ပုံစံတူရိယာ
၈။ ခလန့် ခေါ် ပလွေ
၉။ လန့်ဘုံ ခေါ် ဘူးသီးခြောက်ပလွေ

တေးသီချင်းသီဆိုသည့်အခါ အသံများမှာ

၁။ ဆိန်နတ်ကိုပူဇော်သော ဆိုသံ
၂။ မြေနတ်ကိုပူဇော်သော ဆိုသံ
၃။ ဂျုံးဂေါ်ခေါ်ဝိညာဉ်ပြန်ခေါ်သော ဆိုသံ
၄။ သေသူဝိညာဉ်ပို့ဆောင်သည့် ဆိုသံ
၅။ ငိုကြွေးသည့်အခါ ဆိုသံ
၆။ ဘိုးဘွားနတ်ကို ပူဇော်သောဆိုသံ

၇။ မိဘဆွေမျိုးများအား လေးစားသောအားဖြင့် ဆိုသံ
၈။ သမီးရည်းစားလွမ်းချင်းဆိုသံ
၉။ ကလေးချော့တေးဆိုသံ
၁၀။ တောတောင်ရေမြေသဘာဝကို ချီးမွမ်းဖွဲ့ဆိုသံ
၁၁။ မောင်းထောင်းတေးကြိုဆိုသံ တို့ဖြစ်ကြသည်။

## လာချိဒ်တိုင်းရင်းသားများ၏ ရိုးရာအကများ

လာချိဒ်တိုင်းရင်းသားများ၏ ရိုးရာအကများမှာ ၎င်းတို့၏ မျိုးနွယ်စုဓလေ့ထုံးစံများကို အခြေပြု၍ ပေါ်ပေါက်လာသော အကများဖြစ်သည်။ ထို့ပြင် လူမျိုးစုအလိုက်၊ အိမ်ထောင်စုအလိုက် ကျင်းပသည့်အခမ်းအနားမှလည်းကောင်း၊ ရာသီပွဲသဘင်များမှ လည်းကောင်း ရိုးရာအကများပေါ်ပေါက်လာသည်။ ဖော်ပြပါ ရိုးရာအကများသည် ယခုခေတ်သို့ရောက်သောအခါ လူထုပွဲတော်များ၊ နိုင်ငံတော်မှ ကြီးမှူးကျင်းပသည့်အခမ်းအနားများထိပင် ပါဝင်ကပြဖျော်ဖြေခွင့်ရရှိသည့်အထိ ကျယ်ဝန်းမှုရှိလာသည်ကို တွေ့ရပေသည်။

လာချိဒ်တိုင်းရင်းသားများ၏ ရိုးရာအကများသည် ခေတ်နှင့် အညီ အသစ်သစ်သော ကကွက်ကဟန်များကို ထည့်သွင်း ပေါင်းစပ်၍ တီထွင်ဆန်းသစ်ထားသည်မျိုးရှိပေသည်။ သို့သော် ရှေးမူမပျက်ထိန်းသိမ်းလာခဲ့သော ရိုးရာကကွက် ကဟန်များကမူ ယနေ့တိုင်ကွယ်ပျောက်မှုမရှိဘဲ ခိုင်မာလျက်ရှိသည်ကိုလည်း တွေ့ရသည်။ လာချိဒ်တို့၏ရိုးရာအကများကို ဇောမ့်ပွဲ၊ အိမ်သစ် တက်ပွဲ၊ အသုဘပွဲ၊ တောင်ယာပွဲစသည့် ပွဲလမ်းသဘင်များတွင် တွေ့မြင်နိုင်သည်။ နိုင်ငံတော်အခမ်းအနားများ၊ ပြည်နယ်အခမ်း အနားများတွင် ရိုးရာယဉ်ကျေးမှုအဖွဲ့များမှ ဦးဆောင်လျက်

ဖျော်ဖြေရေးအစီအစဉ်ဖြင့် ကပြရသော ရိုးရာအကများလည်း ဖြစ်သည်။ ဖော်ပြပါ လားချိဒ်တို့၏ ရိုးရာအကများသည် ရှေးဘိုးဘွား များလက်ထက်ကကျင်းပခဲ့သည့် လားချိဒ်ရိုးရာ "ဇောမ့်ပွဲ" ဟု ခေါ်သည့် ရိုးရာပွဲတော်မှ အခြေခံ၍ ဆင့်ပွားပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။

လားချိဒ်တို့၏ ရိုးရာဇောမ့်ပွဲပေါ်ပေါက်လာပုံမှာ ဤသို့ဖြစ် သည်။ ကမ္ဘာကြီးကို ရေလွှမ်းမိုးပြီးနောက် အသက်ရှင်ကျန်ခဲ့သော "ဆန်မှုန့်" နှင့် "ဆန်နမ်" တို့ ဇနီးမောင်နှံမှ သားသမီးများထွန်းကား လာသည်။ ဖန်ဆင်းရှင် "ဂျူဆော်" မှ ၎င်းတို့ဇနီးမောင်နှံကို "တိရစ္ဆာန်များကို စုစည်းပါ၊ ငါတပ်လှန့်လိမ့်မည်" ဟု ပြောဆို မှာကြားထားလေသည်။ ထို့ကြောင့် ဆန်မှုန့်က လျှော်ပင်ကို ကြိုးကျစ်ပြီး တိရစ္ဆာန်များကို ချည်နှောင်သည်။ ကြိုးကျစ်ရာတွင် အချိန်ကြာမြင့်သည့်အတွက် စုစည်းမိသော တိရစ္ဆာန်ကောင်ရေ နည်းပါးသည်။ ဆန်နမ်ကမူ စပျစ်ရွက်ကို ဆုတ်ဖြဲပြီး ချည်နှောင် သောအခါ မြန်ဆန်လှသဖြင့် တိရစ္ဆာန်ကောင်ရေ များစွာရရှိလေ သည်။ ထို့နောက် ဖန်ဆင်းရှင် "ဂျူဆော်" က ကတိအတိုင်း တပ်လှန့်ရာ တိရစ္ဆာန်များလန့်၍ ထွက်ပြေးကြကုန်သည်။ ဆန်နမ် ၏ကြိုးမှာ မခိုင်သဖြင့် တိရစ္ဆာန်များမှာ တောထဲသို့ ထွက်ပြေး ကြလေသည်။ ဆန်မှုန့်ချည်သောကြိုးမှာ ခိုင်ခံ့သဖြင့် တိရစ္ဆာန်များ တောထဲသို့ ထွက်မပြေးကြပေ။

"ဆန်နမ်" ချည်နှောင်သော ကြိုးမခိုင်သဖြင့် တိရစ္ဆာန်များ တောထဲသို့ ထွက်ပြေးရာ ဆန်နမ်ပါလိုက်ပါပြေးလေသည်။ ဆန်မှုန့် က ဆန်နမ်ကို တိရစ္ဆာန်များကို ခွဲဝေပေးရန် လိုက်ခေါ်သည်။



ထိုအခါ ဆန်နမ်က "ကမ္ဘာလောကကြီးတွင် မောင်နှမချင်း အိမ်ထောင် ပြု၍ အလွန်ရှက်လှပါသည်။ သားသမီးများလည်း ထွန်းကားထား သည်။ ညီမကတော့ တိရစ္ဆာန်တို့နှင့်အတူ သေပြီး မြေကြီးတွင်းသို့ ဝင်မည်။ ထို့ကြောင့် ဖန်ဆင်းရှင်နှင့် ပတ်သက်သော သမိုင်းကြောင်း ကို ငါ့အားပြောပေးပါ။ ထိုအခါ တိရစ္ဆာန်များရချင်လျှင် အရုပ်ရေး၊ ကောက်ပဲသီးနှံများရချင်လျှင် ပုံဆွဲပြီးသမိုင်းကြောင်းကို ဟောပြော ပြပါ၊ တိရစ္ဆာန်နှင့်သီးနှံများ တိုးပွားလာအောင် လုပ်ပေးမည်" ဟု ပြောသွားလေသည်။ ဆောင်းဦးပေါက်၍ စားရေရိက္ခာရှားပါးလာ သောအခါ တိရစ္ဆာန်ပုံများကို ရေးဆွဲထားသော ပျဉ်ပြားများ၊ "ဂျူဆော်" ဖန်ဆင်းထားသော သမိုင်းကြောင်းများ ရေးသားထား သည့် ပျဉ်ပြားများကို တည်ဆောက်ထားလေသည်။ ၎င်းနောက် ညီမဖြစ်သူကို တမ်းတပြီး "ကတိပေးထားသည့်အတိုင်း မိဘများ၏ သမိုင်းစဉ်ဆက်ကို ပြောပေးနေပြီ၊ ကောက်ပဲသီးနှံများနှင့် မွေးမြူ သောတိရစ္ဆာန်များကို ကောင်းကျိုး မင်္ဂလာပေးနေပြီ" ဟု ဆိုပြီး ကလေသည်။ ထိုအချိန်မှစ၍ ရိုးရာအကများနှင့် ရိုးရာဇောမ့်ပွဲ ပေါ်ပေါက်လာလေတော့သည်။ ထိုဇောမ့်ပွဲမှစ၍ ရိုးရာဇောမ့်ဂေါ အကကို ကကြခြင်းဖြစ်လေသည်။

လားချိဒ်လူမျိုးနွယ်စုအားလုံး၏ အဘိုးဖြစ်သူ **"ဖောင်ဝေါ်ချန်း"** သည် ကချင်ပြည်နယ် ဆော့လော်မြို့နယ်၊ ချန်းမောချောင်းနှင့် မေခမြစ်တို့ဆုံရာမှ အထက် ခုနစ်မိုင်ဝေးသော မေခမြစ်၏ အနောက် မြောက်ဘက်ကမ်းရှိ "ချန်းမောလုတ် ကော်မ်ဖိန့်" ဒေသတွင် အေဒီ (၁၅) ရာစုခန့်က ကြီးကျယ်ခမ်းနားသော ဇောမ့်ပွဲကြီးကို ကျင်းပခဲ့

လေသည်။ ၎င်းနောက် ချင်းမောချောင်း၏ အရှေ့ဘက်ကမ်းသို့ နယ်မြေသစ်များ တိုးချဲ့ရှာဖွေရင်း ဆော့လော်မြို့နယ် ဝေါဟောင်နှင့် မီးဟောင် ချင်းလန်းဒေသများတွင် ဇောမ့်ပွဲများ ကျင်းပကြသည်။ ဇောမ့်ပွဲများတွင် နတ်ဟောဆရာများ ထိုင်ရန် "လုတ်စုံတန်း" ခေါ် ကျောက်ထိုင်ခုံနှင့် "ကြိုးဇိန့်" ခေါ် မင်္ဂလာသက်စောင့်တိုင်များတို့မှာ ယနေ့တိုင် အထင်အရှားတည်ရှိ နေပေသည်။

၎င်းမီးဟောင်ချင်းလန်းနယ်မြေတွင် သားစဉ်မြေးဆက် နေထိုင်လာကြရာမှ ဆက်လက်ထွန်းကားလာသော အစ်ကို အကြီးဆုံး "နူးယုန်း" သည် ထောဂေါ့ဒေသသို့ ပြောင်းရွှေ့ရှာတည်၍ ဇောမ့်ပွဲများကို ဆက်လက်ကျင်းပလာလေသည်။ ထောဂေါ့ဒေသ ဇောမ့်ပွဲနောက်ပိုင်းတွင် ချီဖွေ၊ ရှငေါ်၊ ဒွမ်ဘန်၊ ဆဒုံး၊ ဆမား၊ ရှိုးကျန်း၊ ဂျီနာ၊ ဂေါင်ထန့်၊ မန့်ယုံ၊ ကျိုင်းတုံ၊ ကွတ်ခိုင်၊ မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်၊ မိုးမောက်၊ မိုးညှင်း၊ မိုးကောင်းစသော မြို့နယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ကျင်းပပြုလုပ်ကြလေသည်။ ရှေးအခါက ဇောမ့်ပွဲများကို လူမျိုးနွယ်စုအတွင်းမှ အိမ်ထောင်စုအလိုက်၊ ကျေးရွာ အလိုက် ကျင်းပပြုလုပ်ကြသော်လည်း ယခုအခါ လူထုပွဲကြီးများအဖြစ် ကြီးကျယ်ခမ်းနားစွာ ပြုလုပ်ကြလေသည်။

လာချိဒ်လူမျိုးများ၏ ရိုးရာဇောမ့်ပွဲများကို လေးမျိုးခွဲခြားထားသည်။ ၎င်းတို့မှာ ဂျာခမ်ဇောမ့်ပွဲ၊ ဒီဇောမ့်ပွဲ၊ ဂျီတော့ဇောမ့်ပွဲနှင့် မြီယို့ဇောမ့်ပွဲတို့ ဖြစ်သည်။

ဂျာခမ်ဇောမ့်ပွဲသည် မိဘတစ်ဦးဦး အသက်အရွယ်ကြီးရင့်လာသည့်အခါ အသက်ရှည်နိုင်ရန် တစ်အိမ်လုံးစုပေါင်း၍ ဆုတောင်းကြသည့် ပျော်ပွဲရွှင်ပွဲဖြစ်သည်။ ထို့ပြင် ခေါင်းဆောင် တစ်ဦးဦး



ကွယ်လွန်ခြင်းအတွက်လည်း ကံနိမ့်ခြင်း၊ နိမ့်ကျခြင်း၊ ဆုံးရှုံးခြင်းများ ရှိလေရာ ကံကောင်းအောင်၊ ကံမြင့်လာအောင် ဘုရားသခင်ထံ ဆုတောင်းခြင်း၊ နတ်များကို ပူဇော်ခြင်း၊ အားပေးချီးမြှောက်ခြင်း စသည်ဖြင့် ကျင်းပသောပွဲဖြစ်သည်။ တစ်နည်းအားဖြင့် ဂုဏ်တင်သည့်ပွဲတစ်ခုဖြစ်သည်။

ဇောမ့်ပွဲသည် မိမိတို့၏ မျိုးနွယ်ဆက်သမိုင်းကို ဖော်ပြပြီး မျိုးနွယ်စုများ ဆင်းသက်လာရာအစမှ ယခုလက်ရှိအချိန် အခြေအနေတိုင်အောင် ချီးမွမ်းခြင်း၊ ဂုဏ်ပြုခြင်းပြုလုပ်လိုလျှင် ကျင်းပသည့် ပျော်ပွဲရွှင်ပွဲဖြစ်သည်။ ထိုပွဲတွင် ဒူဝါများ၊ စော်ဘွားများ၊ ရပ်ရွာခေါင်းဆောင်များ၊ ရပ်မိရပ်ဖများ၊ ဆွေမျိုးမိတ်သင်္ဂဟများ အချင်းချင်း ပျော်ရွှင်ကြရန် ဖိတ်ခေါ်ခြင်း၊ ပြန်ပို့ခြင်း စသည်ဖြင့် ကျင်းပသည့်ပွဲပင် ဖြစ်သည်။

ဂျီတော့ဇောမ့်ပွဲမှာ ယခင်နှစ်က လူတစ်ဦးဆုံးပါးသည်ကို ရှေးနှစ်ပေါင်းများစွာက လူမျိုးစုဆင်းသက်လာပုံကအစ ဝိညာဉ်ကို ခေါ်ပြီး မိဘဘိုးဘွားများနေသည့် ကောင်းကင်ဘုံ၊ နေဘုံ၊ လဘုံ တို့ကို တစ်နေရာပြီး တစ်နေရာ ပြန့်ပို့ခြင်း၊ သေသူ၏မွေးနေ့၊ မွေးလ၊ မွေးရက်သတ်မှတ်၍ ဘုရားသခင်ထံ ရောက်ရှိအောင် ဆုတောင်းခြင်းပြုရာတွင် ရိုးရာအကများကို ကခုန်၍ ကျင်းပသောပွဲဖြစ်သည်။

မြီယို့ဇောမ့်ပွဲမှာ ဖက်ထုံးပေဒင်အရ မိန်းမတောင်းရမ်းသည့်အခါ ကာယကံရှင်ယောကျ်ား၏ မျိုးနွယ်သမိုင်းအစမှ စ၍ မိမိတို့ မျိုးနွယ်ဆက်ကို ဖော်ပြရသည်။ ငယ်စဉ်မှစ၍ လူလားမြောက်သည် အထိ ဘဝဖြစ်စဉ်ကိုပြောပြီး စေ့စပ်ကြောင်းလမ်းခြင်း၊ ထိမ်းမြား

လက်ထပ်ခြင်းထိ အဆင့်ဆင့်ပြောဆိုပြီး ကရသည့် ပျော်ပွဲရွှင်ပွဲမျိုး ဖြစ်သည်။

အထက်ဖော်ပြပါဇောမ့်ပွဲများကို သုံးနှစ် သို့မဟုတ် လေးနှစ် တစ်ကြိမ်ကျင်းပကာ မိမိတို့လူမျိုးများ၏ ရိုးရာအကများကို ကကြရလေသည်။

အကများမှာ-

၁။ ဇောမ့်ဂေါ်အက

၂။ ဂျီဂေါ်အက

၃။ ဆိမ်ဂေါ်အက

၄။ ကျုံးဂေါ်အက

၅။ လာမြုံ့ဂျီအက

၆။ ဂဘန်ဂေါ်အက တို့ဖြစ်သည်။

### ၁။ ဇောမ့်ဂေါ်အက

လာချိဒ်တိုင်းရင်းသားများ၏ ရိုးရာအကများအနက် ဇောမ့်ဂေါ်အကမှာ အထူးထင်ရှားသည့်အကတစ်မျိုးဖြစ်သည်။ ၎င်းအကသည် လာချိဒ်တိုင်းရင်းသားများအားလုံး၏ စဉ်လာမပျက် ကျင်းပပြုလုပ်သော ရိုးရာဇောမ့်ပွဲကို အကြောင်းပြု၍ကသော အကလည်း ဖြစ်သည်။

ဇောမ့်ဂေါ်အကကို အုပ်စုလိုက် (၁၀) ဦးမှ အထက် ကလေ့ရှိပြီး ကျားမအချိုးအစား တူညီစွာ ကရသော အကမျိုး ဖြစ်သည်။ တစ်ခါတစ်ရံတွင် အမျိုးသားများချည်း၊ တစ်ခါတစ်ရံတွင် အမျိုးသမီးများချည်း ကရသော ကကွက်များလည်းရှိသည်။ သို့သော်



ကကွက်ကဟန်များမှာ အားလုံးအတူတူပင်ဖြစ်သည်။ ဇောမ့်ဂေါ် အကကိုကရာတွင် အားလုံးသော အမျိုးသား အမျိုးသမီးများသည် ရိုးရာဝတ်စုံကို ဝတ်ဆင်ပြီးမှသာ ကရသည့် အကဖြစ်ပေသည်။



ဇောမ့်ပွဲတော်၌ကလေ့ရှိသော ဇောမ့်ဂေါ်အက

ဖိမ့်ခေါ် အလျားတစ်လံကျော်၊ ထိပ်ဝအချင်းနှစ်ပေရှိသည့် ဗုံရှည်ကြီး၊ ကျပ်ချင်း ခေါ် လင်းကွင်း၊ မန်းခေါ် မောင်းစသည့် အတီး အမှုတ်တူရိယာသံများအလိုက် ကကြရသည်။ မောင်းမှာ (၁၀) ထွာမောင်း၊ ကိုးထွာမောင်း၊ ရှစ်ထွာမောင်းဟူ၍ အရွယ် မတူသော မောင်းများဖြစ်ပြီး သုံးလုံးမှ ခြောက်လုံးအထိ ပါဝင်ရ လေသည်။ တီးလုံးတီးကွက်များမှာ “တန်းချန့်” တီးလုံး၊ “ပိတ်ကိုင်း” တီးလုံးနှင့် ရိုးရိုးတီးလုံးတို့ဖြစ်သည်။

တန်းချန့်တီးလုံးမှာ တစ်ချက်၊ လေးချက်၊ တစ်ချက်ဖြစ်ပြီး ဖြတ်၍ ရပ်၍ တီးရ၏။ ထိုတီးလုံးနှင့်တွဲဖက်၍ ကရသည့် ကဟန်မှာ ရှေ့သို့ပြေးသလိုလိုဟန်နှင့် ရပ်လိုက်ကဟန် အကြိမ်ကြိမ်ပြုလုပ်၍

ကရသော ခြေအကဖြစ်သည်။ ပိတ်ကျင်းတီးလုံးမှာ ဗုံ၊ မောင်း၊ လင်းကွင်းတို့ကို တစ်ပြိုင်တည်း သုံးချက်၊ တစ်ချက်၊ တစ်ချက်ဖြစ်ပြီး တစ်ချက်ချင်းစီ တီးခတ်ရသည်။ ပိတ်ကျင်းတီးလုံးနှင့် တွဲဖက်ကရသောအကမှာ ခြေကို ခုန်ဆွခုန်ဆွနှင့် တူရိယာစည်းဝါးတီးခတ်သံနှင့် စည်းချက်ကျကျဟန်ပန်မြူးကြွသည့်အကဖြစ်ရာ ညီညီညာညာ ရှိမှသာ ကြည့်၍ကောင်းပေသည်။ သို့ဖြစ်၍ ဗုံသံ၊ မောင်းသံ၊ လင်းကွင်းသံများနှင့်အညီ ခြေလှမ်းလှမ်းပုံ၊ ကြွပုံ၊ ချပုံများသည် ချိန်ကိုက်ထားသကဲ့သို့ စည်းကိုက်ဝါးကိုက်ဖြစ်ရန်လိုသည်။ သို့ဖြစ်၍ ကျွမ်းကျင်သူများကသာ ဦးဆောင်ပြီး ပါဝင်ကကြမည့်သူများ အားလုံးက ညီညီညာညာဖြစ်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရလေသည်။ ရိုးရိုးတီးလုံးမှာမူ မောင်းနှင့်ဗုံကို တစ်ချက်ချင်းစီတီးခတ်၍ တဖြည်းဖြည်းချင်းကရသော အကမျိုးဖြစ်သည်။ ပါဝင်ကသူများ အားလုံးသည် ဝဲဘက်လက်ကို ထောင်ထားပြီး အမျိုးသားများက ယာလက်မှဓားကိုင်၍လည်းကောင်း၊ အမျိုးသမီးများက ယာလက်မှ ပဝါ သို့မဟုတ် ယပ်တောင်ကိုကိုင်၍လည်းကောင်း ကရသော အကဖြစ်သည်။

ထိုသို့ကရာတွင် ရှေ့မှအကဦးဆောင်သူမှာ တစ်ဦးတည်း ဖြစ်၍ အတန်းတစ်တန်းတည်းသာရှိသည်။ တစ်ဦးတည်းသော ခေါင်းဆောင်၏ ဦးဆောင်မှုနောက်သို့ လိုက်၍ကရသော အကမျိုး ဖြစ်သည်။ အကဦးဆောင်သူသည် ဒေါင်းမြီးများစုချည်ထားပြီး ငှက်နှုတ်သီးတပ်ဆင်ထားသော ကြိမ်ဦးထုပ်ခေါ် ဦးဆောင်းကို ဆောင်းကာ ကရသည်။ ပွဲစသည်နှင့် ရှေ့မှခေါင်းဆောင်လုပ်သူက ဦးဆောင်ပြီး ကွင်းပြင်ကိုပတ်၍ ကရသည်။ ဇောမ်ဂေါကွင်းတွင် မနောတိုင်များစိုက်ထူထားပြီးဖြစ်ရာ ရှေ့မှအကဦးဆောင်သူသည် ပထမဆုံး မနောတိုင်ကို ဦးတိုက်အကဖြင့် က၍ အရိုအသေပြုရသည်။ ဓားကိုယာလက်မှ ခပ်မတ်မတ် ကိုင်ထားပြီး ကျန်သူများက ရှေ့မှ အကခေါင်းဆောင်ကသည့်ပုံစံအတိုင်း လိုက်ပါကရသည်။ ခြေကို ပုံမှန်ကြွ၍ မ၍ ဖြည်းညင်းသာယာ ဘယ်ညာယိမ်းနွဲ့ကရသော အကဖြစ်သည်။ ယောကျ်ား မိန်းမ အစုံလိုက်၊ ရှေ့နောက် အတန်းလိုက် လိုက်ပါကကြရသည့်အကပုံစံဖြစ်သည်။

ရှေးအခါက လာချိဒ်တိုင်းရင်းသားများသည် နတ်ကိုး ဘာသာဝင်များဖြစ်၍ နတ်ဟောဆရာကြီး၏ ဟောပြောမှု၊ ဦးဆောင်မှု၊ စေ့ဆော်မှုများအတိုင်း လိုက်ပါဆောင်ရွက်ရခြင်းဖြစ်ရာ ယဇ်ပူဇော်သည့် သားကောင်မှအစ ဇောမ့်ပွဲကျင်းပပြီးစီး အောင်မြင်အောင် အစစအရာရာ နတ်ဆရာ၏စီမံမှု၊ ဦးဆောင်မှုအတိုင်း နာခံရလေသည်။ သို့ဖြစ်၍ ဇောမ်ဂေါအကကို ကရာတွင်လည်း နတ်ဟောဆရာကြီး၏ နေရာတွင် တာဝန်ယူဦးဆောင်သူ၊ အကခေါင်းဆောင်သူပုဂ္ဂိုလ်၏ အကပုံစံအတိုင်း လိုက်ပါကကြရခြင်း ဖြစ်လေသည်။ ဇောမ့်ဂေါအကကို ကရာတွင် ရိုးရာပွဲတော်၏ ဆောင်ရွက်ပုံ၊ နည်းစနစ်များအတိုင်း ကနည်းကဟန်များလည်း ကွဲပြားခြားနားလျက်ရှိသည်။ သို့ဖြစ်ရာ ဇောမ်ဂေါအကတွင် ချမ်ဒါန်လစ်အက၊ ခေါမ်ဘော့ထွတ် အက၊ ဆင်ဂေါအက၊ ဝညစ်ဂေါအက၊ နှိုက်လော့လော့အကနှင့် ဂျမန်ဂေါအကများ ပါဝင်လေသည်။

## ချမ်ဒါန်လစ်အက

ဤအကမှာ အမျိုးသားများသာ ကရသည့်အကဖြစ်သည်။ တောင်ရှည်ပုဆိုးကို စလွယ်သိုင်းခြင်း၊ ခါးတောင်းကျိုက်ခြင်းပြု၍

ခါးကိုင်၍ ကရသော အကမျိုးဖြစ်သည်။ အမျိုးသား (၁၀) ဦးမှ (၁၅) ဦးအထိ ပါဝင်ပြီး အိမ်နတ်ခန်းမှစ၍ ကရသည်။ မိုးလင်းသည့်အခါတွင် အပြင်သို့ ထွက်၍ ကရသည်။ ၎င်းအကသည် ဇောမ့်ဂေါအက၏ ပထမဆုံးသော ကကွက်ဖြစ်သည်။ မနောတိုင်နှင့် မနောကွင်းကို ပထမဦးစွာ စစ်ဆေးကြည့်ရှုသော ကကွက်ကဟန်ဖြစ်သည်။

## ခေါမ်ဘော့ထွတ်အက

၎င်းအကမှာ အိမ်နတ်ခန်းမှစ၍ ကရသည်။ နတ်ခန်း၏ အတွင်း၌ အကခေါင်းဆောင်သူနှင့် အကတွင်ပါဝင်သူများအားလုံး၏ နောက်မှ လိုက်၍ ကရသည်။ အနည်းဆုံးအကအဖွဲ့နှစ်ဖွဲ့ရှိသည်။ မနောကွင်းက သူများအားလုံးကို စောင့်ရှောက်သည့်သဘောဖြင့် ကရသောအကလည်းဖြစ်သည်။ ဤအကကို အမျိုးသားများသာ ကရပြီး အက ကသူအားလုံးသည် တစ်ကိုယ်လုံးရွှံ့များ လူးကာ ကရသည့်အကဖြစ်၍ "ရွှံ့လူးအက" ဟုလည်း ခေါ်လေ့ရှိသည်။ ခေါမ်ဘော့ထွတ်အကကို ကသူအမျိုးသားများသည် ရေဘူးထမ်း၊ ဓား၊ ဒိုင်း၊ ကာတို့ကို ကိုင်၍ကရသည်။ မနောကွင်းအတွင်း၌ မကောင်းဆိုးဝါးများ ဝင်မလာစေရန် ခြောက်လှန့်ကာကွယ်သည့် ကကွက်များဖြင့် ကရသည်။

ရိုးရာမနောအိမ်တော်၏ အပြင်ဘက်ထွက်သည့်အချိန်တွင် အတန်း သုံးတန်းထားကာ နှစ်ခေါက်သုံးခေါက်ထိ ရိုးရာအိမ်တော် အိမ်ရှေ့တွင် ကပြီးမှ မနောကွင်းအတွင်းသို့ မနောအကခေါင်းဆောင်သူက ကကွက်များဖြင့် ဦးဆောင်ကရသည်။ ဤရွှံ့လူးအက



ကသူတို့မှာ မနောအက ကသူများအားလုံး၏ နောက်မှဖြစ်စေ၊ ဘေးမှဖြစ်စေ၊ အခြံအရံသဘောမျိုး လိုက်ပါကရခြင်းဖြစ်ပြီး အထိုး၊ အခုတ်၊ အတိုက်အခိုက်ဟန်အမူအရာဖြင့် တက်ကြွဖွယ်ကောင်းသည့် အကမျိုးဖြစ်သည်။

## ဆင်ဂေါအက

ဆင်ဂေါအကနှင့် ဝညှစ်ဂေါအကမှာ ဆက်စပ်လျက်ရှိသည်။ ဆင်ဂေါအကသည် အိမ်ရှင်များသာ ကကြရပြီး ဝညှစ်ဂေါအက အိမ်ရှင်နှင့်ဆွေမျိုးရင်းချာများ ရောနှော၍ ကရသော စုပေါင်းအကမှာ ဖြစ်သည်။ ဆင်ဂေါအကတွင် မနောပွဲကျင်းပရာ မနောအိမ်ရှင် အကခေါင်းဆောင်နှင့် မနောကွင်းအကခေါင်းဆောင်တို့မှာ တစ်ဦးနှင့်တစ်ဦး လေးစားသည့်သဘောဖြင့် ဂါရဝပြုသည့် အဓိပ္ပာယ်ပေါ်လွင်အောင် အရိုအသေပေး၍ ကရသောအကဖြစ်သည်။ လမ်းလျှောက်၍ ဖြည်းဖြည်းချင်း ကိုယ်အမူအရာကို လှုပ်ရှား၍ကရ၏။ ရိုးရိုးကဟန် ကကွက်ဖြစ်၍ သိမ်မွေ့သောအကမျိုးဖြစ်သည်။ အိမ်ရှင်မှာ ဝင်ပေါက်သီးသန့်ရှိပြီး ၎င်းဝင်ပေါက်မှသာဝင်၍ ကရခြင်းမျိုးဖြစ်၍ သတ်မှတ်ချက်ကို လိုက်နာမှုရှိရလေသည်။

## ဝညှစ်ဂေါအက

ဝညှစ်ဂေါအကမှာ မနောကွင်းအတွင်း၌ ကသည့်အခါ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သီးခြားစီဖြစ်ပြီး ဆုံဆည်းသည့်အခါ ဦးတိုက်သုံးကြိမ်ပြုပြီး ဆုံဆည်းပြီးမှသာ ပြန်၍ လမ်းခွဲကာ မိမိတစ်ဖွဲ့ချင်း အစီအစဉ်အတိုင်း ကရသည်။ ကဟန်မှာ ခြေကို လမ်းလျှောက်သည့်ဟန်ဖြင့် ကိုယ်ကိုဖြည်းဖြည်းချင်း လှုပ်ရှားကရသည့်အက

ဖြစ်သည်။ ကချိန်မှာ တစ်နာရီမှ နှစ်နာရီထိ ကြာလေသည်။ ဝဉ္စစ်ဂေါ်အကသည် ရှေ့မှဦးဆောင်ကသူ၏ နောက်သို့ ကျန်သူများအားလုံး လိုက်ပါကရခြင်းဖြစ်၍ အမျိုးသားများအားလုံးသည် ဓားကိုင်ကကြရပြီး အမျိုးသမီးများအားလုံးသည် ပဝါဖြူကိုကိုင်၍ ကကြရသည်။

## နှိုက်လော့လော့အက

ဇောမ့်ပွဲကျင်းပသည့်အခါ နံနက်မိုးမလင်းမီ (၄) နာရီအချိန်မှ (၅) နာရီအချိန်အတွင်း "ဇောမ့်နတ်" ကို ပြန်ပို့ရသည်။ နတ်စင်ခန်း၌သာ ကရသော အကမျိုးဖြစ်သည်။ စည်ရှည်တီးပြီး မောင်းကို ဒွမ်ဒွမ်ဒွမ်ဟု တစ်ချက်ချင်းစီထုပြီး ဇောမ့်နတ်ကို ပြန်ပို့ရသည်။ "ဒမ်ဆ" ခေါ် နတ်ဟောဆရာ၊ "ခိုင်ဂျောမ်" ခေါ် နတ်ကွင်းပြင်သူနှင့် "အီစိုင်" ခေါ် အစားအသောက် ဧည့်ခံကျွေးမွေးသူအားလုံးတို့က ဓားကိုယ်စီကိုင်၍ ကရသော အကမျိုးဖြစ်သည်။ စုစုပေါင်း လူဦးရေ လေးယောက်မှ (၁၀) ယောက်ထိသာ ပါဝင်ကခွင့်ရှိလေသည်။

## ဂျမန်ဂေါ်အက

ဂျမန်ဂေါ်အကမှာ ဇောမ့်ပွဲ၏ ပွဲသိမ်းအကဖြစ်သည်။ လူ (၁၀) ဦးပါဝင်၍ ကရသည်။ ရှေ့မှကသူသည် ထိပ်ဖျားပိုင်း၌ အရွက်အနည်းငယ်ချန်ထားသော တစ်ပင်တိုင်ဝါးကိုကိုင်၍ ကရသည်။ ၎င်းတစ်ပင်တိုင်ဝါးတွင် အဝါရောင်ကြိုးကွင်းများ ချိတ်ဆွဲထားရှိသည်။ တစ်ပင်တိုင်ဝါးကိုကိုင်၍ ကခြင်းမှာ ဇောမ့်ပွဲလာဧည့်ပရိသတ်များအားလုံး စားဝတ်နေရေးဖူလုံစေရန် ရည်ရွယ်



သည့်အဓိပ္ပာယ်ဖြစ်လေသည်။ ကကွက်မှာ "ပိတ်ကိုင်း" ခေါ် ခုန်ဆွခုန်ဆွဟန်ပန်မျိုးကြွ ကကွက်ကဟန်များ ဖြစ်သည်။ မောင်းကိုတစ်ချက်ချင်းစီ ဖြည်းဖြည်းမှန်မှန်ထု၍ လင်းကွင်းကို တစ်ချက်ချင်းဖြတ်၍ ဖြတ်၍ တီးပြီးကရသော အကဖြစ်သည်။ ဂျမန်ဂေါ်အကကိုကပြီးသည့်အခါ အခြားမည်သည့် အကများကိုမှ ဆက်လက်ကခွင့်မရှိတော့ချေ။



**မောင်းများချိတ်ဆွဲထားပုံ**

## ၂။ ဂျီဂေါ်အက

လာချိဒ်တိုင်းရင်းသားများ၏ ဂျီဂေါ်အကမှာ အိမ်သစ်တက်ပွဲတွင် ကသောအကဖြစ်သည်။ ရှေးဘိုးဘွားမိဘများအစဉ်အဆက်က ကျင်းပပြုလုပ်ခဲ့သော ရှေးမူမပျက် ရိုးရာအကတစ်မျိုးဖြစ်သည်။ လာချိဒ်တို့သည် မိမိတို့နေအိမ်ကို ဆယ်နှစ် သို့မဟုတ် ဆယ့်ငါးနှစ်လျှင်တစ်ကြိမ်ပြန်၍ အသစ်ဆောက်လုပ်လေ့ရှိကြသည်။ ဤသို့

နှစ်အတန်ကြာမှ တစ်ကြိမ်ကြုံရသော အိမ်သစ်တက်ပွဲကို အကအခုန်များဖြင့် စည်စည်ကားကား သိုက်သိုက်ဝန်းဝန်း ကျင်းပလေ့ရှိကြသည်။

အိမ်ဆောက်ရာတွင်လည်း အိမ်ရှင်ကို အိမ်နီးချင်းများ၊ ဆွေမျိုးရင်းချာများ၊ မိတ်ဆွေများက ဝိုင်းဝန်းကူညီဆောက်လုပ်ပေးကြ၏။ အိမ်ရှင်ကလည်း အိမ်ဆောက်ကူညီသူအားလုံးကို ထမင်း၊ ဟင်းလျာ၊ အရက်၊ ခေါင်ရည်စသည့် စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးပြုစုသည်။ အိမ်ဆောက်လုပ်ပြီးစီးသောညဉ့်ပင် အိမ်သစ်တက်ပွဲကို ကျင်းပသည်။ အိမ်သစ်တက်ပွဲကို ဆောက်လုပ်ပြီးစီးသော အိမ်သစ်ပေါ်၌ ကျင်းပရသည်။

ညဦးပိုင်း၌ အိမ်သစ်တက်ပွဲသို့ ရောက်လာသူများကို အိမ်ရှင်က ကောင်းမွန်စွာ ဧည့်ခံပြီး အပြန်အလှန်သီချင်းများ ဆိုကြသည်။ အိမ်သစ်တက်ပွဲလာ ကလေး လူကြီး၊ လူပျို အပျိုများအားလုံးတို့သည် တပျော်တပါးကြီး စုပေါင်းညီညာ သီဆိုကခုန်ကြသည်။ နေဝင်သည်မှ မိုးလင်းချိန်တိုင်ထိ တစ်ညလုံး သီချင်းဆိုပုံဆိုနည်းအမျိုးမျိုး၊ ကကွက်ကဟန်အမျိုးမျိုးတို့ဖြင့် သီဆိုကခုန်ကြလေသည်။

ဂျီဂေါ်အကကိုကရာတွင် အဘိုးအဘွားများ၊ အိမ်ထောင်သည်များ၊ လူပျိုအပျိုများ၊ ကလေးသူငယ်များ စသည်ဖြင့် ကိုယ့်အလှည့်နှင့် ကိုယ့်အချိန်နှင့်ကိုယ် ကကွက်ကဟန်အမျိုးမျိုး၊ အသံနေအသံထားအမျိုးမျိုးဖြင့် သီဆိုကခုန်လေ့ရှိကြသည်။ ရှေ့ဆုံးမှ အကဦးဆောင်သူ အမျိုးသားသည် “ရှလန်းညော့” ခေါ် အလွန်လှပသောအပင်တစ်ပင်၏ ရွက်နုသစ်ထွက်ပြုစ ပင်စည်နုများကို ဖက်ရွက်စိမ်းဖြင့် သေသပ်စွာ စည်းနှောင်ပြီး ဝဲဘက်လက်ကကိုင်၍ ယာဘက်မှ ဓားကိုကိုင်ကာ ဦးဆောင်ကရသည်။

ဂျီဂေါ်အကကိုကရာတွင် သီဆိုသည့် တေးသီချင်း၏ အဓိပ္ပာယ်မှာ အိမ်ဆောက်ရန် သစ်ဝါးစုဆောင်းပုံ၊ မိတ်ဆွေများက ဝိုင်းဝန်းဆောက်လုပ်ပုံ၊ အိမ်သစ်ဆောက်လုပ်ပြီးစီးပုံစသည်တို့ကို ရေးစပ်ထားသောသီချင်းများဖြစ်သည်။ ဂျီဂေါ်အက ကရာ၌လည်း သံချပ်သဖွယ် အတိုင်အဖောက်ညီညီ တေးသီချင်းသံများနှင့် လိုက်ဖက်အောင် ကခုန်ရခြင်းဖြစ်ရာ တစ်ညလုံး အုန်းအုန်းခြိမ့်ခြိမ့် ညံလျက် ပျော်ရွှင်မြူးထူးစွာ ရှိလှပေသည်။ ဤသို့ တစ်ညလုံး အလှည့်ကျ၊ အသက်အရွယ်အလိုက်၊ အချိန်အလိုက်၊ ကကွက်ကဟန် အမျိုးမျိုး၊ တေးသံစဉ်အမျိုးမျိုးတို့ဖြင့် ပျော်ရွှင်မြူးထူးစွာ ကခုန်နေရာမှ မိုးလင်းခါနီးအချိန်တွင် “လာရှင်း” ခေါ် နတ်သီချင်းကို ကျွမ်းကျင်သူ နတ်ဆရာက သီဆိုပေးရင်း ကပွဲကို အဆုံးသတ်ရသည်။

ဂျီဂေါ်အကမှာ ရှေးယခင်ကအိမ်သစ်တက်ပွဲများ၌သာ ကလေ့ရှိခဲ့သော်လည်း ယခုအခါ နိုင်ငံတော်အခမ်းအနားများ၌ပင် ကပြဖျော်ဖြေရသည်အထိ ရေပန်းစား အသုံးများလာသည့် လာချိဒ်ရိုးရာအက ဖြစ်လေသည်။

## ၃။ ဆိမ်ဂေါ်အက

ဆိမ်ဂေါ်အကကို တောင်ယာပွဲတော်တွင် ကလေ့ရှိသည်။ တောင်ယာပွဲသည် ကောက်ပဲသီးနှံများ ရိတ်သိမ်းပြီးချိန်၊ နောက်ထပ်စပါးမစိုက်ပျိုးခင် ဖိတ်ကြားထားသော နတ်များကို အိမ်ရှင်၏

အိမ်သို့ ပြန်လည်ခေါ်ဆောင်ရန် ကျင်းပပြုလုပ်သည့် ပွဲတော်ဖြစ်သည်။ တောတောင်ရေမြေနတ်များအားလုံးကို ပူဇော်ခြင်း၊ "ဆန်နမ်" အား ဘိုးဘွားစဉ်ဆက်သမိုင်းကို ပြောဆိုခြင်း၊ တိရစ္ဆာန်၊ အသီးအနှံများပြားအောင် တောင်းဆိုခြင်းများအတွက် ပူဇော်သောပွဲလည်းဖြစ်သည်။ "ဆန်နမ်" ကို ဝက်တစ်ကောင်၊ ကြက်နှစ်ကောင်သတ်၍ ဖက်ရွက်များပေါ်တင်ပြီး ပူဇော်ရသည်။ ကျန်ဖိတ်ကြားထားသည့်နတ်များအတွက် ငါးခြောက်ကို နှစ်ပိုင်းပိုင်းပြီး ချင်းတစ်ပြားစီထည့်ကာ ပူဇော်ပသရသည်။

သက်ဆိုင်ရာနတ်များကို ပူဇော်ပသပြီးသောအခါ ရွာသူရွာသားများအားလုံး ပါဝင်ကခုန်ကြသည်။ နတ်ဟောဆရာ သုံးဦးက ဦးဆောင်ရသည်။ ဒိုင်း၊ ကာကိုင်သည့်အဖွဲ့၊ ရွှံ့လူးအဖွဲ့ တို့သည်လည်း အသင့်ရှိနေရသည်။ ၎င်းနောက် အားလုံး အဆင်သင့်ဖြစ်သည်နှင့် စာခြောက်စင်ပြုလုပ်ထားသောနေရာသို့ သွားရောက်၍ ပင့်ဖိတ်ထားသောနတ်များ လာရောက်ရန် ကျွဲချိုမှုတ်ခြင်း၊ ဝါးလုံးခေါက်ခြင်းဖြင့် ဖိတ်ခေါ်ရသည်။ ထို့နောက် ဆိမ်ဂေါ်အကကို ပျော်ရွှင်စွာ ကခုန်ကြသည်။ နတ်ဟောဆရာ သုံးယောက်မှ "ဆိမ်နတ်" ကို ချီးမွမ်းပြောဆိုပြီး အမွှေတောင်း ရသည်။ ဒိုင်း၊ ကာကိုင်သူအဖွဲ့များကလည်း ရေဘူး ထမ်းသူထမ်း၊ ဆားဖြူးသူဖြူး၊ ချင်းကိုက်ထွေးသူထွေး၊ ဓားကိုင်ရမ်းသူရမ်း၊ တုတ်ကိုင်ကာကွယ်သူက ကာကွယ်စသည်ဖြင့် သရုပ်ဖော်ထားသော ကကွက်များကို ကကြသည်။ မကောင်းဆိုးဝါးများ ဝင်ရောက်နှောင့်ယှက်ခြင်း မပြုနိုင်ရန် ဤသို့ ပြုမူကခုန်ခြင်း ဖြစ်သည်ဟု ဆိုသည်။

ဤသို့ကခုန်ပြီးနောက် နတ်ဟောဆရာသုံးယောက်သည် တစ်ယောက်က ဆန်နမ်အား တိရစ္ဆာန်များ၊ ကောက်ပဲသီးနှံများ



တိုးပွားအောင် အမွှေတောင်းရသည်။ နောက်တစ်ယောက်က ဘိုးဘွားသမိုင်းကြောင်းကို ပြောရသည်။ ကျန်တစ်ယောက်ကမူ ပူဇော်ထားသော အသားငါးအားလုံးကို နတ်များမှ လာရောက်သုံးဆောင်ရန် ဖိတ်ခေါ်ရသည်။ ၎င်းနောက် အကတွင် ပါဝင်သူအားလုံးက အစားအစာများကို ဝိုင်းဖွဲ့စားသောက်ခြင်းဖြင့် ကပွဲအဆုံးသတ်လေတော့သည်။

## ၄။ ကျုံးဂေါ်အက

ကျုံးဂေါ်အကသည် ဝိညာဉ်ပြန်ခေါ်သောအကဖြစ်သည်။ နတ်ဟောဆရာဦးဆောင်ပြီး လူသုံးလေးဦးသာ ကရလေသည်။ လူတစ်ဦးတစ်ယောက်အတွက်ဖြစ်စေ၊ လူသားများအားလုံးအတွက်ဖြစ်စေ ဝိညာဉ်နှောင်ရေးအတွက် ဆုတောင်းမေတ္တာပို့ခြင်းသဘောဖြင့် ကရသည်။ ဤအကကို ကရာတွင် တစ်စုံတစ်ဦး နာမကျန်းဖြစ်လျှင်ဖြစ်စေ၊ အထိတ်တလန့်ဖြစ်စေ၊ ရိုးရာနတ်များကို တိုင်တည်ခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် ကရသောအကမျိုးဖြစ်သည်။ နတ်ဆရာက နတ်ရေးနတ်ရာ၊ နတ်အခေါ်အဝေါ် စကားလုံးများကို ပြောဆိုသုံးနှုန်းပြီး ကရခြင်းမျိုးဖြစ်သည်။

## ၅။ လာမြုံ့ဂျိအက

လာချိဒ်များသည် လာမြုံ့ဂျိအကကို နှစ်သစ်မကူးမီ ရက်သတ္တသုံးပတ်အလိုတွင် နှစ်သစ်ကူးပွဲတော်၌ လုံလောက်စွာ သုံးစွဲနိုင်ရန် ခေါင်ရည်၊ အရက်၊ ထမင်း၊ ဖက်၊ ဆန်၊ အသား၊ ငါး

များကို ကြိုတင်ရှာဖွေစုဆောင်းထားရသည်။ နှစ်ဟောင်းကုန်တော့မည့် ဒီဇင်ဘာလနောက်ဆုံးရက်တွင် (လာဟူ်တို့အခေါ် ဂျိတ်ကျော့လ) ရက်စေ့သော ညနေပိုင်းတွင် အိမ်တိုင်းသည် အိမ်တွင်းအိမ်ပြင် သန့်ရှင်းရေးပြုလုပ်ပြီး နှစ်သစ်ကို စောင့်မျှော် ကြရသည်။

သန်းခေါင်ယံကြက်ဦးတွန်ခါနီးချိန်မှစ၍ နှစ်သစ်သို့ ရောက်မည်။ စိတ်သစ်ကိုယ်သစ်မွေးရတော့မည်ဟု အောက်မေ့ကြကာ ရေဟောင်း၊ ထင်းဟောင်းများကို စွန့်ပစ်ကြသည်။ ကြက်တွန်သံကြားသည်နှင့် ရေသစ်များခပ်ယူကာ ကိုယ်လက်မျက်နှာတို့ကို ဆေးကြောသန့်စင်ကြသည်။ ဤသို့ ဆေးကြောခြင်းမှာ ကိုယ်တွင်းကိုယ်ပရှိ အနာရောဂါများ ပျောက်ကင်းခြင်း၊ မကောင်းဆိုးဝါးများကင်းစင်ခြင်းဖြစ်စေသည်ဟု ယုံကြည်ကြသည်။ ထို့နောက် ရေသန့်ဖြင့် ခေါင်ရည်စိမ်ခြင်း၊ ရေနွေးကျိုခြင်း၊ ထမင်းဟင်းချက်ခြင်းများ ပြုလုပ်ကြသည်။ နှစ်သစ်ရောက်၍ ဝမ်းမြောက်ဝမ်းသာပျော်ရွှင်သည့် သဘောဖြင့်လည်းကောင်း၊ နတ်များကို ပူဇော်သည့်သဘောဖြင့်လည်းကောင်း သေနတ်ပစ်ဖောက်ခြင်း၊ မောင်းထုခြင်းများ ပြုကြသည်။

တစ်အိမ်မှတစ်အိမ်သို့ ကူးလူးသွားလာသည့်အခါ ရေသစ်၊ ထင်းသစ်များဖြင့် ချက်ပြုတ်ထားသော ထမင်းဟင်းလျာများကို ဖက်သစ်များဖြင့် တည်ခင်းကျွေးမွေးခြင်း၊ အရက်ခေါင်ရည်များကို သောက်သုံးခြင်း၊ ထမင်းဟင်းလျာများကို စားသောက်ခြင်း၊ အိမ်ရှင်များဝေငှသော ထမင်းထုပ်များကို စားသောက်ခြင်းပြုကြသည်။ တစ်အိမ်တက်ဆင်း အရက်ခေါင်ရည်၊ ကြက်သားဟင်း၊ ကောက်ညှင်းပေါင်းစသည်တို့ကို လှည့်လည်စားသောက်ကာ တစ်ရွာလုံး၊ တစ်နယ်



လုံး စည်ကားသိုက်မြိုက်စွာ နှစ်သစ်ကူးပွဲကို ကျင်းပကြသည်။ နောက်ဆုံးအလှည့်ကျသော အိမ်တွင် "လာမြှို့ဂျီအက" ကို ကခုန်ကြသည်။

နှစ်ဟောင်းကုန်၍ နှစ်သစ်လွန်မြောက်သောကာလ ရှက်ဟောင်းညာကြွေ ရွက်သစ်ဝေသောကာလတွင် ပန်းတွေ ဝေစီဖူးပွင့်ပြီးဖြစ်



လာမြှို့ဂျီအကခေါ် နှစ်သစ်ကူးအက

၍ မကြာခင် တောင်ယာခင်းများကို စိုက်ပျိုးလုပ်ကိုင်ကြရတော့မည်။ လုပ်ငန်းခွင်ကိုယ်စီဝင်ကြရတော့မည်ဟု အဓိပ္ပာယ်ပါသော ကြည်နူးဖွယ်ရာ နှစ်သစ်ကူးတေးသီချင်းကို သီဆိုကခုန်ကြသည်။ လူပျို၊ အပျို၊ ကလေးလူကြီးအားလုံး စုပေါင်း၍ လာမြှို့ဂျီအကကို ကခုန်ကြလေသည်။

လာမြှို့ဂျီအကမှာ လာဟူ်တိုင်းရင်းသားများအနေဖြင့် ရိုးရာဝတ်စုံကို ဝတ်ဆင်ခြင်းမရှိဘဲ မိမိတို့ သင့်လျော်ရာဝတ်စုံ အဝတ်

အထည်များကို ဝတ်ဆင်ကကြခြင်း ဖြစ်သည်။ နောက်ဆုံးတည်ခင်းဧည့်ခံသောအိမ်၌ ကခုန်ကြလေသည်။ ဥပမာ အရပ်ထဲတွင်မည်သည့်အိမ်ကို နောက်ဆုံးအိမ်ဟု သတ်မှတ်မည်ကို အားလုံးကညှိနှိုင်းထားခြင်းမျိုးမဟုတ်ဘဲ နီးစပ်ရာ ခင်မင်ရာလူများကနောက်ဆုံးကျရောက်သောအိမ်မှာ ပျော်ပျော်ပါးပါး စားသောက်ကခုန်ကြခြင်းမျိုးဖြစ်ရာ တစ်ရပ်လုံး တစ်နယ်လုံး၌ ထိုသို့သောလာမြူဂျီအက ကခုန်သည့်အိမ်မှာလည်း နေရာအနှံ့ရှိနိုင်လေသည်။ ဤသည်မှာ လာချိဒ်တိုင်းရင်းသားတို့၏ စိတ်ဝင်စားဖွယ်၊ စိတ်ရွှင်လန်းဖွယ် ရိုးရာဓလေ့တစ်ခုဖြစ်ကြောင်း တွေ့ရှိရသည်။

## ၆။ ဂဘန့်ဂေါအက

လာချိဒ်တို့၏ ဂဘန့်ဂေါအကသည် အသုဘအခမ်းအနားများ၌ ဝမ်းနည်းပူဆွေးခြင်း၊ ယူကျုံးမရဖြစ်ခြင်းများနှင့် ကြုံတွေ့ရသောအခါ ကလေ့ရှိသောအကမျိုးဖြစ်သည်။ ဤဂဘန့်ဂေါအကနှင့်ပတ်သက်၍ ပုံပြင်တစ်ခုရှိခဲ့သည်ဟု ဆိုသည်။

ရှေးအခါက လူသားတို့သည် သေခြင်းတရားမရှိကြဟု ဆိုသည်။ ကောင်းကင်ဘုံတွင် "မုတ်ဇော်" ခေါ် နတ်တစ်မျိုးရှိသည်။ ထိုမုတ်ဇော်တို့သေလျှင်သာ ဂဘန့်ဂေါပွဲကျင်းပပြီး ဂဘန့်ဂေါအကကို ကကြသည်ဟု ဆို၏။ ထိုမုတ်ဇော်တို့၏ ဂဘန့်ဂေါပွဲသို့ လူသားများကိုဖိတ်ကြား၍ ကျင်းပရာမှ မုတ်ဇော်တို့၏ ခြေလက်ညီညီ၊ ကကွက်ကဟန်လှလှပပဖြင့် ကပြကြသည်ကို လူသားတို့က ကြည့်ရှုလေ့လာပြီး အားကျလာရာ လူသားတို့လည်း ကချင်သည့် စိတ်ဓာတ်ပေါ်ပေါက်လာသည်ဟု အဆိုရှိကြလေသည်။ မုတ်ဇော်တို့၏ အသုဘပွဲမှ အပြန်တွင် ရှဉ့်ငပေါတစ်ကောင်ကို ပစ်ခတ်ရရှိခဲ့ရာ ၎င်းကိုလူသေအလောင်းသဖွယ် ပြင်ဆင်ပြီး ဂဘန့်ဂေါ ကပွဲကျင်းပကြလေသည်။ ထိုပွဲသို့ မုတ်ဇော်တို့ပါလာရောက်သည်။ မုတ်ဇော်တို့က လူဆိုတာ သေခြင်းမရှိ၊ ဤအလောင်းသည် လူ၏ အလောင်းမဟုတ်တန်ရာဟု သံသယရှိကြသည်ဟု ဆိုသည်။

ထို့ကြောင့် မုတ်ဇော်တို့သည် ဂဘန့်ဂေါအကကို ကခုန်ရင်းမှ မိမိတို့ခြေမ၌ ပျားဖယောင်းများသုတ်ကာ အလောင်းကို ဖုံးထားသည့်အဝတ်ကို မတော်တဆနင်းမိသည့်ဟန်ဖြင့် နင်း၍ ဖုံးထားသောအဝတ်ကို ပျားဖယောင်းဖြင့် ခြေ၌ ကပ်ငြိပါလာစေရန် ပြုသည်။ ထိုအခါ လူသေအလောင်းမဟုတ်ဘဲ ရှဉ့်တစ်ကောင်ဖြစ်နေကြောင်း သိရှိသွားလေသည်။ ထို့ကြောင့် မုတ်ဇော်ခေါ် နတ်တစ်မျိုးက "လူသားတို့သည် သေခြင်းကို လိုလားကြသလား၊ လူတွေမှာလည်း သေခြင်းရှိစေတော့" ဟု ပြောဆိုကာ ကောင်းကင်ဘုံသို့ ပြန်သွားကြသည်။ ထိုအချိန်မှစ၍ လူသားတို့၌ သေခြင်းတရားရှိလာသည်ဟု အဆိုရှိလေသည်။

ဤသို့ဖြင့် လာချိဒ်တိုင်းရင်းသားများသည် လူသေပြီဆိုပါက အသုဘအခမ်းအနားကျင်းပကာ ဂဘန့်ဂေါအကကို ကလာကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ အသုဘအိမ်၌ ညလုံးပေါက် ဝမ်းနည်းပူဆွေးစွာ ဂဘန့်ဂေါအကကို ကကြသည်။ သေဆုံးသူ၏ ဘဝတစ်လျှောက်လုပ်ဆောင်ချက်များကို သရုပ်ဖော်သည့် ကကွက်ကဟန်များဖြင့် ကကြသည်။ သေသူအသက်ရှင်စဉ်က ရပ်ကျိုးရွာကျိုး သယ်ပိုးဆောင်ရွက်ခဲ့ပုံများကို ဖွဲ့နွဲ့သီဆိုကလေ့ရှိကြသည်။ သေဆုံးသူ၏ ဘဝကူးကောင်းရေးအတွက်လည်း ဂဘန့်ဂေါအက

ကို ကခြင်းဖြစ်သည်ဟု ဆိုကြသည်။ အရွယ်အစားမတူညီသော မောင်းသုံးလုံးကို တစ်ပြိုင်တည်း တီးကာ မောင်းသံကို စည်းချက်ယူ၍ ကခြင်းဖြစ်သည်။ အသုဘအခမ်းအနား လာရောက်သူများ အားလုံး ဝမ်းနည်းသည့် သဘောဖြင့် စုပေါင်းကကြရသည်။

ယခုအခါ လာချိဒ်တို့သည် နတ်ကိုးကွယ်မှုများ လျော့နည်းလာပြီး ခရစ်ယာန်ဘာသာဝင်များဖြစ်လာကြကာ ဂဘန့်ဂေါ်အကကခြင်းအလေ့သည် မှေးမှိန်စပြုလာပြီဖြစ်သည်။ သင်းအုပ်ဆရာများ၊ သင်းထောက်ဆရာများ၊ ဓမ္မဆရာများမှ ဦးဆောင်၍ ဘုရားသခင်ထံ ဆုတောင်းပေးခြင်း၊ မေတ္တာပို့ခြင်း၊ သေသူ၏ ဝိညာဉ်အတွက် နောင်ရေးကောင်းစေရန် ဝတ်ပြုကိုးကွယ်ခြင်း၊ ကောင်းကင်ဘုံသို့ ပို့ဆောင်ပေးခြင်းတို့ ရှိကြလေသည်။ သို့သော် လည်း အချို့ဒေသများတွင် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံကို ထိန်းသိမ်းသည့်အနေဖြင့် ဂဘန့်ဂေါ်အကကို ဆက်လက် ကပြလျက်ရှိကြသည်။

## အပျို လူပျိုလှည့်ပုံ

(၁၂) နှစ်အရွယ် လာချိဒ်အမျိုးသမီးနှင့် (၁၃) (၁၄) နှစ်အရွယ် လာချိဒ်အမျိုးသားတို့ကို အရွယ်ရောက်၍ အပျိုလူပျိုဖြစ်ပြီဟု သတ်မှတ်ကြသည်။ ထိုအရွယ်တွင် ဝတ်စားဆင်ယင်မှုမှာလည်း ထူးခြားမှုများရှိလာသည်။ မိန်းကလေးများမှာ မိမိတို့ကိုယ်တိုင်အဝတ်အထည်ကို ရက်လုပ်ကြ၍ လှပသေသပ်စွာ ဝတ်ဆင်လာကြသည်။ အပြင်အိမ်မှုကိစ္စများကိုလည်း ကျွမ်းကျင်စွာ တတ်မြောက်လာကြသည်။ ယောကျ်ားလေးများမှာ ထိုအရွယ်တွင် တောင်ယာလုပ်ခြင်း၊ အမဲလိုက်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက် နေကြပြီဖြစ်ပေသည်။

အပျိုဘော်၊ လူပျိုဘော်ဝင်လာသော အချိန်မှစတင်ပြီး အပျိုလှည့်ခြင်း၊ လူပျိုလှည့်ခြင်းများ ရှိလာကြသည်။ အပျို လူပျိုတို့သည် လွတ်လပ်ပျော်ပါးစွာ နေထိုင်ခွင့်ရှိကြသည်။ သို့သော် မိဘများ၏ ထိန်းချုပ်မှု၊ ဘာသာတရား၏ ထိန်းချုပ်မှုအောက်တွင် နေထိုင်ခြင်းသာဖြစ်သည်။ ရှေးယခင်နတ်ပူဇော်သောကာလ၌ အိမ်များတွင် အပျိုခန်း၊ လူပျိုခန်းဟူ၍ ရှိသည်။ အပျိုလူပျိုလှည့်ရာတွင် ကြားမှ အောင်သွယ်က ဆောင်ရွက်ပေးရသည်။ အပျိုခေါင်း 'ဇမြိဦးဂျုံ' နှင့် လူပျိုခေါင်း 'ဇရာဦးဂျုံ' တို့ရှိကြသည်။

လာချိဒ်တိုင်းရင်းသားတို့၏ အပျိုလူပျိုလှည့်ပုံမှာ စိတ်ဝင်စားစရာကောင်းသည်။ အခြားရွာမှ ဧည့်သည်အပျိုလာလျှင် လူပျိုများသည် အပျိုခေါင်း (သို့) လူပျိုခေါင်းကို မိန်းကလေးတည်းခိုသည့်အိမ်ကို စေလွှတ်သည်။ အပျိုခေါင်း (သို့) လူပျိုခေါင်းသည် ဧည့်သည်မိန်းကလေးတည်းခိုသော အိမ်သို့ရောက်လျှင် မိတ်ဆက်စကားပြောဆိုပြီး တိတ်တဆိတ်ဖွက်၍ယူလာသော ကွမ်းထုပ်အား ဧည့်သည်မိန်းကလေးမသိအောင် အိမ်မှအိမ်သားတစ်ယောက်ကို ပေးပြီး ပြန်သွားလေသည်။ ထိုသို့ပေးရာတွင် ဧည့်သည်မိန်းကလေး မသိရပေ။ ဧည့်သည်မိန်းကလေးအား အိမ်ရှင်မှ ကွမ်းထုပ်နှင့်အတူ လူပျိုဆောင်သို့ ပို့ဆောင်ပေးရသည့် ထုံးစံရှိသည်။ အပျိုလူပျို တွေ့ဆုံကြပြီးနောက် စကားပြောကြခြင်း၊ စကားနိုင်လုခြင်း၊ စကားထာဝှက်ခြင်း၊ သီချင်းဆိုခြင်းများ ပြုလုပ်ပြီး အပျို လူပျိုများ စုပေါင်း၍ အိပ်ကြသည်။ ထိုသို့အိပ်ရာတွင် အခန်းတစ်ခန်းတည်း၌ ယောကျ်ားလေး အုပ်စုကတစ်ဘက်၊ မိန်းကလေးအုပ်စုက တစ်ဘက် အိပ်ကြခြင်းဖြစ်သည်။ နောက်တစ်နေ့နံနက် လူကြီးများ မနိုးခင် အချိန်တွင် ပြန်ကြရသည်။ ကွမ်းထုပ် (သို့) လက်ကိုင်ပဝါများကိုလည်း လက်ဆောင်အဖြစ်ပေးကာ လဲလှယ်ကြလေသည်။

အပျိုများမှလည်း မိမိတို့ရွာသို့ ဧည့်သည်လူပျိုများရောက်ရှိလာပါက လူပျိုခေါင်း (သို့) အပျိုခေါင်းမှတစ်ဆင့် မိတ်ဆက်ခြင်း ပြုကြသည်။ အကယ်၍ ဧည့်သည်လူပျိုရောက်ရှိလာသည်ကို သိသော်လည်း ရွာခံအပျိုများက လာရောက်မိတ်ဆက်ခြင်း၊ စကားပြောခြင်း၊ စကားထာဝှက်ခြင်း၊ သီချင်းဆိုခြင်း မပြုလုပ်ပါက ဧည့်သည် လူပျိုသည် ရွာခံအပျိုများကို ကဲ့ရဲ့ပြီးပြန်သွားသဖြင့် ရွာခံလူများက အရှက်ရစရာဖြစ်တတ်သည်။



အပျိုလူပျိုများသည် ဓလေ့ထုံးစံအရ လွတ်လပ်စွာပျော်ပါးကြသော်လည်း လက်မထပ်မီ ကျူးလွန်ခြင်း အလွန်နည်းပါးသည်။ ကျူးလွန်လျှင်နတ်များက မကြိုက်ဟုယူဆကြသည်။ လာချိဒ်တို့တွင် တားမြစ်ချက်များရှိသည်။ အိပ်နေသောမိန်းကလေး၏လုံချည်ကို ယောကျ်ားလေးကမဆွဲရ၊ မကိုင်ရပေ။ တမင်တကာ ဆွဲလျှင် ကြက်နှစ်ကောင်၊ ဝက် တစ်ကောင်အလျော်ပေးရသည်။ မိန်းကလေး၏ အိမ်စောင့်နတ်ကို ပူဇော်ပသရန် ဖြစ်သည်ဟု ဆိုသည်။ အကယ်၍ မိန်းကလေး၌ ကိုယ်ဝန်ရှိလာပြီး လက်ထပ်ယူလျှင် ကွမ်းဖိုးဟုသတ်မှတ်၍ မယူလျှင် လျော်ကြေးဟုသတ်မှတ်၍ ပေးရသော ပစ္စည်းများ ရှိသည်။ ၎င်းတို့မှာ

| | | |
|---|---|---|
| ၁။ | ကျွဲ | တစ်ကောင် |
| ၂။ | ၁၀ ထွာမောင်း | တစ်လုံး |
| ၃။ | တောင်ရှည်ပုဆိုး | တစ်အုပ် |
| ၄။ | ပုတီး | တစ်ကုံး |
| ၅။ | အဝတ်အစား | တစ်စုံ |
| ၆။ | ဓား | တစ်ချောင်း တို့ဖြစ်သည်။ |

လာချိဒ်ယောကျ်ားလေးတစ်ယောက်သည် သူပြစ်မှားသော မိန်းကလေး ကိုယ်ဝန် (၇) လခန့်ရှိသောအခါ မီးဖွားရန်အတွက် သူ၏နေအိမ်သို့ ခေါ်ဆောင်လာရသည်။ မီးဖွားရန်ကိစ္စအားလုံးကိုလည်း တာဝန်ယူရသည်။ မီးဖွားပြီးလျှင် မိန်းကလေး၏ မိဘများထံ ပြန်ပို့ရသည်။ တစ်ချို့ယောကျ်ားလေးများသည် သူတို့မှားယွင်းခဲ့သော မိန်းကလေးတို့ကို မယူသော်လည်း မွေးဖွားလာသောကလေးကို ယူကြသည့်ဓလေ့ကို တွေ့ရှိရသည်။

ယခုအခါ ရှေးကကဲ့သို့ အပျိုလူပျိုလှည့်ခြင်းကို မတွေ့ရတော့ပေ။ ရှေးက တောင်ယာလုပ်ငန်းကိုသာ လုပ်ကိုင်ကြသောကြောင့် တောင်ယာနားချိန်၌ အချိန်ပိုများရှိသည်။ ယခုအခါတွင် တောင်ယာလုပ်ငန်းအပြင် အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရခြင်းကြောင့် အချိန်ပိုမရှိသလောက်အောင်ပင် ဖြစ်သည်။ သို့ဖြစ်၍ အပျို လူပျိုလှည့်ခြင်းကို မတွေ့ရတော့ပေ။ ယခုအခါ လူပျို လူပျိုတို့ ချစ်ကြိုက်ပါက မိဘများသဘောတူလျှင် တောင်းရမ်းလက်ထပ်ယူကြရသည်။

## လက်ထပ်ထိမ်းမြားခြင်း

လာချိဒ်တို့သည် သားယောက်ျားလေးမှ ရိုးရာနတ်များနှင့်အတူ ကွယ်လွန်ပြီးသော ဘိုးဘွားများကို ပူဇော်ရန် တာဝန်ရှိလေသည်။ အကယ်၍ သားများ အိမ်ထောင်မပြုတော့ဟုဆိုပါက ထိုသား ကွယ်လွန်ချိန်တွင် ဘိုးဘွားမိဘများကို ပူဇော်ကန်တော့မည့်သူမရှိနိုင်ပေ။ သို့ဆိုပါက ကွယ်လွန်ပြီးဖြစ်သည့် ဘိုးဘွားမိဘတို့သည် ဝိညာဉ်ပူဇော်ရန် မလွယ်ကူတော့၊ မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် ဘိုးဘွားမိဘတို့၏ ဝိညာဉ်များကို ပူဇော်ရန် မိဘများက မိမိတို့မသေမီကပင် သားများကို အိမ်ထောင်ချထားပေးကြလေသည်။

သား၊ မြေးယောက်ျားများထွန်းကားပါက လူကြီးမိဘများအဖို့ အသေဖြောင့်ကြသည်ဟု ဆိုသည်။ သို့ဖြစ်၍ လာချိဒ်တိုင်းရင်းသားတို့သည် သားယောက်ျားများကို လိုလားကြသည်။ အဓိကမှာ မိမိတို့၏ အိမ်ထောင်စုအနွယ်များ အဓွန့်ရှည်တည်မြဲရေးအတွက် ရည်ရွယ်ခြင်းဖြစ်သည်။

ဤသို့ တစ်အိုးတစ်အိမ် ထူထောင်ရန်မှာ လာချိဒ်တို့၏ အရေးကြီးသော လူမှုရေးကျင့်ဝတ်တစ်မျိုးဟု ဆိုနိုင်သကဲ့သို့ မိဘဘိုးဘွားတို့၏ ရိုးရာဓလေ့အဖြစ် ယနေ့တိုင် လက်ခံနေကြဆဲဖြစ်သည်။

ယောက်ျားလေးသည် မိမိနှင့်လက်ထပ်မည့် အမျိုးသမီးကို ရှာဖွေရသည်။ ရှာဖွေမရပါက နတ်ဟောဆရာကို အားကိုးရသည်။ နတ်ဟောဆရာ၏ ဟောကြားချက်အရဖြစ်စေ၊ မိမိအစွမ်း အစဖြင့် ရရှိ၍ဖြစ်စေ အိမ်ထောင်ဖက် အမျိုးသမီးကို ရှာဖွေတွေ့ရှိ ပါက လက်ထပ်ထိမ်းမြားခြင်းမပြုမီ စေ့စပ်ကြောင်းလမ်းရေး လုပ်ငန်းကို ဦးစွာလုပ်ဆောင်ရလေသည်။

## (က) စေ့စပ်ကြောင်းလမ်းခြင်း

လာချိဒ်တိုင်းရင်းသားတို့သည် ပထမဦးစွာ သတင်း ဆက်သွယ်ကမ်းလှမ်းခြင်းအတွက်

၁။ တောင်ရှည်ပုဆိုးတစ်ထည်

၂။ လက်ဖက်ပေါင်းတင်တစ်ချောင်း

၃။ အရက်ဘူးနှစ်ဘူး

တို့ကိုပေးကာ အောင်သွယ်နှင့် ကမ်းလှမ်းရသည်။ ၎င်းကို "ဒန်မြိ" ဟုခေါ်သည်။ ၎င်းနောက် စေ့စပ်ကြောင်းလမ်းရန် အခွင့် ရရှိသည်နှင့် ယောက်ျားကြီးတစ်ဦးနှင့် မိန်းမကြီးတစ်ဦးတို့က သွားရောက်စေ့စပ်သည်။ ၎င်းတို့နှစ်ဦးသည် သတို့သမီး၏ မိသားစု နှင့်ပါ ရင်းနှီးပြီး အပြောအဆိုကျွမ်းကျင် လိမ္မာသူဖြစ်ရမည်။ ပဏ္ဏာမကွမ်းဖိုးအဖြစ်

၁။ ကျွဲ (သို့) နွားတစ်ကောင်

၂။ တောင်ရှည်ပုဆိုးတစ်ထည်

၃။ ရိုးတံရှည်ဆေးတံတစ်ခု



၄။ သိုးမွေးဖျာတစ်ချပ်

၅။ ဆယ်ထွာမောင်းတစ်လုံး

၆။ ယောက္ခမလောင်းများအတွက် မောင်းတစ်လုံး

၇။ ဝက်တစ်ကောင်

၈။ ရိုးရာပလိုင်းတစ်ခု

၉။ ပုတီးတစ်ကုံး

တို့ကို ပေးရသည်။ ၎င်းကို "ထိန်းခိုက်တော" ဟုခေါ်သည်။ ထိုအခါ သတို့သမီးဘက်မှ လက်ခံသည့်အနေဖြင့် မခုတ်ဓားနှင့် မထိုးလှံကို အပ်နှင်းကြသည်။ သတို့သမီးဖခင်မှ ပဏ္ဏာမကွမ်းဖိုး ပေးလာသော မောင်းကို သုံးချက်တီးကာ သဘောတူကြောင်းပြ လေသည်။ ၎င်းနောက်အတည်ပြုကွမ်းဖိုးအနေဖြင့်

၁။ ခုနှစ်ထွာ မောင်းတစ်လုံး

၂။ တောင်ရှည်ပုဆိုးတစ်ထည်

၃။ ကြက်ဥ၊ အရက်၊ ကောက်ညှင်းပေါင်း အပါအဝင် ရိုးရာ ပလိုင်းတစ်လုံးတို့ကို ပေးရသည်။ အထက်ပါကိစ္စများပြည့်စုံပြီး မင်္ဂလာရက်ကို ညှိနှိုင်းသတ်မှတ်သည်။ မင်္ဂလာဆောင်ရာတွင် လဆန်းပိုင်း၌ ပြုလုပ်ပြီး စုံရက်ကိုသာ ရွေးချယ်လေ့ရှိသည်။ ထိုဓလေ့ကို ယနေ့တိုင် ကျင့်သုံးဆဲဖြစ်သည်။ ပစ္စည်းများကို ထမ်းရန် အတွက် လူများကိုလည်း ခေါ်သွားရသည်။

## (ခ) ဖုတ်ဝက်နှင့် ချောက်ဝက်

သမက်က ယောက္ခမများအား ပေးရသော ကွမ်းဖိုးကို ဖုက်ဝက်ဟုခေါ်သည်။ ယောက္ခမဘက်မှ သမက်ဘက်သို့ ပြန်ပေးရ

သော ကွမ်းဖိုးကို လျှောက်ဝက်ဟု ခေါ်သည်။ လျှောက်ဝက်မှာ အမွေခွဲပေးသည့် သဘောဖြစ်သည်။

မိမိက တောင်းရမ်းလိုသည့် မိန်းကလေး မိဘများထံသို့ ပထမဦးစွာ မိခင်ကွမ်းဖိုးအဖြစ် အောက်ပါတို့ကို ယူလာရသည်။

၁။ နွားတစ်ကောင်
၂။ မောင်းတစ်လုံး
၃။ တောင်ရှည်ပုဆိုးတစ်အုပ်
၄။ လှံတစ်ချောင်း
၅။ ဓားတစ်လက်
၆။ ခေါင်ရည်၊ အရက်၊ ကြက်ဥ၊ ဆန်၊ ကောက်ညှင်းဆန်နှင့်အတူ အစားအသောက် အထမ်း နှစ်ထမ်း

၎င်းပစ္စည်းများကို မိန်းကလေးမိဘများအား ပေးကာ မိခင်ဖြတ်ပွဲခေါ် ဖုတ်စောဖြတ်ပွဲ ပြုလုပ်ရသည်။ ၎င်းနောက် တောင်ရှည်ပုဆိုးတစ်အုပ်၊ အရက် (၅) ပုလင်း၊ ကြက်ဥ (၂၅) လုံး၊ ဆန်တစ်တင်းဖြင့် ယောက္ခမ၏ သမီးကို ရလိုကြောင်း တောင်းဆိုရသည်။

ယောက္ခမများက သဘောတူလက်ခံလျှင် အထက်ပါ ကွမ်းဖိုးများအားလုံးကို လက်ခံသည်။ သဘောမတူပါက သမက်ယူလာသော တောင်ရှည်ပုဆိုးကို ဓားတစ်လက်နှင့် ပူးတွဲပြန်ပေးသည်။ ယခုအချိန်အခါ၌ သမီးနှင့်လက်ထက်ရန် အခြေအနေမရှိသေးကြောင်း၊ ယခုပေးလိုက်သော ဓားဖြင့် လမ်းသစ်၊ ယောက္ခမအသစ်ရှာကြရန် ပြန်ကြားပြောဆိုလေ့ရှိသည်။

ဤသို့ဖြင့် မိမိနှစ်သက်သော မိန်းကလေးအား ရရှိစေရေးအတွက် ယောက္ခမသစ်ကို ထပ်မံရှာဖွေရသည်။ ယောက္ခမသစ်ရ၍



၎င်း၏ သမီးအား တောင်းဆိုတော့မည်ဆိုပါက အထက်က ဖော်ပြခဲ့သည့် ယောက္ခမလောင်းအား မောင်း (သို့မဟုတ်) တောင်ရှည်ပုဆိုးတစ်အုပ်ကို သမီးချေးငှားသည့်သဘော ပေးရသည်။ ထိုသို့ပြန်ပေးပြီးမှသာ မိမိမင်္ဂလာပွဲကို ဆက်လက်ဆောင်ရွက်ရလေသည်။

ပထမဆုံးတင်ရသော ကွမ်းဖိုးကို မင်းဖြတ်ဟုခေါ်သည်။ မောင်း တစ်လုံး၊ တောင်ရှည်ပုဆိုး နှစ်အုပ်၊ ဝက် တစ်ကောင်၊ ကြက်ဥ (၅၀) လုံး၊ ခေါင်ရည်၊ အရက်၊ ကောက်ညှင်းဆန်နှင့် အစားအသောက် နှစ်ထမ်း တင်ရပြီး ယောက္ခမဘက်ကမူ သမက်အား မခုတ်ဓား တစ်လက် ပြန်ပေးသည်။

ထို့နောက် ကျွဲ တစ်ကောင်၊ နွား တစ်ကောင်၊ မောင်း သုံးလုံး၊ တောင်ရှည်ပုဆိုး ခြောက်အုပ်မှ ရှစ်အုပ်ထိ၊ လှံ တစ်ချောင်း၊ ဓားလွယ် တစ်ခု၊ ဓား တစ်လက်၊ ဖိုခနောက် တစ်ခု၊ ဒယ်အိုး တစ်လုံး၊ ကချင်ပုတီး တစ်ကုံး၊ ကြက်ဥအလုံး (၁၀၀)၊ ခေါင်ရည်၊ အရက်၊ ကောက်ညှင်းဆန်၊ ဆန်နှင့် အစားအစာ ခြောက်ထမ်းကို ယောက္ခမအိမ်သို့ ပို့ပေးပြီး ထိန်းခတ်ခေါ် ဆုတောင်းပွဲပြုလုပ်သည်။

၎င်းဆုတောင်းပွဲ၌ ယောက္ခမများက သမက်ကို ဓားလွယ်တစ်ခု၊ မောင်း တစ်လုံး၊ လှံ တစ်ချောင်း ပြန်ပေးသည်။ ထို့နောက် သတို့သမီးကို သမက်အိမ်သို့ ခေါ်လာပြီး သမက်အိမ်၌ မင်္ဂလာပွဲ ပြုလုပ်ကျင်းပသည်။

## (ဂ) မင်္ဂလာအခမ်းအနား

မင်္ဂလာအခမ်းအနားကို သတို့သားအိမ်၌ပင် ကျင်းပလေ့ရှိသည်။ သတို့သမီးအိမ်တွင် ကျင်းပရိုးထုံးစံမရှိချေ။ ခွေးမတက်သည့်ဓလေ့ကိုသာ လက်ခံကျင့်သုံးကြသည်။ မင်္ဂလာပွဲနေ့သို့ရောက်သောအခါ အောင်သွယ်တို့မှ ယောက္ခမများနှင့် သတို့သမီးကို သွားပြောရသည်။ ထိုသို့သွားရာတွင် အောင်သွယ်တို့မှ သတို့သမီးပင့်ဆောင်ခြင်း မင်္ဂလာကွမ်းဖိုးကို ယူသွားရသည်။ ၎င်းတို့မှာ

၁။ ရှစ်ထွာမောင်းတစ်လုံးနှင့် ကိုးထွာမောင်းတစ်လုံး

၂။ ကျွဲ (သို့) နွားတစ်ကောင်

၃။ တောင်ရှည်ပုဆိုးတစ်ထည်

၄။ ဆွဲကြိုးတစ်ကုံး

တို့ဖြစ်သည်။ ယင်းကွမ်းဖိုးကို "မြီးကျူ" ဟုခေါ်သည်။ သတို့သမီးမိဘများသည် သတို့သားအိမ်သို့ မလာခင် ရွာမှအကြီးအကဲကို မောင်းတစ်လုံး (သို့) တောင်ရှည်ပုဆိုးတစ်ထည်ကို ပင့်ဖိတ်ပြီး ပေးရသည်။ ၎င်းနောက် ရွာစောင့်နတ်ကို ကြက်၊ ဝက် (သို့) တောင်ရှည်ပုဆိုးတစ်ထည်ဖြင့် ပူဇော်ရလေသည်။ ပြီးမှသာ အောင်သွယ်များနှင့်အတူ သတို့သားအိမ်သို့ လိုက်ပါသွားလေသည်။

သတို့သားအိမ်ရှေ့သို့ ရောက်သောအခါ "ဖိန်း" ခေါ် ကိုင်ပင်ကို ဖြတ်ကျော်ပြီးမှ အိမ်ထဲသို့ ဝင်ရလေသည်။ အဘယ်ကြောင့်ဆိုသော် မကောင်းဆိုးဝါးနတ်များပါလာမည် စိုးရိမ်သောကြောင့်ဖြစ်သည်။ ၎င်းနောက် သတို့သမီးနှင့် ယောက္ခမများ၊ ဧည့်သည်များကို ဧည့်ခန်းတွင် နေရာချပေးသည်။ ထိုအခါ ယောက္ခမများဘက်



မှ ရိုးရာနတ်ကို ဝက်သတ်၍ ပူဇော်ရသည်။ သတို့သမီး၏ ရိုးရာနတ်ကိုလည်း ကျွဲသတ်၍ ပူဇော်လေသည်။ ၎င်းနောက် သတို့သားဘက်နှင့် သတို့သမီးဘက်မှ အပြန်အလှန်ပစ္စည်းများ လဲလှယ်ကြသည်။



သတို့သမီးက သတို့သားအား ရိုးရာလွယ်အိတ် ဆင်ယင်ပေးပုံ

**သမက်ဘက်မှယောက္ခမများ ရောက်ရှိချိန်တွင်**

**ပထမပိုင်းအနေဖြင့်**

**သမက်ဘက်မှ**

၁။ ခွေးသုတ်ပဝါပေးသည့်အနေဖြင့် တောင်ရှည်ပုဆိုးတစ်အုပ်နှင့် စားကောင်းသောက်ဖွယ်များ ပေးရသည်။

၂။ ဧည့်ခန်းပြသသည့်အနေဖြင့် မောင်းတစ်လုံးပေးရသည်။

၃။ ဝက်တစ်ကောင်ပေးရသည်။
၄။ "ဆစ်ဆွတ်" ခေါ် ဝက်သွေးသုတ်ရန် တောင်ရှည်ပုဆိုး တစ်အုပ်ပေးရသည်။

**ယောက္ခမဘက်မှ**

၁။ ဧည့်ခန်းလက်ခံသည့်အနေဖြင့် တောင်ရှည်ပုဆိုးတစ်အုပ် ပြန်လှန်ပေးရသည်။
၂။ ဝက်ခုတ်ရန် "ဝုဇန်ရှမ်" ခေါ် ဝက်ခုတ်ဓားတစ်လက်ပေးရသည်။

## ဒုတိယပိုင်းအခနေဖြင့်

၃။ "ဂုန့်ချန်ရီ" ခေါ် သန္တာပုတီးတစ်ကုံး
၄။ "ဘောဒ်ကျစ်" ခေါ် ပိုးတောင်ရှည်ပုဆိုးတစ်အုပ်
၅။ ပလိုင်းတစ်လုံး၊ မောင်းတစ်လုံး၊ တောင်ရှည်ပုဆိုးတစ်အုပ်၊ အိုးခွက်ပန်းကန် စိုက်ပျိုးရန် သီးနှံမျိုးစုံ။
၆။ ဦးလေးတော်သူမှ သန္တာပုတီးတစ်ကုံး
၇။ ဘကြီးမှမျိုးအဖြစ် ကျွဲ (သို့) နွားတစ်ကောင်
၈။ သတို့သမီး၏ အစ်ကို (သို့) မောင်မှ အိုးတစ်လုံး၊ ဖိုခနောက်တစ်ခုပေးရသည်။

**သမက်ဘက်မှ**

၁။ ဝှက်ဂျုန့်ကျန်းခေါ် ကွမ်းဖိုးထည့်ရန် မောင်းတစ်လုံး
၂။ တန်းလိုင်ခေါ် မိခင်အတွက် နို့ဖိုးအဖြစ် သန္တာပုတီးတစ်လုံး
၃။ ဂုန့်လိတ်ခေါ် နွားမ (သို့) ကျွဲမတစ်ကောင်



၄။ ဦးလေးတော်သူကို ကျွဲတစ်ကောင်
၅။ ဘကြီးတော်သူကို ကျွဲတစ်ကောင်
၆။ အစ်ကို (သို့) မောင်ကို ကျွဲတစ်ကောင်
၇။ မြီဒီးမြီခေါ် သတို့သမီးလာပို့သူ မိန်းမကြီးကို တောင်ရှည် ပုဆိုး တစ်အုပ်
၈။ မြီဒီဖို့ခေါ် သတို့သမီးပို့သူ လူကြီးကို ပိုးတောင်ရှည် ပုဆိုး တစ်အုပ်
၉။ ကွမ်းဖိုးအဆုံးသတ်သည့်အနေဖြင့် နွားတစ်ကောင်
၁၀။ ပွဲသိမ်းအထိမ်းအမှတ်အဖြစ် တောင်ရှည်ပုဆိုးတစ်အုပ်၊ ကောက်ညှင်းပေါင်း၊ ကြက်ဥ၊ ခေါင်ရည်များ
၁၁။ ယောက္ခမအပြန်ခရီး ခြေကြွခအဖြစ် တောင်ရှည်ပုဆိုး တစ်အုပ်တို့ကို ပေးရသည်။

ယောက္ခမများမှလည်း နောက်ဆုံးမိမိတို့အိပ်ရာသိမ်းသွားသည့် အထိမ်းအမှတ်အဖြစ် ဓားတစ်လက်ပေးထားခဲ့သည်။ ယခုအခါတွင် ကျွဲနွား၊ သန္တာပုတီးစသည်တို့အစား တန်ဖိုးထားကာ ငွေများပေးလာကြသည်။

ခရစ်ယာန်ဘာသာဝင် ဖြစ်လာသောအခါ ဘုရားကျောင်းများတွင် မင်္ဂလာပွဲကို ကျင်းပကြသည်။ သင်းအုပ်ဆရာမှ တာဝန်ယူ၍ ဘာသာရေးထုံးစံအတိုင်း ဆောင်ရွက်ပေးရသည်။ မင်္ဂလာဆောင်ရာတွင် မိမိတို့၏ ရိုးရာဝတ်စုံကို ဝတ်ဆင်ကြသည်။

သတို့သားက သတို့သမီးအား အကြင်လင်မယားအဖြစ် အသိအမှတ်ပြုသောအားဖြင့် လက်စွပ်ပေးရသည်။ သတို့သမီးကလည်း မိမိခင်ပွန်းအဖြစ် အသိအမှတ်ပြုသောအားဖြင့် ဓားလွယ်



သင်းအုပ်ဆရာကြီးရှေ့၌ သတို့သားက
ကတိဝန်ခံလက်မှတ်ထိုးပုံ



သင်းအုပ်ဆရာကြီးရှေ့၌ သတို့သမီးက
ကတိဝန်ခံလက်မှတ်ထိုးပုံ



နှင့် လွယ်အိတ်ကို သိုင်းဆင်ပေးရသည်။ ၎င်းနောက် ရာသက်ပန်ခိုင်မာသော အိမ်ထောင်ဖြစ်ရန် ဘုရားသခင်ထံ ဆုတောင်းအပ်နှံကြသည်။ သင်းအုပ်ဆရာရှေ့မှောက်တွင် သတို့သား၊ သတို့သမီးတို့ လက်မှတ်ရေးထိုးကြသည်။ ဘုရားကျောင်း၌ လက်ထပ်ပြီးနောက် ဧည့်သည်များကို အကျွေးအမွေးဖြင့် ဧည့်ခံကြသည်။

## (ဃ) ကျူးစော့ပွဲ

မင်္ဂလာဆောင်ပြီးနောက် နှစ်နှစ်၊ သုံးနှစ် ကြာသောအခါ နှစ်ဘက်မိဘများ ညှိနှိုင်းတိုင်ပင်ကာ ကျူးစော့ပွဲခေါ် သမီးအပ်ပွဲကို ကျင်းပပြုလုပ်သည်။

၎င်းပွဲတွင် သမက်က နွား တစ်ကောင်၊ မောင်း သုံးလုံး၊ တောင်ရှည်ပုဆိုး (၁၂) အုပ်၊ လှံ တစ်ချောင်း၊ ဓား တစ်လက်၊ ဖိုခနောက် တစ်ခု၊ ဒယ်အိုး တစ်လုံး၊ ကြက်ဥအလုံး (၁၂၀)၊ ခေါင်ရည်၊ အရက်၊ ဆန်၊ ကောက်ညှင်းဆန်၊ ငါးခြောက်နှင့် အစားအသောက် ရှစ်ထမ်းစာကို ယောက္ခမထံသို့ ပေးပို့ရသည်။

ယောက္ခမများကလည်း နွား (သို့မဟုတ်) ကျွဲ တစ်ကောင်၊ ဘန်းဒေါ် ခေါ် နောက်လွယ် တစ်လုံး၊ ရိုးရာအမျိုးသမီးဝတ်စုံ နှစ်စုံ (သို့မဟုတ်) သုံးစုံ၊ မောင်း တစ်လုံး၊ ဝက် တစ်ကောင်၊ ဖိုခနောက် တစ်လုံး၊ ဒယ်အိုးကြီး တစ်လုံး၊ ပုတီး တစ်ကုံး၊ ငွေနားဆွဲ တစ်စုံတို့ကို သမီးအတွက် ရည်ရွယ်ကာ သမက်လက်သို့ ပို့ပေးသည်။ သမက်ကိုလည်း ရိုးရာအင်္ကျီရှည် တစ်ထည်၊ ခေါင်းပေါင်း တစ်ထည်၊ ခါးပတ်အဖြစ် တောင်ရှည်ပုဆိုး တစ်အုပ်၊ ဓားလွယ်



သတို့သမီးအားသတို့သားအိမ်သို့ လာရောက်ပို့ဆောင်ပုံ

(သို့မဟုတ်) ငွေမားလွယ် တစ်ခု၊ လွယ်အိတ်တစ်လုံး ဆင်ယင်ပေးလေသည်။

ထို့အတူ သမက်၏ မိဘများကလည်း တောင်ရှည်ပုဆိုးလေးအုပ်၊ လုံတစ်ချောင်း၊ ပိတ်စများကို ရိုးရာအဝတ်အထည်များကို လက်ဆောင်အဖြစ်ပေးသည်။ ဤသို့ မင်္ဂလာအမှုပြုရာ၌ ပစ္စည်းများ အကြိမ်ကြိမ်အပြန်အလှန် ပေးကမ်းခြင်းဖြင့် အိမ်ထောင်တစ်ခု ထူထောင်ရာတွင် အခက်အခဲမရှိစေရန် ရည်ရွယ်ပြီး နှစ်ဘက်မိဘ များပါ ခင်မင်ရင်းနှီးမှု သံယောဇဉ် ပိုမိုကြီးမားစေသည်။ ယောက္ခမဘက်မှလည်း သမီးဖြစ်သူအား အမွေခွဲဝေပေးသည့် သဘောဖြစ်သည်။ ကွမ်းဖိုးများ အပြန်အလှန် ပေးကမ်းရခြင်းဖြင့် အစဉ်အလာကို စောင့်ထိန်းသည့်သဘော၊ အိမ်ထောင်၏ ဂုဏ်ဆောင်ပြီး မပျက်ပြားစေလိုသည့် သဘောဖြစ်၍ ရာသက်ပန်တည်မြဲစေသည်။

## ကိုယ်ဝန်ဆောင်ခြင်းနှင့် မီးဖွားခြင်း

လာချိဒ်အမျိုးသမီးတို့ ကိုယ်ဝန်ရှိကြောင်းသိသည်နှင့် တစ်ပြိုင်နက် "ရိုးရာတားမြစ်ချက်" များကို လိုက်နာရသည်။ ကိုယ်ဝန်ဆောင်သည်များ ဖြူသားမစားရပေ။ စားလျှင် ကိုယ်ဝန်လျှောသည်။ မျောက်သားစားလျှင် ကလေးမွေးရခက်သည်ဟု ယုံကြည်၍ မျောက်သားစားခြင်းမှ ရှောင်ကြဉ်ကြသည်။ တက်စာစားခြင်းမှလည်း ရှောင်ကြဉ်ကြရသည်။ ကိုယ်ဝန်ဆောင်မိန်းမ ကိုယ်ဝန်ဆောင်နေစဉ်တွင် ၎င်း၏ ယောကျ်ားဖြစ်စေ၊ ကိုယ်ဝန်ဆောင်မိန်းမဖြစ်စေ ကြက်ခေါင်းကို ပါးစပ်ဖြဲ၍ မစားရ။ ရေအိုး၊ ရေဘူး၊ ရေခွက်တို့ကိုလည်း မခွဲရ။ ထိုသို့ပြုပါက ကလေးနှုတ်ခမ်းကွဲတတ်သည်ဟု ယုံကြည်ကာ ရှောင်ကြဉ်ကြသည်။

ကလေးမွေးရာတွင် လက်သည်ဖြင့် သားမွေးကြသည်။ ချက်ကြိုးဖြတ်ရာတွင် "မှေးပင်" မှ ရရှိသော အရည်အမဲကို ဝါချည်မျှင်တွင် ဆေးဆိုးထားသည့် ချည်မျှင်ဖြင့် ချက်ကို ချည်ပြီး ဝါးပိုးဝါးဖြင့် ချက်ကို ဖြတ်ကြသည်။ ယောကျ်ားလေးဖြစ်ပါက အချင်းကို အိမ်ခေါင်တိုင်ရင်းမှာ မြုပ်ပြီး ဝါးခြမ်း ခြောက်ခြမ်းစိုက်ကာ ထိပ်၌ နှီးကြိုးဖြင့် ချည်နှောင်ထားသည်။ မိန်းကလေးဖြစ်ပါက အိမ်ဘေးတိုင်ရင်းတွင် ဝါးခြမ်း ခုနစ်ခြမ်းစိုက်ကာ ထိပ်တွင် နှီးကြိုးဖြင့် ချည်ထားသည်။ ဝါးခြမ်းများစိုက်၍ ကာထားခြင်းမှာ ကြက်နှင့် အခြားတိရစ္ဆာန်များ

လာရောက်ဖျက်ဆီးခြင်း မပြုနိုင်ရန်ဖြစ်သည်။ တစ်ချို့က ယောကျ်ားလေးဆိုလျှင် ဝါးခြမ်း (၁၂) ခြမ်းနှင့် မိန်းကလေး ဆိုလျှင် ဝါးခြမ်း (၁၄) ခြမ်း စိုက်ကြသည်။ ရှေးယခင်က နတ်ပူဇော်နေသောအချိန်၌၊ ကလေးမွေးဖွားနေချိန်တွင် အိမ်၌ ဧည့်သည် လက်မခံရပေ။ မိန်းကလေးမွေးလျှင် ခုနစ်ရက်၊ ယောကျ်ားလေးမွေးလျှင် ခြောက်ရက် အိမ်တွင်းအောင်းနေရသည်။ ထိုရက်များလွန်ပြီး အိမ်မှထွက်လျှင် ရေခပ်သည့်နေရာအထိ ထွက်ရသည်။ အမြွှာပူးမွေးခြင်း၊ အချင်းစလွယ်သိုင်းမွေးခြင်း၊ မျက်နှာဖုံးစွပ်၍ မွေးခြင်းတို့ကို ကောင်းသည်ဟု ယူဆကြသည်။ မီးဖွားပြီး ကလေးမိခင်ကို ကြက်ဥကဇော်နှင့် သစ်ကြားသီးအဆီ (သို့) ဝက်ဝံအဆီ (သို့) ကျွဲအဆီတို့နှင့် ကြော်ကျွေးရပါသည်။ ကလေးကို မကောင်းဆိုးဝါးများမဝင်လာစေရန် ယောကျ်ားလေးဆိုလျှင် ဦးထုပ်၌ ချင်း ခြောက်တက်၊ ကြက်သွန်ဖြူ ခြောက်ဥ ကပ်ချည်ကာ ဆောင်ထားပေးရပါသည်။ မိန်းကလေးဆိုလျှင် ဦးထုပ်၌ ချင်း ခုနစ်တက်နှင့် ကြက်သွန်ဖြူ ခုနစ်ဥ ကပ်ချည်ကာ ဆောင်ထားပေးရသည်။

ယခုအခါ နီးစပ်ရာ ဆေးရုံတွင်လည်းကောင်း၊ ရွာတွင်ရှိသော ဝမ်းဆွဲဆရာမ လက်သည်တို့နှင့်လည်းကောင်း မွေးဖွားကြသည်ကို တွေ့ရှိရသည်။

## ကင်ပွန်းတပ်အမည်ပေးခြင်း

လာချိဒ်မျိုးနွယ်စုတို့၏ ဓလေ့အရ ကလေးတစ်ဦးမွေးဖွားလျှင် အမိဝမ်းတွင်းမှ ကျွတ်လျှင် ကျွတ်ခြင်း၊ ချက်ကြိုးမပြတ်ခင်မိန်းမ၊ ယောကျ်ားအလိုက် အမည်ချက်ချင်းပေးရသည်။ ထိုသို့ မပြုလုပ်လျှင် နတ်ဆိုးများက မကောင်းသော အမည်ပေးတတ်သည်ဟု ယုံကြည်ကြသည်။ လာချိဒ်တို့သည် မိမိတို့၏ ကလေးကို နတ်ဆိုးများက မကောင်းသော အမည်များပေးသွားမည်ကို ယနေ့ထက်တိုင် စိုးရိမ်ကြဆဲဖြစ်သည်။

ကလေးတစ်ဦးမွေးဖွားပြီးစတွင် ယောကျ်ားလေးဖြစ်လျှင် ချင်းတက် ခြောက်တက်၊ မိန်းကလေးဖြစ်လျှင် ချင်းတက် ခုနစ်တက်ကို တံစို့ဖြင့်ထိုးပြီး မီးဖိုထောင့်များတွင် စိုက်ထားရသည်။ ရက်အနည်းငယ်ကြာလျှင် ကလေးကင်ပွန်းတပ်ပွဲကို ပြုလုပ်ရသည်။ ထိုအခါ နတ်ဟောဆရာမှ ဘိုးဘွားနတ်ကို ပူဇော်ရသည်။ အမည်ပေးပွဲအတွက် ခေါင်ရည်အိုးကို ပြင်ဆင်ပေးရသူမှာ ကလေးအဖေမဟုတ်သေးသော ယောကျ်ားလေးမှစ၍ ပြုလုပ်ရပါသည်။ ထမင်းချက်ရာတွင်လည်း ကလေးအမေမဟုတ်သေးသော မိန်းကလေးမှ အိုးတည်၊ ရေထည့်၊ ဆန်ထည့်ပြီး စချက်ရပါသည်။ ထမင်းနှင့် ခေါင်ရည်ရပါက မီးဖိုတွင် စိုက်ထားသော ချင်းတက်များကို ယူပြီး ကြွက်ခြောက်၊ အမဲခြောက်များနှင့် ထောင်းကာ စကောတစ်ချပ်၌

ပွဲပြင်၍ နတ်ဆရာက အိမ်စောင့်နတ်နှင့် နတ်ကောင်းနတ်မြတ်များထံ ထိုကလေးကို အပ်နှံကြောင်း ဆုမွန်ကောင်းတောင်းပေးရသည်။ ဧည့်သည်နှင့် ဆွေမျိုးများကိုလည်း ဖိတ်ကြား၍ ငါးခြောက် (သို့) ကြက်ခြောက်နှင့် ချင်းတို့ကို ထောင်း၍ ကောက်ညှင်းပေါင်းနှင့် ကျွေးသည်။ ယခုအချိန်အထိ ကင်ပွန်းတပ်ပွဲ၌ ချင်း၊ ငါးခြောက်၊ အသားခြောက်နှင့် ကောက်ညှင်းပေါင်းကျွေးသည့် ဓလေ့ကို ဆက်လက်ကျင့်သုံးနေဆဲ ဖြစ်သည်။

အမည်ပေးရာတွင်လည်း ဖခင်အမည်၏ နောက်ဆုံးစာလုံးကို သားသမီးတို့၏ နာမည်ရှေ့တွင် ထည့်ကာ နံပါတ်စဉ်အလိုက် မှည့်လေ့ရှိသည်။ ထို့ကြောင့် လာချိဒ်တိုင်းရင်းသားတို့၏ ဆွေစဉ်မျိုးဆက်ကို အလွယ်တကူ မှတ်သားနိုင်သည်။ ဖခင်၏ နာမည်နောက်ဆုံးတစ်လုံးသည် ယိန်း၊ ခေါ်၊ ဘောမ်ဖြစ်နေလျှင် ပထမသားကို ၎င်းအမည်သုံးခုထဲမှ တစ်ခုနှင့် တွဲ၍ ခေါ်နိုင်သည်။ ဥပမာ - ဖခင်၏အမည်မှာ ခေါ်ဘောမ်ဖြစ်လျှင် သားသမီးအမည်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | | **သား** | **သမီး** |
|---|---|---|---|
| ပထမ | - | ဘောမ်ခေါ် | ဘောမ်နမ် |
| ဒုတိယ | - | ဘောမ်ယိန်း | ဘောမ်မျော် |
| တတိယ | - | ဘောမ်ဇုန်း | ဘောမ်ဆန့် |
| စတုတ္ထ | - | ဘောမ်ချမ်း | ဘောမ်ဝါန် |
| ပဉ္စမ | - | ဘောမ်ဇီ | ဘောမ်ဝင်း |
| ဆဋ္ဌမ | - | ဘောမ့်ဆောင် | ဘောမ်ထန့် |

## ကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်းနှင့် ပညာပေးခြင်း

လာချိဒ်တိုင်းရင်းသားတို့သည် မိမိမျိုးနွယ်မတိမ်ကောရေးကို အဓိက ထားကြသည်။ သားသမီးများ တိုးပွားထွန်းကားလာမှ သာ သူတို့၏ မျိုးနွယ်ဆက် တည်တံ့နေမည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် မိခင်များသည် ကိုယ်ဝန်ဆောင်ချိန်တွင် ရှောင်ရမည့် ဓလေ့များကို လိုက်နာကျင့်သုံးကြသည်။ ကလေးမီးဖွားလာသော အခါတွင်လည်း ကလေးငယ်ကျန်းမာစေရန်အတွက် အစားအစာနှင့် အနေအထိုင် ရှောင်ကြဉ်ကြသည်။

ကလေးမွေးစအရွယ်မှစ၍ မိခင်နို့ရည်ကိုသာ အဓိက တိုက်ကျွေးသည်။ ကလေးမိခင်သည် တောင်ယာသို့ မသွားပေ။ ကလေးကို ကြည့်ရှုစောင့်ရှောက်ရင်းဖြင့်သာ အချိန်ကုန်လေသည်။ ကလေးလေးလ ငါးလအရွယ်သို့ ရောက်သောအခါ ပိုပြီး အိမ်မှုကိစ္စများကို လုပ်ကိုင်လာသည်။ တောင်ယာသို့ သွားရာတွင် ကလေးငယ်ကို ကျောပိုး၍ ခေါ်သွားသည်။ ကလေး နှစ်နှစ်နီးပါးအရွယ်သို့ ရောက်လာလျှင် နို့ဖြတ်ပြီး ထမင်းကို ကျွေးလာကြသည်။ ကလေးနို့ပြတ်သွားသောအခါ တောင်ယာသို့ မခေါ်တော့ဘဲ အိမ်၌ပင် အဘိုး၊ အဘွားများနှင့် ထားခဲ့သည်။

ကလေးစကားစပြောတတ်သည့်အချိန်တွင် ဦးစွာလာချိဒ်စကားကို သင်ကြားပေးသည်။ စကားပြောတတ်စတွင် ကလေးငယ်

အဖေ၊ အမေ၊ အစ်ကို၊ အစ်မ၊ ဦးလေး၊ အဒေါ်၊ ဘကြီးဒေါ်ကြီး၊ အဘိုး၊ အဘွား စသည်ဖြင့် သင်ကြားပေးသည်။

ယောက်ျားလေးများ အသက် ခြောက်နှစ်ခန့်မှ စတင်၍ ဖခင် နှင့်အတူ တောင်ယာသို့ လိုက်ပါသွားလေ့ရှိသည်။ အသက် (၁၀) နှစ်ခန့်မှ စတင်၍ ငါးဖမ်းခြင်း၊ ငှက်ထောင်ခြင်း၊ တောလိုက်ခြင်းတို့ကို ဖခင်ထံမှ သင်ကြားတတ်မြောက်လာသည်။ တောလိုက်နေရင်းဖြင့် ဖခင်မှ ဆေးဖက်ဝင်သည့် အပင်များ၊ အသီးအရွက်များကို ပြသပေးသည်။ ၎င်းနောက် လူပျိုပေါက်အရွယ် (၁၂) နှစ် (၁၃) နှစ်ရောက်လာသောအခါ အိမ်မိုးခြင်း၊ ခြံကာခြင်း၊ တဲဆောက်ခြင်း စသည်တို့ကို လုပ်ကိုင်လာကြသည်။ ထို့ကြောင့် အသက် (၁၆-၁၇) နှစ်အရွယ်တွင် ပညာများစုံလင်စွာ တတ်မြောက်ပြီးဖြစ်၍ မိန်းမယူကြသည်။

မိန်းကလေးများမှာ ငယ်ရွယ်စဉ်မှစတင်၍ ရေခပ်၊ ကြက်စာ၊ ဝက်စာကျွေးခြင်း၊ ဟင်းသီးဟင်းရွက်ခူးခြင်းစသည်တို့ကို လုပ်ကိုင်လာသည်။ အသက် (၁၀) နှစ်ကျော်သည်နှင့် ဝါဖတ်၊ ဗိုင်းငင်ရက်ကန်းရက်ခြင်းတို့ကို မိခင်ထံမှ သင်ကြားတတ်မြောက်လာသည်။ ၎င်းနောက် ကောက်စိုက်ခြင်း၊ ကောက်ရိတ်ခြင်း၊ စပါးထောင်းခြင်း၊ ခေါင်ရည်တည်ခြင်းစသည့် အလုပ်များကို တစ်ဆင့်ပြီး တစ်ဆင့် သင်ကြားတတ်မြောက်လာသည်။ (၁၅-၁၆) နှစ်အရွယ်တွင် မိန်းမတို့ တတ်အပ်သော လုပ်ငန်းမှာ ပြည့်စုံစွာ တတ်မြောက်လာပြီဟု ဆိုပါသည်။

ထို့ကြောင့် မိဘများသည် သားသမီးများကို ငယ်ရွယ်စဉ်မှစ၍ ကြီးပြင်းလာချိန်အထိ မိန်းကလေး၊ ယောက်ျားလေးတို့အား



အိမ်တွင်းအိမ်ပြင်ပညာပေးခြင်း၊ လိမ္မာရေးခြားရှိစေရန် သင်ကြားပေးခြင်းစသည်တို့ကို ကျွမ်းကျင်လိမ္မာမှုရှိစေရန်လည်း သင်ကြားပေးသည်ကို လေ့လာသိရှိရသည်။

## လင်မယားကွာရှင်းခြင်း

လာချိဒ်တိုင်းရင်းသားတို့၏ အိမ်ထောင်ရေးတွင် လင်မယားကွာရှင်းပြတ်စဲခြင်း အလွန်နည်းပါးသည်ကို လေ့လာသိရှိရသည်။ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် ကွာရှင်းပြတ်စဲပါက ရိုးရာဓလေ့ထုံးစံနှင့်အညီ ဆောင်ရွက်ကြကြောင်းလည်း သိရှိရသည်။

နှစ်ဦးသဘောတူ ကွာရှင်းလိုပါက မည်သည့်လျော်ကြေးမှ မပေးရပေ။ အကယ်၍ အမျိုးသမီးဘက်မှ ကွာရှင်းလိုပါက အမျိုးသားအား လက်ထပ်စဉ်က ကျခံထားသော မင်္ဂလာပွဲ ကုန်ကျကြေးကို လျော်ကြေးအဖြစ် ပြန်ပေးရသည်။ အမျိုးသားမှ ယောက္ခမမျိုးနှင့် မျိုးဆက်မပြတ်လိုလျှင် လျော်ကြေးအဖြစ် ပေးလာသော ပစ္စည်းများကို ယောက္ခမမျိုးအားပေး၍ မိန်းမတောင်းခိုင်းသည်။ ထိုအခါ ယောက္ခမမျိုးဘက်မှ အမျိုးသမီး၏ ညီမ (သို့) သင့်လျော်သော မိမိတို့အမျိုးထဲမှ မိန်းကလေးနှင့် လက်ထပ်ပေးရသည်။ အကယ်၍ အမျိုးသားဘက်မှ ကွာရှင်းလိုပါက အောက်ပါကြေးများကို ပေးရသည်။

၁။ မိမိထည့်ထားသော ကွမ်းဖိုးအားလုံး အရှုံးခံရသည်။

၂။ မိမိမယားကို မျက်နှာပြင်ကြေးအဖြစ် သန္တာပုတီးတစ်ကုံး၊ နားကပ်၊ လက်ကောက်တို့ကို ပေးရသည်။

၃။ ယောက္ခမများကို တောင်ရှည်ပုဆိုးတစ်အုပ်နှင့် မောင်းတစ်လုံးပေးရသည်။





လင်မယားကွာရှင်းမှုကို နှစ်ဘက်လူကြီးများက အတတ်နိုင်ဆုံး ဖျန်ဖြေစေ့စပ်ပေးကြသည်။ နောက်ဆုံးစေ့စပ်၍ မရမှသာ ကွာရှင်းခြင်းကို ခွင့်ပြုသည်။ ယခုအခါတွင် လာချိဒ်တို့သည် ခရစ်ယာန်ဘာသာဝင်များဖြစ်လာသောကြောင့် ဘုရားသခင်၏ အလိုအရ တစ်လင်တစ်မယားစနစ်ကိုသာ ကျင့်သုံးကြသည်ကို တွေ့ရှိရသည်။ သို့ဖြစ်၍ လာချိဒ်တိုင်းရင်းသားတို့သည် နှစ်ဘက်အပြန်အလှန်ပေးရသော ကွမ်းဖိုးများက အလွန်များပြားနေရာ လင်မယားကွာရှင်းပါက ထိုကွမ်းဖိုးများကို ပြန်လည်ပေးဆပ်ရသည်မှာ အလွန်ခက်ခဲနိုင်သည်။ ထို့ကြောင့် အိမ်ထောင်သည်ဘဝကို ထိန်းသိမ်းသည့်အနေဖြင့် ခိုင်မြဲသော တစ်လင်တစ်မယားစနစ် ကျင့်သုံးကြခြင်းဖြစ်ကြောင်း လေ့လာသိရှိရပေသည်။

# စီးပွားရေးလုပ်ငန်းများ

## (က) စိုက်ပျိုးရေး

ရှေးယခင်က စုပေါင်းတောင်ယာခုတ်ခြင်း၊ စုပေါင်းမျိုးကြဲခြင်း၊ စုပေါင်းရိတ်သိမ်းခြင်းကို လုပ်ကိုင်ကြသည်။ ထိုအခါ အိမ်ရှင်မှ အားလုံးစားသောက်ရန်အတွက် ထမင်းဟင်းလျာများ၊ ခေါင်ရည်စသည်တို့ကို ပြင်ဆင်ချက်ပြုတ် ကျွေးမွေးကြသည်။ တောင်ယာကို တစ်နှစ် စိုက်ပျိုးပြီးလျှင် တစ်ခြားတစ်နေရာကို ရွှေ့ပြောင်းစိုက်ပြီး ၎င်းနေရာကို (၁၀) နှစ်ပြည့်မှ ပြန်လည်စိုက်ပျိုးကြသည်။ ဝါဂွမ်းကြဲသောအခါ ရယ်စရာပြောလျှင် ပိုထွက်သည်ဟု ယူဆကြသည်။ တောင်ယာခင်းလမ်းဖောက်ထားသော နေရာများတွင် ပြောင်း၊ ပဲစသည်တို့ကို စိုက်ပျိုးကြသည်။ မံငပိကို လယ်ငပိပုံစံ ကွေးကွေးလေးဖြစ်လာလျှင် စိုက်ပျိုးကြသည်။ စိုက်ပျိုးရာတွင် ဝါးချွန်၊ ဂေါက်တံတို့ကို အသုံးပြု၍ စပါးကို စူးတိုးစိုက်ပျိုးသော စနစ်ကို အသုံးပြုကြသည်။

ယခုအခါ စပါးကို ဇွန်လတွင် စတင်မျိုးကြဲကာ ဇူလိုင်လတွင် စတင်စိုက်ပျိုးကြသည်။ နိုဝင်ဘာလကုန်တွင် စပါးများကို ရိတ်သိမ်းကြသည်။ လားချိဒ်တို့သည် စပါးစိုက်ပျိုးရေးအပြင် လိမ္မော်၊ လူးဆပ်၊ အာလူး၊ ငှက်ပျော၊ သခွား၊ ဘူး၊ ဖရုံတို့ကိုလည်း စီးပွားဖြစ် စိုက်ပျိုးကြသည်။





### စိုက်ပျိုးပင်များ

လားချိဒ်တိုင်းရင်းသားများနေထိုင်သည့် ထန်းဒုံ၊ ကလန့်ရွာများတွင် သစ်ကြားပင်များကို စိုက်ပျိုးကြသည်။ ဟုန်ထူးရှားပင်၊ သစ်ကြားပင်များကို စီးပွားဖြစ် စိုက်ပျိုးကြသည်။ သစ်ကြားသီးမှာ အစေ့ကို စားရသော အသီးမျိုး ဖြစ်သည်။ ဆီကြိတ်ရသော အဆံဖြစ်သည်။ အစေ့ကို စားပါက အဆီပါသည့်အတွက် အီဆိမ့်သည့် အရသာမျိုး ဖြစ်သည်။

ကချင်အထူးဒေသ (၁) နယ်မြေသည် ငြိမ်းချမ်းရေး၏ အကျိုးရလဒ်များကို ဒေသခံတိုင်းရင်းသားများ ခံစားနေကြပြီး ဒေသတည်ငြိမ်အေးချမ်းမှုရရှိအောင် ဥက္ကဋ္ဌကြီးဦးစခုန်တိန့်ယိန်းက နိုင်ငံတော်နှင့် လက်တွဲဆောင်ရွက်နိုင်စွမ်းရှိသည်။ အထူးဒေသ (၁) နယ်မြေသည် ငြိမ်းချမ်းရေးရယူပြီးသည်မှ ယနေ့တိုင်အောင် ငြိမ်းချမ်းလျက် ရှိနေပေပြီ။

နယ်မြေငြိမ်းချမ်းမှုရှိသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ သာသနာရေး၊ အခြားအရေးကိစ္စများကို ဆောင်ရွက်နိုင်ခဲ့ကြသည်။ ကချင်ပြည်နယ်အထူးဒေသ (၁) နှင့်အတူ အထူးဒေသ (၂) နယ်မြေအပါအဝင် ကချင်ပြည်နယ်တစ်ခုလုံး ငြိမ်းချမ်းမှုရှိအောင် ဆောင်ရွက်လိုစိတ် ပြင်းပြသော အထူးဒေသ (၁) ဥက္ကဋ္ဌဦးစခုန်တိန့်ယိန်း၏ စိတ်ဓာတ်နှင့် အမြော်အမြင်ကြီးမှုကို လေးစားဂုဏ်ယူမိသည်။ ယခုလည်း လမ်းပန်းဆက်သွယ်ရေးများကို တည်ဆောက်၊ စာသင်ကျောင်းများဆောက်၊ လျှပ်စစ်မီးများ ရရှိရေးကို ဆောင်ရွက်နေသကဲ့သို့ ဒေသခံတို့ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်း လုပ်နိုင်အောင် ဘိန်းစိုက်ပျိုးမှုကို တိုက်ဖျက်ကာ ဘိန်းအစားထိုးသီးနှံများကို စိုက်ပျိုးစေခဲ့သည်။

လက်ဖက်၊ လိမ္မော်၊ ငှက်ပျောစသည့်ဒေသ ရေမြေနှင့် ကိုက်ညီသည့် သီးနှံများကို စိုက်ပျိုးစေသည်။ ထို့အတူ စီးပွား ဖြစ်ဟုန်ထူးရှားခေါ် ထင်းရှူးပင်များကို အိမ်တိုင်း စိုက်ပျိုးနိုင် စေရန် စီမံဆောင်ရွက်စေခဲ့သည်။

ကချင်အထူးဒေသ (၁) နယ်မြေ၌ သစ်ကြားပင်၊ ချဉ်စော်ခါးပင်များကိုလည်း စိုက်ပျိုးစေရန် စီမံပေးခဲ့သည်။ ကချင်အထူးဒေသ (၁) နယ်မြေတွင် သဘာဝကပေးထားသော မြေဆီသြဇာများနှင့် ဒေသရေမြေနှင့် ကိုက်ညီမည့် အကျိုးပြုသီးနှံများဖြစ်သည့် လိမ္မော်၊ လက်ဖက်၊ ငှက်ပျော၊ သစ်ကြား၊ ချဉ်စော်ခါးပင်များအပြင် ဟုန်ထူးရှားခေါ် ထင်ရှူးပင်များစိုက်ပျိုး၍ ဝင်ငွေဖူလုံစေရန် စီမံထားသည်။ ဒေသထွက်စိုက်ပျိုးပင်များ၊ သဘာဝအပင်များဖြင့် စိမ်းလန်းခြင်းနှင့် ဒေသငြိမ်းချမ်းခြင်းကို ဖော်ဆောင်ရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းသည် မြေရှိသရွေ့၊ ရေရှိသရွေ့ အောင်မြင်ဖြစ်ထွန်းကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် စိုက်ပျိုးရေးလုပ်ငန်းများကို ဒေသခံများ စိုက်ပျိုးလုပ်ဆောင်လျက်ရှိကြကြောင်း လေ့လာသိရှိရပေသည်။

## ဥယျာဉ်ခြံစိုက်ပျိုးရေး

လာချိဒ်တိုင်းရင်းသားတို့သည် ဥယျာဉ်ခြံလုပ်ငန်းကို မိမိတို့စားသုံးရန်အတွက်သာမက ငွေပိုငွေလျှံထွက်ရှိလာစေရန် မိမိတို့ရွာပတ်ဝန်းကျင်တွင် သီးနှံပင်အမျိုးမျိုးကို စိုက်ပျိုးကြသည်။ စိုက်ပျိုးသောသီးနှံများမှာ ရှောက်၊ သံပုရာ၊ ဂရိတ်ဖရု၊ သရက်၊ ပိန္နဲ၊ ရှောက်ပန်းသီး၊ နာနတ်၊ လိမ္မော်၊ လိုက်ချီး၊ နှင်းသီး၊ ငှက်ပျော၊



မရမ်းသီး၊ စတားအေပရယ်သီး စသည်တို့ဖြစ်သည်။ ဟင်းသီးဟင်းရွက်များကိုလည်း မိသားစုစားသုံးရန်အတွက်သာမက ဈေးတွင်ရောင်းချရန်အတွက်ပါ စိုက်ပျိုးကြသည်။ စိုက်ပျိုးကြသောဟင်းသီးဟင်းရွက်များမှာ ကင်ပွန်းချဉ်၊ ခရမ်းသီး၊ ရုံးပတီသီး၊ သခွားဘူး၊ ရွှေဖရုံ၊ ကျောက်ဖရုံ၊ ငရုတ်၊ ပဲသီး၊ ခဝဲသီး၊ ကြက်မောက်သီး၊ ခရမ်းချဉ်သီး၊ ချဉ်ပေါင်၊ မုံညင်း၊ ဆူးပုတ်၊ အာလူး၊ ပန်းမုန်လာ၊ မုန်လာထုပ် စသည်တို့ဖြစ်သည်။ ဥယျာဉ်ခြံစိုက်ပျိုးရေးသည် မိသားစုအားလုံး ဝိုင်းဝန်း၍ စိုက်ပျိုးခြင်းဖြစ်သည်။

## တောင်ယာစိုက်ပျိုးရေး

ရှေးခေတ်တောင်ပေါ်ဒေသ 'ဂျွန်ဒိန်ကျွယ်လော့ဂျန်' တွင် နေထိုင်စဉ်ကပင် လာချိဒ်တိုင်းရင်းသားတို့သည် စပါးကို အလေးထားစိုက်ပျိုးလာကြသည်။ စပါးစိုက်မည့် အချိန်ရာသီကို ငှက်အော်သံဖြင့် မှတ်သားကာ စိုက်ပျိုးကြသည်ဟု ဆိုသည်။

လာချိဒ်ဘာသာစကားဖြင့် 'လာဖူးလာဂျုံး' ဟုခေါ်သော ငှက်ကလေးနှစ်ကောင်သည် 'စန်းဟိုးဂျုံး' 'စန်းဟိုးဂျုံး' ဟု အော်မြည်ချိန်တွင် ဆောင်းရာသီသို့ ရောက်ရှိလာသည်။ 'အုပ်ရှိဘေလင်မဘုန်' ငှက်သည်လည်း 'ပြီးပြုန်း' 'ပြီးပြုန်း' ဟု အော်သောအချိန်တွင် လာချိဒ်တို့သည် တောင်ယာလုပ်ငန်းကို စတင်ကြသည်။ တောင်ယာလုပ်ငန်းစတင်သည်နှင့်တပြိုင်နက် တောင်ပေါ်တွင် ပေါက်ရောက်နေသော ချုံနွယ်ပိတ်ပေါင်း သစ်ပင်ကြီးငယ်တို့ကို ရှင်းလင်းကြသည်။ 'ဘန်းခန့်ငှက်' ၏ 'ကုတ်ဒူ' 'ကုတ်ဒူ' ဟူသော အသံကြားပါက တောင်ယာခုတ်ခြင်းကို အပြီးသတ်လုပ်ကိုင်လေသည်။ တောင်ယာ

မီးရှို့ခြင်းကို 'မီးရှူး' ကောင်း၏ 'ယိင်းယင်း' 'ယိင်းယင်း' ဟု အော်မြည်သောအချိန်တွင် လုပ်ကိုင်ကြသည်။ စပါးစိုက်ခြင်းကို 'မိန့်ဒိန်ငေါ့ချော့' ကောင်း၏ 'မောက်ချစ်ဆစ်' ဟူသော အသံကြားပါက စတင်စိုက်ပျိုးသည်။ မျောက်လွှဲကျော်အော်ချိန်တွင် ပေါင်းပင်များကို ရှင်းလင်းခြင်း ပြုကြသည်။ ၎င်းနောက် စပါးမှည့်လာသောအချိန်တွင် ရိတ်သိမ်းကြသည်ဟု လေ့လာသိရှိရသည်။

တောင်ယာတွင် အဓိကအားဖြင့် တောင်ယာစပါးကို စိုက်ပျိုးကြသည်။ ၎င်းအပြင် ဆပ်၊ ပြောင်း၊ ရှိန်နာမ်ခေါ် အပင်များ ပိန်းဥ၊ သခွားမျိုးစုံ၊ ငရုတ်၊ ပဲအမျိုးမျိုး၊ မြောက်ဥ၊ ကျောက်ဖရုံ၊ ရွှေဖရုံ စသည်တို့ကိုလည်း စိုက်ပျိုးကြသည်။ ရှေးယခင်က တောင်ယာခုတ်ရာတွင် ပထမဦးဆုံး အကြီးအကဲ၏ တောင်ယာကွက်ကို ရွာရှိရွာသူရွာသားအားလုံး၏ စုပေါင်းလုပ်အားဖြင့် ခုတ်ထွင်ရှင်းလင်းရသည်။ ပြီးလျှင် နတ်ဟောဆရာ၏ ထွက်ဆိုချက်အတိုင်း ရွာသူရွာသားတို့၏ တောင်ယာကွက်ကို တစ်လှည့်စီ ခုတ်ထွင်ရှင်းလင်းရသည်။ စိုက်ပျိုးရာတွင် သွက်လက်ထက်မြက်သောသူကို ဦးဆောင်စေပြီး စိုက်ခိုင်းသည်။ သို့မှသာ စပါးအထွက်တိုးပြီး သီးနှံအောင်မည်ဟု ယူဆသောကြောင့်ဖြစ်သည်။

ရှေးယခင် နတ်ကိုးကွယ်သောအချိန်တွင် စိုက်ပျိုးမည့်တောင်ယာကို ဖက်ထုံးဗေဒင်ဖြင့် ကြည့်ကာ ဘိုးဘွားနတ်၊ နယ်မြေနတ်တို့ကို ပူဇော်ပသပြီး ရွေးချယ်လေ့ရှိသည်။ မိသားစု (အိမ်ထောင်စု) အသီးသီး၌ မြေယာပိုင်ဆိုင်မှုရှိသည်။ တောင်ပေါ်ဒေသတွင် အကြီးအကဲများဦးစီးကာ ခွဲဝေပိုင်းခြားပြီး နယ်မြေသတ်မှတ်မှုအဖြစ်



သစ်ပင်၊ ကျောက်ဆောင်၊ ချောင်းရိုး၊ လျှိုများကို ပိုင်းခြားသတ်မှတ်ကာ ဆွေမျိုးအကြီးအကဲမှ ဦးဆောင်လုပ်ကိုင်ပြီး စုပေါင်းရှင်းလင်းခုတ်ထွင် စိုက်ပျိုးခြင်းဓလေ့ ရှိသည်။ အိမ်ထောင်တိုးလာပြီး တောင်ယာတိုးချဲ့လိုပါက 'ဇောင်' ခေါ် အကြီးအကဲ၏ သတ်မှတ်ပေးသော အကွက်ကိုသာ ခုတ်ရသည်။

## (စ) မွေးမြူရေး

လာချိဒ်တိုင်းရင်းသားတို့သည် နွားနောက်၊ ကျွဲ၊ နွားများကို မွေးမြူကြသည်။ နွားနောက်နှင့် ကျွဲကို အများဆုံးမွေးမြူကြသည်။ ကျွဲ၊ နွားများကို နေ့ကြီး၊ ရက်ကြီးများတွင် 'ဒမ်ဆ' ခေါ် နတ်ဟောဆရာ၏ ခွင့်ပြုချက်ဖြင့် သာရေး၊ နာရေး၊ ပွဲလမ်းသဘင်တို့အတွက် အဓိကမွေးမြူကြသည်။ ထို့ကြောင့် အိမ်တိုင်းလိုလိုပင် ကျွဲ၊ နွားများကို မွေးမြူထားကြသည်။

ကျွဲ၊ နွားအပြင် ကြက်၊ ဝက်၊ ဆိတ်၊ မြင်း၊ ခွေး၊ ကြောင်စသည့် တိရစ္ဆာန်များကိုလည်း မွေးမြူကြသည်။ များသောအားဖြင့် ကြက်နှင့်ဝက်ကို တစ်ပိုင်တစ်နိုင် မွေးမြူကြသည်။ တိရစ္ဆာန်များမွေးမြူရာတွင် အိမ်အနောက်ဘက်နေရာ၌ သင့်တော်သလို ခြံပြုလုပ်ပြီး မွေးမြူကြသည်။ တိရစ္ဆာန်တို့အတွက် အစားအစာကို အိမ်မှ စွန့်ပစ်ထားသော စားကြွင်းစားကျန်များ၊ ဆန်ကွဲ၊ ဖွဲနု၊ ပိန်းရွက်တို့ကို ကျွေးကြသည်။

ရှေးယခင် နတ်ပူဇော်သောအချိန်က လာချိဒ်တိုင်းရင်းသားတို့သည် တိရစ္ဆာန်များကို နတ်ပူဇော်ပသရန်အတွက် မွေးမြူကြသည်။ လာချိဒ်တိုင်းရင်းသားတို့သည် 'ဂျယ်ဒိန့်ဂျယ်လော့ဂျန်'

ဒေသတွင် နေထိုင်စဉ်မှစ၍ မွေးမြူရေးကို ကောင်းစွာမွေးမြူခဲ့ကြလေသည်။ လာချိဒ်တို့သည် နွားနောက်၊ ခွေး၊ ဝက်၊ ကြောင်၊ ကြက်တို့ကို အမြတ်တနိုး မွေးမြူကြသည်။ ခွေးများကို တောကောင်များလိုက်လံရှာဖွေသောအခါတွင် အသုံးပြုကြသည်။ ဝက်နှင့်နွားနောက်များကို ထိမ်းမြားမင်္ဂလာပြုသောအခါ ကွမ်းဖိုးအဖြစ်လည်းကောင်း၊ ပွဲလမ်းသဘင်များတွင် ဟင်းလျာအဖြစ်လည်းကောင်း အသုံးပြုကြသည်။ ကြက်ဥကိုမူ နတ်ပူဇော်ပသရန်၊ လူမှုရေးတွင်သုံးရန်နှင့် တစ်ခါတစ်ရံ စားသုံးရန် မွေးမြူကြလေသည်။

## (ဂ) အမဲလိုက်ခြင်း

လာချိဒ်တို့သည် အမဲလိုက်လုပ်ငန်းကို နွေရာသီအားလပ်သောအချိန်တွင် ပြုလုပ်ကြသည်။ ဝါသနာအရလည်းကောင်း၊ ပျော်ပွဲရွှင်ပွဲအဖြစ်လည်းကောင်း အမဲလိုက်ကြသည်။ ထိုသို့အမဲလိုက်ရာတွင် အုပ်စုလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း အမဲလိုက်လေ့ရှိကြသည်။ ယောကျ်ားကလေးများမှာ ငယ်စဉ်မှစတင်၍ အမဲလိုက်နည်းကို ဖခင်များထံမှ သင်ယူထားကြသည်။ ဖခင်ကလည်း သားများအား လေး၊ မြားပစ်နည်း၊ အမဲလိုက်နည်း၊ ထောင်ချောက်ထောင်နည်းစသည်တို့ကို သင်ကြားပေးသည်။ အရွယ်ရောက်လာသည်နှင့်တစ်ပြိုင်နက် ဖခင်နှင့်အတူ အမဲလိုက်လေ့ရှိသည်။

အမဲလိုက်ရာတွင် အမဲလိုက်သူတို့မထွက်မီ ခဖျက်ရွက်ဖြင့် ဖက်ထုံးထုံးကြည့်ပြီး အခြေအနေ ကောင်းမကောင်းကြည့်ရှုခြင်း၊ ရက်ရွေးချယ်ခြင်းတို့ကိုပြုလုပ်ပြီး တောလိုက်ထွက်ကြသည်။



တောလိုက်မထွက်မီ သားကောင်ကို ဖမ်းဆီးနိုင်ရန် 'ကျခို့နတ်' ခေါ် တိရစ္ဆာန်အုပ်စိုးသောနတ်ကို ပူဇော်ပသကြသည်။ ပူဇော်ပုံမှာ ခေါင်းဆောင်မှ တောလိုက်ထွက်မည့် နံနက်စောစောတွင် အိမ်လယ်တိုင်ရှိ နတ်စင်တွင် ကျခို့နတ်ကို ကြက်ဥ၊ ငါးခြောက်တို့နှင့် ပူဇော်ပြီး သားကောင်များရရှိရန် ဆုတောင်းကြသည်။ ၎င်းနောက် အိမ်မှ တိတ်တဆိတ်ထွက်ပြီး တောထဲသို့သွားကြသည်။ တောလိုက်ထွက်မည့်အုပ်စုတွင် ခေါင်းဆောင်ကို ခဖျက်ရွက်ဖြင့် ဖက်ထုံးဗေဒင်ကြည့်ပြီး ရွေးချယ်ကြသည်။

အမဲလိုက်အဖွဲ့သည် ဒူးလေး၊ မြား၊ တူမီးသေနတ် စသည့် လက်နက်တို့ကို အသုံးပြုကြသည်။ အဆိပ်လူးမြားကို အသုံးပြုကြသည်။ အဆိပ်မှာ ရေခဲတောင်တွင်ပေါက်သော 'မြို့နော့' ခေါ် လက်မအရွယ်ခန့်ရှိသော အသီးကို ညက်အောင်ထောင်းပြီး မြားဖျားတွင် လူး၍အသုံးပြုခြင်းဖြစ်သည်။ မြို့နော့မှရသော အဆိပ်ကို မြားဖျားတွင်သုတ်ပြီး တိရစ္ဆာန်များကို ပစ်ကြသည်။ တိရစ္ဆာန်များသည် မြားနှင့်ထိလျှင်ထိချင်း သေဆုံးနိုင်ပြီး မြားထိသောနေရာကို ဖယ်ကာ သားကောင်များကို စားသောက်နိုင်သည်။ သားကောင်များကို အိမ်မွေးတိရစ္ဆာန်များနှင့် ထောင်ဖမ်းသည့် အလေ့အထမရှိပါ။ ခွေးအုပ်နှင့် အမဲလိုက်သည့် အလေ့အထကို တစ်ယောက်တည်းသွားလိုပါက ခိုက်ခွေခေါ် အမဲလိုက်ခွေးနှင့် သွားကြသည်။ အမဲလိုက်အဖွဲ့သည် ကျင်းများတူးပြီး ဆူးထောင်ချောက်ထောင်ခြင်း၊ ကျော့ကွင်း ထောင်ခြင်း၊ ကြိုးကွင်းချခြင်းဖြင့် အမဲသွားရာလမ်းကို ပိတ်ဆို့ထားကြသည်။

တောလိုက်ရာတွင် တိရစ္ဆာန်အကောင်ကြီးကို အဓိကထား၍ လိုက်လေ့ရှိကြသည်။ အကောင်ကြီးများကို လိုက်ရခြင်းမှာ အများ

နှင့်ဖြစ်၍ အားလုံးလောက်ငွာ ခွဲဝေစားသုံးနိုင်ရန်အတွက်ဖြစ်သည်။ မိမိတို့နှင့် နီးစပ်ရာတောင်များ၌ တောင်ဆိတ်၊ တောကြောင်၊ ဂျီ၊ တောဝက်၊ စိုင်၊ မျောက်၊ ကျား၊ ကျားသစ်၊ ဖျံ၊ တောကြက်၊ တောဝက်၊ အောက်ချင်းငှက်၊ ခါ၊ ကြက်တူရွေး၊ မြေကြွက်များ၊ တောငုံး၊ ရေဘဲ အစရှိသည့် တိရစ္ဆာန်ဖြစ်သည်။ ရှေးက ဆင်ကို ဖမ်းသည့် အလေ့အထရှိသော်လည်း ယခုအခါ ဆင်ကို မဖမ်းတော့ပါ။

လာချိဒ်တိုင်းရင်းသားတို့သည် အမဲလိုက်ရာတွင် တောဝက်အစွယ်ပိတ်ကို အလွန်တန်ဖိုးထားကြသည်။ တောဝက်အစွယ်ပိတ်မှာ အလွန်ရှားပါးပြီး ကိုင်ဆောင်ပါက သေနတ်မမှန်နိုင်ပေ။ တောဝက်အစွယ်ပိတ်ရသည့်နေ့ကို အထူးမှတ်သားထားပြီး နောက်တစ်ကြိမ် အမဲလိုက်လျှင် ထိုနေ့ကိုရှောင်ရှားရသည်။ အစွယ်ပိတ်ရှိသောဝက်သည် အလွန်ကံမြင့်သည်ဟု ယုံကြည်ကြသည်။ ထိုတောဝက်ကံနိမ့်ပြီး အမဲလိုက်မုဆိုးကံမြင့်မှသာ အစွယ်ပိတ်ကို ရနိုင်သည်။ နောက်တစ်ကြိမ် အမဲလိုက်သောနေ့သည် မိမိ တောဝက်အစွယ်ပိတ်ရသောနေ့ဖြစ်လျှင် ထိုနေ့သည် မိမိကံနိမ့်သည့်နေ့အဖြစ် သတ်မှတ်ပြီး ရှောင်ကြဉ်ကြသည်။ ထိုနေ့တွင် တောထဲသို့မသွားရပေ။ မိမိတို့ အမဲလိုက်ရာမှ ရရှိသော သမင်ချိုု၊ ဆတ်ချိုု၊ ပြောင်ချိုု နှင့် ကျားရေ၊ ကျားသစ်ရေ၊ သမင်ရေတို့ကို ရောင်းချသည်ထက် အမြတ်တနိုး သိမ်းဆည်းကြသည်က များသည်။

တောခြောက်၍ အမဲလိုက်ခြင်းကို အုပ်စုဖွဲ့၍လည်းကောင်း၊ ရွာလုံးကျွတ် အမဲလိုက်ရာတွင်လည်းကောင်း အသုံးပြုသည်။ တစ်ဖွဲ့



လျှင် (၁၀) ယောက်မှ (၂၀) ယောက်ထိရှိပြီး (၇) ရက်မှ (၁၀) ရက်အထိ တောထဲတွင်နေ၍ အမဲလိုက်ကြသည်။

တိရစ္ဆာန်များ ဖြတ်ကူးတတ်သောနေရာများတွင် ကျင်းအကြီးကြီးတူးကာ အပေါ်တွင် ထုပ်တန်းလုပ်ပြီး သစ်ရွက်များဖုံးကာ တောကောင်များကို ဖမ်းဆီးကြသည်။ တောဝက်အုပ်များကို ဝိုင်းဖမ်းမည်ဆိုပါက တောဝက်ကောင်များ၏ ခြေရာကိုယူ၊ ခွာရာကို ပြောင်းပြန်ထား၊ တံတွေးထွေးပြီး ဓားသွေးကျောက်နှင့် ဖိထားရသည်။ ထို့နောက် တောကောင်အရေအတွက်များစေရန် 'လောမ်ရှမ်း' နတ် (ခေါ်) ရွာနတ်ကိုတိုင်တည်၍ ဆုတောင်းပူဇော်ကြသည်။ အမဲလိုက်သည့် နေ့ရက်များ၌ တစ်ခြားရွာမှ ဧည့်သည်များ မိမိရွာသို့ ရောက်နေလျှင် ရွာမှ ပြန်မထွက်ရပေ။ ပြန်ထွက်၍ တောကောင် မရပါက ထွက်သွားသောဧည့်သည်အား လျော်ကြေး တောင်းရသည်။ အုပ်စုဖွဲ့လျှက် ခြံကာ၊ လင့်စင်ထိုးပြီး တောကောင်များကို ညာသံပေးကာ ခြံထဲမောင်းသွင်းကြသည်။ ပြီးလျှင် လင့်စင်ပေါ်တက်ပြီး ပစ်ခတ်ကြသည်။ ဤသို့ ရွာလုံးကျွတ် လူပေါင်းရာချီ၍ အမဲလိုက်ကြသဖြင့် တောကောင်ပေါင်း သုံးဆယ်ကျော်၊ လေးဆယ်ကျော်ထိ ရတတ်ကြ၏။ မြေအောင်းပျားများကို ဖွတ်ရာတွင် ကျင်းထဲသို့ ဝါးကျည်တောက်ထိုးထည့်ပြီး အရက်တစ်စက်ချင်းချ ထည့်ကြသည်။ ထိုအခါ ပျားများထွက်လာသည်။ ထွက်လာသော ပျားများကို ရိုက်ကြသတ်ကြသည်။ ဤနည်းဖြင့် မြေအောင်းပျားများကို ဖွတ်လေ့ရှိသည်။

သတ်ဖြတ်လိုက်သည့် တောကောင်တို့၏ ဝိညာဉ်များကို ကျေငြိမ်းပေးရန် သားကောင်များ၏ အရှင်သခင်ကို သားကောင်၏ သွေး၊

ခြေဖျား၊ လက်ဖျား၊ နားရွက်၊ နှုတ်ဖျားများ ဖြတ်ယူပူဇော်လေ့ရှိသည်။ မစားထိုက်သော တောကောင်ကိုလည်း မြေမြှုပ်ကြသည်။ ရဲစွမ်းသတ္တိရှိစေရန် သားကောင်၏အသည်း၊ သွေး၊ အသား များကို အစိမ်းစားကြသည်။ ကျား၊ ကျားသစ်ဖမ်းဆီးနိုင်သူအား မိမိရွာနှင့် ပတ်ဝန်းကျင်ရှိ ရွာများသို့ ကျားသေကို ထမ်းကာ လှည့်လည်ပြသပြီး ဆန်၊ စပါး၊ ကောက်ပဲသီးနှံများ ကောက်ခံကာ စုပေါင်း၍ ချက်ပြုတ်စားသောက်ကြသည်။

တစ်ကောင်တည်းရရှိပါက ညီမျှစွာခွဲဝေကြရသည်။ အမဲခွဲဝေခြင်းနှင့် ပတ်သက်၍ တောကောင်ကို ဦးစွာပစ်ခတ်ရရှိသူက ပို၍ရသည်။ ရွာ၏အကြီးအကဲဆွေမျိုးအတွက် နောက်ပေါင်တစ်ပေါင်၊ သားကောင်ပစ်သူအတွက် အသည်းကို စားရ၏။ ဦးခေါင်းကို ဆွေမျိုးအရင်းနှင့်အတူတကွ ဝိုင်းဖွဲ့၍ ချက်ပြုတ်စားသောက်ကြရသည်။ ကျန်အပိုင်းကို ဝေခြမ်းကာ ဝေစုခွဲကြသည်။ ရွာလုံးကျွတ်အမဲလိုက်ပါက ပြန်လာသောအခါ ရရှိသော သားကောင်ကို ဝိုင်းဖျက်၍ သားရေလှမ်းသည့်အဖွဲ့၊ ချက်ပြုတ်သည့်အဖွဲ့ စသည်ဖြင့် တပျော်တပါးလုပ်ငန်းခွဲဝေလုပ်ကိုင်ကြသည်။ တစ်အိမ်လျှင် အသားတွဲတစ်တွဲစီ ဝေယူသည်။ သားရေကိုမူ ရောင်းစားကြသည်။ မရောင်းလိုပါက အဝတ်အထည် ချုပ်ဝတ်ကြသည်။ သားကောင် များပြားစွာရရှိပါက အကောင်လိုက် ခွဲဝေယူလေ့ ရှိကြသည်။

## (ယ) အိမ်တွင်းမှုလုပ်ငန်း

လာချိဒ်တိုင်းရင်းသားတို့သည် အားလပ်သောအချိန်များတွင် မနားမနေကြဘဲ ရက်ကန်းရက်လုပ်ခြင်း၊ တောင်း၊ ခြင်း၊ ပလိုင်းတို့ကို ရက်လုပ်ကြသည်။



ရက်ကန်းရက်လုပ်ခြင်းသည် လာချိဒ်အမျိုးသမီးတို့၏ အဓိကအိမ်တွင်းမှုလုပ်ငန်းဖြစ်သည်။ အမျိုးသမီးများသည် ငယ်ရွယ်စဉ်ကတည်းက မိခင်များထံမှ ရက်ကန်းရက်ပညာကို ကျွမ်းကျင်စွာတတ်မြောက်ပြီး ဖြစ်သည်။ အိမ်ထောင်သည် အမျိုးသမီးများအနေဖြင့် မိသားစုစားသောက်ရေးအတွက် တောင်ယာသို့ နေ့စဉ်သွားပြီး လုပ်ငန်း လုပ်ကိုင်နေရသောကြောင့် အားလပ်သည့်အချိန်နည်းပါးကြသည်။ ထို့ကြောင့် မိမိတို့၏ မိသားစုဝတ်ဆင်ရန်အတွက်သာ အဓိကထား ရက်လုပ်ကြသည်။ အသက်အရွယ်ကြီးသော အဘွားအိုများသည် တောင်ယာသို့ မသွားနိုင်ဘဲအိမ်စောင့်ရင်းကျန်ရစ်ခဲ့သောကြောင့် အိမ်စောင့်ရင်းဖြင့် ရက်ကန်းရက်လုပ်ကြသည်။ များသောအားဖြင့် တစ်ဦးတစ်ယောက်တည်းမရက်ဘဲ အဘွားအိုနှစ်ယောက် သုံးယောက်စုကာ အိမ်တစ်အိမ်တွင် လည်းကောင်း၊ အရိပ်ကောင်းသော သစ်ပင်ကြီးအောက်တွင်စု၍ လည်းကောင်း၊ အပျင်းပြေ စကားစမြည်ပြောရင်း ရက်လုပ်ကြသည်။ တောင်ပေါ်ဒေသတွင် သုံးသော ရက်ကန်းမှာ ဂျပ်ခုတ်ရက်ကန်းမျိုးသာ ဖြစ်သည်။ ထို့ကြောင့် တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့ရာတွင် လွယ်ကူ၏။ မိန်းမငယ်လေးများမှာ မိမိတို့၏ချစ်သူများအတွက် ပုဆိုး၊ လွယ်အိတ်တို့ကို ကိုယ်တိုင်ရက်လုပ်ကာချစ်လက်ဆောင်ပေးကြသည်။ ရှေးယခင်က ရာသီဥတုသာယာချိန်များတွင် ရွာရှိသစ်ပင်ကြီးအောက်တွင် စုပေါင်း၍ ရက်ကန်း ရက်လုပ်ကြသည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ခင်မှု ပိုစေ၊ စည်းလုံးညီညွတ်မှု ရစေသော ရိုးရာဓလေ့ပျော်မွေ့ဖွယ်ရာ လက်မှုလုပ်ငန်းဖြစ်သည်။

တောင်း၊ ခြင်း၊ ပလိုင်းရက်လုပ်ခြင်းကို များသောအားဖြင့် အဘိုးအိုတို့မှ ရက်လုပ်ကြသည်။ ထိုသို့ရက်လုပ်ရာတွင် သေသပ်လှပပြီး လက်ရာကောင်းမွန်လှသည်။ ရက်လုပ်ထားသည့် ပစ္စည်းများမှလည်း အလွန်ခိုင်ခံ့သည်။ အိမ်ဆောက်ရာတွင် အသုံးပြုသော ဝါးထရံ၊ ကြမ်းခင်းများကိုလည်း ကိုယ်တိုင်လှပစွာ ဆောက်လုပ်ကြသည်။ ထို့ပြင် အိမ်မိုးရန်အတွက် သက်ငယ်ကိုလည်း ပြုလုပ်ကြသည်။ ကြိမ်ဖြင့် ရက်လုပ်ထားသော နောက်လွယ်ပလိုင်းတစ်မျိုးကို စပါးသယ်ယူရာတွင်လည်းကောင်း၊ ဈေးရောင်း ဈေးဝယ်ရာတွင်လည်းကောင်း၊ တောထဲသို့ ဟင်းသီးဟင်းရွက်များရှာဖွေပြီး ထည့်ရာတွင်လည်းကောင်း အသုံးပြုကြသည်။ လာချိဒ်အဘိုးအိုများသည် အားလပ်သောအချိန်တွင် 'လုံကျူ' ခေါ် ဝါးများကို အိမ်သုံးပစ္စည်းများ ပြုလုပ်ကြသည်။ ထိုဝါးများသည် အခြားဝါးပင်များကဲ့သို့ အရုံလိုက်မပေါက်ဘဲ တစ်ပင်နှင့်တစ်ပင် တစ်လံလောက်ကွာ၍ ပေါက်ကြသည်။ ထိုဝါးဖြင့် မီးဖိုချောင်အသုံးအဆောင်များဖြစ်သော ဝါးဇွန်း၊ သောက်ရေခွက်များကို ပြုလုပ်ကြသည်။ ယခင်က အိမ်သုံးရန်အတွက် ပြုလုပ်ကြသော်လည်း ယခုအခါ ရောင်းချရန်အတွက် ခြင်း၊ ပလိုင်းအမျိုးမျိုး၊ ဝါးခွက်စသည်တို့ကို ပြုလုပ်ကာ ဈေးတွင် ရောင်းချကြသည်။

ဖျာရက်ရာတွင် ဝါးကိုခွဲ၍ ပါးပါးလွှာပြီး ရက်လုပ်ကြသည်။ ကြိမ်နှင့်လည်း ဖျာကို ရက်လုပ်သည်။ လုံကျူဝါးနှင့် 'မုတ်လိမ်း' ခေါ် နေကာခမောက်၊ 'မုတ်ရှန်း' ခေါ် မိုးကာခမောက်များကို ပြုလုပ်ကြသည်။ 'ဖော့ကျွန်းရွက်' ပိမ်းပု ခေါ် ရှန်းရွက်၊ ရစ်မိုးရွက်တို့ကိုလည်း အသုံးပြုကြသည်။



## (ဂ) အခြားလုပ်ငန်းများ

လာချိဒ်တိုင်းရင်းသားတို့၏ အခြားလုပ်ငန်းများမှာ (၁) တူမီး သေနတ်၊ ဓား၊ လှံ၊ ပုဆိန်၊ ပေါက်ပြားများပြုလုပ်သည့် ပန်းပဲလုပ်ငန်း၊ (၂) အိမ်ဆောက်ခြင်း၊ (၃) တံတားဆောက်ခြင်း၊ (၄) ဆေးဆိုးခြင်း (၅) ဓာတ်သတ္တုတူးဖော်ခြင်း၊ (၆) ဆားချက်ခြင်း လုပ်ငန်းများရှိသည်။

လက်နက်ကိရိယာလုပ်ငန်းအတွက် ဒူးလေးကိုဝါး၊ သစ်ဖြင့်လည်းကောင်း၊ ဓား၊ လှံ၊ သေနတ်များကို သံရိုင်းကျောက်များဖြင့်လည်းကောင်း ပြုလုပ်ကြသည်။ အိမ်နှင့်တံတားဆောက်ရာတွင် သစ်၊ ကြိမ်၊ ဝါး၊ သက်ငယ်၊ ကျောက်ပြား၊ ကျောက်တုံးများကို ခုတ်ထွင်ပြုလုပ်စုဆောင်းပြီး ဆောက်လုပ်ကြသည်။ ဆိုးဆေးလုပ်ငန်းတွင် ကုန်ကြမ်းများအဖြစ် သစ်ခေါက်ဆေး၊ သစ်ရွက်ဆေး၊ သစ်ဥဆေးများမှ ကျိုချက်ထုတ်ယူပြီး ဖော်စပ်သော အနီရောင်၊ အနက်ရောင်၊ အဝါရောင်၊ ပန်းရောင်စသော ဆေးရည်တွင် ဝါဂွမ်းဖြင့် ပြုလုပ်ထားသော ချည်များကို လိုချင်သော အရောင်ဆိုးကြသည်။

ဆော့လော်၊ ချီဖွေမြို့နယ်များအတွင်း မေခမြစ်ဝှမ်းဒေသများ၊ အချို့ဒေသများ၊ ပိုင်းမော်မြို့နယ်ရှိ အချို့ဒေသများတွင် ရွှေထွက်သည်။ ဆားပေါက်သောမြေများရှိသည်။ သံသတ္တုထွက်သော နေရာများရှိသည်။ သို့ဖြစ်၍ လာချိဒ်တို့သည် တစ်နိုင်တစ်ပိုင် ရွှေကျင်ခြင်း၊ ဆားချက်ခြင်းများကို လုပ်ကိုင်ကြသည်။ သံသတ္တုများထွက်သောနေရာများ ရှိသော်လည်း စီးပွားဖြစ်ထုတ်လုပ်နိုင်ခြင်း မရှိကြပါ။

## (စ) ကူးသန်းရောင်းဝယ်ရေး

လာချိဒ်တိုင်းရင်းသားတို့သည် ရှေးယခင်က အချင်းချင်းသော်လည်းကောင်း အနီးအနားရှိ အခြားတိုင်းရင်းသားများနှင့်သော်လည်းကောင်း ကုန်ကူးသန်းရောင်းဝယ်မှု ရှိခဲ့သည်။ ကုန်ကူးသန်းရောင်းဝယ်ရာတွင် (၁) ကုန်ပစ္စည်းဖလှယ်သော စနစ် (၂) ငွေကြေးစနစ်တို့ရှိသည်။

အဓိကအားဖြင့် မိမိတို့ စားဝတ်နေရေးအတွက် လိုအပ်သောပစ္စည်းများကို ကုန်ချင်းဖလှယ်၍ ရောင်းဝယ်မှုရှိသည်။ တရုတ်ကုန်သည်များ ရောက်ရှိလာသောအခါ မိမိတို့ရရှိထားသော ပျားဖယောင်း၊ ခန်းတောက်မြစ်၊ တိရစ္ဆာန်သားရေ၊ ဆေးဖက်ဝင်အပင်များ၊ ငရုတ်၊ ငါးခြောက်၊ အသားခြောက်များ၊ မှိုခြောက်၊ ဝက်ဝံသည်းခြေ၊ ရွှေ၊ ကျောက်စိမ်း၊ ငွေစိမ်း၊ ဖျံရေ၊ ဆတ်ချိုနု၊ ဆင်စွယ်၊ ငှက်သိုက်၊ ဂုန်လျှော်၊ ကြိမ်စသည့် စားသုံးပစ္စည်းများ၊ အထည်အလိပ်များကို အိုးခွက်ပန်းကန်ပိတ်စသည့် တရုတ်ကုန်သည်ပါလာသော ကုန်ပစ္စည်း ချင်းဖလှယ်ကြသည်။ တရုတ်ကုန်သည်များမှအပ အခြားကုန် သည်များမရှိပေ။ ဈေးဟူ၍ သတ်မှတ်ထားခြင်းမရှိဘဲ ချီဖွေမြို့နယ်ရှိ ကျေးရွာကြီးအချို့၊ ပိုင်းမော်မြို့နယ် ဆဒုံးကျေးရွာအနီးတဝိုက်တွင် (၅) ရက်ဈေး၊ (၁၀) ရက်ဈေးဟူ၍ စုပေါင်းရောင်းဝယ်မှုရှိသည်။

နောက်ပိုင်းတွင် ငွေကြေးအဖြစ် ကျွဲ၊ နွားများကိုလည်းကောင်း၊ ခရုခွံ၊ ရဲတင်း၊ ပုဆိန်များ၊ ဆားများနှင့် ပြောင်းလဲသုံးစွဲခဲ့ပြီး တရုတ်ငွေ၊ ကျပ်ငွေများကို ရံဖန်ရံခါသုံးစွဲခဲ့ပါသည်။ ကူးသန်းရောင်းဝယ်ရာတွင် နယ်ခြားကူးသန်းရောင်းဝယ်မှု၌ မုန်ဇော်ခေါ်



စော်ဘွားတို့က ရောင်းဝယ်သော ပစ္စည်းပေါ်တွင် အခွန်ကောက်ကြသည်။ ထိုအချိန်ကာလမှာ လာချိဒ်မျိုးနွယ်စုတို့နယ်ပယ်မှာ မည်သည့်တိုင်းပြည်နိုင်ငံ လက်အောက်မှမရှိခဲ့ပါ။

ရှေးအခါက လာချိဒ်တိုင်းရင်းသားတို့သည် အချိန်အတွယ်ကို သပန်းခေါ် နို့ဆီဘူးဆယ့်နှစ်လုံးဆန့်သော တောင်းများဖြင့် ချိန်တွယ်ခြင်း၊ 'လော့တာဇွမ်' ခေါ် လက်တစ်ဆုပ်၊ ဒလော့ချုံးခေါ် လက်တစ်ခုတ်စသည်ဖြင့် သုံးစွဲကြသည်။ အတိုင်းအတာအကွာအဝေးကိုလည်း တစ်တောင်ကို 'ဒါတုံး'၊ တစ်လံကို 'ဒါလမ်း' ကြက်တွန်သံကို 'ဒကျော့တွန်ဒနာမ်ဆီး'၊ ခွေးတစ်ဟောင်ကြားကို နေ့တစ်ဝက် ခရီးအဖြစ်လည်းကောင်း၊ ဝါးတစ်လုံး၊ လှံတစ်ပစ်၊ ဒူးလေးတစ်ပစ်ဟူ၍လည်းကောင်း တစ်နေ့ခရီး၊ နေ့တစ်ဝက်ခရီး စသည်ဖြင့် သုံးနှုန်းကြသည်။

ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၌ အတိုင်းအတာ၊ အချင်အတွယ်၊ အချိန်နာရီတို့ကို ၎င်းတို့၏ ရိုးရာဓလေ့၊ ဒေသအခေါ်သုံးနှုန်းကြသည်မှာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုလျင်မြန်လွယ်ကူစေရန် သတ်မှတ်သုံးစွဲခြင်း ဖြစ်သည်။

## ရှိုးရောအိမ်ဆောက်ပုံ

လာချိဒ်တိုင်းရင်းသားတို့သည် အိုးအိမ်တည်ဆောက်ရန်အတွက် မြေနေရာကို နတ်ဟောဆရာအား ပင့်ဖိတ်၍ ရွေးချယ်ရသည်။ ထိုသို့ရွေးချယ်ရာတွင် ဖက်ထုံးဗေဒင်ဖြင့် မေး၍ ရွေးရသည်။ ဖက်ထုံးဗေဒင်မှာ လာချိဒ်အခေါ် "ခဖျက်ရွက်" ကို အခြေခံပြီး ရွေးချယ်ရပါသည်။ ခဖျက်ရွက်ကို ဆုံးပြီး အကြောလိုက် ခြောက်ခုဖြစ်အောင် ခွဲခြမ်းပြီး အလယ်တွင် ကျန်သော အရွက်ကြောကို ပစ်လိုက်ရသည်။ ထိုခွဲစိပ်ထားသော အရွယ်များကို လက်တွင် ရောနှောသွားအောင် ရစ်ပတ်ပြီး နှစ်ပင်စီ အထုံး နှစ်ထုံးပြုလုပ်ရသည်။ ထို့နောက် နတ်ဟောဆရာမှ မြေနေရာကောင်း၊ မကောင်း ဤဖက်ထုံးမှာ ပြပါဟု ရွတ်ဆိုသည်။ ထို့နောက် ရစ်ပတ်ထားသော ခဖျက်ရွက်များကို ဖြေလိုက်ရာ ပုံစံအမျိုးမျိုးဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ အရွက်များတစ်ရွက်ကျော်စီ ချည်ထုံးမိလျှင် ကောင်းသည်ဟု ယူဆပြီး သို့မဟုတ်လျှင် မကောင်းဟု ယူဆကြသည်။ တစ်နေရာမကောင်းလျှင် နောက်တစ်နေရာပြောင်း၍ မေးရသည်။

လူနေရန်အတွက်ကိုမူ ဝါးခြမ်းကိုခွဲ၍ ယောကျ်ားအတွက် ကောက်ညှင်း အနီ ခြောက်စေ့နှင့် မိန်းမအတွက် လက်ဖြင့် ခွာထားသော တောင်ယာစပါး ခုနစ်စေ့ကို ဝါးခြမ်းအတွင်း တစ်ပုံစီထည့်ပြီး ပြန်ဖုံးကာ မြေကြီးထဲတွင် ဝါးကို မြှုပ်ထားရသည်။ နောက်တစ်နေ့သို့ ရောက်သောအခါ မြှုပ်ထားသော ဝါးကို ပြန်ဖော်ပြီး ကြည့်ရ





သည်။ ဝါးအတွင်း၌ ဆန်စေ့များ နဂိုအတိုင်း ရှိနေလျှင် တစ်အိမ်သားလုံး ကျန်းမာရေးအခြေအနေကောင်းပြီး အိမ်ဆောက်ရာတွင်လည်း အဆင်ပြေမည်ဟု ယူဆကြသည်။ ဆန်စေ့များ တကွဲတပြားဖြစ်နေလျှင် မကောင်းဟုယူဆကာ အခြားတစ်နေရာပြောင်း ရွှေ့ပြီး အထက်ပါနည်းအတိုင်း ပြုလုပ်ကြသည်။

ဤသို့ ဖက်ထုံးဗေဒင်နှင့် ဆန်လုံးစီဗေဒင်တို့နှင့် အိမ်ဆောက်မည့်နေရာကောင်းကို ရွေးချယ်ကြသည်။ ပြီးလျှင် အိမ်ဆောက်ကူပေးမည့် အကူအမျိုးသားနှင့် အကူအမျိုးသမီးကို ခဖျက်ရွက်ဖြင့် ဖက်ထုံးကြည့်ပြီး ရွေးချယ်ရသည်။ ထိုသို့ ရွေးချယ်ပြီးနောက် အကူအမျိုးသားအိမ်သို့ အိမ်ဆောက်မည့်အိမ်ပိုင်ရှင်က ခေါင်ရည်ယူသွားကာ အကူအညီတောင်းခံလေသည်။ အိမ်ဆောက်ကူမည့်သူထံမှ သဘောတူညီမှုရလျှင် အကူအမျိုးသားအိမ်တွင် ကြက်သတ်ပြီး အိမ်စောင့်နတ်ကို ပူဇော်ပေးရသည်။ အိမ်ဆောက်ကူမည့်အမျိုးသားကို 'လန်ကျန့်ဖို' ဟုခေါ်ပြီး အိမ်ဆောက်ကူမည့် အမျိုးသမီးကို 'လန်ကျန်မြီး' ဟုခေါ်သည်။ အိမ်ဆောက်ပေးမည့် အကူအမျိုးသမီးကိုလည်း အကူအမျိုးသားကို လုပ်ဆောင်ပေးသည့်အတိုင်း ပြုလုပ်ပေးရသည်။

အားလုံး သင့်တော်ကောင်းမွန်ပြီဆိုလျှင် အိမ်ဆောက်မည့်သူတို့၏ အိမ်စောင့်နတ်ထံ ကူညီစောင့်ရှောက်ရန် တိုင်တည်ရသည်။ သစ်၊ ဝါးရှာမည့်နေ့ကိုလည်း ဖက်ထုံးဗေဒင်ဖြင့် ရွေးချယ်ပြီး လကွယ်ရက်၊ လပြည့်ရက်၊ လဆန်း (၈) ရက်နှင့် လဆုတ် (၈) ရက်တွင် သစ်ခုတ်၊ ဝါးခုတ်ကြသည်။ အိမ်တိုင်ပြုလုပ်ရန် သစ်ပင်ကြီးများကို ခုတ်ရာတွင် ရှေးဦးစွာ သစ်ပင်ကို နွယ်ကြိုး (သို့) နှီးကြိုး

ဖြင့် တစ်ရက်နှစ်ရက် ကြိုပြတ်ထားရသည်။ ၎င်းနောက် ဒီအပင်ကို ခုတ်စေလိုလျှင် ချည်ထားသော အတိုင်းထားပြီး မခုတ်စေလိုလျှင် ဖြတ်ထားပါဟု လန်ကျန့်ဖို့က သစ်ပင်စောင့်နတ်ကို တိုင်တည်ပြောဆိုခဲ့သည်။ နောက်နှစ်ရက်ခန့်နေပြီး သစ်ပင်ကို သွားကြည့်သောအခါ ကြိုးပြတ်လျှင် နောက်တစ်ပင်ပြောင်းပြီး ကြိုးမပြတ်ဘဲ နဂိုအတိုင်းရှိနေလျှင် သစ်ပင်ကို စခုတ်ရသည်။ သစ်ပင်လဲသွားလျှင်သွားချင်း ကြိုတင်၍ ပြုလုပ်လာသော သစ်သားနှင့် ထွင်းထားသည့်အကောင်ကို သစ်ငုတ်ပေါ်တင်၍ အနီးအနားသို့ ထွက်ပြေးသွားရသည်။ ၎င်းနောက်ပြန်လာပြီး ဒီအပင်ဟာ ဒီအကောင် ကိုက်လို့ လဲသွားတာပဲဟု ပြောရလေသည်။

သစ်ပင်၊ ဝါးပင်များ ခုတ်ပြီးလျှင် အိမ်ရှင်မှ တစ်ရွာလုံးကို အကူအညီတောင်းပြီး ထမင်းကျွေး၊ ခေါင်ရည်တိုက်ကာ တောထဲတွင် ခုတ်ထားသော သစ်၊ ဝါးများကို သယ်ယူကြသည်။ ရှေးယခင်က လာချိဒ်တိုင်းရင်းသားတို့၏ အိမ်ပုံစံမှာ ခပ်ရှည်ရှည် ပုံသဏ္ဌာန်ရှိပြီး အခန်းပေါင်းများစွာ ပါဝင်သည်။ ရှေးယခင်က အိမ်တိုင်ကြီးမားမှုပေါ် မူတည်ပြီး အိမ်နှင့် သာမန်အိမ်ခွဲခြား သိနိုင်သည်။ သားများ အိမ်ထောင်ပြုသောအခါ အိမ်ခွဲမနေဘဲ သားစဉ်မြေးဆက်ထိုအိမ်ရှည်ကြီးထဲမှာပင် စုပေါင်းနေထိုင်ကြသည်။ အိမ်ရှေ့ခေါင်မိုးတံစက်မြိတ်အောက်တွင် အမျိုးအနွယ် မပြတ်စေရေးအတွက် နှီးဖြင့်ပြုလုပ်ထားသော ကွင်းလေးများကို ချိတ်ဆွဲခြင်းဖြင့်လည်းကောင်း၊ သားရဲတိရစ္ဆာန်များ မဝင်လာစေရန် ခြောက်လှန့်သည့်အနေဖြင့် “ဝေါ်ပျံးလန်း” ခေါ် ဝါးခလောက်ကို ဆွဲ၍လည်းကောင်း၊ လူဦးရေတိုးပွားများပြားလာ စေရန် ‘ဂျရှူး’ ခေါ် လာရင့်ရွက်ကို စည်းပြီး ပျားအုံပုံသဏ္ဌာန် ကဲ့သို့လည်းကောင်း၊ အိမ်ရှေ့ဘက်



အိမ်ခေါင်ထိပ်တွင် ကျွဲချိုကို လည်းကောင်း တပ်ဆင်ထားသည်ကို တွေ့ရှိရသည်။

အိမ်ရှေ့ဥပစာတွင် ဆင်ဝင်သဏ္ဌာန် အမိုးမိုးထားကြသည်။ ထိုအမိုးအောက်မှနေ၍ အိမ်ပေါ်သို့တက်ရန် လှေကားတစ်ခု တပ်ဆင်ထားသည်။ လှေကားကို သစ်တုံးဖြင့် ပြုလုပ်ထားပြီး လှေကားထစ်များကို သစ်သားတွင် ခြေနင်းအဖြစ် ခုတ်ထစ်ထားသည်။ ထိပ်ဆုံးအခန်းမှာ နတ်ခန်းဖြစ်ပြီး နောက်နှစ်ခန်းမှာ ဧည့်ခန်းဖြစ်သည်။ ဧည့်ခန်းနှင့် မျက်နှာချင်းဆိုင်တွင် အိမ်ရှင်အဘိုးကြီးအခန်းဖြစ်သည်။ ဧည့်ခန်းနောက်တွင် ထင်းထားရန်၊ ဝါးကျည်တောက်နှင့် ဝက်စာထည့်သောတွင်းထားသည့် သစ်လုံးကို ထားပြီး ၎င်းနှင့်မျက်နှာချင်းဆိုင်တွင် အိမ်ရှင်သားဦးအခန်းဖြစ်သည်။ ၎င်းနောက် အပျိုလူပျိုခန်းရှိပြီး ၎င်းနှင့်မျက်နှာချင်းဆိုင်တွင် ကြက်ခြံလုပ်ထားပြီး ကြမ်းခင်းအောက်တွင် ဝက်ခြံလုပ်ထားသည်။ အိမ်၏ မျက်နှာစာမြေကြီးပေါ်တွင် မောင်းထောင်းရန်နှင့် ကျွဲကို ထားရှိသည်။ လာချိဒ်တိုင်းရင်းသားတို့၏ ရိုးရာအိမ်တွင် အခန်းတိုင်းလိုလို၌ မီးဖိုများ ထားရှိသည်။ ရိုးရာအိမ်ကို ဆောက်လုပ်ရာတွင် သစ်သား၊ ဝါးနှင့် သက်ငယ်များကို အသုံးပြုကြသည်။

ယခုအခါ ရိုးရာနေအိမ်များဆောက်လုပ်ခြင်းကို တောင်ပေါ်ဒေသများတွင်သာ တွေ့ရှိရတော့သည်။ ယခုခေတ်တွင် ချမ်းသာသောသူများမှာ တိုက်ခံသွပ်မိုးပျဉ်ခင်းအိမ်များကို မိသားစုနေထိုင်ရန်လောက်သာ ဆောက်လုပ်ကြပြီး အချို့သောသူများမှာ သစ်သား၊ သက်ငယ်၊ ဝါးတို့ဖြင့်သာ ဆောက်လုပ်ကြသည်ကို တွေ့ရှိရသည်။ ရိုးရာအိမ်ကဲ့သို့ အခန်းအများကြီး ဆောက်လုပ်ခြင်းကို မတွေ့ရှိရတော့ပေ။

## အိမ်သစ်တက်ပွဲအစမ်းအနား

လာချိဒ်တိုင်းရင်းသားတို့၏ ရိုးရာအိမ်သစ်တက်ပွဲမှာ စိတ်ဝင်စားစရာ ကောင်းလှသည်။ အိမ်ဆောက်မည့် အိမ်ရှင် သည် အိမ်သစ်ဆောက်ရန်အတွက် မြေနေရာကို နတ်ဟောဆရာ အား ပင့်ဖိတ်၍ ဖက်ထုံးဗေဒင်ဖြင့် ရွေးလေသည်။ လူနေသင့် မသင့်ကို ဆန်လုံးစီဗေဒင်ဖြင့် မေးရသည်။ အခြေအနေကောင်းပါက အိမ်ဆောက်မည့်ရက်ကို ဖက်ထုံးဗေဒင်ဖြင့် ရွေးချယ်ရသည်။ သစ်၊ ဝါး၊ သက်ငယ်များကို စုစည်းပြီး အားလုံးပြည့်စုံပါက အိမ်ဆောက်မှုကို စတင်သည်။

အိမ်ဆောက်ရာတွင် လန်ကျန့်ဖို့ခေါ် အိမ်ဆောက်ကူမည့် အမျိုးသားနှင့် လန်ကျန့်မြီးခေါ် အိမ်ဆောက်ကူမည့် အမျိုးသမီးမှ ဦးဆောင်၍ ဆောက်ကြသည်။ အိမ်ရှင်မှလည်း ကူညီလုပ်ကိုင်သည့် လူများကို ထမင်းကျွေးခြင်း၊ ခေါင်ရည်တိုက်ခြင်း ပြုလုပ်သည်။ အိမ်ပြီးစီးမည့် ပထမရက်တွင် အိမ်တစ်ခြမ်းကိုသာ မိုးထားသည်။ အိမ်ခေါင်မိုးမှနေ၍ (လာရှိန်း) ခေါ် (ကောင်းကင်ဘုံမှမင်းသမီး) ရုပ်ကို ချပေးသည်။ ထိုသို့ချပေးရင်း ရိုးရာတေးသီချင်းများကို သံပြိုင်သီဆိုသည်။ ထိုလာရှိန်းရုပ်ကိုဖြုတ်ပြီး သင့်လျော်ရာနေရာ တွင် ထားလိုက်သည်။ ၎င်းနောက် စားသောက်စရာများကို ပြန်ချည် ပေးလိုက်သည်။ လာရှိန်းရုပ်ချပေးခြင်းကို ညနေပိုင်းတွင် ပြုလုပ်





သည်။ ညရောက်သော် အိမ်ရှင်မှ ဖိုခနောက်ယူပြီး မီးဖိုအသစ်တွင် မီးစမွေးသည်။ နတ်ဟောဆရာလည်း မီးဖိုနားတွင်နေပြီး မင်္ဂလာရှိတဲ့ရေ၊ မင်္ဂလာရှိတဲ့မီး၊ မင်္ဂလာရှိသော အစားအစာ၊ မင်္ဂလာရှိသော လူတွေရောက်လာပြီ၊ ယောကျ်ားလိပ်ပြာ ခြောက်ယောက်၊ မိန်းမ လိပ်ပြာ ခုနစ်ယောက်လည်း ရောက်ပြီ၊ ရွှေ၊ ငွေ၊ လက်ဝတ် ရတနာနှင့် တိရစ္ဆာန်တို့လည်း စုံလင်စွာရောက်ရှိလာပြီဟူ၍ ရွတ်ဆိုပေးနေသည်။

ဒုတိယညနေခင်းတွင် အိမ်သစ်တက်အက ကရန် အကဦးဆောင်နိုင်သူ "ဂျိဇိမ့်" ကို ဖိတ်ခေါ်ရသည်။ ခေါင်ရည်ဘူးကို ဂျိဇိမ့်အားပေးကာ အိမ်သစ်တက်ကရန် ဖိတ်ခေါ်ရသည်။ ပွဲပြီးသော် မောင်းတီးပေးရသည်။ ခေါင်ရည်များကို မိုးပြဒယ်ကြီးတွင် ထည့်ကာ အစဉ်အလိုက် ဦးချပြီး အဖွဲ့လိုက်သောက်ကြသည်။ ထို့နောက် ဂျိဇိမ့်ကဦးဆောင်ပြီး ကကြသည်။ ကရာတွင်လည်း ပထမဦးစွာ ရိုးရာနတ်ကို ဂါရဝပြုစကားပြောသည်။ ၎င်းနောက် ဖြည်းဖြည်းညီညီညာညာဖြင့် သစ်၊ ဝါးယူပုံ၊ စုဆောင်းပုံအကြောင်းကို သီချင်းဖွဲ့၍ ကကြသည်။ အိမ်ကို ဝိုင်းဝန်း၍ ဆောက်ပုံ၊ မကောင်းဆိုးဝါးများ ကင်းစင်သွားအောင် ရွတ်ဆို၍ ကကြသည်။ ပြီးနောက် ကြီးပွားချမ်းသာစေကြောင်း၊ ရပ်ရွာအေးချမ်းသာယာစေကြောင်း သီချင်းသီဆိုဖွဲ့၍ ကကြသည်။ ကနေရင်းဖြင့် လန်ကျန့်ဖို့အဖွဲ့ကနေတုန်း "ဖိန်းထိုင်" ခေါ် ကော်ဇော၊ ကွမ်းနှင့် လန့်ကျန့်မြီးခေါင်းဆောင်ကာ ပြုလုပ်ထားသော "ချိန်ထိန်း" ခေါ် ကြိုးကလေးအား ဂျိဇိမ့်ကို စလွယ်သိုင်းပေးလိုက်ရသည်။ ကနေသူအားလုံးကိုလည်း အရက်ဝေငှခြင်း၊ ကြက်ဥပေးခြင်းတို့ကို ပြုလုပ်ကြသည်။

နောက်ဆုံးမှတစ်ယောက်က ပလိုင်းနှင့် အလှူငွေများ ကောက်သည်။

လန်ကျန့်ဖိုနှင့်အဖွဲ့က မီးဖိုတိုင်းတွင် ဝါးထင်း သုံးချောင်းစီကိုထည့်ကာ မီးဖိုထားသည်။ ထိုအချိန်တွင် လူကြီးများဦးဆောင်သော "ခွင်းဂေါ်" အကဝင်လာသည်။ သစ်သားဖြင့် အောက်ချင်းခေါင်း၊ အောက်ချင်းမြီးပုံလုပ်ထားပြီး ခေါင်းနားတွင် ဝါးတိုင်စိုက်ကာ ပန်းပွင့်လေးများ ချည်ထားသည်။ ၎င်းပန်းပွင့်လေးများသည် သစ်သားစိမ်းကို ဓားထက်ထက်ဖြင့် ခြစ်ချကာ ထွက်လာသော အခွေများကို အရောင်ဆိုးကာ ပန်းပွင့်ပုံစံပြုလုပ်ပြီး ဝါးတိုင်တွင် ကပ်ထားသည်။ တောင်ပံပုံစံလုပ်ထားခြင်း ဖြစ်သည်။ ထိုအကသည် ရှေ့ကို သုံးလှမ်းသွားပြီးနောက် နောက်သို့ နှစ်လှမ်းဆုတ်ကာ ကကြသည်။ ခေါင်ရည်သောက်ရင်းနှင့်ပင် ကကြသည်။

ဒုတိယနေ့တွင် လာရှိန်းအရုပ်ကလေးကို မမိုးရသေးသော အိမ်ခေါင်မိုးမှတစ်ဆင့် ပြန်ပို့ရသည်။ ပြန်ပို့ရာတွင်လည်း စကားလှပအောင်ပြောဆိုပြီး အိမ်မကြီးတိုင်မှတဆင့် လာရှိန်းအရုပ်ကလေးကို ကြိုးချည်ပြီး ခေါင်မိုးမှနေ၍ ဆွဲယူကာ သင့်လျော်သော နေရာတွင် ထားရသည်။ ခေါင်မိုးအားလုံးကို မဖုံးရပါ။ တစ်ပတ်လောက်ထားရသည်။ အိမ်ခေါင်မိုးကို အနည်းငယ်ချန်ထားရပါသည်။ ထိုရက်အတွင်း အိမ်သားမှ ရွှေ ငွေများကိုလည်း မချေးငှားရပါ။ ခုနစ်ရက်ပြည့်သည်နှင့် ခေါင်မိုးကို အပြီးသတ်ရပါသည်။ ဒုတိယရက် လာရှိန်းရုပ်ကိုပို့ပြီး မိုးချုပ်ခါနီး ပျိုးထားသော စပါးပန်း၊ ပြောင်းဖူးပန်းကိုနှုတ်ပြီး ပန်းပန်ပွဲကျင်းပကြသည်။ ရည်ရွယ်ချက်မှာ သည်ရွာရှိ အလုပ်လုပ်ပေးသူအားလုံး ပန်းပန်လိုက်သည်နှင့်



ပန်းလိုလန်းဆန်းပါစေ၊ မကောင်းတဲ့စိတ်တွေ ပျောက်ပါစေ၊ ပြောမှားဆိုမှားရှိပါက ပြေပျောက်ပါစေဟူသော ရည်ရွယ်ချက်ဖြစ်သည်။ ၎င်းနောက် လန်ကျန့်ဖိုနှင့် လန်ကျန့်မြီးကို အိမ်ရှင်မှ လက်ဆောင်ပစ္စည်းပေးကြသည်။ ဤသို့ လက်ဖွဲ့ပေးခြင်းကို "မီလ်ဘိန်ဇီ" ဖွဲ့ဟုခေါ်သည်။

လာချိဒ်တို့၏ အိမ်သစ်တက်ပွဲဂျီကောပွဲမှာ ရှေးနှစ်ပေါင်းများစွာ ဘိုးဘွားများ လက်ထက်ကတည်းက ကျင်းပပြုလုပ်ခဲ့ကြသော ရှေးမူမပျက် ရိုးရာယဉ်ကျေးမှုတစ်ရပ်ပင် ဖြစ်ပေသည်။ လာချိဒ်တို့သည် အိမ်ကို ခုနစ်နှစ်တစ်ကြိမ် (၁၀) နှစ်တစ်ကြိမ် ပြန်လည် တည်ဆောက်လျက်ရှိကြသည်။ ဤသို့နှင့် အတန်ကြာမှ တစ်ကြိမ်ကျင်းရသဖြင့် အိမ်ဆောက်ပွဲ၊ အိမ်သစ်တက်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြခြင်း ဖြစ်ပေသည်။ အိမ်ဆောက်လုပ်ရာ၌ အိမ်ရှင်ကို အိမ်နီးနားချင်းများ၊ ဆွေမျိုးရင်းချာများ၊ မိတ်ဆွေများက ဝိုင်းဝန်းကူညီဆောက်လုပ်ပေးကြသည်။ နှစ်ရက်၊ သုံးရက် သို့မဟုတ် တစ်ပတ်ခန့် အိမ်ဆောက်ကူရာ၌ အိမ်ရှင်က ကူညီသူများကို ရိုးရာခေါင်ရည်၊ အရက်၊ ထမင်းတို့ ကျွေးမွေးပြုစုရသည်။

တစ်ရွာလုံးဝိုင်းဝန်းကူညီဆောက်လုပ်ကြ၍ အိမ်ဆောက်ပြီးသောည၌ အိမ်သစ်တက်ဂျီကောပွဲများကို အိမ်သစ်ပေါ်တွင် ကျင်းပကြသည်။ ညဦးပိုင်း၌ အိမ်သစ်တက်ပွဲသို့ ရောက်လာကြသော ဧည့်သည်များကို ကွမ်းလှည့်သည်။ အိမ်ရှင်မိသားစုများထဲမှ အဘွားအိုတစ်ဦးဦးက ဗန်းတစ်ချပ်တွင် ကွမ်း၊ ဆေး၊ ဆေးလိပ်များ ထည့်၍ ဧည့်သည်တစ်ဦးစီကို ကွမ်း၊ ဆေးများ သုံးဆောင်ပါရန် တည်ခင်းဧည့်ခံသည်။ ထိုသို့ ဧည့်ခံစဉ် အဘွားအိုက အိမ်ဆောက်

ရာ၌ ကူညီသည့်အတွက် ကျေးဇူးတင်ကြောင်း၊ ယခုလို အိမ်သစ်တက်ပွဲသို့ ချီးမြှင့်သည့်အတွက်လည်း ကျေးဇူးတင်ကြောင်း၊ ကောင်းကောင်းမွန်မွန် ဧည့်မခံနိုင်ဘဲ ဖြစ်သလိုဧည့်ခံရသည့်အတွက် စိတ်မကောင်းကြောင်း၊ နောင်လည်း အိမ်သို့ လာရောက်လည်ပတ်ပါရန် စသည့်အဓိပ္ပာယ်များပါရှိသည့် သီချင်းကို လက်တန်းသီဆိုသည်။ ဧည့်သည်ထဲမှလည်း ကျွမ်းကျင်သူပါပါက လက်တန်းသီချင်းဖြင့်ပင် ပြန်လည်ကျေးဇူးတင်ပါကြောင်း သီချင်းသီဆိုလျက်ရှိသည်။ ဤအလေ့အထကို ကွမ်းလှည့်သည်ဟု ခေါ်သည်။ ဂျီဝေါပွဲသို့ တစ်ရွာလုံးသာမက၊ ရွာနီးချုပ်စပ်မှ မိတ်ဆွေများ၊ အပျိုလူပျိုများ၊ ကလေးများပါမကျန် စုစည်းရောက်ရှိ လာကြကာ တစ်ပျော်တစ်ပါး ညလုံးပေါက် သီဆိုကခုန်ခြင်း ဖြစ်ပေသည်။ နေဝင်မှသည် မိုးသောက်သည်ထိ ကကွက်ကဟန် အမျိုးမျိုး၊ သီဆိုပုံသီချင်းဆိုနည်း အမျိုးမျိုးဖြင့် သီဆိုကခုန်ကြသည်။ကခုန်ရာ၌ အဘိုးအို၊ အဘွားအိုများ၏ ကကွက်ကဟန်၊ အသံအနေအထားကတစ်မျိုး၊ အိမ်ထောင်သည်များ၏ ကကွက်ကဟန်၊ သံနေသံထားတစ်မျိုး၊ ကလေးသူငယ်များ၏ ကကွက်ကဟန်၊ သံနေ သံထားကတစ်မျိုး၊ အမျိုးမျိုး အနည်းငယ်စီကွဲပြားခြားနားကြပြီး ကိုယ့်အချိန်နှင့်ကို၊ ကိုယ့်အလှည့်နှင့်ကို သီဆိုကခုန်ကြသည်။ ဂျီဝေါကရာ၌ သီဆိုကြသည့် သီချင်းများ၏ အဓိပ္ပာယ်မှာ အိမ်ဆောက်ရန် သစ်ဝါးစုဆောင်းပုံ၊ မိတ်ဆွေများကဝိုင်းဝန်းထောက်ပံ့ကူညီပုံ၊ အိမ်သစ်ဆောက်လုပ်ပြီးစီးကြောင်း၊ ပုတ်ဖြတ် ခေါ် ကြမ်းပိုးများ၊ ကျွန်းကမ်း ခေါ် ခြများ ကင်းစင်ရေးစသည့် အကြောင်းအရာများပင် ဖြစ်သည်။ ၎င်းသီချင်းကို သံစဉ်မပါသော သံချပ်သဖွယ် တိုင်သူတိုင်ပေး၍ လိုက်ဆိုသည်ကဆိုနှင့် တစ်အိမ်လုံး အုန်းအုန်း ဒြိမ့် ပျော်ရွှင်မြူးတူးကြရပေသည်။



အပျိုလူပျိုများကလည်း စုံတွဲသီချင်းများ သီဆိုကြသည်။ အချို့ အပျိုလူပျိုများမှာ အချစ်သီချင်းများကို သီဆိုလျက်ရှိကြသည်။ ထိုသို့ဖြင့် တစ်ညလုံးသီဆိုကခုန်နေကြရာမှ လင်းကြက်တွန်ခါနီးအချိန်၌ "လာချင်း" ခေါ် နတ်သီချင်းများကို ကျွမ်းကျင်သူနတ်ဆရာက သီဆိုပေးရင်း ကပွဲကို အဆုံးသတ် ရပ်နားကြပေသည်။

ပွဲပြီးနောက်တစ်ရက်တွင် လန်ကျန့်ဖို့အိမ်၌ လက်ဆောင်ပစ္စည်းနှင့်တကွ ဝက်တစ်ကောင်၊ ကြက်နှစ်ကောင်၊ ခေါင်ရည်၊ ကြက်ဥတို့ကို အိမ်တိုင်ရာရောက် အိမ်ရှင်မှ လာပေးရသည်။ ထိုသို့ လာပေးရာတွင်လည်း အိမ်ရှင်မှ မိမိအိမ်စောင့်နတ်အား လန်ကျန့်ဖို့အားပြန်ပို့ပြီဟု ပြောပြီးထွက်ခဲ့ရသည်။ ၎င်းနောက်တစ်ရက်တွင် လန်ကျန်မြီးအိမ်၌ အထက်ပါအတိုင်း ပြုလုပ်ပေးရသည်။ လန်ကျန့်ဖို့နှင့် လန်ကျန့်မြီး အိမ်တွင်လည်း အိမ်စောင့်နတ်များကို ပြန်ရောက်ကြောင်း ကြက်၊ ဝက်သတ်ပြီး ပူဇော်ကြသည်။

## အရိုက်အရာဆက်ခံပုံနှင့် အမွေဆက်ခံပုံ

လာချိဒ်တိုင်းရင်းသားတို့တွင် အုပ်ချုပ်မှုအရိုက်အရာကို သားစဉ်မြေးဆက် ဆက်ခံပိုင်ခွင့်ရှိသည်။ ဖခင်၏အရိုက်အရာ ဆက်ခံရာတွင် သားအကြီးဆုံးကို ဆက်ခံခိုင်းခြင်းမဟုတ်ပေ။ သားများထဲမှ အရိုက်အရာဆက်ခံမည့်သူကို ရွေးချယ်ရသည်။ ထိုသို့ ရွေးချယ်ရာတွင် အိမ်၏နတ်စင်ရှေ့တွင် သားများကို ထိုင်ခိုင်းစေသည်။ နတ်ပောဆရာကြီးမှ ကြက်ကိုကိုင်ကာ နတ်များအား တိုင်တည်ပြီး ကြက်ကို လွှတ်လိုက်သည်။ ထိုကြက်ပျံသွားပြီး နားသော ဦးခေါင်းပိုင်ရှင်ကိုသာ အရိုက်အရာဆက်ဆံစေသည်။ ယခုအခါတွင် အစိုးရမှ ချမှတ်ထားသော အုပ်ချုပ်မှုပုံစံဖြင့် အဆင့်ဆင့် အုပ်ချုပ်ကြသည်။

လာချိဒ်တိုင်းရင်းသားတို့၏ ထုံးတမ်းစဉ်လာအရ အမွေဆက်ခံရေးတွင် အမျိုးသမီးများကို ဦးစားပေးလေ့မရှိပေ။ အမွေခွဲရာတွင် သားများအားလုံးကို အညီအမျှခွဲဝေပေးသည်။ သို့သော်လည်း သားအထွေးဆုံးသည် တခြားသူများထက်ပို၍ ရသည်။ သားအထွေးဆုံးသည် အိမ်နှင့်မြေကို ပိုင်ဆိုင်ခွင့်ရှိသည်။ သမီးများ အနေနှင့် မိဘ၏ အမွေအနှစ်ကို သားများလောက် မရပေ။ သမီးများသည် သားများကို ခွဲဝေပေးပြီး ကျန်ရှိသော အမွေကိုသာ ခံစားပိုင်ခွင့်ရှိသည်။ သားအထွေးဆုံးသည် အိမ်ထောင်ပြုသော





အခါတွင် အိမ်ခွဲ၍မနေရဘဲ မိဘများနှင့်အတူ နေထိုင်ပြီး လုပ်ကိုင်ကျွေးမွေးစောင့်ရှောက်ရသည်။ အိမ်ထောင် ဦးစီးဖခင် ကွယ်လွန်သောအခါတွင် ဖခင်၏ဥစ္စာပစ္စည်းများကို သားအထွေးဆုံးက အများဆုံးရရှိပြီး မိခင်နှင့်တကွ ကျန်ရစ်ခဲ့သော အိမ်သားများအားလုံးကိုလည်း သားအထွေးဆုံးကပင် ဆက်လက် တာဝန်ယူကာ ရှာဖွေလုပ်ကိုင်ကျွေးမွေးရသည်။ သားအထွေးဆုံးသည် မိဘများကို တစ်သက်လုံး ကျွေးမွေးစောင့်ရှောက်ရသည့် အပြင် မိဘတို့၏ အသုဘပွဲကျင်းပရာတွင်လည်း ကုန်ကျစရိတ်ကို အများဆုံး စိုက်ထုတ်ကျခံရသော ထုံးစံရှိသည်ကို လေ့လာသိရှိ ရသည်။

တစ်ချို့ လာချိဒ်အမျိုးသားနှင့် အမျိုးသမီးတို့သည် သားသမီး မထွန်းကားဘဲ သေဆုံးသွားခဲ့လျှင် ကျန်ခဲ့သော ပစ္စည်းအားလုံးကို ဖခင်ဘက်မှဆွေမျိုးအားလုံးက ရပ်ရွာလူကြီးများနှင့်တိုင်ပင် ဆွေးနွေးပြီး ခွဲဝေယူကြကြောင်း သိရှိရသည်။ အကယ်၍ သမီး တစ်ယောက်တည်းရှိပါက မိဘ၏အမွေအနှစ်အားလုံးကို သမီးက ရရှိသည်။ လင်ယောကျ်ားကွယ်လွန်သွားသော မုဆိုးမသည် နောက်ထပ်အိမ်ထောင်ပြုနိုင်သည်။ အိမ်ထောင်ပြုလျှင်လည်း သေဆုံးသွားသူ ယောကျ်ား၏ညီ (သို့) အစ်ကိုနှင့် လက်ထပ်ခွင့် ရှိသည်။ ထိုယောကျ်ားတို့ကို လက်ထပ်မှသာ ကျန်ရစ်ခဲ့သော အမွေကို ဆက်ခံပိုင်ခွင့်ရှိသည်။ အကယ်၍ မုဆိုးမသည် သူစိမ်း တစ်ယောက်ကို လက်ထပ်ခဲ့လျှင် အမွေကို ဆက်၍ ခံစားပိုင်ခွင့် မရှိချေ။ လာချိဒ်တိုင်းရင်းသားတို့သည် သားသမီးမွေးစားပါက ရင်းမွေးစားသားသမီးများကိုလည်း မိမိတို့၏ သားသမီးအရင်းကဲ့သို့ အမွေကို တန်းတူ ခွဲဝေပေးရသည်။

## ရိုးရာထုံးတမ်းဥပဒေနှင့် တရားစီရင်ရေး

လာချိဒ်တိုင်းရင်းသားတို့၏ အုပ်ချုပ်ရေးမှာ ဇော်လ်အုပ်ချုပ်ရေးဖြစ်သည်။ ဇော်လ်ဆိုသည်မှာ စော်ဘွားတစ်မျိုးဖြစ်သည်။ တစ်နည်းအားဖြင့် အုပ်ချုပ်သူ လူတန်းစားဟု ခေါ်ဆိုနိုင်ပေသည်။

ဇော်လ်သည် ယင်းပိုင်နယ်မြေ၏ အရှင်သခင်ဖြစ်သည်။ ဇော်လ်၏ လက်အောက်တွင် အတိုင်ပင်ခံ ဒလစ်၊ ခုန်မှန်၊ လဒိုက နှင့် နိမ်ဘို့တို့ရှိကြသည်။ ဇော်လ်က ရပ်ရွာအုပ်ချုပ်ရေးကိစ္စအဝဝတွင် ၎င်းအား ကူညီနိုင်ရန် ရွေးချယ်ထားခြင်းဖြစ်သည်။ လာချိဒ်လူမျိုးတို့သည် မြန်မာနိုင်ငံမြောက်ပိုင်း တောင်ပေါ်ဒေသများတွင် ကိုယ့်အစုအဝေးနှင့် ကိုယ်စုပေါင်း၍ တောင်တန်းအလိုက်၊ တောအလိုက်၊ မြစ်ကြောင်းအလိုက် အလျဉ်းသင့်သလို နယ်မြေသတ်မှတ်ပြီး ဒေသဆိုင်ရာ ဖြတ်ထုံးများအရ ကျင့်ကြံနေထိုင်လာခဲ့ကြသည့် လူမျိုးများဖြစ်သည်။ ထိုသို့ ကိုယ့်နယ်နှင့်ကိုယ်၊ ကိုယ်အစုအဝေးနှင့် ကိုယ် စုပေါင်းနေထိုင်ကြရာတွင် အုပ်ချုပ်သူ အကြီးအကဲအဖြစ် တစ်နယ်တွင် တစ်ဦးကျစီရှိကြသည်။ ထိုအကြီးအကဲကို ဇော်လ်ဟု ခေါ်ဆိုသည်။ ဇော်လ်သည် အများက ရွေးချယ်တင်မြောက်ထားသူ မဟုတ်ပေ။ မျိုးရိုးအလိုက် ဆက်ခံအုပ်ချုပ်လာခဲ့သည့် လူတန်းစား တစ်မျိုးဖြစ်သည်။

ရှေးအခါက လာချိဒ်တိုင်းရင်းသားတို့သည် အမှုအခင်းပေါ်ပေါက်ပါက အချင်းချင်း ဖျန်ဖြေညှိနှိုင်းကြသည်။ ညှိနှိုင်း၍မရခဲ့





သော် ဇော်လ်၏ အတိုင်ပင်ခံ လဒိုက်ထံသို့ တိုင်ကြားရသည်။ ထိုသို့ အမှုစစ်ဆေးရာတွင် တစ်ဦးတစ်ယောက်၏ သဘောဖြင့် စီရင်ဆုံးဖြတ်ခြင်း မပြုရပေ။ တရားစီရင်ဆုံးဖြတ်ပေးမည့် အကြီးအကဲတို့၏ စီရင်မှုကို လက်ခံရပါသည်။ အကယ်၍ လက်မခံလျှင် အိမ်ခေါင်မိုးတံစက်မြိတ်မှာ သွားရပ်ပြီး ခေါင်းတွင် ဓားတင်ပြီး ကျိန်ဆိုရသည်။

အမှုစီရင်ရာတွင် ရိုးရာထုံးတမ်းဥပဒေနှင့် ကိုက်ညီမှု ရှိ/မရှိကို သေချာစွာ စစ်ဆေးပြီး ဆုံးဖြတ်ကြသည်။ ကျူးလွန်သူက နစ်နာသူအား လျော်ကြေးပေးရသည်။ အမှုကိစ္စများပြီးဆုံးလျှင် ကျေအေးသည့် အထိမ်းအမှတ်အဖြစ် နယ်ခြားကျောက်တိုင်စိုက်ခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။ လာချိဒ်တိုင်းရင်းသားတို့တွင် အမှု၏ အတိမ်အနက်ပေါ်မူတည်၍ ဆုံးဖြတ်ထုံးများရှိသည်။

ဥပမာ။ ။ လူသတ်မှုတွင် အသတ်ခံရသူအစား သတ်သူအား သေဒဏ်သင့်စေရမည်ဟူသော ဖြတ်ထုံးရှိသော်လည်း သတ်သူဘက်မှ ဆွေမျိုးသားချင်းများက ချက်ချင်း ဝင်ရောက်ဖျန်ဖြေပြီး လျော်ကြေးကိစ္စများကို ဆွေးနွေးရသည်။ လူသတ်မှုတွင် သေသူအတွက် ပေးရသော ခန္ဓာကိုယ်တန်ဖိုးမှာ

| | | | |
|---|---|---|---|
| ၁။ | ခေါင်းခွံဘိုးအတွက် | မောင်း | နှစ်ခု |
| ၂။ | ဆံပင်အတွက် | သိုးမွေး | တစ်ပိဿာ |
| ၃။ | နားအတွက် | တန်ဖိုးရှိတဲ့မှို | နှစ်ပိဿာ |
| ၄။ | မျက်စိအတွက် | လကွင်း | နှစ်လုံး |
| ၅။ | နှာခေါင်းအတွက် | ထယ် | တစ်ခု |
| ၆။ | သွားအတွက် | ပေါက်ပြား | နှစ်လက် |

| | | |
|---|---|---|
| ၇။ လျှာအတွက် | နှစ်ဖက်ဓားသွား ပါဓားလွယ် | တစ်ခု |
| ၈။ ပါးအတွက် | မောင်း | တစ်ချပ် |
| ၉။ ဦးနှောက်အတွက် | ငွေသား | နှစ်ဟောင်ခွဲ |
| ၁၀။ ဦးနှောက်ထုတ်ရန်ဖက် အတွက် | ပိုးထည် | တစ်ထည် |
| ၁၁။ ဗိုက်အတွက် | စဥ့်အိုးကြီး | တစ်လုံး |
| ၁၂။ ကိုယ်လုံးအတွက် | ကျွဲ | တစ်ကောင် |
| ၁၃။ ပခုံးအတွက် | မောင်း | တစ်ချပ် |
| ၁၄။ လက်အတွက် | တူမီး | တစ်လက် |
| ၁၅။ လက်ညှိုးအတွက် | သံခြစ် | နှစ်ခု |
| ၁၆။ အသည်းအတွက် | မောင်း | တစ်ချပ် |
| ၁၇။ နှလုံးအတွက် | ငွေ | တစ်ပိဿာ |
| ၁၈။ နံရိုးအတွက် | ဓား | ရှစ်လက် |
| ၁၉။ ရင်ခွင်အတွက် | မောင်း | တစ်ချပ် |
| ၂၀။ အရေခွံအတွက် | ဝတ်လုံ | တစ်ထည် |
| ၂၁။ ပေါင်အတွက် | မောင်း | တစ်ချပ် |
| ၂၂။ သေသူယောကျ်ား ဖြစ်ပါက | လှံ | တစ်ချောင်း |
| ၂၃။ သေသူမိန်းမဖြစ်ပါက | ငွေလက်ကောက် | တစ်ခု |
| ၂၄။ မိန်းမနို့အုံအတွက် | ခေါင်းလောင်း | နှစ်ခု |

စသည်ဖြင့် ပေးရသည်။



ရှေးယခင်က လာချိဒ်တိုင်းရင်းသားတို့သည် မိမိတို့၏ ရိုးရာထုံးတမ်းဥပဒေနှင့် ဆုံးဖြတ်ပေးမှုကို လက်ခံကြသည်။ လာချိဒ်တိုင်းရင်းသားအားလုံးသည် အကြီးအကဲ၏ အုပ်ချုပ်မှုအောက်တွင် စည်းစည်းလုံးလုံးနှင့် နေထိုင်ကြကြောင်း သိရှိရသည်။

## အသုဘအခမ်းအနား

လာချိဒ်တိုင်းရင်းသားတို့သည် တမလွန်ဘဝကို ယုံကြည်ကြသူများဖြစ်သည်။ သေဆုံးသောအခါ ခန္ဓာကိုယ်နှင့် တွဲလျက်ရှိသော ဝိညာဉ်သည် ခန္ဓာကိုယ်မှ ခွဲထွက်သွားသည်ဟု ယုံကြည် သည်။ ရှေးယခင်က လာချိဒ်တိုင်းရင်းသားတို့သည် သေသူ၏ ဝိညာဉ်ကို ဘိုးဘေးတို့၏ ဝိညာဉ်များစုဝေးရာသို့ရောက်အောင် ကျန်ရစ်သူများက ပို့ဆောင်ပေးရသည်ဟု ယုံကြည်သည်။ လာချိဒ်တို့သည် ရှေးယခင်က အသုဘပွဲကို အခမ်းအနားဖြင့် ကြီးကျယ်ခမ်းနားစွာ ကျင်းပကြသည်။ အထူးသဖြင့် အုပ်ချုပ်သူနယ်စားပယ်စား၊ သူဌေးသူကြွယ်၊ လူကြီးသူမများ၏ အသုဘပွဲကို ခမ်းနားစွာ ကျင်းပကြသည်။ ထိုသူတို့သေဆုံးလျှင် သေနတ်ဖြင့် သုံးချက်ဖောက်ပြီး မောင်းသုံးချက်ကို အသုဘမောင်းထုနည်းဖြင့် မောင်းကိုထုရသည်။ ကြက်တစ်ကောင်ကို ချက်ချင်းသတ်ရသည်။ ပြီးနောက်ရေခပ်သွားသောအခါ "ဒီလိုရေကို မခပ်ချင်ဘူး" ဟုဆိုပြီး ရေဝါးဘူးတစ်ဘူးကို ခွဲလိုက်ရသည်။ နောက်တစ်ဘူးနှင့် သွားခပ်ရသည်။ ရေသွားခပ်သောအခါ ဓားယူသွားပြီး ရေတလျှောက်မှ ကျနေသောရေကို သုံးချက်ခုတ်ရသည်။ ရေခပ်ပြီးလျှင် ဓားဖြင့်ရေကို သုံးချက်ခုတ်ကာ ပြန်ခဲ့ရသည်။ ယူလာသောရေကို အရက်စဥ့်အိုးထဲသို့ထည့်ပြီး အဝတ်စုတ်ကို ၎င်းရေနှင့် ဆွတ်ကာ သေသူ၏ မျက်နှာ





ကို သုတ်ပေးရသည်။ ရေချိုးပေးရသည်။ သေသူ၏ အဝတ်အစားများကို တုတ်ချောင်းဖြင့် ပတ်သွားပြီး ရေတလျှောက်၌ "သွေးမဆေးချင်ဘူး" ဟု ပြောဆိုကာ ဆေးဟန်ဆောင်ရသည်။ ၎င်းနောက်ပြန်လာပြီး ဆေးလာသော အဝတ်များကို ခေါင်မိုးပေါ်တွင် လှမ်းရသည်။ ထို့ကြောင့်လည်း အသက်ရှင်နေသော သူများ၏ အဝတ်ကို ခေါင်မိုးပေါ် မလှမ်းရဟူသော အယူအဆရှိလေသည်။

ခေါင်းသွားယူရာတွင် ခေါင်းလုပ်ရမည့်အပင်ကို ကြက်ဥနှင့်ပစ်ပေါက်ရသည်။ ကြက်ဥကွဲလျှင် ၎င်းအပင်ကို ယူရသည်။ အလောင်းကို အိမ်တွင် အနည်းဆုံး နှစ်ရက်ထားသည်။ အလောင်းမထည့်ခင် ဆူးပင်ကို ခေါင်းထဲထည့်ထားရသည်။ ချည်မျှင်တို့ဖြင့် သေသူ၏ လက်မကို ချည်ရသည်။ အိမ်နှင့်မလှမ်းမကမ်းတွင် ဝါးပင်များ စုစိုက်ပြီး ဝါးပင်ပေါ်တွင် သူ၏ အဝတ်အထည်များကို ချည်ထားသည်။ သတ်မည့် တိရစ္ဆာန်များကိုလည်း ဝါးရုံတွင် ချည်ထားရသည်။ သေသူ၏ လက်မကို ချည်ပြီး ကျန်တစ်ဘက်ကို နွားလည်ပင်းတွင် ချည်ရသည်။ နွားခြေဆစ်တစ်ဖက်ကို ခုတ်ပြီး လှံနှင့် ထိုးသတ်၍ လည်ပင်းကို ဓားနှင့် ခုတ်ရသည်။

လူသေသည့်အချိန်မှစပြီး မောင်းတီးကာ အိမ်ပေါ်တွင် အသုဘအကကို ကကြရသည်။ အသုဘအကကို "ကဘန်ဂေါ်" အကဟု ခေါ်သည်။ ၎င်းအကတွင် ကကွက်ပေါင်း (၄၀) ကျော် (၅၀) ရှိသည်။ "မဂျီခိုက်" ဟူသော စချင်းကရသော ကကွက်သည် လူသေပြီးဟူသော အထိမ်းအမှတ်ဖြစ်သည်။ ဖျားနာခြင်း၊ သေဆုံးခြင်း၊ အသုဘဖြစ်ခြင်း၊ ဆွေမျိုးများထံ အသုဘပွဲဖိတ်ခြင်းစသည်တို့အပြင် သေဆုံးသူစတင်မွေးဖွားသည်မှ သေဆုံးသည်အထိ လုပ်ကိုင်

စားသောက်ခဲ့ပုံများကို သရုပ်ဖော်သည့် ကကွက်များဖြင့် ကကြသည်။ "လိမ်ဂေါ" အကသည် အသုဘပွဲပြီး၍ ဖျက်သိမ်းခြင်း၊ ကျန်ရှိသော မိသားစုများ ကျန်းမာချမ်းသာရေးအတွက် ရည်ရွယ်ချက်တို့ကို သရုပ်ဖော်သော ကကွက်ဖြစ်သည်။ အကခေါင်းဆောင်ကို နတ်ဟောဆရာမှ ဖက်ထုံးဗေဒင်ကြည့်ကာ ရွေးချယ်ပြီး ခေါင်းရည်တစ်ဘူးပေးကာ ဦးဆောင်၍ ကခိုင်းသည်။

သချိုင်းသို့သွားသည့်အခါ သမက်မျိုးဘက်မှခြေရင်း၊ ယောက္ခမမျိုးဘက်မှ ခေါင်းရင်းနှင့် ညီအစ်ကိုမျိုးဘက်မှ အလယ်မှ၊ ကိုင်မကာ အိမ်မှအသုဘထမ်းဆင်းရသည်။ သေသူ၏ အခေါင်းထဲသို့ အိမ်တိုင်သစ်သား ခြမ်းခုတ်ပြီး ထည့်ပေးလိုက်ရသည်။ အိမ်မှ မီးကို ယူပြီး မီးတုတ်ကိုင်သူက ရှေ့မှသွားကာ ခေါင်းကို အိမ်ဘက်လှည့်ပြီး ခြေထောက်ဘက်ကို အိမ်ပြင်ဘက်ထားကာ မယူဆင်းသွားရသည်။ အချို့က မီးရှို့ပြီး အချို့က ကျင်းတူးမြှုပ်နှံကြသည်။ သချိုင်းတွင် ဒမ်ဆက ကျင်းတူးမည့်နေရာကို ကြက်ဥပစ်ပေါက်၍ ရွေးချယ်ရသည်။ ကြက်ဥကွဲပါက ထိုနေရာတွင် ကျင်းတူးမြှုပ်နှံရသည်။ ၎င်းနောက် လက်နှင့်မြေကြီးကို ကလော်ပြီး ဖုံးပေးရသည်။ ၎င်းနောက် မာသောအပင်ကို ခုတ်၍ တိုင်တစ်တိုင်စိုက်ရသည်။ မြှုပ်ထားသော ခေါင်းပတ်လည်တွင် ဝါးလုံးများ စိုက်ပြီး ဝါးဖျားထိပ်များကို စုချည်ကာ လာရင့်ရွက်များဖြင့် အုပ်မိုးထားသည်။ ခေါင်တိုင်ထိပ်တွင် ဦးခေါင်းပုံနှင့် လက်ကားထားသော အရုပ်ပုံစံကို စွပ်ထားကြသည်။

အသုဘပွဲတွင် သေဆုံးသူ၏ ဝိညာဉ် ရည်စူးပြီး ညဦးနက်သန်းခေါင်အချိန်တွင် ပြောင်းပြန်ဖြတ်ထားသော ဝါးဘူးတွင်



ရေထည့်ပြီး တောင်စွန်ဖက် ပြောင်းပြန်ပေါ်တွင် ပြောင်းပြန်ဖြတ်ထားသော ထင်းဖြင့်ချက်သောထမင်းကို တင်၍ အသုဘစာကျွေးကြသည်။ ယောကျ်ားဖြစ်လျှင် ခြောက်ရက်မြောက်ညတွင် ပြုလုပ်ပြီး မိန်းမဖြစ်လျှင် ခုနစ်ရက်မြောက်ညတွင် ပြုလုပ်သည်။ သာမာန်သေဆုံးသူများအတွက် ရေကို ချောင်းငယ်မှ ခပ်ယူပြီး စော်ဘွားသေလျှင် မြစ်ကြီးမှ ရေကို ခပ်ယူရသည်ဟု ဆိုသည်။

လာချိဒ်တိုင်းရင်းသားတို့တွင် အိမ်ထောင်မပြုရသေးသော အပျိုကြီး၊ လူပျိုကြီးများ သေဆုံးခဲ့သော် မောင်းမတီးခင် ဆန်ကောအရင်တီးရသည်။ ထိုသို့ ဆန်ကောကို တီးနေစဉ် ဘူးသီးခြောက်ရေတကောင်းမှ ရေနှင့် "ခဖျက်ရွက်" ခေါ် အရွက်တစ်မျိုးကို ထုံးပြီး ၎င်းရေနှင့် စိမ်ကာပက်ဖျန်းရသည်။ ပါးစပ်မှလည်း "လူ့ဘဝတွင် လူဖြစ်ပြီး အိမ်ထောင်မပြုရဘူး၊ လူဖြစ်ရှုံးတယ်၊ နောက်ထပ် ဒီလိုဘဝ ဒီလိုအဖြစ်မျိုး မလိုချင်ဘူး" ဟုပြောပြီး မောင်းတီးရသည်။ ၁၄ နှစ် ၁၅ နှစ်အရွယ် အပျို လူပျိုများသေဆုံးလျှင် သေသူနှင့် အရွယ်တူသူများ မလိုက်ပို့ရပေ။ သွားရောက်ပါက သူငယ်ချင်းများ၏ ဝိညာဉ်ခေါ်သွားနိုင်သည်ဟု ယုံကြည်သောကြောင့်ဖြစ်သည်။

အစိမ်းသေပါက ချက်ချင်းမြှုပ်နှံရသည်။ အစိမ်းသေသူများ မြှုပ်နှံသော သချိုင်းကို သတ်သတ်ပြုလုပ်ထားသည်။ လူအရောက်အပေါက်နည်းပါးသော လျှိုမြောင်၊ တောကြိုတောင်ကြားတွင် မြှုပ်နှံကြသည်။ ရေနစ်သေခြင်း၊ ကလေးမွေးရင်းသေခြင်း၊ သူများသတ်၍သေခြင်း၊ တောကောင်ကိုက်၍ သေခြင်းစသည့်တို့ဖြင့် သေဆုံးလျှင် ဒမ်ဆကိုခေါ်ပြီး ချက်ချင်းမြှုပ်ရသည်။ အစိမ်းသေမြှုပ်ရာသို့ လိုက်ပါပို့ဆောင်သူများက နောက်တစ်ကြိမ် လူ့ဘဝသို့ ပြန်ရောက်

လာချင်စိတ်မရှိအောင် မကောင်းသော စကားလုံးများ ပြောဆို၍ လိုက်ပါလာကြသည်။ အစိမ်းသေအသုဘပို့ပြီး ပြန်လာလျှင် ရွာလုံးကျွတ် သန့်စင်ကာ "ဖိန်း" ကြားမှဖြတ်၍ ဝင်လာရသည်။

အစိမ်းသေမြှုပ်နှံပြီး တစ်ရွာလုံးသန့်ရှင်းစေရန် ကျွဲ၊ နွားများကို သတ်၍ ရွာနတ်ကို ပူဇော်ရသည်။ ဧည့်သည်ရောက်ရှိနေလျှင် ရွာက မပြန်သွားရပေ။ ရွာစပ်တွင်လည်း ချည်အနီများ တားထားရပါသည်။ သေဆုံးသူ၏ ပစ္စည်းများကိုလည်း မီးရှို့ပစ်ရသည်။ ရွာနတ်ကို ပူဇော်ရာတွင် သေသူအိမ်မှ အများဆုံးအကုန်အကျခံရသည်။ ရွာနတ်ကို ပူဇော်ပြီးမှသာ တားထားသော ချည်များကို ဖြုတ်ပစ်ရသည်။ ရွာနတ်ကို မပူဇော်ခင် ရွာထဲရှိ အိမ်တိုင်းတွင် ကလေးများကို အိမ်တွင်းပိတ်လှောင်ထားကြသည်။ ချည်ကြိုးအနီ၊ အဖြူဖြင့်အိမ်ကို ပတ်ထားကြသည်။ အသုဘတွင် ဆောင်ရွက်ပေးသော ဒမ်ဆနှင့် ခမ်ဂျုံ့တို့အား မောင်း၊ တောင်ရှည်ပုဆိုးစသည်ဖြင့် ပေးရသည်။

လာချိဒ်တိုင်းရင်းသားတို့၏ အသုဘပွဲများတွင် သမက်မျိုးနှင့် ယောက္ခမမျိုးသည် လူအင်အား၊ ပစ္စည်းအင်အားဖြင့် ကူညီကြရသည်။ အသုဘပွဲအတွက် စုပေါင်း၍ တက်ညီလက်ညီလုပ်ကိုင်ကြသည်။ ယောက္ခမမျိုးမှ သေဆုံးသူသမက်မျိုးအား သေသူအတွက် မောင်းတီးကရန် မောင်းတစ်လုံး၊ အလောင်းကို ရစ်ပတ်ရန် တောင်ရှည်ပုဆိုး၊ သချိုင်းတွင် ကျင်းတူးသောအခါ ခုတ်ထွင်ရှင်းလင်းရန် ဓားတို့ကို ပေးရသည်။

## မနောတိုင်

လာချိဒ်တိုင်းရင်းသားတို့၏ မနောတိုင် ပြင်ဆင်ထားပုံမှာ အခြားမျိုးနွယ်စုတို့နှင့် မတူဘဲ တမူထူးခြားလေသည်။ စိုက်ထူထားသော မနောတိုင်များသည် အဓိပ္ပာယ်တစ်ခုစီကို ဖော်ဆောင်ထားသည်။ မနောတိုင် ငါးတိုင် ရှိသည်။

ပထမ မနောတိုင်တွင် ရေးဆွဲထားသော ပုံ၏အဓိပ္ပာယ်မှာ မနောပွဲကျင်းပသူ မိသားစုအနွယ်ဝင်များ စုပေါင်းပြီး စည်းလုံးစွာ မနောကကြပုံကို ဖော်ဆောင်ထားသည်။ မနောတိုင်၏ ထိပ်ဆုံးတွင် ရေးဆွဲထားသော ပုံသဏ္ဌာန်၏အဓိပ္ပာယ်မှာ ထွန်းလင်းတောက်ပခြင်းကို ဆောင်သည်။ ဒုတိယနေရာတွင် ရေးဆွဲထားသော ဓားနှစ်လက်၏အဓိပ္ပာယ်မှာ မျိုးနွယ်စုအန္တရာယ်ကို ကာကွယ်ရန်ဟူသော သဘောဆောင်သည်။ တတိယနေရာတွင် ရေးဆွဲထားသော ပုံသဏ္ဌာန်မှာ မနောပွဲကျင်းပသည့် မိသားစုအနွယ်ဝင်များ ပျော်ရွှင်စွာ မနောကကြပုံကို ဖော်ဆောင်ထားသည်။ ၎င်းအောက်တွင် ခေါင်းလောင်းပုံကို ရေးဆွဲထားသည်။

ဒုတိယတိုင်၏အဓိပ္ပာယ်မှာ မနောကကွက်ကို ဖော်ဆောင်ထားသည်။ တိုင်၏ ထိပ်ဆုံးတွင် ရေးဆွဲထားသော ပုံသဏ္ဌာန်မှာ အလယ်တည့်တည့်တွင် သက်တန့်၏ ထွန်းလင်းတောက်ပပုံဖြစ်ပြီး ဘေးတစ်ဘက်တစ်ချက်စီတွင် လခြမ်းပုံသဏ္ဌာန်ဖြစ်သည်။ ဒုတိယ

နေရာတွင် သက်တန့်ပုံကို ရေးဆွဲထားသည်။ တတိယနေရာတွင် ရေးဆွဲထားသော လိပ်ပြာများ၊ ပုစဉ်းကောင်ကလေးများ၏ မြူးထူး ပျံဝဲနေသော သင်္ကေတကို ဆောင်သည်။ ၎င်းအောက်တွင် လင်းကွင်းပုံကို ရေးဆွဲထားသည်။



**လာချိဒ်တို့မနောတိုင်**

တတိယတိုင်၏ အဓိပ္ပာယ်မှာ လာချိဒ်တိုင်းရင်းသားတို့၏ သမိုင်းအကြောင်းအရာများ ဖြစ်သည်။ အမှောင်၊ အလင်း၊ မီးလောင်ကျွမ်းခြင်း၊ ရေလွှမ်းမိုးခြင်းတို့ကို ဖော်ပြထားသည်။ ရေလွှမ်းမိုးပြီးနောက် ဆန်မှုန့်၊ ဆန်နာမ် မောင်နှမနှစ်ဦး ကျန်ရစ်ပြီး တောင်အောက်သို့ ဆင်းလာရာ အပင်တစ်ပင်ကို တွေ့ရှိရသည်။ အပင်ထိပ်တွင် ပျားများ ဝတ်ရည်သောက်သုံးနေပြီး ၎င်းအောက်တွင်ရှိသော အရွက်များကို မြွေမောင်နှံမှ ကိုက်ဖြတ်စားသုံးနေသည်ကို တွေ့ရှိရသည်။ ထိုအပင်သည် ယခုအရက်ချက်ရာတွင် အသုံးပြုသော ဆေးရွက်ဖြစ်သည်။ ဆန်မှုန့်၊ ဆန်နာမ် မောင်နှမမှ ဤ



အပင်သည် တိရစ္ဆာန်များ စားသုံးသည်ကို တွေ့ရှိရသည်။ ကျွန်ုပ်တို့သည် စားသုံး၍ ရမည်ထင်သည်ဟု ပြောဆိုကြသည့်ပုံ၏ အဓိပ္ပာယ်မှာ အရက်ကို သောက်တတ်လျှင် ပျားဝတ်ရည်ကဲ့သို့ ချိုမြိန်ပြီး မသောက်တတ်လျှင် မြွေဆိပ်ကဲ့သို့ ခါးတတ်သည်ဟု ဆိုလိုကြောင်း အဓိပ္ပာယ်ရရှိသည်။ ၎င်းအောက်တွင် မောင်းပုံကို ရေးဆွဲထားသည်။

စတုတ္ထတိုင်၏ အဓိပ္ပာယ်မှာ မနောပွဲကျင်းပသူ မိသားစု အနွယ်များနှင့် ဖိတ်ကြားထားသော နယ်စား၊ ပယ်စား၊ ဧည့်သည်တော်များ စည်းလုံးညီညာစွာ ကသည့်ပုံသင်္ကေတကို ဆောင်သည်။ ဒုတိယတွင် ကြယ်ပုံရေးဆွဲထားသည်။ တတိယတွင် အထက်ဖော်ပြပါ အဖွဲ့နှစ်ဖွဲ့ကသည့် သင်္ကေတဆောင်သည်။ ၎င်းအောက်တွင် စည်ပုံကို ရေးဆွဲထားသည်။

ပဉ္စမတိုင်၏ အဓိပ္ပာယ်မှာ ကျရောက်လာမည့် ဘေးအန္တရာယ်များကို ကာကွယ်သည့် သင်္ကေတဖြစ်သည်။ ထိပ်ဆုံးတွင် နေ၏ ထွန်းလင်းတောက်ပခြင်း သင်္ကေတဆောင်သည်။ ဒုတိယတွင် ဓား နှစ်လက်ယှက်နေသော ပုံကို ရေးဆွဲထားသည်။ တတိယတွင် ရေးဆွဲထားသော မြှားများ၏ အဓိပ္ပာယ်မှာ မျိုးနွယ်စုအတွင်း ကျရောက်လာမည့် ဘေးအန္တရာယ်ကို ကာကွယ်ရန်ဟူသည့် သဘော ဆောင်သည်။ ၎င်းအောက်တွင် အဆိပ်ပန်းပုံဆွဲထားသည်။

မနောတိုင်များ၏ ထိပ်တွင် မြင်ရသော အခုံး၊ အခွက်တို့၏ အဓိပ္ပာယ်မှာ မခုတ်ဓားနှင့် မထိုးလှံ၏ အဓိပ္ပာယ်ကို ဆောင်သည်။ အောက်တွင် ရေးဆွဲထားသော ခေါင်းလောင်း၊ လင်းကွင်း၊ စည်၊ မောင်းတို့မှာ လာချိဒ်မျိုးနွယ်စု၏ တူရိယာပစ္စည်းဖြစ်သည်။ မနော

တိုင်များ၏ ဘေးတစ်ဘက်တစ်ချက်စီတွင် စိုက်ထူထားသော မခုတ်ဓားနှင့် မထိုးလှံ၏အဓိပ္ပာယ်သည် ကျရောက်လာမည့် အန္တရာယ်ကို ကာကွယ်ရန်ဖြစ်သည်။ မနောတိုင်အောက်ခြေတွင် အောက်ချင်းငှက်ပုံသဏ္ဌာန်ရေးဆွဲထားသော သစ်သားပြားရှိသည်။ သစ်သားပြားထိပ်တွင် အောက်ချင်းငှက်ပုံဆွဲထားပြီး အဆုံးတွင် အမြီးပုံဆွဲထားသည်။ အလယ်တွင် မောင်းထားသောဘက်၌ တိရစ္ဆာန်များပုံဆွဲပြီး ဘေးနှစ်ဘက်တွင် ဝတ်ရေး၊ ဆင်ရေး၊ လူနေမှုစနစ်ကို သရုပ်ဖော်ထားပြီး စည်ထားသောဘက်၌ သီးနှံပင်ပုံများ ရေးဆွဲထားသည်။ အောက်ချင်းငှက်ပုံ ရေးဆွဲထားခြင်းမှာ အောက်ချင်းငှက်ကဲ့သို့ ပျံနေသော ကမ္ဘာဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။



**မနောစည်တော်**

ဘုတ်ပြားများတွင် ရေးဆွဲထားသော အရောင်များမှာ ရှေးယခင်က အမဲရောင် လိုအပ်ပါက အိုးမဲခြစ်ယူပြီး ကြက်ဥနှင့် ရောကာ အသုံးပြုသည်။ အဝါရောင်အတွက် နနွင်းပင်ကို ဓားနှင့် လှီးပြီး



ပွတ်သုတ်ထားပါသည်။ အဖြူရောင်အတွက် ထုံးကို အသုံးပြုပြီး အနီရောင်အတွက် သံဒယ်အိုးတွင် “ထွက်ထု” ခေါ် မြေကြီးကို လှော်၊ အမှုန့်ကြိတ်၊ တော်ပေါ်နွယ် ကွမ်းသီးကို ရှားစေးနှင့် ရောထောင်းပြီး အားလုံးသမစွာ မွှေလိုက်သော် အနီရောင်ဖြစ်လာသည်။ ယခုအချိန်တွင် ပိုမိုလှပအောင် သဘော်ဆေးများကို အသုံးပြုလာကြသည်ကို တွေ့ရှိရသည်။

မနောတိုင်ကို ကာရံထားသော ဝင်းဘေးပတ်လည်တွင် သီးနှံပုံ၊ တိရစ္ဆာန်ပုံများ ရေးဆွဲထားသော တိုင်များကို စိုက်ထားကြသည်။ စည်လုပ်ရန် နတ်ဆရာမှ မကွဲအက်သော “ဘထိန်းပင်” ခေါ် အပင်တစ်မျိုးကို ရွေးပြီး အနှစ်ထွင်းရသည်။ ၎င်းနောက် ကျွဲသားရေနှင့် ကြိုးပတ်ပြီး ဂျီ၊ တောင်ဆိတ်တို့၏ သားရေဖြင့် ဖုံးကြပါသည်။ မဖုံးမီ စည်ထဲသို့ ခြူ နှစ်လုံး မျောက်လွှဲကျော်သွား နှစ်ချောင်း၊ ကြက်ဖ၏ ခေါက်နေသော အမြီး နှစ်ခု၊ ပင်းဘောပင် အမြစ်ဆံ နှစ်ချောင်း၊ ငွေလက်ကောက် နှစ်ကွင်း၊ ခွမ်ဆွဲကြိုး နှစ်ပိုင်း ထည့်ရသည်။ သို့မှသာ စည်တီးသောအခါ အသံအောင်ပြီး ကောင်းကင်ဘုံ၌ပင် ကြားရသည်ဟု ဆိုသည်။

## ဇွမ့်ဂေါအကခေါ် မနောအကကို ခေတ် လေးခေတ်ကျင်းပလာပုံ

လာချိဒ်မျိုးနွယ်စု၏ သမိုင်းတွင် ဇွမ့်ဂေါအကခေါ် မနောအကကို အောက်ပါအတိုင်း ခေတ် လေးခေတ်ခွဲခြားကာ ကျင်းပလာခဲ့ကြောင်း သမိုင်းစဉ်အရ သိရှိရသည်။

ပထမအကြိမ်သည် ကမ္ဘာဦးလူသားဆွမ်တုံဆွမ်ဈာန်သားများခေတ်၊ ကမ္ဘာမီးမလောင်မီအချိန်မှ စတင်ကခဲ့ကြောင်း သိရှိရသည်။

ကမ္ဘာကြီး မီးလောင်ရာမှ လွတ်မြောက်လာသော လူသားခေတ်ဖြစ်၍ ကမ္ဘာရေလွှမ်းမိုးခြင်း မဖြစ်သေးချိန်တွင် ဇွမ်ဂေါမနောအကကို ဒုတိယတစ်ခေတ် ပြန်လည်ကခဲ့ကြောင်း သမိုင်းကြောင်းအရ သိရှိရသည်။

ကမ္ဘာရေလွှမ်းမိုးရာမှ လွတ်မြောက်လာသော ဆန်မှုန့်နှင့်ဆန်နာမ်မောင်နှမ၏ သားများမှ တတိယအကြိမ် ပြန်လည်ကလာခဲ့ရာ မြန်မာနိုင်ငံတွင် ခရစ်ယာန်ဘာသာ စတင်ဝင်ရောက်လာသော အချိန်ကာလထိကို တတိယခေတ်ဟု သမိုင်းကြောင်းအရခေါ်ဆိုနိုင်သည်။

ယင်းခေတ်သည် လာချိဒ်မျိုးနွယ်စုများ နတ်ကိုးကွယ်သောခေတ်ဖြစ်၍ ဖန်ဆင်းရှင်အား ချီးမွမ်း၊ ချီးကျူးခြင်း၊ နတ်ကို ပူဇော်ပသခြင်းပြုသော ဇွမ့်ဂေါခေါ် မနောအက ဖြစ်သည်။





ယင်းနောက်တွင် ဇွမ့်ဂေါအက၊ ဂျီဂေါအကများ မကရဟုဘာသာရေးအရ တားမြစ်ထားခဲ့ရာ နှစ်ပေါင်း (၅၀၊ ၆၀) ခန့်ကြာခဲ့သည်ဟုဆိုသည်။ ထို့ကြောင့် ရိုးရာယဉ်ကျေးမှုဖြစ်သော ဇွမ့်ဂေါ၊ ဂျီဂေါစသည်အကများ တိမ်ကော ပပျောက်လုနီးပါး ဖြစ်နေခဲ့သည်။

သို့သော် ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃၊ ၂၄၊ ၂၅ ရက်များတွင် ကချင်ပြည်နယ် ချီဖွေမြို့နယ် မဂေါင်းမူလတန်းကျောင်းဝင်းတွင် ရွာပေါင်း (၂၂) ရွာ စုပေါင်းကျင်းပခဲ့သော ဇွမ့်ဂေါမနောပွဲတော်တွင် မျိုးစဉ်ဆက် (၆၈) မဒိန့်ဇောင့် (ဒူဝါ) ဇုန်းခေါ်ယိန်း သည်တိမ်ကောနေပြီဖြစ်သော ရိုးရာယဉ်ကျေးမှုအကဖြစ်သော ဇွမ်ဂေါ၊ ဂျီဂေါ၊ ဂဘန့်ဂေါစသော အကများကို ဖန်ဆင်းရှင်အား ချီးမွမ်းခြင်းဖြင့် စတင်ဦးဆောင်၍ ကကွက်၊ ကဟန်၊ ရိုးရာသီချင်းများကိုပြန်လည်ဖော်ထုတ်ကခဲ့ရာမှ စတုတ္ထခေတ်အဖြစ် ပေါ်ပေါက်လာခဲ့ကြောင်း သမိုင်းကြောင်းအရ သိရှိရသည်။

ထိုပွဲမှ ဆက်လက်၍ လာချိဒ်မျိုးနွယ်စုသည် ဇွမ်ဂေါမနောပွဲကို ခြောက်ကြိမ်အထိ ကျင်းပခဲ့သည်။ ၎င်းပွဲများမှာ

(၁) ပထမအကြိမ် ၁၉၆၅ ခုနှစ်၊ ချီဖွေမြို့နယ်၊ မဂေါင်းမူလတန်းကျောင်းဝင်းတွင် ယဉ်ကျေးမှု စတင်ဖော်ထုတ်ပွဲ

(၂) ဒုတိယအကြိမ်၊ ၁၉၇၇ ခုနှစ်၊ မြစ်ကြီးနားမြို့နယ်၊ ဇီးလွန်တွင် စာပေအပ်နှင်းပွဲ

(၃) တတိယအကြိမ်၊ ၁၉၈၅ ခုနှစ်၊ ဝိုင်းမော်မြို့နယ်၊ မဒိန့်ကျေးရွာ၊ စာပေနှီးနှောဖလှယ်ပွဲ

(၄) စတုတ္ထအကြိမ်၊ ၁၉၉၃ ခုနှစ်၊ ဝိုင်းမော်မြို့နယ်၊ မဒိန်ကျေးရွာတွင် ရိုးရာကောက်သစ်စားပွဲ

(၅) ပဉ္စမအကြိမ်၊ ၁၉၉၄ ခုနှစ်၊ ဝိုင်းမော်မြို့နယ်၊ မဒိန်ကျေးရွာတွင် လာချိဒ်သမိုင်းနှိုးနှော့ဖလှယ်ပွဲ

(၆) ဆဌမအကြိမ်၊ ၁၉၉၅ ခုနှစ်၊ မြစ်ကြီးနားမြို့နယ်၊ တပ်ကုန်းကျေးရွာတွင် ဂျန်ခမ် မနောပွဲစသည်ဖြင့် ခြောက်ကြိမ်တိတိ ဇွမ့်ဂေါ (ခေါ်) မနောပွဲကို အဆင့်ဆင့် ပြန်လည်ကျင်းပလာခဲ့ကြောင်း သမိုင်းစဉ်အရ သိရှိရသည်။

## အစိမ်းရောင်စီးပွားရေးနှင့် စိုက်ပျိုးရေးအသိပညာ

မြန်မာနိုင်ငံတွင် ယနေ့ကျင့်သုံးနေသော အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အရ ဆောင်ရွက်မှုများတွင် ပတ်ဝန်းကျင်မပျက်ယွင်းစေသော စီးပွားရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ မြေ၊ ရေ၊ လေ အသုံးချရေးများနှင့် အခြားသောလုပ်ငန်းရပ်များလည်း ပါဝင်သည်။

ကချင်တောင်တန်းဒေသများတွင် အဖိုးတန်သည့် စက်မှုသယံဇာတများ၊ အဖိုးတန်သည့် သစ်တောသစ်ပင် သယံဇာတများ သစ်တောထွက်ပစ္စည်းများနှင့် မျိုးသုဉ်းလုနီးပါး အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ဇီဝမျိုးစုံ၊ မျိုးကွဲများ မျိုးစိတ်များရှိသည့်အတွက် ထိန်းသိမ်းရန် လိုအပ်လှသည်။

ကချင်တောင်တန်းဒေသ၏ ကျေးရွာတော်တော်များများသည် သဘာဝသစ်တောများကပေးသည့် အလုပ်အကိုင်များ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ သယံဇာတတူးဖော်ခြင်း လုပ်ငန်းများနှင့် အခြား စီးပွားရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် ဒေသ များဖြစ်ရာ သဘာဝပတ်ဝန်းကျင်မပျက်စေသော၊ မြေဆီလွှာတိုက်စားမှု မရှိစေသော၊ မြေဆီလွှာပျက်သုဉ်းမှု နည်းပါးသော နည်းစနစ်ဖြင့် စိုက်ပျိုးရေးကို လုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်သည်။

လာချိဒ်တိုင်းရင်းသားများအပါအဝင် ကချင်တောင်တန်းဒေသနေ တိုင်းရင်းသားများ၏ စိုက်ပျိုးရေးလုပ်ငန်း၌ ရွှေ့ပြောင်း

တောင်ယာစနစ်ဖြင့် စိုက်ပျိုးခြင်းသည် ရှေးယခင်ကပင် မိရိုးဖလာ လုပ်ကိုင်လာခဲ့သော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ခဲ့သည်။

တောင်ယာခုတ်ခြင်း၊ မီးရှို့ခြင်းကြောင့် သစ်တောများ ပြုန်းတီးမှုလည်း ရှိခဲ့ကြသည်။ သစ်တောများ ပြုန်းတီးမှုကြောင့် ရေနှင့် မြေဆီလွှာကို ထိန်းသိမ်းနိုင်ခြင်းမရှိဘဲ မြေဆီလွှာတိုက်စား မှုမှာ ပျက်စီးမှုများစွာ ဖြစ်လာသည်။ မြေဆီလွှာဆုံးရှုံးမှုသည် သီးနှံ စိုက်ပျိုးရာတွင် အထွက်နှုန်းကျဆင်းခြင်းကြောင့် အောင်မြင်မှု၊ အကျိုးဖြစ်ထွန်းမှု လျော့ပါးကျဆင်းနိုင်သည်။ အဆိုးဆုံးမှာ ရွှေ့ပြောင်းတောင်ယာစနစ်သည် သစ်တောများကို ပျက်စီးစေခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေခြင်း ဖြစ်သည်။

သို့ဖြစ်ရာ အစိမ်းရောင်စီးပွားရေးစနစ် အကောင်အထည် ဖော်ရာတွင် ပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့နည်းစေသည့် အစိမ်း ရောင် ဖွံ့ဖြိုးမှုလမ်းကြောင်းကို ပြောင်းလဲကျင့်သုံးရန် လိုအပ်နေ သည့် ယနေ့ခေတ်တွင် လာချိဒ်တိုင်းရင်းသားများသည် နိုင်ငံတော် ၏ လမ်းညွှန်မှု အမြော်အမြင်ရှိသည့် လာချိဒ်တိုင်းရင်းသားခေါင်း ဆောင်များက ကြပ်မတ်ဆောင်ရွက်မှုတို့ဖြင့် ယခုအခါ ရွှေ့ပြောင်း တောင်ယာစိုက်ပျိုးရေးကို နည်းနိုင်သမျှ နည်းအောင် ဆောင်ရွက် လျက်ရှိပြီး အစားထိုးသီးနှံများ စိုက်ပျိုးခြင်းဖြင့် သစ်တောဂေဟ စနစ် အရည်အသွေး လျော့နည်းကျဆင်းမှုမရှိရေးကို ဆောင်ရွက် လျက်ရှိနေပြီဖြစ်ကြောင်း ဝမ်းမြောက်ဖွယ် လေ့လာတွေ့ရှိရသည်။

## မြောင်းပြန်စီးသောမြစ်

မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်သည် မြောက်ဘက်တွင် တောင်ကုန်းတောင်တန်းများ ထူထပ်များပြားပြီး တောင်ဘက်တွင် ချိုင့်ဝှမ်းများ၊ လွင်ပြင်များဖြင့် မြေနိမ့်ပိုင်းဒေသများ ရှိသည်။ ထို့ကြောင့် မြစ်၊ ချောင်းများသည် မြောက်မှ တောင်သို့ စီးဆင်းလေ့ ရှိသည်။ အထူးသဖြင့် မြန်မာပြည်မြောက်ဖျားဒေသ ကချင်ပြည်နယ် သည် မြန်မာ့ပင်လယ်များနှင့် ဝေးကွာခြင်း၊ ဒီရေအတက်အကျ လုံးဝမရှိခြင်းတို့ကြောင့် မြစ်ချောင်းများသည်လည်း မြောက်မှ တောင်သို့သာ စီးဆင်းကြသည်။ သို့သော် ပုံတွင် မြင်တွေ့ရသော ငေါ့ချန်းခမြစ်သည် တောင်မှမြောက်သို့ စီးဆင်းသောမြစ်ဖြစ်သည်။

ငေါ့ချန်းခခေါ် ချန်းမောမြစ်ကို ဒေသခံလာချိဒ်တို့က 'ချန်းမောလန်' ဟုလည်းကောင်း၊ လော်ဝေါ်တို့က 'ငေါ့ချောဂျောင်' ဟုလည်းကောင်း ၎င်းကို ဘာသာစကားဖြင့် ခေါ်သည်။

၎င်းငေါ့ချန်းမြစ်သည် ချီဖွေမြို့၏ အရှေ့မြောက်ဘက် ဆာဂျန်တောင်တန်း၊ ဖီမော်တောင်တန်းတို့တွင် မြစ်ဖျားခံပြီး နိုဇွန် ဘော်ဒေသနှင့် ချီယင်တောင်တန်းတို့ကို ဖြတ်ရာတွင် မြောက်ဘက် မှ တောင်ဘက်သို့ စီးဆင်းသွားပြီး ဘလက်ရှော့ခေါ် လန်းနော် ဒေသတွင် အနောက်ဘက်သို့ စီးဆင်းသည်။ တစ်ဖန် 'ချန်မော' ဒေသတွင် အနောက်မြောက်ဘက်သို့ လှည့်စီးပြီး ချီဖွေမြို့နယ်

အရှေ့မြောက်ဘက် ဆာဂျန်တောင်တန်း၊ ဖိမော်တောင်တန်းတို့တွင် မြစ်ဖျားခံပြီး မြောက်မှတောင်သို့ စီးဆင်းလာခဲ့သော်လည်း ချီဖွေ မြို့နယ်၊ ချပ်မော၊ လန်းယန်ရွာများမှစ၍ တောင်မှမြောက်သို့ စတင် စီးဆင်းသွားသည်။ ၎င်းနောက် ဆော့လော်မြို့နယ်အတွင်း ရှီဆိုင်၊ မျောချောင်း၊ ကျီးရှင်၊ ခပတ်၊ လခမ်၊ ကျီးထန်စသည့် ကျေးရွာဒေသ များကို ဖြတ်ကျော်စီးဆင်းပြီး မယော်ရွာအနီးတွင် မေခမြစ်ထဲသို့ စီးသွားသည်။ ငေါ့ချန်းခမြစ်၏ တောင်မှမြောက်သို့ စီးဆင်းခဲ့သော မြစ်ကြောင်းအရှည်မှာ (၄၁) မိုင် (၃) ဖာလုံရှိကြောင်း သိရသည်။ ဆော့လော်မြို့နယ်အတွင်း၌ တောင်မှမြောက်သို့ ပြန်စီးဆင်းရာ တွင် ငေါ့ချန်းမြစ်၏ စီးဆင်းပုံမှာ အင်္ဂလိပ်အက္ခရာ ယူပုံသဏ္ဌာန် ဖြစ်သည်။ ငေါ့ချန်းမြစ်သည် ဆော့လော်မြို့နယ်အတွင်း မယော် ရွာခရိုးတွင် မေခမြစ်ထဲသို့ ပြန်လည်စီးဆင်းသည်။



ပြောင်းပြန်စီးသော ငေါ့ချန်းမြစ်



ငေါ့ချန်းချောင်းအတွင်းသို့ လက်ဝဲဘက်မှ ဆန်းချန်၊ ဖောတီ၊ ဖောရှီ၊ ဝဆုတ်၊ ကန်တော်၊ ချန်းနော်ခေါ်မိုးကူ၊ စီပြာ၊ ရှန်းတွင့်၊ မုန့်လန်၊ ခေါလန်၊ ခံရှင်း၊ ချပ်မော၊ လန်းယန်၊ ငမောစသည့် ချောင်း များက စီးဝင်ကြသည်။ လက်ယာဘက်မှ ညက်မော၊ ကောလန်၊ ဖျင့်လော်၊ ဖျင်းပျော်၊ မဒန်၊ ဂန်ခွန်၊ ဆချစ်၊ နိုဂမ်၊ ဆင်ရှုပ်စသည့် ချောင်းများက စီးဝင်ကြသည်။

ငေါ့ချန်းချောင်းသည် တောင်ကျချောင်းများ ပေါင်းဆုံသဖြင့် ရေစီးနှုန်းကြမ်းပြီး အကွေ့အကောက်များသည်။ ချောင်းအလျား (၁၁၀) မိုင်ခန့်ရှိသည့်အနက် ချီဖွေမြို့နယ်အတွင်း မိုင် (၈၀) ခန့် စီးဆင်းပြီး ဆော့လော်မြို့နယ်အတွင်း မိုင် (၃၀) ခန့် စီးဆင်းသည်။ ချောင်းနံဘေးတွင်မူ လူနေအိမ်ခြေများ၊ ကျေးရွာများ တည်ထား ပြီး စိုက်ပျိုးလွင်ပြင်များလည်း ရှိသဖြင့် လူနေထူထပ်မှုရှိပြီး စိုက်ပျိုး ရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေထိုင်ကြသည်။ လာချိဒ် တို့ဌာနေတွင် ပြောင်းပြန်စီးသောမြစ်ကို အံ့ဩစွာတွေ့ခဲ့ရသည်။

## ငေါ့ချန်းဆိုတာ

လာချိဒ်တိုင်းရင်းသားများ မြန်မာနိုင်ငံတွင် စတင်ဝင်ရောက်ပြီးနောက်တွင် လာချိဒ်တိုင်းရင်းသားများထဲမှ (၁၀) ဆက်မြောက်မှာ ငေါ့ချန်းဆိုသူဖြစ်သည်။ ထော့လန်ရွာသားတစ်ဦး ဖြစ်သည်။ ထို (၁၀) ဆက်မြောက်မှ ဆင်းသက်ပေါက်ဖွားလာသူများကို ငေါ့ချန်းဟူ၍ ခေါ်ဝေါ်ကြခြင်းဖြစ်သည်။ လာချိဒ်မျိုးနွယ်စုခွဲသာ ဖြစ်သည်။

မယောင့်ဖျောင် ခေါ် မဒိန်းမျိုးနွယ်အုပ်စုမှ မဒိန်မျိုးနွယ်စုခွဲ ဝလန်းဝင်များသည် ငှက်ပျောတောအတိုင်း ဖြတ်သန်းဆင်းသက်လာခဲ့ခြင်းနှင့် ငေါ့ချန်းချောင်းဘေးနေထိုင်ခဲ့ခြင်းကို အစွဲပြု၍ ငေါ့ချန်းဟု ယခုလက်ရှိ အမည်ရနေသည်။ ၎င်းငေါ့ချန်းမှ မျိုးနွယ်ငယ်များအဖြစ် လချေ၊ လာညှင်း၊ လာညှော် လာဗတ်၊ လာယဲ့၊ လာဆန်း၊ လာဂျီ၊ လရှိန်၊ လဇောင့်၊ လာချစ်ဟု အသီးသီး အမည်ခွဲရှိနေကြသည်။ အခြားအမည်များအနေဖြင့် ဝဆန်းနှင့် ဝဆီဟုလည်း တစ်ချို့ရှိသည်။

လာချိဒ်တို့သည် မြန်မာနိုင်ငံကို ဝင်ရောက်ရာတွင် ကချင်ပြည်နယ် ချီဖွေမြို့နယ်အတွင်းရှိ မေခမြစ်ကြောင်းမှ စတင်ဝင်ရောက်လာကြပြီး ချန်းမောချောင်းခေါ် (ငေါ့ချန်း) မြစ်ငယ်အတိုင်း အရှေ့ဘက်သို့ ဆက်လက်သွားလာရောက်ရှိနေထိုင်ခဲ့





သည်။ နိုဇွန်ဘော်၊ ထော့လန်၊ ဖီမော်အထိ ပျံ့နှံ့ရောက်ရှိသွားလေသည်။ ငေါ့ချန်းတိုင်းရင်းသားများသည် ချီဖွေမြို့နယ် ငေါ့ချန်းမြစ်ဝှမ်းဒေသ၊ ဖီမော်၊ ထန်းဒို၊ ကလန် စသည့်ကျေးရွာများနှင့် ဝိုင်းမော်မြို့နယ် လာချိဒ်မကားကျေးရွာ၊ ဝူယန်ကျေးရွာတို့တွင် များပြားစွာနေထိုင်လျက်ရှိကြသည်။

ငေါ့ချန်းမြစ်သည် ထူးထူးခြားခြား ကချင်ပြည်နယ်အတွင်း၌ တောင်ကုန်းတောင်တန်းများ၏ သဘာဝတည်နေပုံအရ တောင်မှ မြောက်သို့ စီးဆင်းသော မြစ်တစ်မြစ်ဖြစ်သည်။ ငေါ့ချန်းမြစ်၏ ဝဲယာဘေးတွင် ရွာတန်းရှည်ရွာများ၊ ရွာငယ်များ ရှိသည်။ ထိုရွာများ၌ ငေါ့ချန်းမျိုးနွယ်စုများ နေထိုင်ကြသည်။

အမှန်တကယ်တွင် ငေါ့ချန်းဆိုသည်မှာ သီးသန့်လူမျိုးတစ်ဦး မဟုတ်ပါ။ လာချိဒ်မျိုးနွယ်စုခွဲပင်ဖြစ်သည်။

ချောင်းခြား၊ မြစ်ခြား၊ တောင်ခြားဒေသများဖြစ်၍ ဆက်သွယ်ရေး သွားလာရေးခက်ခဲသည့်အတွက် ဘာသာစကား အနည်းငယ်သာ ကွဲပြားခြားနားသည်။ ရိုးရာယဉ်ကျေးမှု၊ လူမျိုးစရိုက် ထုံးဓလေ့တို့ကမူ အတူတူပင်ဖြစ်သည်။

ငေါ့ချန်းချောင်းသည်လည်း ယခုအခါ ရှန်ကျန်းကြိုးတံတားလို ဆောက်လုပ်ထားသည့်အတွက် လာချိဒ်နှင့်ငေါ့ချန်းတို့သည် တစ်နေရာမှတစ်နေရာ ဆက်သွယ်မှု လွယ်ကူနေပြီဖြစ်သောကြောင့် မိမိတို့ တိုင်းရင်းသားများအတွက် နိုင်ငံတော်ကို ကျေးဇူးတင်မဆုံး ရှိနေကြသည်။

## လားရှိုးတို့၏ ထူးခြားသည့်ဒေသများ

### ပန်ဝါဒေသအလှပုံရိပ်

ပန်ဝါမြို့သည် ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်တွင် ပါဝင်ပြီး တရုတ်မြန်မာနယ်စပ်ဒေသ မြို့တစ်မြို့ဖြစ်သည်။ အထူးသဖြင့် ကချင်အထူးဒေသ (၁) ၏ မြို့တော်ဟု လူသိများထင်ရှားသည်။ ပန်ဝါမြို့တွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း၊ ဘုရားစေတီများ ရှိသည်။ ခရစ်ယာန်ဘာသာဘုရားကျောင်းများလည်း ရှိသည်။

ပတ်ဝန်းကျင်တွင် တောင်ကုန်းတောင်တန်းများ၊ ရေခဲတောင်များ၊ သစ်တောသစ်ပင်များဖြင့် သဘာဝအလှတို့ စုဝေးနေရာ ပန်းချီကားချပ်ကြီးတစ်ခုကို ရှုငေးရသကဲ့သို့ ခံစားမိသည်။ လော်ဝေါ်၊ လားရှိုး၊ လီဆူ တိုင်းရင်းသားများ အများစုနေသည်။

ပန်ဝါကို ကချင်ဘာသာဖြင့် 'ဆင်ဝေါ့ကူး' ဟုဆိုသည်။ မြန်မာလို 'ဝါးတွေပေါများလှိုင်တဲ့ချိုင့်ဝှမ်း' ဟု အဓိပ္ပာယ်ရသည်။ ပတ်ဝန်းကျင်၌ စိမ်းစိုသာမောဖွယ် တောင်တန်း၊ တောတန်းများ ဝန်းရံလျက် တည်ရှိနေသော မြို့တစ်မြို့ဖြစ်သည်။ ချီဖွေမြို့နယ် အတွင်း မြို့နယ်ခွဲအဆင့်ရှိ မြို့လည်းဖြစ်သည်။ ကချင်အထူးဒေသ (၁) ၏ မြို့တော်ဖြစ်သည်။

ဇမ္ဗူငြိမ်းစေတီတော်၊ ထေရဝါဒဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၊ အထကခွဲကျောင်းတို့





ရှိကြသည်။ တိုက်တာအဆောက်အအုံများ၊ ဟိုတယ်များ၊ တည်းခိုဆောင်များ၊ စားသောက်ဆိုင်များ၊ ဈေးများဖြင့် အလွန်စည်ကားလှသည့် နယ်စပ်မြို့ဖြစ်သည်။



ပန်ဝါမြို့ကျက်သရေဆောင် ပန်ဝါဟိုတယ်

ဒေသခံများမှာ လားရှိုးတိုင်းရင်းသားအများစုနှင့် လော်ဝေါ်တိုင်းရင်းသားအနည်းငယ်ရှိသည်။ လီဆူအနည်းငယ်ရှိသည်။ မြစ်ကြီးနားမြို့မှ (၈၇) မိုင်ဝေးသော ချီဖွေမြို့၊ ချီဖွေမှ (၄၀) မိုင်ဝေးသော ပန်ဝါမြို့ဖြစ်၍ ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားမှ သွားလျှင် (၁၁၇) မိုင် ခရီးဝေးသည်။

ယခုအခါ ပန်ဝါမြို့သည် စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ သာသနာရေး ဖွံ့ဖြိုးစည်ပင်တိုးတက်သော နယ်စပ်ဒေသမြို့တစ်မြို့အဖြစ် ထင်ရှားလျက်ရှိသည်။

## ကန်ပိုက်တီဒေသချမ်းမြမြ

တရုတ်မြန်မာ နယ်စပ်မြို့ဖြစ်သည့် ကန်ပိုက်တီမြို့ကလေးသည် ဝိုင်းမော်မြို့နယ်တွင် ပါဝင်သည်။ ပေ ၁၀၀၀၀ ကျော်မြင့်သော တောင်ကုန်းတောင်စွယ်များကြားတွင် တည်ထားသည့် မြို့ဖြစ်၍ အအေးဓာတ်က ပိုလှသည်။

ကန်ပိုက်တီသည် တရုတ်မြန်မာ နယ်ခြားလမ်းရှိသည့် မြို့လည်းဖြစ်၍ လမ်းပန်းဆက်သွယ်ရေး လွယ်ကူကောင်းမွန်သည့် မြို့ဖြစ်သည်။ မြို့နေလူထုမှာ ဒေသခံကချင်မျိုးနွယ်စုဝင် တိုင်းရင်းသားများဖြစ်ကြသည်။ လော်ဝေါ်၊ လာချိဒ်၊ ဂျိန်ဖော့၊ လီဆူတို့ နေထိုင်ကြသည်။ အလက၊ ဈေး၊ ဟိုတယ်၊ စီးကရက်စက်ရုံ၊ စာတိုက်၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတို့ဖြင့် စည်ကားလှသည်။

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်နှင့် ယူနန်ပြည်နယ် ထိန်ချုံးခရိုင် ထိစပ်လျက်ရှိသည့် မြို့လေးတစ်မြို့ဖြစ်သည်။ အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတို့ နှစ်နိုင်ငံပြည်သူများ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်သွားလာလျက်ရှိသည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုမြင်ကွင်းကို အထင်းသားမြင်တွေ့ရသည်။ ကန်ပိုက်တီတွင် အလယ်တန်းကျောင်းရှိပြီး ကျောင်းအုပ်ဆရာကြီးမှာ ဦးချစ်လှိုင်ဖြစ်သည်။ စာရေးသူနှင့် ဌာနတူ လုပ်ဖော်ကိုင်ဘက်ဖြစ်၍ ဦးချစ်လှိုင်က သူ့ကျောင်းရုံးခန်း၌ စာရေးသူတို့ကို ဧည့်ခံသည်။ တည်းခိုနေထိုင်စားသောက်ရေးကို အစစတာဝန်ယူ ကူညီသည်။ လာချိဒ်မကားအမကမှ မူလတန်းပြကျောင်းဆရာလေး ဦးအောင်မိုးလွင်ကလည်း စာရေးသူအား အစစအရာရာ ကူညီသည်။ ကန်ပိုက်



တီတွင် စာရေးသူရောက်ရှိခိုက် ရုပ်မြင်သံကြား ထပ်ဆင့် လွှင့်စက်ရုံမှ တာဝန်ခံ ဦးသန်းဝင်းက နေ့လယ်စာဖြင့် ကျွေးမွေး ဧည့်ခံသည်။ ထိုနေ့ညကလည်း ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် ညအိပ်သည်။ နောက်နေ့တွင်မူ စာရေးသူတို့သည် တရုတ်၊ မြန်မာ နယ်ခြားကျောက်တိုင်၌ အမှတ်တရဓာတ်ပုံရိုက်ခဲ့ကြသည်။



**တရုတ်မြန်မာနယ်ခြားကျောက်တိုင်၌ စာရေးသူအမှတ်တရ**

ထို့အတူ ဝိုင်းမော်မြို့နယ် ဝူယန်အမကမှ ကျောင်းအုပ်ဆရာကြီးဖြစ်သူ လာချိဒ်တိုင်းရင်းသား ဦးယန်ကျန်းကလည်း အစစကူညီပါသည်။ ဦးယန်းကျန်းမှာ ကူရုံးမြို့မှ ဝိုင်းမော်မြို့သို့ သွားလိုက်၊ ပြန်လိုက်၊ ဌာနတာဝန်ထမ်းလိုက်နှင့် ရှိသည်။

၎င်းတို့သည် ကန်ပိုက်တီတွင် စာရေးသူရှိနေခိုက် ကူညီမှုပေးခဲ့ကြသူများဖြစ်သည်။

ရာသီဥတုအေးလွန်းသည့်ဒေသ၊ နယ်စပ်တောင်ပေါ်စခန်းဒေသ၊ ရေခဲတောင်များ၊ နှင်းတောင်များနှင့် ရောထွေးယှက်တင်

တည်ရှိနေသည့် ဒေသဖြစ်၍ အအေးပိုကဲသည်မှာတော့ မထူးဆန်းလှပါ။ အေးချမ်းသော ရာသီဥတုကို ပိုင်ဆိုင်ထားသည့် နယ်စပ်မြို့ဒေသဖြစ်သည်။

ယခင်က ဘိန်းစိုက်ပျိုးရေးများကို လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသော်လည်း ယခုအခါ ဘိန်အစားထိုး လက်ဖက်၊ လိမ္မော်နှင့် အခြားသီးနှံများကို အစားထိုးစိုက်ပျိုးလျက်ရှိသည်ကို ဝမ်းသာအားရဖွယ် တွေ့မြင်ခဲ့ရသည်။

ကချင်ပြည်နယ်သည် တောတောင်ထူထပ်သော မြန်မာနိုင်ငံမြောက်ဘက်ဆုံးနယ်မြေတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံနှင့် မိုင် (၆၂၀) နယ်စပ်ထိစပ်လျက်ရှိပြီး အိန္ဒိယနိုင်ငံနှင့်မူ မိုင် (၂၈၀) ထိစပ်လျက်ရှိသည်။

ရာသီဥတုအေးချမ်းသော ကချင်ပြည်နယ်သည် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို ရှေးယခင်က ဆောင်ရွက်ခဲ့သော်လည်း အမြော်အမြင်ကြီးမားလှသည့် တိုင်းရင်းသားခေါင်းဆောင်များက တိုင်းရင်းသားများအပေါ် မူးယစ်ဆေးဝါး၏ ဆိုးကျိုးပေးပုံနှင့် လူသားမျိုးနွယ်ဆက်တို့ကို ခြိမ်းခြောက်အန္တရာယ်ပေးနေပုံတို့ကို ကွင်းဆင်းပညာပေးမှု အရေးယူမှုတို့ကြောင့် ယခုအခါ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများကို ထိရောက်ဟန့်တားမှုပြုနိုင်ခဲ့ပြီး ဘိန်းအစားထိုး သီးနှံများကို စိုက်ပျိုးနေခြင်းဖြစ်သည်။

ပေ (၆၀၀၀) ကျော်သည့် တောင်ပေါ်၌ တည်ထားသည့် ကန်ပိုက်တီမြို့ကလေးသည် ငြိမ်းချမ်းမှုရလဒ်အဖြစ် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ မြို့နေလူထုစိတ်အေးချမ်းသာ၊ ကိုယ်ကျန်းမာစွာ ဘာသာသာသနာအကျိုး၊ စီးပွားရေး၊ လူမှုရေး၊



ကိစ္စများဆောင်ရွက်နိုင်ကြသည်အတွက် နိုင်ငံတော်အပေါ် ကျေးဇူးတင်မဆုံး ရှိနေကြသည်။

စာရေးသူတို့ငယ်စဉ်က မြန်မာပြည်မြေပုံတွင် သင်ခဲ့ရသော၊ မြင်ခဲ့ရသော ကန်ပိုက်တီဒေသကို စာရေးသူ ဆိုက်ဆိုက်မြိုက်မြိုက် သွားရောက်ကာ လေ့လာခွင့်ရသည့်အတွက်လည်း ဝမ်းမြောက် ဝမ်းသာဖြစ်မိ ကြည်နူးပီတိဖြာမိသည်။

## နိုင်ငံနှစ်ဘက် ဖီမော်

ဖီမော်သည် ချီဖွေမြို့နယ်တွင် ပါဝင်သည့် တရုတ်မြန်မာနယ်စပ်မြို့ဖြစ်သည်။ မြို့အင်္ဂါအရပ်များ၊ အသွင်အပြင်များကို တွေ့ရှိရသည်။ ဆေးရုံ၊ ဟိုတယ်၊ စာသင်ကျောင်း၊ ဈေး၊ လျှပ်စစ်မီးများ၊ မြို့တွင်းသန့်ရှင်းညီညာသော လမ်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည့် မြို့လေးတစ်မြို့ဖြစ်သည်။

မြို့ပတ်ဝန်းကျင်တွင် ရေခဲတောင်များ ပတ်လည်ဝန်းရံလျက်ရှိသည်။ မြို့တည်နေပုံလှပသည့် မြို့ကလေးဖြစ်သည်။ ယခင်က ဖွံ့ဖြိုးမှု နောက်ကျခဲ့၊ နိုင်ငံသားအချင်းချင်း အမြင်ကြည်လင်မှု မပြတ်သားခဲ့၍ တရားဥပဒေစိုးမိုးမှု အားနည်းခဲ့၊ နယ်မြေအေးချမ်းမှု မရှိခဲ့သည့် ဖီမော်သည် ယခုတော့ လမ်းနှင့်စခန်းနှင့် မြို့ပြအင်္ဂါရပ်များနှင့် ပန်းတင့်နေသည့် နယ်စပ်မြို့လေးတစ်မြို့အဖြစ် အသွင်ထူးခြားနေသည်သာ။

လျှပ်စစ်မီးမှာ ဖီမော်မြို့အနီး ချောင်းထဲမှ ကီလို (၈၀) ခန့်ရေအားလျှပ်စစ် ထုတ်ယူကာ နေ့ရောညပါ လျှပ်စစ်မီးပေးနိုင်သဖြင့် မီးအရောင် ထိန်ထိန်လင်းလျက်နေသည့် ဖီမော်ပင်ဖြစ်

သည်။ ဖိမော်ဟိုတယ်သည်လည်း ခေတ်မီသော၊ လုပခန့်ညား သော၊ ဝန်ဆောင်မှုအပြည့်ပေးနိုင်သော ဟိုတယ်တစ်ခုဖြစ်သည်။

ဖိမော်သည် တရုတ်မြန်မာနယ်စပ်မြို့ ဖြစ်သည့်အားလျော်စွာ တရုတ်မြန်မာနယ်ခြားမှတ်တိုင် အမှတ် (၁၆) သည် ကုန်းကမူပေါ်တွင် တည်ရှိသည်။ ထိုကုန်းကမူပေါ်မှ ကြည့်လျှင် တရုတ်နိုင်ငံပိုင် ဖိမော်ရွာကိုလည်း မြင်တွေ့ရသကဲ့သို့ မြန်မာနိုင်ငံပိုင် ဖိမော်ရွာကိုလည်း တွေ့ရှိရသည်။

တရုတ်ပိုင်ဖိမော်မှာ အိမ်ခြေပိုများသည်။ မြန်မာပိုင်ဖိမော်မှာ အိမ်ခြေများကမူ တရုတ်ပိုင်လောက်မများပေ၊ ကားလမ်းများလည်း ကောင်းမွန်လျက်ရှိရာ မော်တော်ကားများ ဥဒဟိုသွားလာမောင်းနှင်နေကြသည်။ စားသောက်ဆိုင်များသည်လည်း အရောင်းအဝယ်ကောင်းကြသည်။ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်လွယ်ကူသဖြင့် တရုတ်နှင့်မြန်မာတို့သည် နှစ်ပြည်တောင် ချစ်ကြည်ရင်းနှီးမှု ရွှေလမ်း ငွေလမ်းပေါက်နေသော ဒေသဖြစ်သည်။ ဆွေမျိုးပေါက်ဖော်ရင်းနှီးချစ်ကြည်မှုရှိသော နေရာဒေသတစ်ခုဟု ဆိုချင်သည်။

နှစ်ပေါင်းထောင်ချီပြီး ရင်းနှီးချစ်ကြည်စွာနေလာခဲ့ကြသော တရုတ်မြန်မာနယ်စပ်မြို့များတွင် မြန်မာနိုင်ငံ မြောက်ဖျား ကချင်ပြည်နယ်ရှိ တိုင်းရင်းသားမျိုးနွယ်စုတို့သည် ချစ်ကြည်ရင်းနှီးစွာ ဥမကွဲ သိုက်မပျက် အေးအတူ ပူအမျှ ဖေးမကူညီပြီး ပေါင်းစည်းလက်တွဲနေထိုင်ခဲ့ကြသကဲ့သို့ တရုတ်မြန်မာတို့သည် နှစ်ပြည့်တစ်ပြည့် ကူးလူးယှက်နွယ် ချစ်ကြိုးသွယ်ခဲ့ကြသည်။ နယ်နိမိတ်အပိုင်းအခြားရှိသော နယ်စပ်မြို့ရွာများသည်လည်း ငြိမ်းချမ်းစွာ



ကမ္ဘာတည်သရွေ့ တည်ရှိနေကြပါစေဟုသာ ဆန္ဒပြုမိသည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးသည် တရုတ်နှင့် မြန်မာနိုင်ငံသားအားလုံးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆက်လက်ဖော်ဆောင်နေမည်သာဖြစ်သည်။

## ချန်းမောချောင်းဖျားဒေသ

ချန်းမောချောင်းဖျားဒေသသည် ချီဖွေမြို့နယ်အတွင်းရှိ ထင်ရှားသော ဒေသတစ်ခုဖြစ်သည်။ လာချိဒ်တိုင်းရင်းသားများ အခြေချနေထိုင်ရာ ဒေသလည်းဖြစ်သည်။ ချန်းမောချောင်းမှာ ငေါ့ချန်းမြစ်ကို ခေါ်ခြင်းဖြစ်သည်။

တောင်တန်းကြီးများ၊ ကျောက်တောင်ကြီးများ၊ လျှိုမြောင်ကြီးများ၊ သစ်တောသစ်ပင်များ ထူထပ်ပေါများပြီး ဆောင်းရာသီနှင့် နွေရာသီများ၌ မြင်ကွင်းပသာဒ အလွန်လှပသော ရေခဲတောင်များလည်းရှိသည်။ တောင်များပေါ်သို့ ရေခဲနှင်းဆောင်းသောကာလများ၌ ပိုမို၍ သာယာကြည်နူးဖွယ်ကောင်းသော ဒေသတစ်ခုဖြစ်သည်။

ချန်းမောချောင်းဖျားဒေသသည် ချောင်းသုံးချောင်းပေါင်းဆုံရာဒေသဖြစ်၍ ကချင်ဘာသာဖြင့် "ဆန်းချာ" ဟုလည်း ခေါ်ဆိုသည်။ ၎င်းဒေသ၏ ထူးခြားချက်မှာ ရွှေထွက်ခြင်း၊ အဖိုးတန်ဆေးဖက်ဝင် မချစ်ဥနှင့် ခန်းတောက်မြစ်များ ထွက်ရှိခြင်း၊ ရှားမောပင်ဟုခေါ်သည့် တရုတ်ခေါင်းပင်မျိုး ပေါက်ရောက်ခြင်း ကတိုးကောင်၊ သားမင်းကောင်များ၊ တောင်ဆိတ်များ ပေါများခြင်းတို့ဖြစ်သည်။ ၎င်းဆန်းချာဟုခေါ်သည့် အရပ်မှ ဖရဲထိ မိုင် (၆၀)

ရှည်လျားသည့် ချန်းမောချောင်းဖျားပိုင်းသည် ရေစီးညင်သာသဖြင့် တရုတ်ခေါင်းပင်များကို ခွဲပြီး ၎င်းချောင်းအတိုင်းမျောချကာ ရောင်းဝယ်ဖောက်ကားကြခြင်း ဖြစ်သည်။ ချောင်းတစ်လျှောက် တစ်ဘက်တစ်ချက်၌ ချောက်ကမ်းပါးယံများဖြင့် နံရံသဖွယ် ကာရံလျက်ရှိပါသည်။ ချောင်း၏ အကျယ်ဆုံးနေရာသည် ပေ (၁၀၀) ကျော်ခန့်ရှိပြီး အကျဉ်းဆုံးနေရာသည် ပေ (၄၀) ခန့်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဤသို့သော တောင်ပေါ်ဒေသတွင် မိုင်ပေါင်း (၆၀) ကျော် ရှည်လျားသည့် ချန်းမောချောင်းရေလမ်းခရီးကို မသုံးနိုင်ခြင်းကိုလည်း ထူးခြားမှုတစ်မျိုးဟု ဆိုနိုင်သည်။

## ချစ်စရာ နိုဇွန်ဘော်

နိုဇွန်ဘော်သည် ကချင်ပြည်နယ် ချီဖွေမြို့နယ်အတွင်း တည်ရှိပြီး ဇီမော်-ပန်ဝါကားလမ်းမကြီးဘေးနှင့် ဝေ့ချန်းမြစ်ကမ်းနဖူးပေါ်တွင် မေးတင်ထားသည့် ရွာတန်းရှည်ရွာဖြစ်သည်။ အလယ်တန်းကျောင်း၊ ဆေးရုံ၊ ဈေး တို့ဖြင့် စည်ကားသည့် ရွာဖြစ်သည်။ လာချိဒ်တိုင်းရင်းသားများ၊ ဝေချန်းတိုင်းရင်းသားများ အများဆုံးနေထိုင်ပြီး လော်ဝေါ်နှင့် လီဆူတိုင်းရင်းသားများလည်း အနည်းငယ် နေထိုင်ကြသည်။

ဝေချန်းမြစ်၏ အလှအပနှင့် ပတ်ဝန်းကျင်တောင်စဉ်တောင်တန်းတို့၏ အလှအပတို့နှင့် တင့်တယ်ပနံရလှသည့် ချစ်စရာ နိုဇွန်ဘော်ရွာကလေးဖြစ်သည်။

ဝေချန်းဆိုသည်မှာ လာချိဒ်တိုင်းရင်းသားတစ်မျိုးပင် ဖြစ်သည်။ သို့သော် ရေခြားမြေခြား တောင်တန်းများခြားပြီး လမ်းပန်း



ဆက်သွယ်ရေးခက်ခဲသည့်အတွက် ဘာသာစကားဓလေ့စရိုက် အနည်းငယ် ကွဲပြားသည်မှစ၍ ဝေချန်းကို သီးခြားတိုင်းရင်းသားတစ်မျိုးဟု ခေါ်ဆိုနိုင်လောက်အောင် ရှိခဲ့သည်။ အမှန်စင်စစ် မှာ လာချိဒ်တိုင်းရင်းသားမျိုးနွယ်သာဖြစ်သည်။

ဇီမော်-ပန်ဝါ ၈၅ မိုင် ခရီး၌ ကားလမ်းဘေးဝဲယာတွင် နေထိုင်ကြသည့် လာချိဒ်တိုင်းရင်းသားမှာ မျက်စိနားပွင့်ကြသူများဖြစ်သည်။ စီးပွားရေး၊ လူမှုရေး လုပ်ငန်းဆောင်တာများ၌ ပို၍ လူရည်လည်ကြသူများဖြစ်သည်။ တောင်ပေါ်ဒေသနေ တိုင်းရင်းသားများသည် မြေပြန့်ဒေသနေ တိုင်းရင်းသားတို့လောက် နား၊ မျက်စိပွင့်မှု၊ အမြင်ရင့်ကျက်မှု အနည်းငယ် အားနည်းနေသေးကြောင်း လေ့လာတွေ့ရှိရသည်။

ဝေချန်းမြစ်ကူး ရှန်းကျန်သံမဏိကြိုးတံတားဖြင့် တစ်နေရာမှ တစ်နေရာ ကူးလူးဆက်သွယ်သွားလာနိုင်ကြပြီ ဖြစ်သည်။ သို့ဖြစ်၍ ဒေသခံ လာချိဒ်တို့တစ်နေရာမှတစ်နေရာ ဆက်သွယ်သွားလာရေး အဆင်ပြေ ချောမွေ့နေပြီဖြစ်သည်။

နိုဇွန်ဘော်သည် အခြေခံပညာအထက်တန်းကျောင်းခွဲရှိပြီး ကျောင်းအုပ်ကြီးမှာ ဦးသန်းအေးဖြစ်ပြီး ကျောက်ပန်းတောင်းမြို့နယ်သားဖြစ်သည်။ စာရေးသူနှင့် တစ်ဌာနတည်းဝန်ထမ်းဖြစ်၍ မိတ်ဆွေရင်းချာ ခင်မင်ရင်းနှီးကြသည်။ တစ်ဦးကို တစ်ဦးလေးစားကြသည်။ ဆရာကြီး ဦးသန်းအေးနှင့်အတူ အလယ်တန်းပြ၊ မူလတန်းပြ ဆရာ ဆရာမ ရှစ်ဦးရှိသည်။ ကျောင်းသားကျောင်းသူများမှ အလယ်တန်း (၂၀၈) ဦး၊ မူလတန်း (၁၃၉) ဦးရှိသည်။ ဤရွာ၊ ဤမြေ၊ ဤဒေသသို့ လာရောက် သွားရောက်တာဝန်

ထမ်းဆောင်နေကြသည့် ဆရာ၊ ဆရာမများမှာ အခြားမြို့ရွာများမှ လာရောက်တာဝန်ထမ်းဆောင်နေကြသူဖြစ်၍ တိုင်းပြည်အတွက် အားကိုးအားထား ပြုထိုက်သော အနာဂတ်မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ပေးနေသည့် ဆရာ၊ ဆရာမများ၏ စိတ်ဓာတ်ကို လေးစားချီးကျူးမိသည်။ ဝေးလံခေါင်သီသော ဤဒေသတွင် မိဝေး ဖဝေး၊ မိသားစုနှင့်ဝေး၊ ဇာတိရပ်ရွာဒေသနှင့်ဝေးသော ဤနေရာ ဒေသမြို့၌ လာရောက်တာဝန်ထမ်းဆောင်နေကြသူများကို ဂုဏ်ယူ မဆုံးဖြစ်မိသည်။

နို့ဇွန်ဘော် အလက၊ တွဲဘက် အ-ထ-က တွင် နို့ဇွန်ဘော်၊ ဇော်ယွန်၊ ချိတ်ဇေါ်၊ နုဂျောင်း၊ ထန်းဒုံ၊ ဂလန်၊ ဖိမော်၊ လိုက်ကန်၊ ကန်ဖန့်၊ ထွန်းရှင်၊ ဂျိုက်ဂျော၊ ဆော့လန်၊ ရှီးကျန်း၊ ဒန်းကော့၊ ဂန်ခွင်၊ ဇွေလပ်၊ လန်းယန်စသည့် ကျေးရွာများမှ လာရောက်ပညာ သင်ယူနေကြသူဖြစ်သည့် ကျောင်းသားအများစုမှာ လာချိဒ်တိုင်း ရင်းသားဖြစ်သည်။

သို့ဖြစ်၍ နို့ဇွန်ဘော်ဒေသသည် ဖွံ့ဖြိုးစည်ပင်သောဒေသ၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူကောင်းမွန်သောဒေသ၊ သဘာဝ အလှအပ ရှုခင်းများပေါများသော သာယာလှပ်မောဖွယ်ဒေသ၊ ချစ်စရာနို့ဇွန်ဘော်ဒေသဟု ဆိုရမည်ဖြစ်ပေသည်။

## အသက်ရာကျော် လာချိဒ်အဘိုးအို၏ လက်ထပ်မင်္ဂလာပွဲ

ကမ္ဘာ့နိုင်ငံအချို့တွင် သက်ကြီးရွယ်အို အဘိုးအဘွားများ၏ လက်ထပ်မင်္ဂလာပွဲများအကြောင်းကို စာအုပ်စာနယ်ဇင်းများတွင် ရှားရှားပါးပါး ဖတ်ရှုရသည့်အခါ အံ့သြမိသည်။ သို့သော် မြန်မာ နိုင်ငံတွင် မရှိသလောက် ရှားသည့် အသက်ရာကျော်အဘိုး၏ မြိမ့်မြိမ့်သဲသဲ စည်ကားလှသည့် လက်ထပ်မင်္ဂလာပွဲမှာကား ရင်သပ် ရှုမော အံ့သြလောက်ဖွယ်ဖြစ်ပေသည်။

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ မဒိန်ကျေးရွာနေ လာချိဒ် တိုင်းရင်းသား အဘိုးဦးဇုန်းခေါ်သည် အသက် (၁၀၇) နှစ်ကျော်ပြီ ဖြစ်သော်လည်း အသက် (၄၇) နှစ်အရွယ်ရှိ ဒေါ်လကွေဘွမ်ဝမ်နှင့် လက်ထပ်ထိမ်းမြားခဲ့သည်။ အဘိုး ဦးဇုန်းခေါ်မှာ သွားတစ်ချောင်း မျှမရှိ။ ဆံပင်ကတစ်ခေါင်းလုံး ဖွေးဖွေးဖြူလျက်ရှိ၏။ ခရီးသွားသည့် အခါ တုတ်ကောက်နှင့်ထောက်ကာ ထောက်ကာသွား၏။ နေ့စဉ် နေ့တိုင်း နေအိမ်မှ သုံးမိုင်ဝေးသည့် ဥယျာဉ်ခြံသို့ အသွားအပြန် ခြေလျှင်လျှောက်၏။ တစ်ခါတစ်ရံ ဝိုင်းမော်မြို့မှ ရှစ်မိုင်ကျော် ဝေးသော မြစ်ကြီးနားမြို့သို့လည်းကောင်း၊ (၁၂) မိုင်ဝေးသော ဝါရှောင်ဆည်သို့လည်းကောင်း စက်ဘီးစီး၍ သွားလေ့ရှိသည်။ အဘိုးနှင့်တွေ့ကြုံရသူများက အဘိုး၏ ကျန်းမာကြံ့ခိုင်သော ခန္ဓာ ကိုယ်နှင့် နုပျိုလန်းဆန်းသော စိတ်ဓာတ်ကို မချီးကျူးဘဲ မနေနိုင် ကြပေ။

အဘိုးဦးဇုန်းခေါ်သည် မိမိနေထိုင်ရာ ဝိုင်းမော်မြို့နယ်၊ မဒိန် ကျေးရွာမှ (၃၇) မိုင်ကျော်ဝေးသည့် လုထောင်ရွာသူ ဒေါ်လကွေ ဘွမ်ဝမ်ကို စတင်မြင်တွေ့ရသည်နှင့် ချစ်ခင်စွဲလမ်းစိတ် ဖြစ်ပေါ်ခဲ့ ရသည်ဟု ဆိုသည်။ ထို့ကြောင့် မိမိ၏အိမ်ထောင်ဖက်ရွေးချယ်မည့် ကိစ္စကို သားသမီး၊ မြေးမြစ်များအား ဖွင့်ပြောခဲ့လေသည်။ သားသမီး တို့၏ အိမ်ထောင်ရေးကို မိဘတို့၏ဝတ္တရားရှိသည့်အတိုင်း ဆောင်ရွက်ပေးရရိုး ထုံးစံရှိသော်လည်း အဘိုးဦးဇုန်းခေါ်၏ အိမ်ထောင် ရေးကိုမူ အဘိုး၏သား (၈၆) နှစ်ရှိ အငြိမ်းစားမူလတန်း ကျောင်းအုပ် ဆရာကြီး ဦးခေါယိမ်းမှ ဦးဆောင်၍ သားသမီးဝတ္တရားငါးပါးနှင့် တစ်ပါးပိုကာ ဆောင်ရွက်ပေးခဲ့ရလေသည်။

ထို့ကြောင့်လည်း အဘိုးတို့လက်ထပ်မင်္ဂလာပွဲမှာ ပို၍ စိတ်ဝင်စားစရာကောင်းနေခြင်းဖြစ်သည်။ အဘိုဇုန်းခေါ်သည် ပထမအိမ်ထောင် ဆုံးပါးခဲ့သည်မှာ (၁၅) နှစ်ကျော် ရှိခဲ့ပေပြီ။ သို့ဖြစ်၍ သားသမီးများက အဘိုးတို့လက်ထပ်မင်္ဂလာပွဲကို ဖားကန့် မြို့၊ စိုင်းတောင်တွင် (၂၄-၄-၉၉) ရက်နေ့က ဘုရားရှိခိုးကျောင်း မှာ ခမ်းခမ်းနားနား ကျင်းပခဲ့သည်။ သင်းအုပ်ဆရာကြီးများ ဦးဆောင်၍ လာချိဒ်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံအရ ဘုရားသခင်ထံ ဆုတောင်းအပ်နှံပြီး လက်ထပ်ပွဲကျင်းပခဲ့ခြင်းဖြစ် သည်။ အဘိုးဇုန်းခေါ်၏ လက်ထပ်မင်္ဂလာပွဲမှာ အကျွေးအမွေး ကုန်ကျစရိတ် ရှစ်သိန်းကျော် ကုန်ကျလေသည်။

အသက် (၁၀၇) နှစ်အရွယ်ရှိကာမှ ထူးထူးခြားခြား လက်ထပ်ထိမ်းမြားသည့် မင်္ဂလာပွဲကို ဖိတ်ကြားထားသူများအပြင် ဖိတ်ကြားခြင်းမခံရသော်လည်း အဆန်းတကြယ် လာရောက်ကြည့်ရှု



လေ့လာကြသူများဖြင့် စည်ကားနေပြီး စိုင်းတောင်ဘုရား ရှိခိုး ကျောင်းဝင်းတစ်ခုလုံး ပြည့်လျှံလျက် အချို့လမ်းမကြီးများပေါ်မှာ ပင် လူအများတိုးမရအောင် စည်ကားလှသည်ဟု ဆိုသည်။

ထူးထူးခြားခြားမင်္ဂလာပွဲဖြစ်ပြီး ဓာတ်ပုံ၊ ဗီဒီယိုများဖြင့် ရိုက်ကူးကြသည်။ ၎င်းဗီဒီယိုခွေများမှာ မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ ဝိုင်းမော်၊ တနိုင်း စသော ကချင်ပြည်နယ် မြို့ရွာများ၊ ရန်ကုန်၊ မန္တလေး၊ ပုသိမ်မြို့ကြီးများအပြင် စင်္ကာပူ၊ ထိုင်းနှင့် တရုတ်နိုင်ငံများသို့ပင် ပျံ့နှံ့ရောက်ရှိနေသည်ဟု ဆိုသည်။ အဘိုး၏ဇနီး ဒေါ်လကွေဘွမ်ဝမ်ကမူ လက်ထပ်မင်္ဂလာပွဲနေ့မှာပင် ပရိတ်သတ်များအား ပြောပြသည်မှာ မိမိတွင်လည်း ပထမ အိမ်ထောင်သည် ခင်ပွန်းရှိခဲ့ဖူးကြောင်း၊ ဆုံးပါးခဲ့သည်မှာ ကြာပြီ ဖြစ်ကြောင်းနှင့် ပထမအိမ်ထောင်သည်ခင်ပွန်း၏ အမည်မှာလည်း ဦးဇုန်းခေါပင်ဖြစ်နေလို့ မိမိတစ်သက်မှာ လူချင်းမတူသော်လည်း နာမည်တူအိမ်ထောင်ရှင် ခင်ပွန်းယောကျာ်း နှစ်ဦးနှင့် ဖူးစာဆုံ ရသည့်အတွက် မိမိ တအံ့တသြဖြစ်ရသည်ဟုဆိုသည်။

အဘိုးဦးဇုန်းခေါ်က ၂၀၀၉ ခုနှစ်က ကွယ်လွန်ခဲ့ပြီဖြစ်သည်။ အဘိုးဦးဇုန်းခေါ်တို့ လက်ထပ်မင်္ဂလာပွဲအကြောင်းကို စာရေးသူနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံတစ်နံ တစ်လျား ထူးခြားရှားပါးသည့် ဖြစ်ရပ် တစ်ခုဖြစ်၍ စာရေးသူမှတ်တမ်းတင်ရေးသားဖော်ပြသည်။

## ငြိမ်းချမ်းရေးစကား ငြိမ်းချမ်းရေးသမား

စာရေးသူသည် လာချိဒ်တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများကို စာတစ်အုပ်အဖြစ် မှတ်တမ်းတင်ရာ၌ လာချိဒ်တိုင်းရင်းသားခေါင်းဆောင်၊ ကချင်ပြည်နယ် အထူးဒေသ (၁) ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးစခုန်တိန့်ယိန်းအား တွေ့ဆုံရန် အဓိကကျကြောင်း သဘောပေါက်မိသည်။ သို့ဖြစ်၍ တရုတ်မြန်မာချစ်ကြည်ရေး ကဗျာရွတ်ပြိုင်ပွဲ ကျင်းပသည့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်နေ့ကပင် ဥက္ကဋ္ဌကြီးအား ဆက်သွယ်စုံစမ်းခဲ့သည်။

ပြည်သူ့လွှတ်တော် ပထမအကြိမ် ဆဋ္ဌမအစည်းအဝေး ပြန်လည်ကျင်းပသည့်ကာလနှင့် ကြုံကြိုက်နေ၍ နေပြည်တော်၌ပင် ဦးစခုန်တိန့်ယိန်းကို တွေ့ဆုံရန် ဆက်သွယ်ခဲ့ရာ စည်ပင်ဧည့်ရိပ်သာအမှတ် (၂) မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဝိုင်းမော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယိန်းဘောမ်၊ တနိုင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရန်ရှောင်၊ ဝိုင်းမော်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂမ်ဆိုင်းတို့နှင့်ပါ ဆက်သွယ်၍ ဦးစခုန်တိန့်ယိန်းနှင့် တွေ့ဆုံခဲ့ရသည်။

ဦးယိန်းဘောမ်၊ ဦးဂမ်ဆိုင်းတို့မှာ စာရေးသူနှင့် နဂိုကပင် ရင်းနှီးကျွမ်းဝင်သူများဖြစ်ကြသည်။ စာရေးသူ တာဝန်ထမ်းဆောင်ရာ ကချင်ပြည်နယ် ဝိုင်းမော်မြို့တွင် နေထိုင်သူများဖြစ်ကြ၍ ပို၍





အဆင်ပြေသည်။ ဦးဘရန်ရှောင်ကမူ ဦးစခုန်တိန့်ယိန်းနှင့် တွေ့ဆုံရန် ကိစ္စဆွေးနွေးစဉ် ဧည့်ရိပ်သာ၌ ရင်းနှီးခဲ့သည်။ မှတ်မှတ်ရရ (၁၃-၁-၂၀၁၃) ရက်နေ့ ည ၇း၀၀ နာရီခန့်၌ ဦးစခုန်တိန့်ယိန်းက စာရေးသူထံ ကားလွှတ်၍ ၎င်း၏နေအိမ်သို့ လာရောက်ရန် ဖိတ်ခေါ်သည်။ သို့ဖြစ်၍ စာရေးသူသည် ဝိုင်းမော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လာချိဒ်တိုင်းရင်းသား ဦးယိန်းဘောမ် နှင့်အတူ သွားရောက်ခဲ့သည်။



ဝဲမှယာ ဦးစခုန်တိန့်ယိမ်း၊ ဦးယိန်းဘောမ်နှင့် စာရေးသူ

ည ၇း၃၀ နာရီခန့်တွင် ဦးစခုန်တိန့်ယိန်းက သူ့အိမ်ဧည့်ခန်း၌ တွေ့ဆုံ၍ ဧည့်ဝတ်ပြု ဧည့်ခံသည်။ စာရေးသူတို့သုံးဦးသည် လာချိဒ်တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များကို စာရေးသူ သိရှိလိုသမျှ မေးမြန်းခဲ့ရာတွင် ဦးစခုန်တိန့်ယိန်းမှာ ရိုးရာယဉ်ကျေးမှုပိုင်းကို မှတ်တမ်းများ၌ ရှာဖွေယူရန်၊ ယဉ်ကျေးမှုကော်မတီများနှင့် တွေ့ဆုံရန် ဆန္ဒပြုပြောကြားသည်။ ၎င်းကိုယ်တိုင်က နိုင်ငံတော်

ငြိမ်းချမ်းသာယာမှုကို လိုလိုလားလားရှိသူဖြစ်၍ ငြိမ်းချမ်းရေး စကားကို အလေးထားပြောကြားသည်။

“ကျွန်တော်ကိုယ်တိုင် KIA မှာ ဝင်ခဲ့ဖူးပါတယ်။ ဗကပမှာလည်း နေခဲ့ဖူးပါတယ် ဆရာ၊ ဒါပေမဲ့ ဒီအဖွဲ့အစည်းတွေ အပါအဝင် ဘယ်အဖွဲ့စည်း၊ ဘယ်ဌာနမဆို နိုင်ငံတော်အစိုးရရဲ့အောက်မှာပဲ ရှိရမယ်” ဟုဆိုသည်။

ထို့ပြင် တိုင်းပြည်တာဝန်ထမ်းရာ၌ အတတ်ပညာများရှိရန်လိုကြောင်း၊ အေးချမ်းတည်ငြိမ်မှု ရှိရန်လိုကြောင်း အဓိကနှစ်ချက်ကို ပြောသည်။

နယ်မြေဒေသအေးချမ်းမှ စီးပွားရေး လူမှုရေးနဲ့ တခြားကိစ္စတွေကို ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း စစ်ဖြစ်တာတွေရှိနေရင် ကချင်ပြည်နယ်ကြီး မဖွံ့ဖြိုးမတိုးတက်နိုင်ကြောင်း၊ အစိုးရပိုင်းကလည်း ကုန်ကျမှုတွေရှိနိုင်ကြောင်း၊ ယခုကဲ့သို့ ကချင်ပြည်တွင်း ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်များသည် နိုင်ငံတော်၌ အစိုးရမရှိသကဲ့သို့ ဖြစ်နေကြောင်း၊ တိုင်းရင်းသားများ ဒေသ၌ အုပ်ချုပ်ရေး ပီပီပြင်ပြင်ရောက်ရှိစေလိုကြောင်းများကို အကျယ်တဝင့် ရှင်းလင်းပြောပြသည်။ မှတ်သားစရာ၊ လေးစားစရာကောင်းသော ဦးစခုန်တိန့်ယိန်း၏ စကားများဖြစ်သည်။

ထို့ပြင် ကချင်ပြည်နယ်၏ စီးပွားရေးလုပ်ငန်းမှာ ဖားကန့်ကျောက်စိမ်းနယ်မြေမှ ကျောက်စိမ်းတူးဖော်ခြင်းများသည် စီးပွားရေး များစွာရရှိသော လုပ်ငန်းဖြစ်ကြောင်း၊ ယခုအခါ ကိုယ်တိုင်ငှက်ပျောစိုက်ထားသည်မှာ ဧက (၄၂၀) ရှိကြောင်း၊ အလုပ်သမား (၁၀၀၀) ကျော်ကို အလုပ်ပေးနိုင်ခဲ့ကြောင်း၊



နယ်မြေမအေးချမ်း မှုကြောင့် အလုပ်သမားနှင့် လုံခြုံရေးပါ ထိခိုက်ပျက်ပြားခဲ့ကြောင်း၊ အေးချမ်းစွာ အလုပ်လုပ်နိုင်ကြရန်၊ မိသားစုနေရပ်ထံ ပြန်ကြရကြောင်း၊ သို့ဖြစ်၍ ငြိမ်းချမ်းရေးသည် သာလျှင် နိုင်ငံအတွက် အကောင်းဆုံးဖြစ်ကြောင်း ထပ်ခါထပ်ခါ ပြောပြနေသည်။

ဆရာဦးယိန်းဘောမ်ကမူ ဦးစခုန်တိန့်ယိန်းစကားကို ထောက်ခံသကဲ့သို့ စာရေးသူအားလည်း ရှင်းလင်းပြောပြသည်။

စာရေးသူနှင့် ဦးယိန့်ဘောမ်တို့မှာ စကားအနည်းငယ်သာ ပြောဆိုကြပြီး ဦးစခုန်တိန့်ယိန်း၏ စကားများကိုသာ အားရပါးရ စောင့်စားနားထောင်ကြရလေသည်။ တကယ်ကို ငြိမ်းချမ်းရေး လိုလားသော လာချိဒ်တိုင်းရင်းသားခေါင်းဆောင်ကြီး၊ ကချင်အထူးဒေသ (၁) ၏ ဥက္ကဋ္ဌကြီး၊ အမြော်အမြင်ကြီးစွာသော လာချိဒ် တိုင်းရင်းသားထူးချွန်သူပုဂ္ဂိုလ်ကြီးအဖြစ် လေးစားချီးကျူးမိသည်။

စာရေးသူနှင့် ဦးယိန့်ဘောမ်တို့အား ည ၁၀း၃၀ နာရီတွင် ဦးစခုန်တိန့်ယိန်းက ကားဖြင့် စည်ပင်ဧည့်ရိပ်သာအဆောင်သို့ ပြန်ပို့ပေးလေသည်။

အပြင်ဘက်တွင် ရာသီဥတုက အေးချမ်းလွန်းလှသည်။ ငြိမ်းချမ်းရေးစကားတွင်တွင်ပြောနေသော ဦးစခုန်တိန့်ယိန်းနှင့် လာချိဒ်တိုင်းရင်းသားများ ဘဝသည်လည်းကောင်း၊ ကချင်ပြည်ကြီးသည်လည်းကောင်း၊ နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသား လုပ်သားပြည်သူအားလုံးသည်လည်းကောင်း ငြိမ်းချမ်းသာယာရှိနေမည်ဆိုပါလျှင်. . .။

## ရိုးရာပွဲတော်များ

### (က) ကောက်သစ်စားပွဲ

ကောက်သစ်စားပွဲကို နှိုဝင်ဘာလတွင် ကျင်းပပြုလုပ်သည်။ ကောက်သစ်စားပွဲ ပြုလုပ်တော့မည်ဆိုလျှင် တစ်ရွာလုံးသန့်ရှင်းမှု ရှိအောင် စုပေါင်း၍ သန့်ရှင်းရေးပြုလုပ်ကြရသည်။ ရွာထဲက လမ်းများအပြင် အခြားရွာသို့ သွားသောလမ်းနှင့် တောင်ယာသို့ သွားသောလမ်းများကိုပါ သန့်ရှင်းအောင် ခုတ်ထွင်ရှင်းလင်းရသည်။ စုပေါင်းကောက်သစ်စားပွဲကို အကြီးအကဲအိမ်တွင် ဖက်ထုံးထုံးကာ ရွေးချယ်ရသည်။ လူတိုင်းသည် မိမိတို့ တောင်ယာမှထွက်သော စပါး၊ သခွား၊ ပြောင်းသီးနှံမျိုးစုံကို ကောက်သစ်စားပွဲပြုလုပ်မည့် အိမ်သို့ ယူဆောင်လာကြသည်။ ၎င်းနောက် ရိုးရာနတ်များနှင့် ထိုနယ်တွင်ရှိသော မြစ်ချောင်း စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်များကို ပူဇော်ပသကြသည်။ ၎င်းနောက် ခေါင်ရည်၊ ထမင်း၊ ဟင်းများကို တပျော်တပါး စားသောက်ကြသည်။

ခရစ်ယာန်ဘာသာဝင်ဖြစ်ပြီးသည့် နောက်တွင် ဦးဦးဖျားဖျားထွက်သော ကောက်ပဲသီးနှံများကို မစားသေးဘဲ သိမ်းဆည်းထားသည့် သီးနှံများကို စုပေါင်းကောက်သစ်စားပွဲသို့ ယူဆောင်လာရသည်။ တစ်ရွာလုံး စုပေါင်းပြီး လုပ်ကိုင်ကြသကဲ့သို့ တစ်အိမ်





ချင်းအနေနှင့်လည်း ကောက်သစ်စားပွဲ လုပ်ကိုင်ကြသည်ကို တွေ့ရသည်။ တစ်ရွာလုံး စုပေါင်း၍ လုပ်မည်ဆိုလျှင် ဘုရားကျောင်း၌ ပြုလုပ်ကြသည်။ ကောက်သစ်စားပွဲကို လုပ်ကိုင်ကြသည်ကို တွေ့ရသည်။ တစ်ရွာလုံး စုပေါင်း၍ လုပ်မည်ဆိုလျှင် ဘုရားကျောင်း၌ ပြုလုပ်ကြသည်။ ကောက်သစ်စားပွဲကို ဘုရားကျောင်း၌ နှစ်ရက်ခန့် ပြုလုပ်ကြသည်။ ကောက်သစ်စားပွဲမစမီ တစ်ရက်အလိုတွင် ရွာသူရွာသားအားလုံးသည် မိမိတို့ခြံမှ ဦးဦးဖျားဖျားထွက်သော စပါး၊ ပြောင်း၊ သခွား၊ ပိန်းဥ၊ ငှက်ပျော၊ ဂရိတ်ဖရုံသီး စသည့် သီးနှံအမျိုးစုံအပြင် ဘူးသီး၊ ခရမ်းသီး၊ ဖရုံသီး စသည့်တို့ကို ယူဆောင်ပြီး ဘုရားကျောင်း၌ ထားရသည်။ ကောက်သစ်စားပွဲ မစခင်ကတည်းက ရွာသူရွာသားများအားလုံးသည် ဘုရားကျောင်းဝင်းတစ်ခုလုံးကို သန့်ရှင်းအောင် ပြုလုပ်ထားရသည်။ ထို့အပြင် ကောက်သစ်စားပွဲနေ့တွင် ဖိတ်ကြားထားသော ဧည့်သည်များအား ကျွေးမွေးရန် ဘုရားကျောင်း၌ ချက်ပြုတ်ရသည်။ ကောက်သစ်စားပွဲတွင် ကုန်ကျမည့်စရိတ်ကို စုပေါင်း၍ အကုန်ခံရသည်။

နောက်တစ်နေ့တွင် ဘုရားကျောင်း၌ ဆုတောင်းပွဲပြုလုပ်သည်။ ဆုတောင်းပွဲတွင် ဘုရားသခင်အား ဦးဦးဖျားဖျား ပေါ်ထွန်းလာသော သီးနှံမျိုးစုံကို ဆက်ကပ်ရသည်။ ကောက်ပင်များ၊ သီးနှံများကို ကိုင်ပြီး ဘုရားသခင်မှ လူသားများအတွက် ဖန်ဆင်းပေးသော အရာဝတ္ထုများဖြစ်သည်ဟု ယုံကြည်ကြသည်။ ချင်းကို ကိုင်ပြီး ကလေးမွေးလျှင် ဦးထုပ်မှာ ကပ်ထားရကြောင်း ချင်း၏ အသုံးဝင်ပုံကို ပြောဆိုသည်။ နောင်နှစ်များတွင်လည်း ယခုကဲ့သို့ သီးနှံများ အောင် ပြုလုပ်ပေးပါ။ ဘုရားသခင်၏ အလိုတော်အတိုင်း ဖြစ်စေ

ရန် ဆောင်ရွက်ပေးပါစေသည်ဖြင့် ဘုရားသခင်အား တိုင်တည်၍ ဆုတောင်းရသည်။ ၎င်းနောက် ဘုရားသခင်၏ တရားတော်များကို ဟောကြားပြီး လူငယ် လူရွယ်များက ဓမ္မတေးများကို သီဆိုကြသည်။ ကျွေးမွေးစားသောက်ရန်အတွက် ဘုရားကျောင်း၌ ညအိပ်ချက်ပြုတ်ရသည်။ ယခုအခါ ယခင်ကဲ့သို့ ခေါင်းရည်၊ အရက်များသောက်သည့် အလေ့အထမရှိတော့ပါ။ ထမင်းနှင့် ဟင်းကို ဖက်ရွက်ဖြင့် ထုပ်ကာ ကျွေးမွေးကြသည်။ ဖက်ရွက်များခင်းကာ၊ ထမင်း၊ ဟင်းများကို ထည့်၍ စားသောက်ကြသည်။

ကောက်သစ်စားပွဲ ပြုလုပ်ခြင်းအားဖြင့် တစ်ဦးနှင့် တစ်ဦး ရင်းနှီးချစ်ခင်မှု ပိုမိုလာစေသည်။ လာချိဒ်တို့၏ ကောက်သစ်စားပွဲတွင် စုပေါင်းလုပ်အားကို အသုံးပြုကြရသည်။ သို့ဖြစ်၍ လာချိဒ်တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကိုလည်း တွေ့ရှိရသည်။

## (စ) လမင်းသမီးခေါ်ပွဲ

လမင်းသမီးခေါ်ပွဲသည် အပျို လူပျိုများအတွက် ပျော်ရွှင်စရာပွဲတစ်မျိုးဖြစ်သည်။ လမင်းသမီးခေါ်ပွဲကို မိုးအကုန် ဆောင်းဦးဘာလနှင့် နိုဝင်ဘာလများတွင် ပြုလုပ်လေ့ရှိကြသည်။ ထိုပွဲပြုလုပ်သည့် လသာသော ညများတွင် အနီးအနား ကျေးရွာအသီးသီးမှ လူပျို အပျိုများကိုလည်း ဖိတ်ကြားကြသည်။ ဖိတ်ကြားသူ ရွာခံများမှလည်း စားသောက်ဖွယ်ရာတို့ကို အသင့်ပြင်ဆင်ထားကြသည်။ လမင်းသမီးခေါ်ပွဲကို တောင်ယာတွင် ကျင်းပကြသည်။ အမိုးအောက်တွင် မပြုလုပ်ကြပေ။ လမင်းသမီးခေါ်ပွဲတွင် လမင်းသမီး



ခေါ် လနတ်သမီး ပင့်တတ်သူ အဖွားကြီး၊ အပျိုကြီးတစ်ဦး ပါဝင်ရသည်။ လူစုံသည် နှင့် တစ်ပြိုင်နက် လနတ်သမီးအား ပင့်ရသည်။ ဤသို့ ပင့်ရာတွင် ကောင်းကင်ပေါ်မှ လနတ်သမီး ယခု ဆောင်းဦးရာသီသို့ ရောက်ပါ ပြီ။ သင်နတ်သမီး၏ မိဘများ မကြားရအောင် ထင်းခွေသွားဟန်၊ ရေခပ်သွားဟန်နှင့် တိတ်တဆိတ် ဆင်းလာခဲ့ပါ။ ရွာမှ လူကြီး မိဘများ၏ ခွင့်ပြုချက်အရ ရွာမှ လူပျို အပျိုများ၏ ပျော်ရွှင်ရေးအတွက် ကြွမြန်းလာခဲ့သည်။ ဂျီမောခေါ် လျှော်ပင်နှင့် ပြုလုပ်ထားသော ဂျီမောစောင်ခင်းထားသည့်အပေါ်တွင် ပျော်ကြရအောင် ဆင်းလာခဲ့ပါ" ဟု ပြောဆိုရသည်။ ထိုသို့ ပင့်ခေါ်နေခိုက်တွင် ကြူ ပိုက်ဆံ၊ လက်ကောက်၊ ခရုကောင်၊ ငွေပြားများ ထည့်ထားသော ဝါးဘူး၊ ခွက်ကလေးကို ကိုင်ထားရသည်။ ဝါးခွက်ကို အဝတ်ဖုံးပြီး ကျန်သောအစကို ရစ်ပတ်ကာ လက်ကိုင်နှင့် အနားစကို ဆံပင်အဖျားပုံစံ စုချည်ထားသည်။ လနတ်သမီးရောက်လာလျှင် ဝါးဘူးခွက်ကလေး လှုပ်လာပြီး လမင်းသမီးလေးအား သမီးဦး (သို့) သမီးထွေးလေးလားဟု အရင်ဆုံးမေးရသည်။ အကယ်၍ မမေးဘဲ နာမည်မှားခေါ်လျှင် မိုးကြိုးပစ်၍ သေတတ်သည်ဟု ဆိုကြသည်။

ဝါးခွက်လှုပ်ရှားပုံကို ကြည့်ပြီး လနတ်သမီး၏ အမိပ္ပာယ်ကို ကောက်ကြသည်။ လူပျိုတစ်ဦးသည် လနတ်သမီးအား မေးသလိုလိုနှင့် မိမိရည်ရွယ်သူ မိန်းကလေးအား ချစ်ရေးဆိုနိုင်သည်။ လနတ်သမီးအား အပျို လူပျိုနာမည်များကို ပြောပြပြီး လက်ထပ်ယူလျှင် ကောင်း၊ မကောင်းလည်း မေးကြသည်။ လနတ်သမီးခေါ်ပွဲကို ကျေးရွာ၊ လူကြီးများအား အသိမပေးဘဲ တိတ်တဆိတ် မလုပ်ရပေ။

ပွဲလုပ်နေစဉ်အတွင်း မီးမမွှေးရပေ။ လနတ်သမီးပြန်လိုသည့်အချိန်တွင် နတ်ပင့်သူက ပြန်ပို့ပေးရသည်။ ထိုသို့ ပြန်ပို့ရာတွင် လနတ်သမီးအား မိမိတို့နှင့် ပျော်ပါးရာတွင် မကောင်းသတင်းရှိပါက ပြန်မပြောဘဲ ကောင်းသတင်းကိုသာ ပြောပေးရန် တောင်းဆိုပြီး ပြန်ပို့လိုက်ကြသည်။

## (ဂ) တောင်ယာပွဲတော်

တောင်ယာပွဲတော်ကို သီးနှံစပါးရိတ်သိမ်းပြီးချိန်တွင် ကျင်းပသည်။ စပါးမစိုက်ခင်က ခေါ်ဆောင်ထားသော နတ်များကို အိမ်သို့ ပြန်လည်ခေါ်ဆောင်ရန် ပြုလုပ်သည့်ပွဲဖြစ်သည်။ ထိုပြင်လည်း တောတောင်ရေမြေနတ်အားလုံးကို ပူဇော်ခြင်း၊ ဆန်နာမ်အား ဘိုးဘွားစဉ်ဆက်သမိုင်းကို ပြောဆိုခြင်း၊ တိရစ္ဆာန်အသီးအနှံများ ပြားအောင် တောင်းဆိုခြင်းတို့အတွက် ပူဇော်ပွဲဖြစ်သည်။

ပွဲလုပ်သောအခါ တိရစ္ဆာန်၊ စိုက်ပျိုးပင်များ ဆွဲထားသော ဘုတ်ပြားများကို ထောင်ထားပြီး လှပသော တောင်ရှည်ပုဆိုးနှင့် ကာရံထားသည်။ လခြမ်းပုံ၊ ကြယ်ပုံဆွဲထားသော သစ်သားပြားအရုပ်များ ဆွဲထားသောနေရာတွင် ဆန်နာမ်ကို ပူဇော်သော ကြက်နှစ်ကောင်၊ ဝက်တစ်ကောင်ကို ဖက်ပေါ်တင်ပြီး ပူဇော်ထားရသည်။ ၎င်းဘေးနားတွင် ကျန်သော နတ်များအားလုံးကို ငါးခြောက်ကို နှစ်ပိုင်းပိုင်းပြီး ချင်းတစ်ပြားစီထည့်ကာ ပူဇော်ထားရသည်။

တောင်ယာပွဲတော်၌ ပျော်ရွှင်စွာ ကခုန်ကြသည့်အခါ ခေါင်းလောင်းကို ဒမ်ဆ သုံးယောက်က ကိုင်ပြီး ဗိုင်း၊ ကာကိုင်



သည့်အဖွဲ့၊ ရွှံ့လူးအဖွဲ့ကိုက အဆင်သင့်ရှိနေသည်။ ၎င်းနောက် ခေါ်ထားသော နတ်များကို လာရောက်ရန် စာခြောက်ရုပ်လုပ်ထားသော နေရာသို့ သွားပြီး ကျွဲ၊ ချိုမှုတ် ဝါးခြောက်ပြီး ခေါ်ရပါသည်။ ပျော်ရွှင်စွာ ကခုန်စဉ် နတ်ဟောဆရာ သုံးယောက်မှ ‘စိင်နတ်’ ကို ချီးမွမ်းပြီး အမွှေတောင်းရသည်။ ဗိုင်း၊ ကာကိုင်သည့်အဖွဲ့မှ ရေဘူးထမ်း၊ ဆန်ဖြူး၊ ချင်းကိုက်ပြီး ထွေး၊ ဓားကိုင်ပြီး ရမ်း၊ တုတ်ကိုင်ကာ ကကွက်ကို သရုပ်ဖော်ပြီး မကောင်းဆိုးဝါးများ ဝင်မလာစေရန် ကာကွယ်ခြင်းဖြစ်သည်။ ဒမ်ဆမှ နတ်အားလုံးကို ချီးမွမ်းပြောဆိုရသည်။ ကခုန်ကြသောအခါ ရွာသူ၊ ရွာသားများပါ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲကြသည်။

ဒမ်ဆသုံးယောက်ထဲမှ တစ်ယောက်က ဆန်နာမ်အား တိရစ္ဆာန်သီးနှံများ တိုးပွားရန်အတွက် အမွှေတောင်းသည်။ နောက်တစ်ယောက်က ဘိုးဘွားသမိုင်းကို ပြောသည်။ နောက်ဆုံးကျန်သူက ပူဇော်ထားသော အသား၊ ငါးအားလုံး ခေါ်ထားသော နတ်များကို လာရောက်စားဖို့ ဖိတ်ခေါ်သည်။ အထက်ပါနည်းအတိုင်း တောင်ယာမနောပွဲကို ကျင်းပကြသည်။ ၎င်းနောက်တွင် တောင်ယာပွဲလာသူများအားလုံး ပျော်ရွှင်စွာ ဝိုင်းဖွဲ့စားသောက်ကြသည်။

## (ဃ) သခွားပွဲတော်

သခွားပွဲတော်ကို တောင်ယာသခွားပေါ်ချိန် စက်တင်ဘာလတွင် ကျင်းပကြသည်။ သခွားပွဲတော် ကျင်းပပြုလုပ်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ စစ်တိုက်ပြီးနောက် တစ်ဘက်နှင့်တစ်ဘက် စစ်ပြေ

ငြိမ်းရာတွင် ထုံးတမ်းစဉ်လာအနေနှင့် သရုပ်ဆောင်ကြခြင်း ဖြစ်သည်။ ပွဲတော် လုပ်တော့မည်ဆိုလျှင် ရွာလူကြီး၏ အိမ်တံခါးခိုင်ခံ့သည့်အိမ်၌ ပြုလုပ်ရသည်။ ကျင်းပမည်ဆိုလျှင် အိမ်ရှင်ကို သခွားသီးမှာ ဦးချို တပ်၊ အမြီး၊ ခြေ၊ လက်တပ်ဆင်ပြီး အရက်ဘူးနှင့်အတူ ကစားမည့်အကြောင်း ခွင့်ပြုရန် ဦးစွာ သတင်းပို့ရသည်။

ကစားတော့မည်ဆိုလျှင် တံခါးပေါက်မှ ခိုင်မာတောင့်တင်းသော ယောက်ျားကြီး လေးယောက် လက်များကို ယှက်ကာ၊ တွဲကာထားသည်။ ရွာသူရွာသား သဘောဆောင်သော အဖွဲ့မှ တောင့်တင်းသော လူများ၏ ဘေး၌ ပြည့်ကျပ်အောင် ပိတ်ဆို့ထားရသည်။ တံခါး ပေါက်တွင် ရန်သူသဘောဆောင်သော ယောက်ျားပျိုများက ခပ်ကျပ်ကျပ်ဘောင်းဘီတိုများ ဝတ်ပြီး အင်္ကျီမဝတ်ဆင်ဘဲ (၁၂) ဦးမှ (၁၄) ဦးအထိပါသော အဖွဲ့တစ်ဖွဲ့သည် ရန်သူယောင်ဆောင်သော ယောက်ျားပျိုများက ပိတ်ဆို့ထားသော လူထုကို ဖောက်ပြီး အိမ်ထဲသို့ ဝင်ရသည်။ ရန်သူခေါင်းဆောင်က ပန်းတစ်စည်း ဖွက်ကိုင်ထားရသည်။ ရန်သူဘက်မှ အင်အားအလုံးအရင်းနှင့် တွန်းထိုးကြရာ ရန်သူခေါင်းဆောင်က အိမ်ထဲသို့ ရောက်ရှိသွားသည်။ ပန်းစည်းကိုင်သူသည် အိမ်ခန်းရှိ မီးဖိုကို ငြိမ်းသတ်ရန်အတွက် ရေရှာရသည်။ အိမ်ထဲတွင်လည်း မည်သည့်အရာမျှမရှိအောင် သိမ်းဆည်းထားရသည်။

မီးငြိမ်းသတ်ပြီးနောက် ပန်းစည်းကို တံခါးရွက်ပေါ်တွင် ထိုးစိုက်လိုက်ပြီး အောင်ပြီ၊ အောင်ပြီဟု အော်သည်နှင့် အပြင်၌ ကစားခြင်းကို ရပ်တန့်လိုက်ရသည်။ ခုံသမာဓိမှ စစ်ပြေငြိမ်းရအောင်



အော်သည်နှင့် မူလဖမ်းဆီးရမိသော သုံ့ပန်းများကိုသာ အတည်ယူပြီး ဖမ်းနေဆဲသူများကို ပြန်လွှတ်ပေးရသည်။ ၎င်းနောက် ရွာသူရွာသားများက တစ်ဘက်၊ ရန်သူဘက်မှတစ်ဘက်၊ တစ်ဘက်ဘက်တွင် သုံ့ပန်းတစ်ဦးပိုနေလျှင် သခွားသီးကို ကွဲ၊ နွား ပုံသဏ္ဌာန်ပြုလုပ်ပြီး အလျော်ပေးရသည်။ ၎င်းနောက် အိမ်ရှင်မှ အဘယ်ကြောင့် စစ်လာတိုက်သနည်းဟု မေးရာ ရန်သူဘက်မှ 'ငါအဘိုးတို့ရဲ့ ဖားအမွေး တစ်ပိဿာ၊ ဂဏန်းသေးစဉ်အိုးငါးလုံး' အကြွေးပြန်မပေးသဖြင့် လာတိုက်ရခြင်းဖြစ်ကြောင်း ဥပမာ ပုံဆောင်၍ ရယ်ရွှင်ဖွယ်ပြောကြသည်။

ထိုအခါ သမာဓိအဖြစ် တာဝန်ထမ်းဆောင်သူမှ ဖားအမွေးပိဿာ ၁၀၀ အတွက် ကျွဲနှစ်ကောင်၊ မောင်းချပ် (ဝါးဖတ်ကိုမောင်းပုံစံလုပ်) ပေးလိုက်ပြီး ကျေနပ်မှုရှိ မရှိ မေးရသည်။ ရန်သူက ကျေနပ်လျှင် စစ်ပြေငြိမ်းပြီး ငြိမ်းချမ်းရေး သခွားသီးကို ဓားဖြင့် ခုံသမာဓိက ခုတ်ဖြတ်လိုက်သည်။ ခုံသမာဓိက စစ်တိုက်သောဘက်ကို တစ်ခြမ်းပေးပြီး အိမ်ရှင်ကို တစ်ခြမ်းပေးရသည်။ သဘောတူလျှင် စားကြပါဟု ခုံသမာဓိက ပြောပြီး နှစ်ဘက်မှ သဘောတူကြောင်း ဝန်ခံကြ၍ ကျန်သောသခွားကို ချက်ပြုတ်ထားသော ထမင်းဟင်းများ အားလုံးဝိုင်းဖွဲ့၍ ပျော်ပျော်ပါးပါး စားသောက်ကြသည့်ပွဲတစ်ခု ဖြစ်ပေသည်။

## (ဇ) နှစ်သစ်ကူးပွဲ

လာချိဒ်တို့၏ နှစ်သစ်ကူးပွဲကို နှစ်တွက်ချက်ပုံအရ ကျင်းပကြသည်။ လာချိဒ်တို့ နှစ်တွက်ချက်ပုံမှာ တစ်လလျှင် ရက် (၃၀)၊

တစ်နှစ်လျှင် (၁၂) လပင် ဖြစ်သည်။ လမ်းမောဟုခေါ်သည့် ကောင်းကင်တွင် မြင်ရသော လကို အခြေခံတွက်ချက်သည်ဟု ဆိုသည်။ နှစ်ဆန်းမှစ၍ ရေတွက်ပြီး (၁၂) လပြည့်သော် လ၏ နောက်ဆုံးရက် တစ်ရက်နှင့် နောက်နှစ်ဆန်း (၁) ရက်၊ (၂) ရက်နေ့ထိ (၃) ရက်ကြာ ကျင်းပလေ့ရှိသည်။

နှစ်သစ်ကူးပွဲ မကျရောက်မီ ရက်သတ္တသုံးလေးပတ်မှ ကြိုတင်၍ နှစ်သစ်ကူးပွဲတော်၌ ငြိမ်းအေးချမ်းသာစွာ သုံးစွဲစားသောက်နိုင်ရန် ခေါင်ရည်၊ အရက်၊ ထင်း၊ ဆန်၊ ဖက်၊ အသားငါးများကို ကြိုတင်၍ ရှာဖွေစုဆောင်းထားကြရသည်။

ဂျိတ်ဂျော့လခေါ်သည့် နှစ်တစ်နှစ်၏ နောက်ဆုံးလ (၃၀) ရက်စေ့သော ညနေပိုင်းတွင် အိမ်တိုင်း၌ အိမ်တွင်း အိမ်ပြင် သန့်ရှင်းရေးပြုလုပ်ပြီး နှစ်သစ်ကို စောင့်မျှော်နေကြသည်။ ညသန်းခေါင်ယံ ကြက်ဦးတွန်ခါနီးချိန်မှစ၍ နှစ်သစ်သို့ ရောက်ရှိသည်။

နှစ်သစ်ရောက်သည်နှင့် စိတ်သစ် လူသစ်မွေးရတော့မည်ဟု အောက်မေ့ကာ ရေဟောင်းများကို သွန်ပစ်ကြသည်။ ထင်းဟောင်းများကို စွန့်ပစ်ကြသည်။ ကြက်ဦးတွန်သည်နှင့် ရေသစ်များကို သွားရောက်ခပ်ယူကြကာ ၎င်းရေများဖြင့် ကိုယ်လက်မျက်နှာ ဆေးကြောသန့်ရှင်းကြသည်။ ဤသို့ ဆေးကြောသန့်ရှင်းကြသည်မှာ ခန္ဓာကိုယ်၌ရှိသော အနာရောဂါများ ပျောက်ကင်း၍ မကောင်းဆိုးဝါးများလည်း ကင်းစင်စေသည်ဟု ယုံကြည်ကြသည်။

၎င်းနောက် ရေသစ်ဖြင့် ခေါင်ရည်စိမ်ခြင်း၊ ရေနွေးကျိုခြင်း၊ ထမင်း ဟင်းချက်ခြင်းများ ပြုလုပ်ကြသည်။ နှစ်ဟောင်းလွန်မြောက်၍



နှစ်သစ်ရောက်သည့်အတွက် ဝမ်းသာပျော်ရွှင်သောကြောင့် လည်းကောင်း၊ နတ်များကို ပူဇော်ပသသည့်အလုပ်ကြောင့် လည်းကောင်း၊ သေနတ်များပစ်ဖောက်ခြင်း၊ မောင်းထုခြင်းများ ပြုကြကာ နှစ်သစ်ကို ဝမ်းမြောက်ရွှင်ကြည်နူးစွာ ကြိုဆိုကြသည်။

နှစ်ဟောင်းမှ ထမင်းဟင်းများလည်း စွန့်ပစ်ကာ ထမင်းသစ်၊ ရေသစ် ဖက်သစ်များဖြင့် လဲလှယ်၍ ကြိုတင်ပြင်ဆင်ချက်ပြုတ်ထားသော အစားအသောက် အသစ်များကို တည်ခင်းဧည့်ခံကျွေးမွေးခြင်း၊ တစ်အိမ်နှင့် တစ်အိမ် အပြန်အလှန်သွားရောက်စားသောက်ခြင်း၊ ထမင်းထုပ်၊ ဟင်းထုပ်များဝေငှခြင်း၊ ခေါင်ရည်အရက်များ သောက်သုံးခြင်းများ ပြုကြသည်။ တစ်အိမ်တက်ဆင်းကောက်ညှင်းပေါင်း၊ ကြက်သားဟင်း၊ အရက် ခေါင်ရည်များလှည့်လည်စားသောက်ခြင်းဖြင့် နှစ်သစ်ကူးပွဲကို တစ်ရွာလုံး၊ တစ်နယ်လုံး စည်ကားသိုက်မြိုက်စွာ ကျင်းပကြလေသည်။

လူပျို အပျိုများ ပန်သန်တာ့ခေါ် ဒေါင်းမြီးရှည် ငှက်မြီးရှည်များကို အသုံးပြုကစားသည့် ကစားနည်းတို့ကို ကစားကြသည်။ နှစ်ယောက်တွဲ၊ လေးယောက်တွဲ၍ ကြက်ခြေခတ်ပုံသဏ္ဌာန်ဖြင့် တစ်အိမ်ပြီး တစ်အိမ် လိုက်လံကစားကြသည်။ ကလေးသူငယ်များကလည်း ရိုးရာအကများဖြင့် ပျော်ရွှင်စွာ ကကြသည်။

လာချိဒ်တို့သည် နှစ်သစ်ကူးပွဲကို မိမိတို့နေအိမ်၌ ကျင်းပကြသည်။ နှစ်သစ်မကူးခင် ကောက်ညှင်း၊ ကောက်နီ၊ လူး၊ ဆပ်တို့ဖြင့် ခေါင်ရည်ကိုကောင်းအောင် စိမ်ပြုလုပ်ထားသည်။ တစ်အိမ်လုံး သန့်ရှင်းရေးလုပ်ထားရသည်။ မီးဖိုကိုလည်း သန့်သန့်ရှင်းရှင်းလုပ်ထားသည်။ သို့သော် ရေမလောင်းရပေ။ နှစ်သစ်ကူးချိန်သည်

ည (၁၂) နာရီတိတိဖြစ်သည်။ နတ်ဟောဆရာမှ လူသားမျိုးဆက်အကြောင်း၊ စပါးစိုက်ပျိုးရိတ်သိမ်းပုံအကြောင်းကို ရွတ်ဆိုလေသည်။ အဟောင်းများလွန်ကာ အသစ်များ ရောက်လာပြီဟု ပြောပြီးသည်နှင့် ရေအားလုံးကို သွန်ချရသည်။ မီးကိုလည်း ငြိမ်းပစ်ရသည်။ နောက်တစ်နေ့နံနက် ကြက်ဦးမတွန်ခင် အချိန်တွင် ရေခပ်ရသည်။ ရေခပ်သောအခါ ကောင်းမွန်စွာ မင်္ဂလာစကားရွတ်ဆိုရသည်။ မီးအသစ်ကိုလည်း ပြန်ဖိုရပါသည်။ နှစ်သစ်ကူးချိန် ညသန်းခေါင်ယံ (၁၂) နာရီတိတိတွင် တူမီးသေနတ်လည်း ဖောက်ကြသည်။ လူငယ်များအချင်းချင်း ထုံးသုတ်တမ်းကစားကြသည်။ အိုးစည်ဗုံ မောင်းတီးပြီး ပျော်မြူးကခုန်ကြသည်။

နောက်ဆုံး၌ အလှည့်ကျသော အိမ်တစ်အိမ်တွင် နှစ်သစ်ကူး အကခေါ် လာမြူ့ဂျီအကကို ပျော်ရွှင်စွာ ကကြလေသည်။ "နှစ်ဟောင်းကုန်မြောက် နှစ်သစ်ရောက်၊ ရွက်ဟောင်းတွေကြွေ ရွက်သစ်ဝေ၊ ပန်းပွင့်ဝေစီဖူးပွင့်ပြီ တို့တစ်တွေလည်း မကြာမီကာလတွင် တောင်ယာခင်းကို ကိုယ်စီဆင်းကြတော့မည်" စသည့်ဖြင့် နှစ်သစ်ကူးသီချင်းများ ကြည်နူးဖွယ်ရာ သီဆိုကြကာ နှစ်သစ်ကူးပွဲကို အဆုံးသတ်ကျင်းပကြတော့သည်။

နှစ်ဆန်း (၂) ရက်နေ့ နောက်ဆုံးနေ့ရောက်လျှင် လူငယ်များသည် ဒူးလေး၊ တူမီးသေနတ်များဖြင့် ကျေးငှက်များ၊ တောကောင်များကို ရှာဖွေပစ်ခတ်ပြီး ရရှိပါက ၎င်းနှစ် တစ်နှစ်လုံး သားကောင်များရရှိမည်ဟု ယုံကြည်ကြသည်။ ကျန်လူကြီးများနှင့် ကလေးများမှာ အိမ်၌ အနားယူ၍ စားသောက်ဖွယ်ရာများကို ဝိုင်းဝန်းစား



သောက်ကာ ပျော်ရွှင်စွာနေကြခြင်းဖြင့် ၎င်းနှစ်သစ်ကူးပွဲကို အဆုံးသတ်ကြပေသည်။

လာချိဒ်တို့၏ နှစ်သစ်ကူးပွဲသည် မိသားစုအလိုက်၊ နေအိမ်အလိုက် ကျင်းပသောပွဲဖြစ်ပြီး ရိုးရာယဉ်ကျေးမှုအရ ရှေးယခင်ဘိုးဘွားများလက်ထက်မှ ယနေ့တိုင် ကျင်းပနေသော ရိုးရာဓလေ့ပျော်မွေ့စရာ ရိုးရာပွဲတော်တစ်မျိုးဖြစ်သည်။

## (စ) သက်ပွားပွဲ

သက်ပွားပွဲဟူသည် လူတစ်ဦး ကံနိမ့်လျှင်လည်းကောင်း၊ အိမ်ရှင်အိမ်သားတစ်ဦးဦး ဘုန်းကံနိမ့်သောအခါတွင်လည်းကောင်း၊ အသက်ဆက်လက်ရှင်သန်နိုင်ရန်အတွက် ဆုတောင်းပွဲ ဖြစ်သည်။ နတ်စင်မှ အိမ်ရှင်နေသော အခန်းဘက်သို့ ကြိမ်ကြိုးကို ချည်တန်းထားရသည်။ နတ်ခန်းတွင် ဒမ်ဆမှ ပန်းကန်၌ ဆန်ထည့်ပြီး ဆန်ပေါ်မှ ကြက်ဥထည့်ကာ ကိုင်ထားပြီးနောက် ကောင်းသော ကြုံးမင်္ဂလာကို ဟောပြောတောင်းဆိုနေသည်။ ကြိုးတွင် နွားနံရိုးအသေးနှစ်ချောင်းကို ကြိုးနှင့်သီပြီး ဆွဲထားပါသည်။ ထိုအချိန်တွင် ဆွဲထားသော ကြုံးကို ကြုံးမင်္ဂလာတောင်းလိုသော အဖွဲ့က ဆွဲကိုင်၍ နတ်ဟောဆရာအတိုင်း လိုက်ဆိုကရင်း ကြုံးမင်္ဂလာတောင်းကြသည်။ ကြုံးမင်္ဂလာဟူသည် သက်ပွားပွဲခေါ် ကြုံးလန်ပွဲကျင်းပစဉ် အခက်အခဲမဖြစ်စေရန် ချောချောမောမော အောင်အောင်မြင်မြင် ဖြစ်စေရန် ရည်ရွယ်သောသဘော ဖြစ်သည်။

ငင်းနောက် ဒမ်ဆမှ နေ၍ ပျောက်နေသော လိပ်ပြာကို ပြန်ခေါ်သော ဟောကိန်းမင်္ဂလာစကားများကို ပြောသည်။ ထိုအခါ ပျောက်နေသော လိပ်ပြာပြန်လာပြီဟု ကြက်ဥစားကာ ရေသောက်လိုက်သည်။ သက်ပွားပွဲကို "ကြူးလန်" ပွဲဟု ခေါ်သည်။

## ထူးချွန်ထင်ရှား လာချိဒ်တိုင်းရင်းသားများ

### (က) ဝဏ္ဏကျော်ထင်ဒူဝါမတောင်ခေါ်ဆောင်

လာချိဒ်တိုင်းရင်းသားများကို ဦးဆောင်နိုင်သော ခေါင်းဆောင် တစ်ဦးဖြစ်သည်။ ၁၉၄၆ ခုနှစ်တွင် မြစ်ကြီးနားမြို့သို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံဆွေးနွေးရာ၌ ပါဝင်ခဲ့သော လာချိဒ်တိုင်းရင်းသားခေါင်းဆောင် တစ်ဦးလည်းဖြစ်သည်။

နယ်မြေခံလာချိဒ်တိုင်းရင်းသားများအကျိုးကို ရပ်တည်ဆောင်ရွက်နိုင်ခြင်း၊ အများက ကြည်ညိုလေးစားခြင်းခံရသူတစ်ဦးလည်းဖြစ်သည့်အပြင် နိုင်ငံရေးခေါင်းဆောင်တစ်ဦးလည်း ဖြစ်သည်။ နိုင်ငံတော်မှ ဝဏ္ဏကျော်တင်ဘွဲ့ချီးမြှင့်ခဲ့ရသော တိုင်းရင်းသား ဒူဝါ တစ်ဦးဖြစ်သည်။

### (ခ) ဦးဂျိဘောမ်ယိန်း

ဦးဂျိဘောမ်ယိန်းသည် ချီဖွေမြို့နယ် ထောဂေါ်တောင်နယ် ဒူဝါချန်ဘောမ်လ်တော ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ပါတီမန် ရွေးကောက်ပွဲ၌ ချီဖွေမြို့နယ်၏ လူမျိုးစုလွှတ်တော်အမတ်အဖြစ် ရွေးချယ် တင်မြှောက်ခံခဲ့ရသူ ဖြစ်သည်။ ၁၉၇၄ ခုနှစ် မတ်လတွင် ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွင် ချီဖွေမြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ဖြစ်သည်။

ထို့နောက် ဦးဂျီဘောမ်ယိန်းသည် နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး တာဝန်ပေးအပ်ခြင်း ခံရသည်။ ၁၉၈၁ ခုနှစ်တွင် ကချင်ပြည်နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။

## (ဂ) ဦးခေါ်ဆောင်



ဦးခေါ်ဆောင်ကို ၂၂-၅-၁၉၄၁ ခုနှစ်၌ ချီဖွေမြို့နယ် နိုဇွန်ဘော် ကျေးရွာ၌ အဘဦးယိန်းခေါ်၊ အမိ ဒေါ်လန်းဝမ်တို့မှ မွေးဖွားခဲ့သည်။ ငယ်စဉ်က ဂမ်ခွန်ရွာ အစိုးရမူလတန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၆၀- ၁၉၆၁ ခုနှစ်တွင် မြစ်ကြီးနားမြို့ မန်ခိန် အစိုးရအထက်တန်းကျောင်းမှ တန်းမြင့် ကျောင်းထွက်လက်မှတ်ရ စာမေးပွဲ အောင်မြင်ခဲ့သည်။ ၁၉၆၂ ခုနှစ် ပြင်ဦးလွင်မြို့ ဂိုးလ်ကိတ်ကျောင်း၌ တက္ကသိုလ်ဝင်တန်းထိ ပညာသင်ကြားခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် မြစ်ကြီးနား ခရိုင်ရုံး၌ အောက်တန်းစာရေးအဖြစ် အမှုထမ်းခဲ့သည်။ ထို့နောက် မြစ်ကြီးနားမြို့ ဒူကတောင်ရပ်ကွက် ရ. လ. ကအဖွဲ့ဝင်၊ ရ. လ. က အတွင်းရေးမှူး၊ ရပ်ကွက်စားသုံးသူအိမ်ထောင်စု ကော်မတီဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၆၆ ခုနှစ်တွင် အမှတ်စဉ် (၁၃) အခြေခံနိုင်ငံရေးသင်တန်း တက်ရောက်ခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် ချီဖွေမြို့နယ် ပါတီယူနစ်



အတွင်းရေးမှူး၊ ၁၉၇၅ ခုနှစ်တွင် ပါတီယူနစ်ဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်ခဲ့သည်။

ပထမအကြိမ် ပါတီညီလာခံ အရန်ကိုယ်စားလှယ်၊ ဒုတိယ၊ တတိယ၊ စတုတ္ထအကြိမ် ပါတီညီလာခံကိုယ်စားလှယ်ဖြစ်ပြီး ဒုတိယနှင့် တတိယအကြိမ် ချီဖွေမဲဆန္ဒနယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ထမ်းဆောင်ခဲ့သည်။ မြို့နယ်တွင် သောင်းကျန်းသူများ ချေမှုန်းရေး၊ နယ်မြေအေးချမ်းသာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ၁၉၆၈ ခုနှစ် မြို့နယ်ပြည်သူ့စစ်တပ်ဖွဲ့မှူး၊ ၁၉၇၁ ခုနှစ်တွင် မြို့နယ်ပြည်သူ့စစ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်ခဲ့ပြီး တပ်မတော်နှင့် ပူးပေါင်းကာ သောင်းကျန်းမှုများကို ချေမှုန်းတိုက်ခိုက်နိုင်ခဲ့သည်။

ဦးခေါ်ဆောင်သည် လာချိဒ်တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သူ တစ်ဦးဖြစ်သည်။

## (ဃ) ဦးစခုန်တိန့်ယိန်း



ဦးစခုန်တိန့်ယိန်းကို ချီဖွေမြို့နယ်၊ ထန်းဒုံရွာ၌ အဖ ဦးစခုန်ကျန်းတိန့်၊ အမိ ဒေါ်လနမ်ခေါ်မ်တို့မှ (၂၂-၄-၁၉၄၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးစခုန်တိန့်ယိန်းသည် လာ့ချိဒ် (ငေါ့ချန်း) တိုင်းရင်းသားလူမျိုးဖြစ်ပြီး ခရစ်ယာန် ဘာသာဝင်ဖြစ်သည်။

ငယ်စဉ်က ပညာကို အမကထန်းဒုံ၊ အထက်တန်းပညာကို ကချင်ပြည်နယ်မြစ်ကြီးနားမြို့၊ ကချင်အမျိုးသား အထက်တန်းကျောင်း ကယားပြည်နယ် လွိုင်ကော်မြို့၊ စိန့်ဂရိုဇာကျောင်း၊ မန္တလေးတိုင်း ပြင်ဦးလွင်မြို့၊ ဂိုးလဂိတ်ကျောင်းတို့တွင် ပညာသင်ယူခဲ့သည်။ မြစ်ကြီးနားမြို့ ကချင်အမျိုးသားအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်၊ အင်ဂျင်နီယာကောလိပ်၌ ဥပစာသိပ္ပံ (ဘူမိ) ဘွဲ့ရရှိခဲ့သည်။

၁၉၆၂-၆၃ ခုနှစ်တွင် မြစ်ကြီးနားမြို့နယ် ပလန (၂) ကျောင်း၌ အလယ်တန်းပြကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၃ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ကေအိုင်အိုအဖွဲ့တွင် ပါဝင်ခဲ့သည်။ ၁၉၆၈ ခုနှစ် ၁၉၈၉ ခုနှစ်အထိ ဗမာပြည်ကွန်မြူနစ်ပါတီတပ်ရင်း (၁၀၁) ၌ တာဝန်ထမ်းဆောင်ခဲ့သည်။ တပ်ရင်း (၁၀၂) တွင် တပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၀-၂၀၁၀ ထိ ကချင်ငြိမ်းချမ်းရေး ကချင်အထူးဒေသ (၁) အဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၃-၁၉၈၉ ခုနှစ်များတွင် ကေအိုင်အိုနှင့် ဗကပတို့နောက်သို့ လိုက်ခဲ့ပြီးနောက် ၁၉၉၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးတည်ဆောက်ကာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးကို ဦးစီးဆောင်ရွက်ခဲ့သည်။

ဦးစခုန်တိန့်ယိန်းသည် ဇနီးဒေါ်ရှီးကျန်ခေါ်နမ်၊ သား ဦးစခုန်ယိန်းဆောင် (စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ)၊ ဦးစခုန်ယိန်းချန်း (နယ်ခြားစောင့်တပ်)၊ ဦးစခုန်ယိန်းတိန့်၊ (ကျောင်းသား) စသည့် သား သုံးဦးထွန်းကားခဲ့သည်။ အမှတ် ၅၂၃၊ မြေပြင်၊ မြစ်ကြီးနားမြို့တွင် နေထိုင်လျက်ရှိသည်။



ဦးစခုန်တိန့်ယိန်းသည် လာချိဒ်တိုင်းရင်းသားခေါင်းဆောင်များထဲ၌ ဘွဲ့ရပညာတတ်တစ်ဦးဖြစ်ပြီး နိုင်ငံသားများအားလုံးအတွက် ဖွံ့ဖြိုးတိုးတက်စေလိုသူတစ်ဦး ဖြစ်သည်။ ကချင်တိုင်းရင်းသားမျိုးနွယ်စုများအားလုံး ဘာသာစကားကိုပါ ကျွမ်းကျင်စွာ ပြောဆိုနိုင်သူဖြစ်ပြီး မြန်မာစကား၊ အင်္ဂလိပ်စကားများကို ကျွမ်းကျင်စွာ ပြောနိုင်၊ ရေးနိုင်သူ ပါရမီထူး ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

ယခုအခါ ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၄) တစ်သီးပုဂ္ဂလ ဝင်ရောက်အရွေးခံခဲ့ပြီး နိုင်ငံတော်အတွက် အရေးကြီးသော တာဝန်များကို ထမ်းဆောင်လျက်ရှိသော လာချိဒ်တိုင်းရင်းသားခေါင်းဆောင်ကြီး တစ်ဦးဖြစ်သည်။

## (င) ဦးယိန်းဘောမ်



ဦးယိန်းဘောမ်သည် ဝိုင်းမော်မြို့နယ်၊ ရှင်ဝေါ်ကျေးရွာ၌ (၂၄-၁၂-၁၉၃၇) ရက်နေ့တွင် အဖ ဦးကျန်းယိန်း၊ အမိ ဒေါ်ဟောင်းနော့တို့မှ မွေးဖွားသည်။

ငယ်စဉ်က အ.မ.က ရှင်ဝေါ်၊ အမက မန်ဝိန်း၊ အထက ဝိုင်းမော်၊ အထက မန်ခိန်ကျောင်းများတွင် ပညာသင်ယူခဲ့သည်။ အဋ္ဌမတန်းထိ ပညာသင်ယူခဲ့သည်။ မြစ်ကြီးနားမြို့နယ် နောင်နန်း အ.မ.က တွင် မူလတန်းပြဆရာအဖြစ်

အမှုထမ်းခဲ့ပြီး ဝိုင်းမော်မြို့နယ် မန်ဒေါင် အ.မ.က ၌ မူလတန်းကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဝိုင်းမော်မြို့နယ် ပြည်သူ့ကောင်စီအလုပ်အမှုဆောင်၊ မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဌ၊ မြို့နယ်ပါတီယူနစ်ကော်မတီဝင်၊ မြို့နယ်အလုပ်သမားအစည်းအရုံး ဥက္ကဌတာဝန်များ ထမ်းဆောင် ခဲ့သည်။

ကချင်ပြည်နယ်၌ စစ်အောင်နိုင်ရေးကော်မတီအဖြစ်လည်းကောင်း၊ နယ်မြေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများ၌ လည်းကောင်း၊ ခလရ (၁၅)၊ မဆာ့ခင်နူစစ်ဆင်ရေး၊ ခလရ (၅၈)၊ အင်ဒုံတော်စစ်ဆင်ရေး၊ ခလရ (၄၀) ကမ်ပိုက်တီ စစ်ဆင်ရေးများ၌ ပါဝင်ခဲ့သည်။

ဇနီး ဒေါ်ဇော်ဂနန်း၊ သားဦးဘောမ်ယိန်း၊ မြစ်ကြီးနားခရိုင်ပြန်ဆက်မှူး၊ သမီးများဖြစ်ကြသည့် ဒေါ်ဘောမ်နမ်၊ (ဓမ္မ ဆရာမ)၊ ဒေါ်ဘောမ်မျှော် (သူနာပြုဆရာမ)၊ ဒေါ်ဘောမ်ဆန် (သူနာပြုဆရာမ) များထွန်းကားသည်။ အမှတ် (၆၀)၊ ၁ ရပ်ကွက်၊ ဝိုင်းမော်မြို့နယ်တွင် နေထိုင်လျက်ရှိသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကာ ဝိုင်းမော်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်များ ဆောင်ရွက်လျက်ရှိသည်။



## (စ) ဦးဇုန်းတိန့်



ဦးဇုန်းတိန့်ကို ချီဖွေမြို့နယ်၊ ရှိကျန်ရွာ၌ အဘဦးယိန်းဇုံ၊ အမိ ဒေါ်ဘောမ်ဝမ်တို့က (၂၆-၆-၁၉၅၄) ရက်နေ့တွင် မွေးဖွားသည်။

ငယ်စဉ်က မြစ်ကြီးနားမြို့နယ် မန်ခိန်အထက၌ ပညာသင်ယူခဲ့သည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည်။ ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့တွင် ၂၀၀၂ ခုနှစ်၌ ဒု-ဥက္ကဌ၊ ၂၀၁၀ ပြည့်နှစ်၌ ဥက္ကဌတာဝန်များကို ဆောင်ရွက်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် မန်ခိန်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဌအဖြစ် ဆောင်ရွက်ခဲ့စဉ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးမှ လုပ်ငန်းထူးချွန်အားထားမှု ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခံခဲ့ရသည်။ ရပ်ရွာဒေသ၏ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများ၌ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့သည်။ လာချိဒ်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ အတွင်းရေးမှူးအဖြစ် ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။

ယခုအခါ ချီဖွေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

## (ဆ) ဦးမဒိန်ခေါယိန်း



ဦးမဒိန်ခေါယိန်းကို အဖ ဦးဝုံးခေါ အမိ ဒေါ်ဘောမ့်ဝမ်တို့မှ ၁၉၁၃ ခုနှစ်တွင် မွေးဖွားသည်။ မွေးဖွားရာဇာတိမှာ ကချင်ပြည်နယ် ချီဖွေမြို့နယ်အတွင်းဖြစ်ပြီး ဇာတိရွာကို အတိအကျမသိရှိရပေ။ မူလတန်းကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ လာချိဒ်တိုင်းရင်းသားတို့၏ မျိုးနွယ်စုသမိုင်းကို လေ့လာပြုစုရေးသားခဲ့သူဖြစ်သည်။

လာချိဒ်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ စာပေပညာရှင်တစ်ဦးအဖြစ်လည်းကောင်း၊ သမိုင်းပြုစုသူသုတေသီအဖြစ်လည်းကောင်း၊ လာချိဒ်တိုင်းရင်းသားများက လေးစားခံရသူတစ်ဦးဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် ကွယ်လွန်သည်။ လာချိဒ် တိုင်းရင်းသားများအတွက် ကျေးဇူးရှိခဲ့သူ ထူးချွန်ထင်ရှားသူတစ်ဦးဖြစ်သည်။

## နယ်ချဲ့တော်လှန်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှု

လွန်ခဲ့သည့် နှစ်ပေါင်းငါးရာခန့်မှစ၍ လာချိဒ်တိုင်းရင်းသားများသည် မိမိတို့နှင့် အတူနေထိုင်သော လော်ဝေါ်၊ လီဆူတိုင်းရင်းသားများနှင့်အတူ မိမိတို့နယ်မြေဒေသများတွင် အေးချမ်းစွာ၊ လွတ်လပ်စွာ နေထိုင်ခဲ့ကြသော တိုင်းရင်းသားများဖြစ်သည်။

မိမိတို့ကို ဦးဆောင်ဦးရွက်ပြုရန် ကျေးရွာအကြီးအကဲများထားရှိပြီး မျိုးနွယ်စုအလိုက် ဦးဆောင်သည့် ကျေးရွာအကြီးအကဲဇုက်များက ရိုးရာဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ကျင့်သုံးလျက်အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကို ကျင့်သုံးခဲ့ကြ၊ လိုက်နာခဲ့ကြပေသည်။ ထို့ပြင် လာချိဒ်တိုင်းရင်းသားများသည် မိမိတို့နယ်မြေအတွင်း မတရားကျူးကျော်နယ်ချဲ့လာသူများကိုလည်း အညံ့မခံဘဲ ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။

၁၈၃၉ ခုနှစ်ခန့်တွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ်၌ "ချိရာရင်" ဆိုသူ ပဒေသရာဇ်နယ်တွင် အုပ်စိုးသောအခါ ယူနန်တရုတ်ပဒေသရာဇ်နယ်ချဲ့တပ်များသည် ငေါ့ချန်းမြစ်ကို ဖြတ်ကျော်၍ လာချိဒ်ရွာများကို တိုက်ခိုက်ပြီး ဖိမော်ရွာကို သိမ်းပိုက်ခဲ့ကြသည်။ ထို့နောက် ဖိမော်ရွာကို "တင်ကိုင်နယ်ရှင်" အား အုပ်ချုပ်ခဲ့သည်။ တင်ကိုင်နယ်ရှင်နှင့် တရုတ်တို့သည် ဒေသခံတိုင်းရင်းသားများထံမှ ကျွဲနွားများ၊ စာရေးရိက္ခာများ လုယက်ခြင်း၊ မိန်းမပျိုလေးများအား စော်ကားခြင်းစသည့် လုပ်ရပ်များ လုပ်ဆောင်နှိပ်စက်ခဲ့သည်။

ထိုအခါ ဖီမော်မှ တိုင်းရင်းသားတို့သည် ထွန်ရှင်းဂေါ့ယွန်း၊ လုံထန်၊ ထောင်ရှင်၊ ဂမ်ခွန်၊ ဇီလပ်စသည့် ကျေးရွာများမှ ဇုတ်ခေါ် အကြီးအကဲများနှင့် တိုင်းရင်းသားများပူးပေါင်း၍ တရုတ်တပ်များကို ဖီမော်မှ တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ထို့မှုမက မိမိတို့အား မတရားဖိနှိပ်ကျူးကျော်ခဲ့သော လက်ဝေခံ နယ်ချဲ့နယ်ရှင် တင်ကိုင်နယ်ရှင်၏ နယ်ဖြစ်သော တင်ကိုင်ရွာကိုပင် သွားရောက်တိုက်ခိုက် မီးရှို့ခဲ့ကြသည်။

အဆိုပါ တိုက်ပွဲတွင် ဒေသခံတိုင်းရင်းသားများနှင့်အတူ ထွန်းရှိန်ဇောင်ဘောမ်ခေါ်၊ ဇောင်ဘောင်ကီ၊ ဂေါ့ယွန်းဇောင်ချန်းမင့်၊ ဇောင်လွှင်ဒင်၊ ဇောင်လောမ်နူး၊ ဖီမော်ယန်ဆောင်ချန်းတို့ ဦးဆောင်ခဲ့ကြသည်။ တရုတ်မှ ခေါင်းဆောင်တစ်ဦးနှင့် နောက်လိုက် အမြောက်အမြားကျဆုံးခဲ့ကြသည်ဟု ဆိုသည်။

ထို့အတူ ၁၈၉၀ ပြည့်နှစ်တွင် တရုတ်ဇော်ကျာစော်ဘွား၏ နောက်လိုက်တပ်များသည် ဖရဲရွာမှ တစ်ဆင့်ထောဂေါ့ဒေသသို့ ကျူးကျော်ဝင်ရောက်လာကြရာ ဒေသခံလာချိဒ်တိုင်းရင်းသားများသည် ဖရဲဒေသနှင့် ချန်းမောဒေသ၊ ပဲဒေါ့ ချောင်းဆုံတစ်ဝိုက်တွင် အကြိမ်ကြိမ် တွန်းလှန်တိုက်ခိုက်ကြသောကြောင့် တရုတ်၏ ခေါင်းဆောင် မော်စင်ရဲနှင့် တပ်သားအများအပြား ကျဆုံးပြီး ဆုတ်ခွာထွက်ပြေးကြသည်။

၁၉၉၀ ပြည့် မတ်လတွင် အင်္ဂလိပ်နယ်ချဲ့စစ်တပ်မှ ဗိုလ်ကြီးတေလာဦးစီး၍ မြစ်ကြီးနားမှနေ၍ ချီဖွေမြို့နယ်အတွင်း ဝင်ရောက်ခဲ့ကြရာတွင် ချီဖွေမြို့၏ အရှေ့တောင်ဘက် တရုတ်နိုင်ငံ နယ်စပ်အနီး ဖရဲရွာမှ လာချိဒ်တိုင်းရင်းသားများနှင့် ပြင်းထန်



စွာ တိုက်ပွဲဖြစ်ပွားသည်။ ထိုတိုက်ပွဲတွင် ဗြိတိသျှအရာရှိ နှစ်ဦးနှင့် အခြားအဆင့် လေးဦး ကျဆုံးခဲ့သည်။

ထိုသို့ နယ်ချဲ့အင်္ဂလိပ်များကို လက်မခံကြသော်လည်း တိုင်းရင်းသားတို့၏ တစ်နယ်နှင့်တစ်နယ် သွားလာဆက်သွယ်ရေး ခက်ခဲခြင်း၊ စုစည်းမှုအားနည်းခြင်း၊ ခေတ်မီလက်နက်များမရှိခြင်းတို့ကြောင့် ခေတ်မီလက်နက်များ ကိုင်ဆောင်သည့် နယ်ချဲ့တပ်များနှင့် နှိုင်းယှဉ်လျှင် လက်နက်အင်အားမမျှတခြင်း၊ စစ်တိုက်ရန် ဖွဲ့စည်းထားသည့် တပ်မတော်မရှိခြင်းစသည့်အကြောင်းများကြောင့် ကျူးကျော် လာသော နယ်ချဲ့အင်္ဂလိပ်တို့အား တွန်းလှန်နိုင်ခြင်း မရှိခဲ့ပေ။

သို့သော် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားသောအခါ ၁၉၄၂ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်တို့သည် ချီဖွေမြို့နယ်အတွင်းမှ ဆုတ်ခွာသွားကြသည်။ ထိုအခါ တရုတ်ဖြူတပ်များသည် ဖီမော်၊ ထောဂေါ့၊ လောခေါင်ဒေသများသို့ ဝင်ရောက်ခဲ့ပြန်သည်။ ၁၉၄၂ ခုနှစ် ဇူလိုင်လတွင် ဆဲဆီရင်း ခေါ် ဗိုလ်ချုပ်ရှဲကျင်ဆိုင်နှင့် အဖွဲ့များသည် ဂမ်ခွန်ရွာ၌ အစည်းအဝေးခေါ်ပြီး ဤဒေသသည် အင်္ဂလိပ်အစိုးရက တရုတ်အစိုးရကို လွှဲပေးခဲ့ကြောင်း၊ ရှေးယခင်က တရုတ်ပိုင်နက် ဖြစ်ခဲ့သော်လည်း ဗြိတိသျှအစိုးရတို့က ခိုးယူထားခြင်းသာဖြစ်ကြောင်း၊ ယခုက တရုတ်က အုပ်ချုပ်တော့မည်မည်ဖြစ်ကြောင်း တရုတ်လူမျိုးများသည် ဤဒေသမှ လူမျိုးများနှင့် တစ်မျိုးတည်းမှ ပေါက်ဖွားလာခြင်းဖြစ်ကြောင်း ဖြားယောင်းသွေးဆောင် ပြောကြားခဲ့သည်။ ထို့နောက် ပိုစတာများကပ်ခြင်း ဒူဝါများ သူကြီးများ ခန့်စာများ ပေးခြင်း၊ နယ်မြခံလူငယ် (၂၉) ဦးကို ရွေးချယ်၍ တရုတ်ပြည်သို့ စစ်ပညာသင်တန်းတက်ရန် စေလွှတ်ခြင်းများ ပြုလုပ်သည်။

ဖီမော်၊ ထောင်ဂေါ့နှင့် လောခေါင်ဒေသများ၌ တရုပ်တပ်များ ချထားခဲ့သည်။ တရုတ်တပ်များသည် ဒေသခံတိုင်းရင်းသားများထံမှ ကျွဲ၊ နွား၊ စားရေရိက္ခာများ မတရားလုယူခြင်း၊ ခြိမ်းခြောက်တောင်းခံခြင်း၊ အစဉ်အလာရှိသည့် ဒူဝါများကို ဖြုတ်၍ ၎င်းတို့လူယုံတော်များကို ဒူဝါခန့်ထားခြင်း၊ နယ်ခြားကျောက်တိုင်များကို ဖျက်ဆီးခြင်းစသည့် ညှဉ်းပန်းနှိပ်စက်မှုများကို မတရားပြုမူလာကြသည်။

သို့သော် ၁၉၄၃ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့၌ ဂျပန်တပ်များ သည် ထောင်ဂေါ့ကို သိမ်းပိုက်သောအခါ တရုတ်တပ်များသည် ရင်ဆိုင်တိုက်ခိုက်ခြင်းမရှိဘဲ ဖီမော်နယ်မြေသို့ ဆုတ်ခွာထွက်ပြေးကြသည်။ နယ်ချဲ့ဂျပန်၏ စစ်ဦးဘီလူးများသည်လည်း ဒေသခံတိုင်းရင်းသားများအပေါ် မတရားကျူးကျော်ညှဉ်းပန်းနှိပ်စက်ရာတွင် လူမဆန်သော ပြုကျင့်မှုများ ပြုမူလာသောကြောင့် ဒေသခံတိုင်းရင်းသား လာချိဒ်တို့မှ ဂျပန်တပ်များကို လုံးဝလိုလားခြင်းမရှိတော့ပါ။ ထို့ကြောင့် မဟာမိတ်တပ်များသည် နင်ကျီရွာတွင် စတင်ဖွဲ့စည်းခဲ့သော ရိမ်းဂျားတပ်တွင် ဒေသခံတိုင်းရင်းသားများဖြစ်ကြသည့် ဗိုလ်ကြီး ဆယော်ခေါင်လွမ်း၊ ဗိုလ်ကြီးဖုံကီ၊ ဗိုလ်ကြီးဘောမ်ချန်း၊ ဗိုလ်ကြီးဒိုင်ခေါင်၊ ဗိုလ်ကြီးဟောင်းဒိုင်၊ ဗိုလ်ကြီးဇောင်းဂျူ၊ ဒုဗိုလ်တိန့်ဘောမ်၊ တပ်ကြပ်ကြီးများဖြစ်ကြသော ယော်တိန့်၊ ဇယ်ဒိုင်၊ ဂွမ်ခေါင်၊ ချန်းလန်း၊ တိန့်ဘောမ်၊ ထောက်လှမ်းရေးမှူး ဦးချန်းဇယ်စသည့် ဒေသခံလာချိဒ်ခေါင်းဆောင်များသည် လော်ဝေါ်ခေါင်းဆောင်များနှင့်အတူ ဖက်ဆစ်ဂျပန်များကို ၁၉၄၄ ခုနှစ်တွင် ဝဇဲဘုတ်ရွာမှ စတင်၍ ပြောက်ကျားစနစ်ဖြင့် နေရာအနှံ့ အပြားတော်လှန်တိုက်ခိုက်ကြလေသည်။



နယ်ချဲ့ဖက်ဆစ်ဂျပန်များအား ဆန့်ကျင်တိုက်ခိုက်ရာတွင် ထူးခြားသော ဖြစ်ရပ်တစ်ခုမှာ ချီဖွေမြို့တောင်ဘက် လေးမိုင်အကွာရှိ ဘွန်လန်းရွာသားများသည် ၎င်းတို့ရွာကို ညှဉ်းပန်းရန်ရောက်ရှိလာသည့် ဂျပန်စစ်သားနှစ်ဦးအား ဖမ်းဆီး၍ နင်ကျီရွာရှိ မဟာမိတ် ရိမ်းဂျားတပ်များထံ သွားရောက်အပ်နှံခဲ့သည်။ ထို့ကြောင့် ဘွန်လန်ရွာကို ဂျပန်များက မီးရှို့ဖျက်ဆီးပြီး ရွာသားအချို့ကိုလည်း ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည်။ သို့သော်လည်း ဘွန်လန်းရွာနှင့် အနီးပတ်ဝန်းကျင် ဒေသခံလာချိဒ်တိုင်းရင်းသားများသည် နောက်မဆုတ်ဘဲ တတ်စွမ်းသမျှ ခုခံဆန့်ကျင်ခဲ့ကြသည်။

ပြောက်ပိုင်း လဲဗီး ရိမ်းဂျားတပ်မှ ဒေသခံတိုင်းရင်းသားများ၏ တွန်းလှန်တိုက်ခိုက်မှုကြောင့် ဆဒုံး၊ ဖီမော်၊ လောခေါင်၊ ထောင်ဂေါ့ တပ်စခန်းများမှ ဖက်ဆစ်ဂျပန်များ (၃၀၀) ကျော် ကျဆုံးပြီး (၂၅) ဦးကို အရှင်ဖမ်းမိခဲ့သည်။ ဤသို့ စွမ်းစွမ်းတမံ တိုက်ခိုက်ခဲ့ကြရာ၌ လာချိဒ်လူငယ်တစ်ဦးဖြစ်သူ ဂမ်ခွန်ရွာသား တိန့်ဘောမ်သည် အမေရိကန်သမ္မတထရူးမင်းမှ ပေးသော နာမည်ကောင်း လက်မှတ်၊ ဘရောင်းစတားဆုတံဆိပ်နှင့် ဆုငွေတို့ကို ရရှိခဲ့သည်။ ထို့အတူ ဂေါ့ယွမ်မှ လုတ်တိန့်ဘောမ်၊ နိုဇွမ်ဘော်မှ ဦးယော်ဘောမ်၊ ဂေါ့ယွမ်မှ ချန့်တိန့်ဘောမ်တို့သည်လည်း နှစ်လုံးပြူးသေနတ်နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်းခံရသူများလည်း ဖြစ်သည်။

၁၉၄၃ ခုနှစ်၊ ဇွန်လတွင် ဂျပန်များသည် လောခေါင်၊ ထောင်ဂေါ့၊ ဖီမော်တို့ဘက်မှ ဆုတ်ခွာထွက်ပြေးကြသောအခါ အခွင့်ကောင်းကို စောင့်မျှော်နေကြသည့် တရုတ်တပ်များသည် ဤဒေသသို့ ထပ်မံရောက်ရှိလာကာ ဗိုလ်ကျ စိုးမိုးခြယ်လှယ်ကြပြန်သည်။

တရုတ်ဖြူများသည် အမေရိကန်လဲဗီးရိမ်းဂျားတပ်တွင်းသို့ ဝင်ရောက်ကြသည့် ဒေသခံတိုင်းရင်းသားများ၏ ဆွေမျိုးမိဘများကို ဖမ်းဆီးနှိပ်စက်ခြင်း၊ အမျိုးသမီးများအား မတရားပြုကျင့်စော်ကားခြင်း၊ ကျွဲ၊ နွား၊ စပါး၊ စားရေရိက္ခာများကို မတရားသိမ်းယူခြင်းများ ထပ်မံလုပ်ဆောင်လာကြပြန်သည်။

ထို့ကြောင့် ဒေသခံတိုင်းရင်းသားများသည် မခံမရပ်နိုင်ဖြစ်ကာ လဲဗီး ရိမ်းဂျားတပ်သို့ ဝင်ရောက်ခဲ့ကြသည့် ဒေသခံလားချိဒ်တိုင်းရင်းသားများသည် လော်ဝေါ်၊ လီဆူရဲဘော်များနှင့် ပူးပေါင်းကာ တရုတ်ဖြူများကို တွန်းလှန်တိုက်ခိုက်ကြသည်။

၁၉၄၄ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှစ၍ တစ်လခန့် တိုက်ခိုက်ကြသောအခါ လောခေါင်၊ ထောင်ဂေါ်၊ ဖီမော်ဘက်မှ တရုတ်ဖြူတပ်သား (၃၅၀) ကျော်ကျဆုံးပြီး တရုတ်တပ်များသည် ဤဒေသမှ ဆုတ်ခွာထွက်ပြေးကြလေသည်။ နယ်ချဲ့တရုတ်ဖြူများကို တွန်းလှန်တိုက်ခိုက်ရာ၌ ဂေါ့ယွန်မှ ဒူဝါတိန့်ဘောမ်၊ ထွန်းရှင်မှခေါလန်းခေါဆောင်၊ နိုဇွန်ဘော်မှခေါလန်းဖုံး၊ ထော့လန်မှ လဂျွန်ခေါယိန်း၊ ထောင်ဂေါ်မှ ဘောမ့်တိန်၊ ရှီးကျန်မှ ချန်းယိန်းဘောမ်၊ ဖီမော်မှ ဂျန်အန်ချန်းကျန်း၊ ထန်းဒုံမှ လမားလေးရှာဟူတို့သည် ဦးဆောင်ခဲ့ကြသည့် လားချိဒ်တိုင်းရင်းသားသူရဲကောင်းများ ဖြစ်ကြသည်။

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဆိုရှယ်လစ်ရေးတို့တွင် ပါဝင်ဆောင်ရွက်ခြင်း

လွတ်လပ်ရေးမရမီကာလတိုင်အောင် လားချိဒ်တိုင်းရင်းသားတို့ နေထိုင်ရာ မြို့ရွာဒေသများတွင် စနစ်တကျ ဖွဲ့စည်းထားသောနိုင်ငံရေးအဖွဲ့အစည်းများမရှိခဲ့ပါ။

၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလတွင် ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးရယူရန် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုမြန်မာနိုင်ငံ တည်ဆောက်ရေးကိစ္စများအတွက် ကချင်တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံညှိနှိုင်းရန် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိလာသည်။ ၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင်တိုင်းရင်းသားခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲသို့ လားချိဒ်တိုင်းရင်းသားခေါင်းဆောင်မတောင်ခေါဆောင်နှင့် ထွန်းရှင်ဒူဝါ ကျန်းဆောင်တို့သည် လော်ဝေါ်တိုင်းရင်းသားခေါင်းဆောင်များဖြစ်သော ဝမ်ထည်ဒူဝါခေါင်လွမ်းနှင့် ရှီဇော်ဒူဝါခေါဆောင်တို့နှင့်အတူ တက်ရောက်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးလုပ်ငန်းစဉ်များ၊ တွေ့ဆုံဆွေးနွေးမှုများကို သဘောတူထောက်ခံခဲ့ကြသည်။

နိုဝင်ဘာလ ၃၀ ရက်နေ့၌ မြစ်ကြီးနားမြို့နယ် မန်ခိန်ကျေးရွာ စာသင်ကျောင်းဝင်းအတွင်း၌ ကျင်းပသော လူထု

အစည်းအဝေးပွဲကြီးတွင် ဒူဝါမတောင်ခေါ်ဆောင်နှင့်အတူ ချီဖွေမြို့နယ်မှ စုစည်းသွားရောက်ကြသော ဒူဝါ (၂၀) ဦး တက်ရောက်ခဲ့ကြပြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကို တစ်ခဲနက် ထောက်ခံခဲ့ကြသည်။

၁၉၅၀ ပြည့်နှစ်တွင် ကချင်ပြည်နယ်၊ ကချင်တိုင်းရင်းသားများ၏ ကချင်အမျိုးသားကွန်ဂရက်နှင့် ကချင်လူငယ်အစည်းအရုံးဟူ၍ နိုင်ငံရေးပါတီနှစ်ရပ်ရှိခဲ့သည်။ ၁၉၅၁ ခုနှစ်၊ ပထမအကြိမ် ပါလီမန်ရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်အမတ် ဒူဝါလဝမ်လီ၊ လူမျိုးစုလွှတ်တော်အမတ် ဒူဝါရှောင်းဂျုံး၊ ၁၉၅၆ ခုနှစ်၊ ဒုတိယအကြိမ် ပါလီမန်ရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်အမတ် ဒူဝါဇန်တာဆင်၊ လူမျိုးစုလွှတ်တော်အမတ် ဒူဝါရှောင်းဂျုံး၊ ၁၉၆၀ ပြည့်နှစ်၌ တတိယအကြိမ် ပါလီမန်ရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်အမတ် ဒူဝါဇန်တာဆင်၊ လူမျိုးစုလွှတ်တော်အမတ် ဒူဝါကျီဘောမ်ယိန်းတို့အား ရွေးချယ်ခဲ့ကြသည်။ ဒူဝါကျီဘောမ်ယိန်းသည် လာချိဒ်တိုင်းရင်းသားခေါင်းဆောင် တစ်ဦးဖြစ်သည်။

၁၉၅၅ ခုနှစ်တွင် ဗိုလ်မှူးကြီးစောမြင့်ခေါင်းဆောင်သော နယ်စပ်ဒေသတိုးတက်မှု စုံစမ်းရေးကော်မရှင် (ယိမ်းနွဲ့ပါး) အဖွဲ့သည် လောခေါင်တောင်တန်းနယ်မြေအတွင်းရှိ လောခေါင်၊ ဖီမော်၊ ထောင်ဂေါ့၊ ပန်ဝါ တောင်ကြားဒေသများကို သွားရောက်၍ နယ်ခြားတောင်တန်းနှင့် နယ်စပ်ဒေသများအခြေအနေကို ကွင်းဆင်းလေ့လာမှုများ ပြုလုပ်၍ လူမှုရေး၊ နိုင်ငံရေး၊ လုံခြုံရေးကိစ္စရပ်များ တောင်းဆိုသော လိုအပ်ချက်များကို ယိမ်းနွဲ့ပါးအစီရင်ခံစာဖြင့် နိုင်ငံတော်အစိုးရသို့ တင်ပြခဲ့လေသည်။



၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာတွင် တပ်မတော်စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးနေဝင်းသည် ချီဖွေလောခေါင်ဒေသသို့ ရောက်ရှိကာ လောခေါင်တောင်တန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် ဖီမော်ဒေသသို့ပါ ရောက်ရှိပြီး ဒေသခံတိုင်းရင်းသား ဒူဝါအကြီးအကဲများနှင့် တွေ့ဆုံ၍ ချစ်ကြည်ရေးဆုလက်ဆောင်များပေးခဲ့သည်။

ချစ်ကြည်ရေးဆုလက်ဆောင်ရသူများထဲ၌ ပစ္စတိုသေနတ်ဆုရသူ ထောင်ဂေါ့ဒူဝါချန်းဘောမ်၊ နှစ်လုံးပြူးသေနတ် ဆုရသူ ထွန်းရှိန်ဒူဝါ ဘောမ်တိန့်၊ ရှီးကျန်ဒူဝါဘောမ်ကျန်းဇုံး၊ ထွန်းရှိန်ဒူဝါ တိန့်ကျန်းဆောင်၊ ခါးချိုးသေနတ်ဆုရသူ ဒူဝါဘောမ်ချန်းဘောမ့်၊ လဂွေဒူဝါ ယော်ကျန်းတိန့်၊ ငွေဓားလွယ်ဆုရသူ ဖရဲဒူဝါတိန့်ဘောမ်ချန်းစသည့် လာချိဒ်တိုင်းရင်းသားဖြစ်ကြသည်။

တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင်လည်း မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီကို ဖွဲ့စည်းရာတွင် တပ်မတော်မှ ဗိုလ်ကြီးအောင်ဒင်၊ ဗိုလ်ကြီးထွန်းစိန်၊ ဗိုလ်ကြီးမြသောင်း၊ ဗိုလ်ကြီးလဆန်တူးတို့မှ ဆောင်ရွက်ခဲ့သည်နည်းတူ ၁၉၇၁ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ လာချိဒ်တိုင်းရင်းသားဦးချန်းဘောမ်သည် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် မြန်မာဆိုရှယ်လစ်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင်လည်းကောင်း၊ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများတွင်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပထမမူကြမ်း၊ ဒုတိယ

မူကြမ်း၊ တတိယမူကြမ်းများအား အောက်ခြေကျေးရွာအဆင့်ထိ သဘောထားအကြံပြုချက်များကို တောင်းခံရာတွင်လည်းကောင်း ဆော့လော်၊ ချီဖွေ၊ ပိုင်းမော်မြို့နယ်များရှိ လာချိဒ်တိုင်းရင်းသား များသည် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သမိုင်း မှတ်တမ်း အထောက်အထားများအရ လေ့လာသိရှိရသည်။

## ကိုးကားသောစာအုပ်များ


| | | |
|---|---|---|
| ၁။ | ဦးမင်းနိုင် | ပြည်ထောင်စုအကပဒေသာ |
| ၂။ | ဦးမင်းနိုင် | တို့ဒေသွးတို့သား တိုင်းရင်းဘွား |
| ၃။ | ဦးဖေမောင်တင် | ဘာသာလောကကျမ်း |
| ၄။ | ဗိုလ်မှူးဘရှင် | အနော်ရထာအရင်က မြန်မာနိုင်ငံ |
| ၅။ | သိန်းဖေမြင့် | မြစ်ဖျားစရာ ရောင်စုံဖြာ |
| ၆။ | ယိမ်းနွဲ့ပါး | ခါကာဘိုခရီးသည် |
| ၇။ | မင်းခေါင်ဦး | သိင်္ဂါနဒီမြန်ပြည်မြောက်ဖျားဆီသို့ |
| ၈။ | တောင်တွင်းဘိုသိန်း | ငြိမ်းချမ်းရေးသည် ပြည်သူတို့အတွက် ထာဝရပန်းလက်ဆောင် |
| ၉။ | မြန်မာ့ဆိုရှစ်လစ်လမ်းစဉ်ပါတီ | တိုးရင်းသားလူမျိုးများ နယ်ခြဲ့ဆန့်ကျင်ရေးသမိုင်း |
| ၁၀။ | မြန်မာ့ဆိုရှစ်လစ်လမ်းစဉ်ပါတီ | ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသား ယဉ်ကျေးမှုဓလေ့ထုံးစံများ(ကချင်) |
| ၁၁။ | မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်) | ကချင်ရိုးရာအကပဒေသာ |

၁၂။ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်) — ကချင်တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ

၁၃။ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်) — ကျိန်ဖော့သွေးချင်းတို့၏ ဘဝ အလှ

၁၄။ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်) — လီဆူတိုင်းရင်းသား၏ ဘဝဓလေ့

၁၅။ လာချိဒ်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ — လာချိဒ်သမိုင်းစာအုပ်

၁၆။ ဆော့လော်မြို့နယ်သမိုင်း မှတ်တမ်း

၁၇။ ဝိုင်းမော်မြို့နယ်သမိုင်း မှတ်တမ်း

၁၈။ ချီဖွေမြို့နယ်သမိုင်း မှတ်တမ်း

၁၉။ မြစ်ကြီးနားမြို့နယ်သမိုင်း မှတ်တမ်း

၂၀။ HERTZ.W.A.Burma Gazetter Myit Kyina District-1960

၂၁။ CARRAPIETTI.W.J.SThe Kachin Tribes of Burma (Rangoon) 1929

၂၂။ GIL HODES.C.The Kachin Religion and Mythology (Calcutta) 1922





၂၃။ THE KACHIN HILLS MANUAL (As corrected up to 3rd January 1948) 1959 SUPDT,GOVT.PRINTING AND STATY.UNION OF BURMA RANGOON

## တွေ့ဆုံမေးမြန်းသူများ

| | | |
|---|---|---|
| ၁။ ဦးဘောမ်ခေါ | ဒဘတ်ယန်ရွာ | ဝိုင်းမော်မြို့နယ် |
| ၂။ ဦးခေါဖုံ | နောင်ဟီးရွာ | ဝိုင်းမော်မြို့နယ် |
| ၃။ ဦးဘောမ်ချန်း | စန်းကားရွာ | ဝိုင်းမော်မြို့နယ် |
| ၄။ ဦးဆောင်ယိန်း | ကျောင်းအုပ်ကြီး၊ အ.မ.က(၁)လဘာန် | ဝိုင်းမော်မြို့နယ် |
| ၅။ ဦးချစ်လှိုင် | ကျောင်းအုပ်ကြီး၊ အ.လ.က ကန်ပိုက်တီ | ဝိုင်းမော်မြို့နယ် |
| ၆။ ဦးသန်းဝင်း | တာဝန်ခံရုပ်ခံထပ်ဆင့်လွှင့်ဌာန၊ ကန်ပိုက်တီ | ဝိုင်းမော်မြို့နယ် |
| ၇။ ဦးခေါဆောင် | ဥက္ကဋ္ဌ၊ လာချိဒ်စာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီ | မြစ်ကြီးနားမြို့နယ် |
| ၈။ ဦးခေါယိန်း | အမှုဆောင်၊လာချိဒ်စာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီ | ဝိုင်းမော်မြို့နယ် |
| ၉။ ဦးယိမ်းယောင် | ဆဒုံးရွာ | ဝိုင်းမော်မြို့နယ် |
| ၁၀။ ဦးဂျီခေါယိန်း | မြို့နယ်ဦးစီးမှူး | ချီဖွေမြို့နယ် |
| ၁၁။ ဦးဘောမ်ယိန်း | ခရိုင်ဦးစီးမှူး | မြစ်ကြီးနားမြို့နယ် |
| ၁၂။ ဦးစခုန်တိန့်ယိန်း | အမျိုးသားလွှတ်တော်ကိုယ်စားလှယ် | ကချင်ပြည်နယ် |
| ၁၃။ ဦးယိန်းဘောမ် | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် | ကချင်ပြည်နယ် |





| | | |
|---|---|---|
| ၁၄။ ဒေါ်ခေါဝေး | မူလတန်းပြ၊ အ.မ.က ဝေါ့ချုံး | ဝိုင်းမော်မြို့နယ် |
| ၁၅။ ဦးခေါတိန့် | အလယ်တန်းပြ၊ အ.ထ.က ဝိုင်းမော် | ဝိုင်းမော်မြို့နယ် |
| ၁၆။ ဒေါ်ဘောမ်ခေါ | ကျောင်းအုပ်ကြီး၊ အ.မ.က တန်ဘောင် | ဝိုင်းမော်မြို့နယ် |
| ၁၇။ ဦးယန်ကျန်း | ကျောင်းအုပ်ကြီး၊ အ.မ.က (၃) ဝူယန် | ဝိုင်းမော်မြို့နယ် |
| ၁၈။ ဒေါ်ခေါဝမ် | မူလတန်းပြ၊ အ.မ.က ငွေတု | ဝိုင်းမော်မြို့နယ် |
| ၁၉။ ဦးချန်းယိန်း | ဝေါ့ချုံးရွာ | ဝိုင်းမော်မြို့နယ် |
| ၂၀။ ဦးတိန့်ချန်း | လကျောင်ရွာ | ဝိုင်းမော်မြို့နယ် |
| ၂၁။ ဦးသန်းတင် | မြို့နယ်ဥပဒေအရာရှိ | ဆော့လော်မြို့နယ် |
| ၂၂။ ဦးအောင်ကျော်နိုင် | မြို့နယ်လဝကဦးစီးမှူး | ဆော့လော်မြို့နယ် |
| ၂၃။ ဦးကိုကိုလှိုင် | ဒု-လဝကမှူး | ဆော့လော်မြို့နယ် |
| ၂၄။ ဦးဆောင်ယိန်း | တပ်ကြပ် | ချီဖွေမြို့နယ် |
| ၂၅။ ဦးခင်မောင်ကျော် | ဖွံ့ဖြိုးရေးအရာရှိ၊ ပန်ဝါ | ကချင်အထူးဒေသ (၁) |
| ၂၆။ ဦးဒိန်းဆောင် | ဆက်ဆံရေးအရာရှိ၊ ပန်ဝါ | ကချင်အထူးဒေသ (၁) |
| ၂၇။ ဦးဂျီတိန့်ယိန်း | ကျောင်းအုပ်ကြီး၊ အ.မ.က (၁) တပ်တွင်း | ဝိုင်းမော်မြို့နယ် |
| ၂၈။ ဒေါ်လကွေဘွမ်ဝမ် | စိုင်းတောင်ရွာ | ဖားကန့်မြို့နယ် |
| ၂၉။ ဒေါ်ချန်းဇယ် | ဆိပ်မူရွာ | ဖားကန့်မြို့နယ် |
| ၃၀။ ဦးတိန့်ဆောင် | ရှီးကျန်ရွာ | ချီဖွေမြို့နယ် |

| | | |
|---|---|---|
| ၃၁။ ဦးယိန်းဆောင် | ရှိုးကျန်ရွာ | ချီဖွေမြို့နယ် |
| ၃၂။ ဦးလနမ်ခေါ်တိန့် | ဒူကတောင်ရပ်ကွက် | မြစ်ကြီးနားမြို့ |
| ၃၃။ ဒေါ်ဘောမ်ခေါ် | တပ်ကုန်း | မြစ်ကြီးနားမြို့ |
| ၃၄။ ဦးကျန်းတိန့် | တပ်ကုန်း | မြစ်ကြီးနားမြို့ |
| ၃၅။ ဦးမဒိန်တိန့်ချမ်း | ဥက္ကဋ္ဌ၊ လာချိဒ်စာပေနှင့်ယဉ်ကျေးမှုဇာတိကော်မတီ | မြစ်ကြီးနားမြို့ |
| ၃၆။ ဦးလဟုန်ဟောင်လွမ်း | စာပေပညာရှင် | ဝိုင်းမော်မြို့ |
| ၃၇။ ဦးသိန်းဇော် | ကျောင်းအုပ်ကြီး၊ အ. မ. က စင်ကြိုင် | ဝိုင်းမော်မြို့နယ် |
| ၃၈။ ဒေါ်ချိုချိုသိန်း | ကျောင်းအုပ်ကြီး၊ အ. မ. က ဝေမိုး | ဝိုင်းမော်မြို့နယ် |
| ၃၉။ ဦးသောင်းလေး | ကျောင်အုပ်ကြီး၊ အ. မ. က ဝေါ့ချုံး | ဝိုင်းမော်မြို့နယ် |
| ၄၀။ ဦးအောင်မျိုးလွင် | မူလတန်းပြ၊ အ. မ. က လာချိဒ်မကား | ဝိုင်းမော်မြို့နယ် |
| ၄၁။ ဒေါ်မင်းမင်းရွှေ | ကျောင်းအုပ်ကြီး၊ အ. မ. က ဆဒုံးပါ | ဝိုင်းမော်မြို့နယ် |
| ၄၂။ ဗိုလ်မှူးဝင်းသူ | ခလရ (၅၈) | ဝိုင်းမော်မြို့နယ် |
| ၄၃။ ဗိုလ်ကြီးခင်ဝင်း | ခလရ (၅၈) | ဝိုင်းမော်မြို့နယ် |
| ၄၄။ ဗိုလ်ကြီးသန်းစိုး | ခလရ (၅၈) | ဝိုင်းမော်မြို့နယ် |
| ၄၅။ ဗိုလ်ကြီးသန်းထွန်းဦး | ခလရ (၄၃၂) | ဝိုင်းမော်မြို့နယ် |
| ၄၆။ ဗိုလ်ကြီးသန်းထွန်း | ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ် | ချီဖွေမြို့ |



| | | |
|---|---|---|
| ၄၇။ ဦးထွန်းဦး | ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းဖြိုးကောင်စီ | ဆော့လော်မြို့နယ် |
| ၄၈။ ဦးစိုးလွင် | ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းဖြိုးကောင်စီ | ချီဖွေမြို့နယ် |
| ၄၉။ ဦးမြင့်သိန်း | ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းဖြိုးကောင်စီ | ဝိုင်းမော်မြို့နယ် |
| ၅၀။ ဦးအောင်ထွတ် | ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းဖြိုးကောင်စီ | မြစ်ကြီးနားမြို့နယ် |
| ၅၁။ ဦးလှမောင် | မြို့နယ်မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း | ချီဖွေမြို့နယ် |
| ၅၂။ ဦးလှညွန့် | လက်ထောက်မြို့နယ်ပညာရေးမှူး | ဆော့လော်မြို့နယ် |
| ၅၃။ ဦးလမောင်ခေါင်ဟော | ဥက္ကဋ္ဌ၊ လော်ဝေါ်စာပေနှင့် ယဉ်ကျေးမှုဇာတိကော်မတီ | မြစ်ကြီးနားမြို့ |
| ၅၄။ ဦးဘွမ်ဝါဂျာယော် | ဥက္ကဋ္ဌ၊ ဂျိန်ဖော့ယဉ်ကျေးမှုနှင့်စာပေအဖွဲ့ချုပ် | မြစ်ကြီးနားမြို့ |
| ၅၅။ ဦးခေဆီးရှာ | ဥက္ကဋ္ဌ၊ လီဆူစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ | မြစ်ကြီးနားမြို့ |
| ၅၆။ ဦးလမြာတား | အတွင်းရေးမှူး၊ လီဆူစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ | ဝိုင်းမော်မြို့ |
| ၅၇။ ဦးဒါရှိုဂမ် | ဒု-ဥက္ကဋ္ဌ၊ ဇိုင်ဝါးစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ | ဝိုင်းမော်မြို့ |

| | | |
|---|---|---|
| ၅၈။ ဒေါ်ဂျာဒွဲ | ဥက္ကဋ္ဌ၊ ဇိုင်ဝါးစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ | မြစ်ကြီးနားမြို့ |
| ၅၉။ ဦးဖုန်မောင်ခန်ဆာရ် | အတွင်းရေးမှူး၊ ရဝမ် စာပေနှင့် ယဉ်ကျေးမှု ကော်မတီ | မြစ်ကြီးနားမြို့ |
| ၆၀။ ဦးလာချိဒ်ဒေါင်လွမ်း | သင်းအုပ်ဆရာကြီး | ချီဖွေမြို့ |
| ၆၁။ ဦးဒေါင်လွမ်း | သင်းအုပ်ဆရာကြီး | ဝိုင်းမော်မြို့ |
| ၆၂။ ဦးခေါင်လွမ်း | သင်းအုပ်ဆရာကြီး | ဝိုင်းမော်မြို့ |

၂၀၁၂ ခုနှစ် စာပေဗိမာန်စာမူဆု

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ပထမဆုရ

# မနောမြေက လာချိဒ်တိုင်းရင်းသား





## မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)

အဖ ဦးတင်အေး အမိ ဒေါ်အုန်းကြည်တို့မှ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကြာကန်ရွာ၌ မွေးဖွားခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် အခြေခံပညာ အထက်တန်း အောင်မြင်ပြီး ၁၉၈၅ ခုနှစ်တွင် ပုသိမ်ဒီဂရီကောလိပ်မှ ဝိဇ္ဇာဘွဲ့ (မြန်မာစာ)၊ ၁၉၉၂ ခုနှစ်တွင် ပညာရေး တက္ကသိုလ်မှ ဘီအီးဒီ (ပညာရေး) ဘွဲ့တို့ ရရှိသည်။

စာပေဗိမာန်စာမူဆုပြိုင်ပွဲများတွင် ၂၀၀၆ ခုနှစ်၌ "လီဆူတိုင်းရင်းသားတို့၏ ဘဝဓလေ့" စာမူဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ပထမဆု၊ ၂၀၀၇ ခုနှစ်၌ "ယဉ်ကျေးလိမ္မာ အနာဂတ် ရတနာ" စာမူဖြင့် ကလေးစာပေ တတိယဆု၊ ၂၀၁၀ ခုနှစ်၌ "မြန်ပြည်မြောက်များက ရဝမ်သွေးချင်းများ" စာမူဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ပထမဆုနှင့် ၂၀၁၁ ခုနှစ်၌ "လော်ဝေါ်ရိုးရာ ယဉ်ကျေးမှုဓလေ့များ" စာမူဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ပထမဆုတို့ ရရှိခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် "လီဆူတိုင်းရင်းသားတို့၏ ဘဝဓလေ့" စာအုပ်ဖြင့် အမျိုးသားစာပေဆု ချီးမြှင့်ခံရသည်။

ယခုအခါ တွံတေးမြို့နယ် အလယ်ချောင်းကျေးရွာ အထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီဝင်နှင့် လှိုင်သာယာမြို့နယ် ဂီတအစည်းအရုံး အတွင်းရေးမှူးအဖြစ် ဆောင်ရွက်လျက်ရှိသည်။

အမည်ရင်း ဦးမြတ်ဝေတိုး ဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် ၂၈၀ (ခ)၊ ရွှေကြိုးကြာလမ်း၊ (၁၃) ရပ်ကွက်၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။